တက္ကသိုလ်နေလင်းအောင်

# ဓားတစ်ချက် သွေးတစ်စက် အသက်တစ်သက်

စာစဉ် (၆)

## အခန်း (၁)

## နပူးစာ

လိုင်မန်က သူမ၏စကားကို ထိုနေရာမှ ရပ်တန့်ကာ ပြုံးနေ၏။ မင်ဝါလေးက သိချင်လာသဖြင့် ထပ်မေးလိုက်မိ၏။

"နောက်တော့ရော...ဘာဆက်ဖြစ်သေးကြသေးလဲ"

လိုင်မန်သည် သက်ပြင်းတစ်ချက် အသာချကာ...

"အင်း...အိမ်ပြန်ရောက်တဲ့အထိ ကျွန်မပျက်စီးထဲမှာ ပန်းကို ခက်ခက်ခဲခဲ သူတက်ခူးနေပုံနဲ့ ကျွန်မအတွက် အဒိုးကြေကြေ အရည် အခန်းခန်း စွန့်စားပေးမယ်ဆိုတဲ့ သူ့အပြောကို စွဲလမ်းနေတယ်၊ ဒါကြောင့် ကျွန်မအတွက် အသက်အန္တရာယ်ကို ပဓာနမထားဘဲ ပန်းတက်ခူးပေးတဲ့သူကို ကျေးဇူးဆပ်တဲ့အနေနဲ့ မြေခွေးသားမွေးနဲ့ ပြုလုပ်တဲ့ အင်္ကျီတစ်ထည် သူ့အတွက်ချုပ်ပြီး သူနဲ့တွေ့ခဲ့တဲ့နေရာမှာ သွားပေးခဲ့တယ်"

"အဲဒီလို သွားပေးတဲ့အခါကျတော့ စုံတပ်အေ မပါတော့ဘူးလား"

လိုင်မန်က ခေါင်းကိုငုံ၍ ပြောသည်။

"ဟုတ်တယ်၊ သူသိရင် မကျေမနပ်ဖြစ်မှာ၊ စိတ်ဆိုးမှာစိုးလို့ သူ့ကို အသိမပေးဘူး။ ကျွန်မတစ်ယောက်တည်း သွားပို့တာပေါ့"

မင်ဝါလေးသည် ငြိမ်သက်စွာ နားထောင်နေမိ၏။

လိုင်မန်က စကားဆက်ပြောသည်။

"အဲဒီအချိန်ကစပြီး နောက်ပိုင်းမှာ ကျွန်မတို့ တစ်လကို အနည်းဆုံးနှစ်ကြိမ်လောက်ဆုံတွေ့ပြီး စကားပြောခဲ့ကြတယ်၊ သူက ကျွန်မကို တရုတ်စကားနဲ့ တရုတ်ကဗျာအချို့ သင်ပေးခဲ့တယ်လေ"

မင်ဝါလေးမှာ လိုင်မန်ပြောသမျှအား စိတ်မသက်မသာဖြင့် နားထောင်နေမိလေသည်။

သူ့စိတ်ထဲတွင်မူ မကျေမနပ် ဖြစ်နေသည်။

"အင်း...တန်ကျင်ချင်ဆိုတဲ့လူဟာ စိတ်သဘောထား တော်တော် ညစ်ပတ်တဲ့လူပဲ"

ဟု မကျေမနပ် တွေးနေမိလေသည်။

ထိုစဉ်...

လိုင်မန်သည် မင်ဝါလေးအား လှမ်းကြည့်ကာ ပြောလိုက်၏။

"ဒီနေ့ညမှာ သူအခုလို ဘာကြောင့် ရှိုင်းစိုင်းရသလဲဆိုတာကိုတော့ ကျွန်မလည်း စဉ်းစားမရအောင် ဖြစ်နေမိတယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်၊ အစ်ကိုကိုရော သူ့ကိုရော အနာတရ မဖြစ်စေချင်ဘူး၊ ဒါကြောင့် သူ့ကိုမတိုက်ခိုက်ဖို့ ကျွန်မ တောင်းပန်တာပါ"

မင်ဝါလေးသည် ဖြည်းလေးစွာဖြင့် ပြောလေ၏။

"အင်း...ညီမရဲ့ တောင်းပန်ချက်အတိုင်း လိုက်နာဖို့ အစ်ကို ကတိပေးပါတယ်၊ ဒါပေမယ့် ဒီလူက..."

မင်ဝါလေးသည် သူ့စကားကို မဆက်တဲ့ ရပ်ထားလိုက်သည်။

လိုင်မန်က သိချင်စိတ်ဖြင့် အငမ်းမရ မေးမိသည်။

"ဒီလူက ဘာဖြစ်သလဲ ဆက်ပြောလေ အစ်ကို"



မင်ဝါလေးက တွေးတွေးဆဆနှင့် ပြောသည်။

"အင်း...သူဟာ လူဆိုးတစ်ယောက် ဟုတ်ချင်လည်း ဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူး။ ဒါပေမယ့် သူဟာ လှည့်စားတတ်တဲ့ လူတစ်ယောက်ဖြစ်နေတာကတော့ အမှန်ကန်ပဲ၊ ညီမအပေါ်မှာ သူလှည့်စားထားတဲ့အချက်တစ်ခုရှိတယ်၊ ဒါကို အစ်ကို သိတယ်"

လိုင်မန်၏ မျက်ဝန်းလေးများသည် ပြူးကျယ်သွားကြကာ...

"ကျွန်မကို သူလှည့်စားထားတယ် ဟုတ်လား၊ ဘာများလဲ ဟင် ပြောပါဦး"

မင်ဝါလေးသည် လိုင်မန်အား စိုက်ကြည့်လိုက်ပြီး...

"ညီမက သူ့နာမည် အစ်ကို့ကို မပြောပြပေမယ့် သူ့နာမည်က တန်ကျင်ချင်ဆိုတာ အစ်ကို သိပါတယ်"

"ဟုတ်တယ်၊ သူ့ကို အစ်ကိုသိသလားဟင်"

"သိပါတယ်၊ ဒါပေမယ့် လောလောဆယ် သူက အစ်ကို့ကို သိချင်မှ သိမယ်၊ မှတ်မိချင်မှ မှတ်မိမယ်..."

လိုင်မန်သည် မင်ဝါလေး၏မျက်နှာအား ငေးကြည့်နေမိသည်။

မင်ဝါလေးက သူမအား နောက်ထပ်မေးခွန်းတစ်ခု မေးလိုက်ပြန်၏။

"ဒါနဲ့ ညီမကို သူတစ်ယောက်တည်းပဲ နေတယ်လို့ပြောသလား ဘယ်မှာနေတယ် ပြောလဲ"

"ဟုတ်ကဲ့၊ သူတစ်ယောက်တည်းနေတယ်လို့ပြောပါတယ်၊ ဘာလို့ ကျွန်မတို့ဒေသမှာ ခုလိုတစ်ယောက်တည်း လာနေရတာလဲလို့ ကျွန်မက မေးတော့ ကျွန်မတို့လူမျိုးစုရဲ့ ဓလေ့စရိုက်ကို နှစ်သက်လို့ လို့ သူက ဖြေပါတယ်"

ထိုသို့ပြောပြီးနောက် လိုင်မန်သည် မင်ဝါလေးအားကြည့်ကာ...

"အစ်ကို ခုလိုဘာလို့ မေးတာလဲ၊ သူ့မှာ အဖော်ရှိရဦးမယ်လို့ အစ်ကိုက ယူဆလို့လား"

မင်ဝါလေးက သူမအား ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ သူ့မှာ အဖော်ရှိခဲ့တယ်၊ အဖော်ကတော့ အမျိုးသမီးပဲ၊ နာမည်က လင်ပင်းတဲ့၊ ကျုပ်သိသလောက်ပြောရရင် လင်ပင်းဟာ သူ့ကို တော်တော်လေး ချစ်ရှာတယ်၊ အင်း...လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတော့ သူကလည်း လင်ပင်းကို ချစ်ခဲ့တာပါပဲ"

မင်ဝါလေး၏စကားအဆုံးတွင် လိုင်မန်၏ဦးခေါင်းကလေးသည် အောက်သို့ ငုံ့ကျသွားတော့၏။

စိတ်ထဲမှာလည်း ဝမ်းနည်းကြေကွဲသွားမိသည်။

အမှန်စင်စစ်...

လိုင်မန်၏စိတ်ထဲ၌ ဝမ်းနည်းသွားရခြင်းမှာ တန်ကျင်ချင်တွင် ချစ်သူရှိနေကြောင်း သိရရုံသာမက၊ ချစ်သူရှိနေလျက်နှင့် သူမအား လိမ်ညာလှည့်စားခဲ့ခြင်းကိုပါ သိရသောကြောင့် ဖြစ်၏။

ဝမ်းနည်းမှုတွေ၊ မကျေနပ်မှုတွေနှင့် ခံပြင်းမှုများကိုပါ တစ်ပြိုင်တည်း ခံစားလိုက်ရသည်။

ထိုစဉ်...

မင်ဝါလေးသည် သက်ပြင်းတစ်ချက် အသာချကာ...

"လိုင်မန်...ညီမဟာ ဒီမြက်ခင်းလွင်ပြင်ကြီးပေါ်မှာ ကြီးပြင်းလာခဲ့တယ်နော်၊ အမှန်တော့ ညီမရဲ့ဘဝဟာ ဖြူစင်သန့်ရှင်းပါတယ်၊ ဒါပေမယ့် ပြင်ပလောကကြီးထဲမှာကျတော့ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် နည်းအမျိုးမျိုးနဲ့ လှည့်ဖြား ညစ်ပတ်နေတတ်ကြတယ်၊



ဒါကို သတိအမြဲထားပါ၊ ကိုယ့်ဘဝ ရပ်တည်ရာနေရာကိုလည်း ညီမ အမြဲသတိထားပါ"

လိုင်မန်သည် မင်ဝါလေး၏စကားကို နားထောင်နေရင်းမှ ရင်ထဲ၌ တသိမ့်သိမ့် ခံစားနေမိရှာလေသည်။

သူမသည် မင်ဝါလေးအား မချိပြုံးကလေးဖြင့် မော့ကြည့်လိုက်သည်။

"အစ်ကိုက ကျွန်မကို ခုလိုသတိပေးတဲ့အတွက် အထူး ကျေးဇူးတင်မိပါတယ်ရှင်..."

သူမက လှိုက်လှဲစွာ ပြောဆိုလိုက်လေ၏။

မင်ဝါလေးသည် အဝေးသို့ တစ်ချက်ငေးကြည့်ကာ...

"အမှန်တော့ ကျုပ်လည်း ဒီဆိတ်သားလုပွဲကို ဝင်ပြီး မဆင်နွှဲသင့်ဘူး"

ထိုအခါ လိုင်မန်က မျက်လုံးအဝိုင်းသားဖြင့်...

"ရှင်...ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ညီမတို့ဆီ ရောက်မလာခင်က အစ်ကို့မှာ ရည်ရွယ်ထားသူ ရှိနေလို့ပါပဲ"

လိုင်မန်၏စိတ်ထဲ၌ မင်ဝါလေး၏စကားကို ကြားရသောအခါ အမည်မဖော်တတ်သော ဝေဒနာတစ်ရပ် ခံစားလိုက်ရမိသည်။

သူမသည် မင်ဝါလေးအား တစ်ချက်ကြည့်ကာ...

"အစ်ကို ရည်ရွယ်ထားတဲ့ အမျိုးသမီးက တော်တော်ချောမှာပေါ့နော်"

"မှန်တာပြောရရင် အစ်ကို့တစ်သက်မှာ ညီမလောက် လှတဲ့သူကို မမြင်ဖူးသေးဘူး၊ ဒါပေမယ့် အစ်ကို့အမျိုးသမီးနဲ့ အစ်ကိုဟာ

အခက်အခဲအမျိုးမျိုးကို လက်တွဲ ရင်ဆိုင်ခဲ့ကြဖူးတယ်၊ အစ်ကို သူ့ကို ဘယ်တော့မှ သစ္စာမဖောက်ဖို့လည်း သန္နိဋ္ဌာန်ချပြီးသား ဖြစ်ခဲ့တယ်လေ"

မင်ဝါလေး၏စကားက ပွင့်လင်းမှန်မြတ်လှသည်။

လိုင်မန်သည် တွေတွေကလေး ဖြစ်သွားပြီး ...

"လောကကြီးထဲမှာ တကယ့်မေတ္တာစစ်နဲ့ချစ်တဲ့ ကြင်ဖော်ကြင်ဖက်ကို ရဖို့ခဲယဉ်းပါတယ်၊ အစ်ကိုတို့နှစ်ယောက် ပျော်ရွှင်ချမ်းမြေ့စွာ လက်တွဲနိုင်ကြပါစေလို့ ညီမဆုတောင်းလိုက်ပါတယ် အစ်ကို"

မင်ဝါလေးက ခေါင်းကို သွက်လက်စွာညိတ်ကာ ...

"ဒီလိုဆုတောင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ညီမလည်း စစ်မှန်တဲ့ မေတ္တာနဲ့ နှစ်သက်နေသူနဲ့ ပျော်ရွှင်စွာ လက်တွဲနိုင်ပါစေ"

ထိုအခါ လိုင်မန်က အထိတ်တလန့်ဖြင့် ...

"ကျွန်မကို နှစ်သက်တဲ့လူ ဟုတ်လား။ ကျွန်မ ... ကျွန်မကို မေတ္တာစစ်နဲ့ နှစ်သက်နေတဲ့လူ မရှိသေးပါဘူးရှင်"

လိုင်မန်၏ ပျာပျာသလဲငြင်းဆိုမှုကို ကြားရသောအခါ မင်ဝါလေးသည် သဘောကျစွာပြုံး၍ ပြောလိုက်လေ၏။

"ဟောဟိုမှာ ညီမကို စစ်မှန်တဲ့မေတ္တာနဲ့ ချစ်နေတဲ့သူလာနေပြီ"

အဝေးမှ မြင်းကို ဒုန်းစိုင်းနှင်လာသူအား မင်ဝါလေးအား ညွှန်ပြလိုက်သည်။

သူတို့အနီးသို့ မြင်းကို ဒုန်းစိုင်းမောင်းနှင်လာသူမှာ စုံတပ်အေပင်ဖြစ်သည်။

မင်ဝါလေးက စုံတပ်အေအား မျက်စိမှိတ်ပြလိုက်သည်။

"စုံတပ်အေ ... မင်းကို လိုင်မန်စောင့်နေတာ ကြာလှပြီ၊ ကျုပ်တော့ ကိစ္စလေးရှိလို့ သွားလိုက်ဦးမယ်"



စကားဆုံးသည်နှင့် သူသည် ထိုနေရာမှ မြင်းကို ဒုန်းစိုင်းမောင်းနှင် ထွက်ခွာသွားလေတော့သည်။

မင်ဝါလေး၏ ဦးတည်ရာမှာ တန်ကျင်ချင် စောင့်နေသော တောင်ကြားလမ်းသို့ပင် ဖြစ်လေတော့၏။

တောင်ကြားလမ်းထဲ၌ တန်ကျင်ချင်သည် မကျေမနပ်ဖြင့် မင်ဝါလေးအား စောင့်မျှော်နေသည်။

အတန်ကြာမှ မင်ဝါလေး ရောက်ရှိလာသဖြင့် တန်ကျင်ချင်က မေးလိုက်၏။

"ဟော့ကောင် ... မင်း ဘယ်လိုယှဉ်ပြိုင်ချင်သလဲ"

မင်ဝါလေးက တန်ကျင်ချင်အား ပြုံး၍သာ စိုက်ကြည့်နေလိုက်သည်။

တန်ကျင်ချင်က မင်ဝါလေးက သူ့အား လှောင်ပြုံးပြုံးနေသည်ဟု ယူဆပြီး မကျေမနပ်ဖြင့် ...

"ဟေ့ ... မင်းကို ဘယ်လိုယှဉ်ပြိုင်ချင်သလဲလို့ မေးနေကာ ပြောနေတာကွ၊ ဘာကြောင့် ပြုံးနေရတာလဲ"

ဒေါသတကြီး အော်ဟစ်နေသော တန်ကျင်ချင်အား မင်ဝါလေးက ခပ်ပြုံးပြုံးစိုက်ကြည့်ကာ ...

"ကျုပ်က လက်နက်နဲ့ မယှဉ်ပြိုင်ဘူး။ ဒီတော့ ငါ မင်းကို မေးခွန်းတစ်ခုမေးမယ်၊ မင်းကဖြေပါ၊ ပြီးတော့ မင်းက ငါ့ကို တစ်ခုပြန်ဂမေး။ ငါက ပြန်ဖြေမယ်၊ မဖြေနိုင်တဲ့သူက ရှုံးတယ်၊ ဘယ်နှယ်လဲ"

တန်ကျင်ချင်က တွေ၍စဉ်းစားလိုက်သည်။

ထို့နောက် ...

"အေး...ကောင်းပြီ၊ မင်းက ဘာမေးမှာလဲ"

ဤတွင်...

မင်ဝါလေးသည် တန်ကျင်ချင်၏ မျက်လုံးများထဲသို့ စိုက်ကြည့်လိုက်ပြီး...

"လင်ပင်း ဘယ်မှာလဲ"

မေးခွန်းမှာ သာမန်မေးခွန်းမျှသာ ဖြစ်သည်။

သို့ရာတွင်...

တန်ကျင်ချင်၏ နားထဲတွင် ထိုမေးခွန်းသည် မိုးကြိုးပစ်ချလိုက်သလို ကျယ်လောင်စွာ မြည်ဟည်းသွားစေလေတော့သည်။

သူ လုံးဝမသိကျွမ်းခဲ့သောလူက သူ၏အတိတ်မှအကြောင်းကို သိနေပြီလားဟု ထိတ်လန့်သွားသည်။

"မင်း...မင်း ဘယ်သူလဲ"

တန်ကျင်ချင်သည် မင်ဝါလေးအား အထိတ်တလန့်ကြည့်ကာ တုန်တုန်ယင်ယင်ဖြင့် ပြန်မေးလိုက်မိသည်။

မင်ဝါလေး ခပ်ပြုံးပြုံးမျက်နှာဖြင့် ပြောလိုက်လေ၏။

"ကျုပ်တို့ ယှဉ်ပြိုင်ပွဲအတွက် သတ်မှတ်ထားတဲ့ စည်းကမ်းအရ ကျုပ်မေးခွန်းကိုဖြေပြီးမှ မင်းက မေးခွန်းတစ်ခု မေးရမယ်လေကွာ၊ အခု မင်းက ငါမေးတာ မဖြေရသေးဘူး"

တန်ကျင်ချင်၏မျက်နှာမှာ တစ်ချိန်တည်းတွင် အမျိုးမျိုး ပြောင်းလဲသွားသည်။

နောက်ဆုံးတွင် သူက ခက်ထန်စွာ အော်သည်။

"မလိုချင်ဘူး၊ ငါမေးတာ မင်းအရင်ဖြေ"

မင်ဝါလေးသည် ကျေနပ်စွာပြုံးလိုက်မိ၏။



"ကဲပါလေ...ပြိုင်ပွဲစည်းကမ်းအရ မင်းက အရင်ဖြေရမှာဖြစ်ပေမယ့် ကျုပ်ကလည်း လိုက်လျောတဲ့အနေနဲ့ အရင်ဖြေမယ်၊ ကျုပ်က မင်းနဲ့ လင်ပင်းကို မြင်းနှစ်စီးပေးဖူးတယ်၊ ဒါဆိုရင် မင်းဘာသာ စဉ်းစားပေါ့ ဟုတ်လား"

တန်ကျင်ချင်သည် အတန်ကြာမှ မှတ်မိသွားဟန်ဖြင့် မင်ဝါလေးအား စိုက်ကြည့်ကာ...

ဒါဆို မင်း...မင်းဟာ ကျောက်တောင်ဒေသမှာတုန်းက ကျုပ်တို့နဲ့ ဆုံခဲ့တဲ့ကောင်လေးပဲပေါ့၊ ဟုတ်တယ် မဟုတ်လား"

မင်ဝါလေးက ပြုံးစိစိနှင့် ခေါင်းညိတ်လိုက်လေ၏။

"အင်း...ဒါက မင်းရဲ့ ဒုတိယမြောက် မေးခွန်းပဲ၊ ကောင်းပြီလေ၊ မင်းရဲ့မေးခွန်းနှစ်ခုစလုံးကို ငါဖြေပေးပါ့မယ်၊ အတူအလည် အနေနဲ့ ကျုပ်မေးထားတာလေးလည်း ဖြေရမယ်၊ ကျုပ်ဟာ ကျောက်တောင်ဒေသမှာတုန်းက ဓားတောင်ပေါ်က ခုန်ချခဲ့ပြီး မင်းတို့နှစ်ယောက်ရဲ့အသက်ကို ကယ်ခဲ့ဖူးပါတယ်၊ ဒီအတွက်လည်း မင်းအနေနဲ့ ကျေးဇူးဆပ်ဖို့ မလိုပါဘူး၊ လင်ပင်းဆိုတဲ့မိန်းကလေးကို မင်းဘယ်မှာ ပစ်ထားခဲ့သလဲ၊ ကျုပ် သိချင်တာ ဒါပဲ..."

တန်ကျင်ချင် မဖြေနိုင်ပါ။

သူသည် မင်ဝါလေးအားကြည့်ရင်းမှ တုန်လှုပ်ချောက်ချားနေမိသည်။

သူသည် ကျောက်တောမြိုင်မှာ ဖြစ်ပျက်ခဲ့ပုံများကို ပြန်လည်မြင်ယောင်နေမိ၏။

ခုန်တုန်ဂိုဏ်းမှ ထိပ်တန်းသိုင်းသမားကြီးများဖြစ်သော တုန်မင်ဆုနှင့် ရန်လေမင်တို့၏ သိုင်းကွက်များကြားမှ ရှန်းထွက်လာနိုင်သော မင်ဝါလေးအား ကြောက်ရွံ့လာသည်။

ထိုစဉ် မင်ဝါလေးက မိုးခြိမ်းသံလို အော်ဟစ်မေးလေ၏။

"ဟေ့...ကျုပ်မေးနေတာဖြေလေကွာ၊ လင်ပင်း ဘယ်မှာလဲ"

တန်ကျင်ချင် လှုပ်လှုပ်ရှားရှားဖြစ်သွားပြန်သည်။

သူ့မျက်နှာတွင် သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

မင်ဝါလေးက ကျောက်တောင်ဒေသမှာတည်းက တန်ကျင်ချင် စိတ်ဓာတ်မမှန်သည်ကို သိပြီးဖြစ်သဖြင့် ယခုကဲ့သို့ သူမျက်နှာပျက် နေသည်ကို တွေ့ရသောအခါ လင်ပင်းအတွက် စိတ်ပူလာမိသည်။

ထို့ကြောင့်...

မျက်မှောင်ကြုတ်၍ ထပ်မံမေးမြန်းလိုက်ပြန်သည်။

"ဟေ့ကောင်...မှန်မှန်ပြောစမ်း၊ မင်း လင်ပင်းကို ဘာလုပ် လိုက်သလဲ"

ထိုအခါ...

တန်ကျင်ချင်သည် သတိပြန်ဝင်လာပြီး မင်ဝါလေးအား တစ်ချက်ကြည့်ကာ ထစ်ထစ်ငေါ့ငေါ့ ဖြေလေ၏။

"ကျုပ်...ကျုပ်က လင်ပင်းကို သတ်ပစ်နိုင်ပါ့မလား။ ခင်ဗျားပဲ စဉ်းစားကြည့်ပါဦး"

မည်သို့ဆိုစေ မင်ဝါလေးကတော့ သူ့အဖြေစကားကြောင့် အနည်းငယ် စိတ်အေးသွားမိသည်မှာ အမှန်ဖြစ်၏။

ထို့ကြောင့်...

အနည်းငယ် ပျော့ပျောင်းသော လေသံဖြင့်...

"ဒါဆို လင်ပင်း အခုဘယ်မှာလဲ"

ထပ်ဆင့် မေးမြန်းလိုက်မိ၏။

ဤတွင် တန်ကျင်ချင်က သက်ပြင်းတစ်ချက်ကို မှုတ်ထုတ် ပစ်လိုက်သည်။



"အင်း...ဒီအမျိုးသမီးက ခေါင်းမာတယ်၊ သူဟာ ကျုပ်နဲ့ စင်ကျန်ပြည်နယ်အထိလိုက်မလာခဲ့ဘူး။ အခုလောက်ဆို သူ သူ့ဦးလေး ဆီ ပြန်ရောက်နေလောက်ရောပေါ့"

တန်ကျင်ချင်၏ နောက်ဆုံးစကားကြောင့် မင်ဝါလေးက စိတ် ဆိုးမာန်ဆိုးဖြင့်...

"ဟေ့ကောင်...မင်း မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ လွန်ခဲ့တဲ့ နှစ်လလောက်ကပဲ ငါသူ့ဦးလေးနဲ့တွေ့ခဲ့သေးတယ်၊ လင်ထေ ကျောင်းတိုက်ဆီမှာလည်း လင်ပင်းမရှိဘူး"

မင်ဝါလေးက ဒေါသတကြီး ပြောဆိုလိုက်၏။

တန်ကျင်ချင်သည် မင်ဝါလေးအား မှင်သေသေကြည့်ကာ...

"ခင်ဗျား ဘာဖြစ်လို့ ဒါလောက် ဒေါသကြီးနေရတာလဲဗျာ၊ လင်ပင်းက သူ့ဦးလေးဆီရောက်နေလောက်ပြီလို့ယူဆလို့ ပြောမိတာပါ၊ သူ့ဦးလေးဆီမရောက်လည်း တခြားကို သွားတာဖြစ်မှာပေါ့"

"ကောင်းပြီ၊ ဒါကို သူဘယ်သွားလဲ"

တန်ကျင်ချင်က ပခုံးတစ်ချက်တွန့်ပြလိုက်၏။

"ကျုပ်နဲ့သူ လမ်းခွဲသွားတော့ သူဘယ်သွားလဲဆိုတာ ကျုပ် ဘယ်လိုလုပ်သိနိုင်တော့မှာလဲ"

မင်ဝါလေးမှာ ဘာဆက်မေးရမှန်းမသိတော့လောက်အောင် ပင် ဖြစ်သွားသည်။

အတန်ကြာမျှ ငြိမ်သက်နေမိသည်။

ထို့နောက်...

သူသည် တန်ကျင်ချင်အား တစ်ချက်လှမ်းကြည့်ကာ...

"လင်ပင်းကို ထားခဲ့ပြီး မင်းတစ်ယောက်တည်း ဘာကြောင့်

စင်ကျန်ပြည်နယ်ကို လာခဲ့တာလဲ၊ မင်း ဘယ်ကိုအကြဲရှိသလဲဆိုတာ ကျုပ်သိချင်တယ်၊ ကဲ... ပြောစမ်း"

မင်ဝါလေးကတော့ ဖွတ်ပင် မေးမြန်းနေချေပြီ။

တန်ကျင်ချင်သည် သူ့အား မသက်မသာကြည့်ကာ...

"ကျုပ်... တာလီပြည်နယ်မှာရှိတဲ့ ကျုပ်ရဲ့အိမ်ကို ပြန်သွားလို့ မဖြစ်ဘူးဆိုတာ ခင်ဗျားသိတယ် မဟုတ်လား"

"သိတယ်၊ ဒါပေမယ့် ကျုပ်မေးချင်တာက လင်ပင်းကိုပစ်ထားခဲ့ပြီး ဘာလို့မင်းတစ်ယောက်တည်း ဒီကိုလာခဲ့တာလဲ၊ မင်းနဲ့ငါနဲ့ ချမှတ်ထားတဲ့ ပြိုင်ပွဲစည်းကမ်းအရ မင်းဒီမေးခွန်းကို ဖြေရမယ်၊ မဖြေလို့ မရဘူး"

မင်ဝါလေးက ပြိုင်ပွဲစည်းကမ်းနှင့် အကြပ်ကိုင်လိုက်သည်။

အမှန်တော့ သူ့အနေဖြင့် တန်ကျင်ချင်အား အရှုံးအနိုင် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမပြုလိုပါ။

သူသည် လိုင်မန်အား တန်ကျင်ချင်နှင့် မတိုက်ခိုက်ပါဟု ကတိပေးထားခဲ့သည် မဟုတ်ပါလား။

ထို့ပြင်...

တန်ကျင်ချင်မှာ သူ့ဆရာ၏ တူဖြစ်နေသည်။

ထို့ကြောင့်...

တန်ကျင်ချင်နှင့် မတိုက်ခိုက်ရန် စိတ်ပိုင်းဖြတ်ထား၏။

သို့ရာတွင်...

တန်ကျင်ချင်လိုလူစားက ခပ်ပြတ်ပြတ်မဆက်ဆံ၍မဖြစ်ပါ။

ထို့ကြောင့်လည်း ဒေါမာန်ပါပါဖြင့် ပြောဆိုနေရခြင်းဖြစ်သည်။

ထိုစဉ်...



တန်ကျင်ချင်သည် တစ်စုံတစ်ခုအား ယတိပြတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် မျက်နှာထားကို တည်ကြည်လေးနက်သွားသည်။

"ကောင်းပြီ၊ ခင်ဗျား တကယ်သိချင်တယ်ဆိုရင်တော့ ကျုပ်ပြောပြပါ့မယ်"

သူသည် ပြောပြောဆိုဆိုဖြင့် အေးအေးဆေးဆေး ပုံစံမျိုးနှင့် မင်ဝါလေး၏အနီးတွင် ထိုင်ချရန် ခြေလှမ်းပြင်လိုက်၏။

မင်ဝါလေးကလည်း သူတကယ်ပဲ ပြောလိမ့်မည်ဟု ထင်မှတ်ယုံစားကာ အေးဆေးစွာ နားထောင်ရန် ထိုင်ချလိုက်မိသည်။

ထိုစဉ်မှာပင်...

ရုတ်တရက် တန်ကျင်ချင်က ကောက်ကျစ်ယုတ်မာသောသူ၏ အကြံကို အကောင်အထည်ဖော်လိုက်တော့၏။

တဒင်္ဂမျှသော အချိန်အတွင်းမှာ ဗိုးခနဲရောက်ရှိလာသော တန်ကျင်ချင်၏ လက်ဝါးစောင်းသည် မင်ဝါလေး၏ နောက်ကျောရှိ ကျန်းရိုးသွေးကြောအား အရှိန်ပြင်းစွာ ရိုက်ချလိုက်သည်။

ရိုက်ချက်မှာ အလွန်ပြင်းထန်ပြီး တိကျလှသဖြင့်...

သာမန်လူတစ်ယောက်သာဆိုလျှင် နေရာမှာပင် တုံးခနဲလဲကာ ပွဲချင်းပြီး သေစေနိုင်သည်။

သို့သော်...

မင်ဝါလေးက သာမန်လူတစ်ယောက် မဟုတ်ပါ။

တန်ကျင်ချင်ထက် အဆများစွာ အတွင်းအား သာလွန်သူဖြစ်သည်။

ထို့ကြောင့်...

တန်ကျင်ချင်၏ လက်ဝါးရိုက်ခံလိုက်ရသော်လည်း ကိုယ်ကို

ချက်ချင်း ပြန်လှည့်ပြီး တန်ကျင်ချင် ရင်ဝကို အတွင်းအားဖြင့် ပြန်တွန်း ပေးလိုက်သည်။

နှုတ်မှလည်း ဝေါက်ငန်းလိုက်သည်။

"ဟေ့ကောင်...မင်းဘာလုပ်တာလဲ"

တန်ကျင်ချင်မှာ မင်ဝါလေးအား ယှဉ်ပြိုင်၍မရမှန်းသိလိုက်၏။

သူသည် ဓိမိထက်များစွာ သာလွန်နေသော မင်ဝါလေးအား ထိတ်လန့်သွားသည်။

နောက်ဆုံးတွင် သူသည် ခန္ဓာကိုယ်ကို ချာခနဲလှည့်ကာ မြင်း ပေါ်ခုန်တက်ပြီး ထိုနေရာမှ လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားတော့၏။

ထွက်ပြေးသွားသော တန်ကျင်ချင်၏နောက်သို့ မင်ဝါလေးက မလိုက်သွားပါ။

**သူသည် နေရာမှာတင်ရပ်တန့်ကာ လေကိုအားစိုက်ရှူသွင်း နေ၏။**

**သူ့ကျောပြင်တစ်ခုလုံးမှာ တန်ကျင်ချင်၏** လက်ဝါးဒဏ်ကြောင့် အောင့်သက်သက် **ဖြစ်နေသည်။**

တစ်ခဏမျှအကြာတွင် သွေးများအန်ထုတ်လိုက်သည်။

သူသည် တင်ပျဉ်ခွေထိုင်ချလိုက်ပြီး အသက်ကို မှန်မှန်နှင့် လေးလေးရှူလိုက်သည်။ အတွင်းအား ကျင့်စဉ်ကို ကျင့်လိုက်သည်။

အတန်ကြာသောအခါ...

သူ၏သွေးလည်ပတ်နှုန်းမှာ ပုံမှန်အတိုင်း ပြန်ဖြစ်သွားလေတော့သည်။

အနာရှိန်မှာ တဖြည်းဖြည်း ပြေလျော့သွားကာ လူမှာလည်း လန်းဆန်းလာတော့သည်။



ထိုသို့ အတွင်းအားကျင့်ပြီးသောအချိန်တွင် မိုးပေါ်မှ လပြည့် ဝန်းမှာ အနောက်ဘက်သို့ အတော်ပင် စောင်းနေပြီကို တွေ့လိုက် ရတော့၏။

လမင်းကြီးကို တစ်ချက်မော့ကြည့်ပြီးနောက် မင်ဝါလေးက မတ်တတ်ရပ်လိုက်သည်။

သူ့စိတ်ထဲတွင်မူ တန်ကျင်ချင်နှင့်ပတ်သက်ပြီး အောက်ပါအတိုင်း စဉ်းစားနေ၏။

"အင်း...တန်ကျင်ချင်ဟာ ငါ့ဆရာတန်ချူးခေ့ရဲ့တူဖြစ်နေတာ **ဝမ်းနည်းစရာပဲ**၊ လူကလီမွှာပါးနပ်ပေမယ့် သူ့စိတ်ထားက ယုတ်မာ **လှတယ်**၊ အင်း...ဘာပဲဖြစ်ဖြစ်လေ ငါ့ဆရာမျက်နှာကိုထောက်ပြီး **သူ့ကိုခွင့်လွှတ်လိုက်ရမှာပဲ** အေးလေ...အခွင့်သင့်လို့ ပြန်ဆုံရင်တော့ **သူ့ကိုဖျောင်းဖျစည်းရုံးပြီး** လင်ပင်း ဘယ်မှာရှိတယ်ဆိုတာ စုံစမ်းရ မှာပဲ"

ထိုစဉ်မှာပင်...

စုံတပ်အေနှင့် လိုင်မန်တို့သည် မင်ဝါလေး ရပ်တန့်နေသော တောင်ကြားလမ်းလေးထဲသို့ ဝင်လာနေကြလေသည်။

မင်ဝါလေးက သူတို့နှစ်ယောက်အား ရပ်တန့်ကြည့်နေမိသည်။

နှစ်ယောက်စလုံး ပြုံးရွှင်သောမျက်နှာထားများဖြင့် သူ့ဆီသို့ လာနေကြသည်။

ကြည့်ရသည်မှာ တစ်ဦးနှင့်တစ်ဦး ပြေလည်ချစ်ခင်သွားကြပုံ ရသည်။

မင်ဝါလေးသည် ချစ်သူနှစ်ဦးကိုကြည့်ကာ ဝမ်းသာမှုများ ကူး စက်လာသည်။

ထို့ကြောင့်…

သူတို့ကို လှမ်းကြည့်ရင်း ပြုံးနေမိလိုက်သည်။

အနီးသို့ရောက်လာသော စုံတပ်အေနှင့် လိုင်မန်ကလည်း သူ့အား ပြုံးရွှင်စွာကြည့်ရင်း အနီးသို့ တိုးကပ်လာကြသည်။

မျက်နှာချင်းဆိုင်မိကြသောအခါတွင်မှ ဖြူဖပ်ဖြူရော်ဖြစ်နေသော မင်ဝါလေးအားကြည့်ကာ စုံတပ်အေက တအံ့တဩဖြင့် မေးလိုက်၏။

"အစ်ကို ဘာဖြစ်နေပာလဲဟင်၊ အစ်ကိုမျက်နှာကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့ပါလား"

မင်ဝါလေးအနေဖြင့် သူဒဏ်ရာရရှိခဲ့သောကိစ္စအား စုံတပ်အေတို့ မသိစေချင်ပါ။

ထို့ကြောင့် မျက်နှာကို အတတ်နိုင်ဆုံး ပြုံးလိုက်သည်။

"ကျုပ် ဘာမှမဖြစ်ပါဘူး၊ ဟဲ…ဟဲ…စောစောလေးကပဲ တန်ကျုင်ချင်နဲ့အပြေအလည် ဆွေးနွေးခဲ့ကြသေးတယ်"

တန်ကျုင်ချင် ဟူသောအမည်ကို ကြားသောအခါ လိုင်မန်သည် မျက်လုံးကလေး ဝိုင်းစက်သွားပြီး…

"အစ်ကို သူနဲ့ တိုက်ခိုက်ခဲ့ကြပြီးပြီပေါ့ ဟုတ်လား"

လိုင်မန်၏အလန့်တကြား မေးမြန်းမှုကြောင့် မင်ဝါလေးကပြုံး၍ ခေါင်းခါယမ်းလိုက်ရင်း…

"မတိုက်ခဲ့ပါဘူး၊ ညီမကိုပေးခဲ့တဲ့ကတိ အစ်ကိုမဖျက်ပါဘူး"

ဟုဆို၍…

စုံတပ်အေက ကြားဖြတ်မေးလိုက်သည်။

"အစ်ကိုတို့ပြောနေကြတဲ့ တန်ကျုင်ချင်ဆိုတာ ဆိတ်သားလုပ်မှာဘုန်းက ကျွန်တော့်ကို ဝင်နှောင့်ယှက်တဲ့ တရုတ်လူမျိုး လူငယ် မဟုတ်လား"



စုံတပ်အေ၏အမေးကြောင့် လိုင်မန်၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

သူမ၏နှုတ်မှ ထုတ်ဖော်မပြောဘဲ ခေါင်းကို လေးပင်စွာညိတ်ကာ ဟုတ်မှန်ကြောင်း ဖြေဆိုလိုက်၏။

စုံတပ်အေက…

"အင်း…အမှန်ပြောရရင် ကျွန်တော် သူ့ကိုကြည့်လို့မရခဲ့ဘူး၊ သူဟာ ရိုင်းတယ်၊ နည်းနည်းကောက်ကျစ်တယ်လို့ ကျွန်တော် မြင်တယ်"

မင်ဝါလေးက ပြုံးနေသည်။

စုံတပ်အေ၏ ယူဆချက်ကို သူဘာမျှဝင်မပြောပါချေ။

စုံတပ်အေက စကားဆက်လိုက်ပြန်သည်။

"အမှန်တော့ ကျွန်တော် သူ့ကိုကြည့်မရတာ လိုင်မန်ကြောင့်ဖြစ်နေမလားမသိဘူး၊ ကျွန်တော်တို့ ဆာခေလူမျိုးရဲ့ စကားပုံတစ်ခုရှိတယ်လေ၊ အချစ်ဟာ မျက်စိနဲ့တူတယ်တဲ့၊ သဲလေးတစ်မှုန်တောင် အဝင်မခံနိုင်ဘူးတဲ့"

ချစ်သူအသစ်ကလေးအား မြတ်နိုးစွာကြည့်ကာ စုံတပ်အေက ခပ်ရွှင်ရွှင် ပြောလိုက်၏။

မင်ဝါလေးက သဘောကျစွာဖြင့် ရယ်မောလိုက်သည်။

ဤတွင် လိုင်မန်က နှုတ်ခမ်းစူလိုက်ပြီး…

"သူ…သဝန်တိုတာက လွန်လွန်းပါတယ်၊ ဪ…ဒါနဲ့ အစ်ကို တန်ကျုင်ချင်ကို အစ်ကိုဘာလုပ်လွှတ်သေးသလဲဟင်၊ ဒီလောက် မြန်မြန် သူထွက်သွားပုံတောက်တော့ ကျေနပ် အစ်ကိုက သူ့ကို ဆဲဆိုကြိမ်းမောင်းလွှတ်လိုက်တယ်ထင်တယ် ဟုတ်လား"

လိုင်မန်သည် ပါးနပ်လိမ္မာသော မိန်းကလေးပီပီ ဒါလိုသော အကြောင်းအရာကို သွယ်ဝိုက်မေးမြန်းလိုက်ခြင်းဖြစ်သည်။

ထိုအချက်ကို အဘောပေါက်မိစွာဖြင့် မင်ဝါလေးသည် ပြုံးလိုက်ပြီး...

"ဟုတ်တယ်၊ အစ်ကိုသူ့ကို ကြိမ်းမောင်းပြီး နှင်လွှတ်လိုက်တယ်၊ ခုလိုလုပ်မိတာတောင် မှားသွားပြီလား မသိဘူး"

"မှားသွားတယ်ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"သူအခုဘယ်မှာနေလဲဆိုတာ မမေးလိုက်မိဘူး၊ နောက်တစ်ခါ သူနဲ့တွေ့ရင် ပြောစရာရှိတာလေး ပြောချင်တာတောင် ဘယ်လိုက် ရှာရမှန်းမသိ ဖြစ်နေတယ်"

ဤတွင် လိုင်မန်က ပြောသင့်မပြောသင့် ချင့်ချိန်ပြီးမှ...

"သူဘယ်မှာနေလဲဆိုတာ ကျွန်မသိပါတယ်၊ ကျွန်မ အစ်ကို့ ပြောပြပါ့မယ်"

ထို့နောက်တွင်...

လိုင်မန်သည် မြင်းရိုက်ကြိမ်တံဖြင့် သဲပြင်ပေါ်၌ လမ်းညွှ မြေပုံတစ်ခုကို ဆွဲပြလိုက်သည်။

ဆွဲပြရင်းမှလည်း...

"အဲဒီလမ်းအတိုင်းသွားရင် သူ့ဆီကိုရောက်လိမ့်မယ်၊ သူ့ဆီ ကို သွားတဲ့အခါကျရင် အစ်ကိုဟာ 'ဟောလ' စော်ဘွားပိုင်တဲ့နယ်မြေ ကို ဖြတ်သန်းသွားရလိမ့်မယ်"

မင်ဝါလေးက ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်နေ၏

လိုင်မန်က ဆက်လက်၍ ပြောပြသည်။

"တကယ်လို့ တန်ကျင်ချင်ကို ကျွန်မညွှန်ပြတဲ့ နေရာမှာ မတွေ့ ရင်လည်း စိတ်မပျက်နဲ့၊ ဟောလစော်ဘွားဆီ ပြန်သွားပြီး စုံစမ်းရင် ရတယ်၊ တစ်ခါတစ်ခါ သူစော်ဘွားကြီးဆီ ရောက်နေတတ်တယ်"



"ကျေးဇူးပဲ ညီမရေ"

မင်ဝါလေးက အမှန်တကယ်ကို လှိုက်လှဲစွာ ကျေးဇူးတင်စကား ပြောလိုက်မိခြင်းဖြစ်ပါ၏။

လမင်းကြီးကား မိုးကောင်းကင်၏ အနောက်ဘက်စွန်းတွင် မေးတင်နေချေပြီ။

ကြယ်ကလေးများ၏ မှိန်မှိန်သော အလင်းရောင်သည် ကမ္ဘာကြီးအား မနိုင့်တနိုင်လွှမ်းခြုံထားသည်။

အရုဏ်ဦးအချိန်သည် မကြာမီ ကျရောက်လာချေတော့မည်။

**အဝေးရှိ မြက်ခင်းလွင်ပြင်ပေါ်မှ တေးသံများကား တစ်စတစ်စ တိတ်ဆိတ်ငြိမ်သွားကြချေပြီ။**

**ကျွာပွတ်ရိုက်ပွဲကား** ပြီးဆုံးပြီဖြစ်၏။

သူတို့သည် မြင်းကိုယ်စီစီးကာ လာလမ်းအတိုင်း ပြန်လှည့် လာခဲ့ကြလေသည်။

မင်ဝါလေး၊ စုတင်အေးနှင့် လိုင်မန်တို့ သုံးဦးသားသည် စော်ဘွားကြီး၏ ရွက်ဖျင်တဲဆီသို့ ပြန်ရောက်လာကြသောအခါ မိုးစင်စင် လင်းနေချေပြီ။

စော်ဘွားကြီး လိုင်ဟိုက်မှာ ထိုညတစ်ညလုံး မအိပ်ဘဲ သမီးဖြစ်သူ၏အိမ်အပြန်ကို စောင့်မျှော်နေလေသည်။

သူ့ရင်ထဲမှာ သိချင်စိတ်ပြင်းပြနေ၏။

သမီးဖြစ်သူ လိုင်မန်သည် မည်သူ့အား ဘဝကြင်ဖက်အဖြစ် ရွေးချယ်ခဲ့လေမည်နည်း။

မင်ဝါလေးလား၊ စုံတပ်အေလား၊ သို့မဟုတ် တခြားတစ်ယောက်ယောက်လား။

သို့ရာတွင် တကယ်တမ်း မင်ဝါလေး၊ စုံတပ်အေနှင့် လိုင်မန်တို့သုံးယောက်တွဲပြီး ၃ ဘ်ဖျင်တဲအတွင်းသို့ ပြုံးပြုံးရွှင်ရွှင် ဝင်လာသောအခါတွင်မူ စော်ဘွားကြီးမှာ နားမလည်နိုင်ဘဲ ဖြစ်သွားရပြန်သည်။

ထိုလူငယ် နှစ်ယောက်အနက် မိမိ၏သမီးက မည်သူ့ကို ကြင်ဖက် ရွေးသနည်း။

ဝေခွဲမရသောစိတ်ဖြင့် စော်ဘွားကြီးက သုံးယောက်စလုံးအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

ထိုစဉ်...

လိုင်မန်သည် ရှက်သွေးဖြန်းကာ နီမြန်းသွားသော မျက်နှာဖြင့် စုံတပ်အေ၏ပခုံးအား တွန်းပြီး ပြောလိုက်လေ၏။

"ဖေဖေ့ကို ကန်တော့လိုက်လေ၊ ဘာလို့ငေးနေတာလဲ"

"ဟား...ဟား...ဟား..."

စော်ဘွားကြီးသည် ယခုသဘောပေါက်သွားပြီး တဟားဟားဖြင့် ရယ်မောလေတော့၏။

သမီးဖြစ်သူကား စုံတပ်အေးအား ဘဝကြင်ဖော်အဖြစ် ရွေးချယ်ခဲ့လေသည်တကား။

စုံတပ်အေသည် မိမိတို့လူမျိုးစုထဲတွင် ရဲစွမ်းသတ္တိနှင့် ပြည့်စုံပြီး နီးသားသူအဖြစ် ကျော်ကြားသဖြင့် စော်ဘွားကြီးက ကျေနပ်သွားသည်။

ထိုစဉ်...

စုံတပ်အေက ဒူးထောက်ကာ သူ့တို့ ထုံးစံအတိုင်း ဂါရဝ ပြုလိုက်လေ၏။



လိုင်ဟိုက်သည် စင်ကျန်နယ်လူမျိုးစုများ၏ ဓလေ့ထုံးစံအရ သမီးနှင့် သားမက်တို့ကို ကောင်းချီးမင်္ဂလာပေးလိုက်သည်။

ထို့နောက်...

မင်ဝါလေးဘက်သို့ လှည့်ကာ...

"သူတို့ရဲ့ မင်္ဂလာညှော်ခံတဲ့ အရက်ကို သောက်ဖို့အတွက် ဦးတို့ ဆီမှာ နှစ်ရက်လောက် နေပါလို့မောင်ရင်ကို တောင်းပန်ပါတယ်"

မင်ဝါလေးက ပြုံးရွှင်စွာဖြင့်...

"ကျွန်တော်လည်း သူတို့ရဲ့မင်္ဂလာပွဲ ရက်ကို တက်ရောက်ချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်ဟာ ဝေချီတင်နဲ့ တွေ့စရာ အရေးကြီးတဲ့ကိစ္စလေးရှိနေပါတယ်၊ ဒါကြောင့် ကျွန်တော် ခရီးထွက်ရပါမယ်"

လိုင်ဟိုက်သည် ခေါင်းကို လေးပင်စွာညိတ်လိုက်ကာ...

"အေးလေ...အရေးကြီးတဲ့ကိစ္စဆိုတော့ တို့လဲမတားသာဘူးပေါ့၊ ဒါပေမယ့် မင်းလည်း တစ်ညလုံး မအိပ်ရသေးဘဲဟာ၊ တစ်ရက်လောက်တော့ အနားယူပြီးမှ သွားပေါ့ကွာ၊ ဟုတ်လား"

မင်ဝါလေးက ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်ပြီး...

"ကျွန်တော်တို့အတွက် မအိပ်ရတာ မဆန်းတော့ပါဘူး၊ ဦးတို့အနေနဲ့ ကျွန်တော့်ကို ခုလိုငည့်ဝတ်ကျေပွန်စွာပြုစုခဲ့ကြတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ကျွန်တော် သွားမှဖြစ်မှာမို့ ခွင့်ပြုပါခင်ဗျာ"

မင်ဝါလေးက ဦးညွှတ်ကာ အားလုံးကို နှုတ်ဆက်လိုက်သည်။

လိုင်ဟိုက်သည် မတတ်သာသဖြင့် သူ့အား ခွင့်ပြုလိုက်ရသည်။

မြင်းတစ်စီး။

ရိက္ခာခြောက်အိတ်ကိုလည်း လက်ဆောင်အဖြစ် ပေးအပ်လိုက်၏။

စုံတပ်အေက သူ့အား ရွာထိပ်အထိ လိုက်ပို့သည်။

ရွာထိပ်ရောက်သောအခါ စုံတပ်အေက...

"အစ်ကိုကျေးဇူးကို ကျွန်တော် တစ်သက်လုံး အမှတ်ရနေပါမယ် အစ်ကို"

မင်ဝါလေးက မြင်းပေါ်တက်လိုက်ရင်း...

"ကိစ္စမရှိပါဘူး။ ကျုပ်တို့တစ်တွေ ပျော်ပျော်ရွှင်ရွှင်နဲ့ နောက်တစ်ကြိမ် ပြန်လည်ဆုံတွေ့နိုင်ပါစေလို့ ဆုတောင်းပါတယ်။ ကဲ... ကျုပ်သွားပြီဗျို့"

ထို့နောက် ...

စုံတပ်အေအား လက်ပြနှုတ်ဆက်ကာ မြင်းကို ဒုန်းစိုင်းမောင်းနှင်ပြီး ထွက်ခွာလာခဲ့တော့၏။

❑ ❑ ❑

အခန်း(၂)

# ဟန်ဆောင်ခြင်း

မိုးလင်းပြီဖြစ်၍ သူသည် တစ်နေ့လုံး ခရီးနှင်ခဲ့သည်မှာ ညနေစောင်းသည့် အချိန်အထိပင် ဖြစ်သည်။

မင်ဝါလေးမှာ မြင်းကို ဒုန်းစိုင်း စီးလာရာမှ လိုင်မန်ဆွဲပြလိုက်သည့်အတိုင်း တောင်ရိုး၏ အရှေ့ဘက် မြက်ခင်းလွင်ပြင်စပ်မှ တောင်တစ်လုံးပေါ်တွင် တဲအိမ်ကလေးတစ်လုံးကို တွေ့လိုက်ရသည်။

လိုင်မင်က ထိုတောင်ရိုးအရှေ့ဘက် မြက်ခင်းလွင်ပြင်စပ်မှ တဲအိမ်ကလေးထဲတွင် တန်ကျင်ချင် ရှိနေတတ်ကြောင်း ပြောပြခဲ့သည်။

မင်ဝါလေးက တန်ကျင်ချင် ရှိရာသို့ လိုက်လာခဲ့သော်လည်း မင်ဝါလေး၏ စိတ်ထဲ၌ တန်ကျင်ချင်အား တိုက်ခိုက်ရန် စိတ်မကူးမိသေးပါ။

ဖျောင်းဖျပြောဆို စည်းရုံးရန်သာ ဆုံးဖြတ်ခဲ့သည်။

မင်ဝါလေးသည် တောင်ရိုးပေါ်သို့ တက်ကာ တဲအိမ်ရှေ့တွင် သူ့မြင်းကို ရပ်တန့်လိုက်၏။

ထို့နောက် ...

တဲအိမ်သို့ လှမ်း၍ မေးလိုက်သည်။

"အိမ်ရှင်တို့ ရှိပါသလား"

တဲအိမ်ထဲမှ မည်သည့် အသံမှ ထွက်မလာပါ။

မင်ဝါလေးသည် နောက်တစ်ကြိမ် ထပ်မံ အသံပြုလိုက်သည်။

"ဗျို့ ... အိမ်ရှင်တို့"

တဲအိမ်အတွင်းပိုင်းဆီမှ ညည်းသံသဲ့သဲ့ ထွက်ပေါ်လာသည်။

ထို့နောက် ...

ဖျော့တော့နွမ်းနယ်သော လေသံဖြင့် သူ့အား လှမ်းမေးလိုက်သံ ထွက်ပေါ်လာပြန်၏။

"အပြင်က ဘယ်သူလဲ"

မေးသံမှာ အသက်ရွတ်နှန်း မမှန်သော လူမမာတစ်ယောက်၏ မေးပုံမျိုးပင် ဖြစ်၏။

ထိုအသံကို မင်ဝါလေး မှတ်မိသည်။

အားလျော့နွမ်းနယ်နေသော်လည်း ထိုအသံမှာ တန်ကျင်ချင်၏ လေသံပင် ဖြစ်သည်။

မင်ဝါလေးက ဝမ်းသာသွားသည်။

"ဟေ့ ... တန်ကျင်ချင်၊ ငါပါကွ"

သူသည် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းကာ ခြေကို ဖော့နင်း၍ တဲအိမ်အတွင်းသို့ ချင်းနင်းဝင်ရောက်လိုက်၏။

တဲအိမ်အတွင်းပိုင်းတွင် သစ်သားခုတင်တစ်လုံးရှိသည်။

ထိုသစ်သားခုတင်ပေါ်၌ လူမမာတစ်ယောက် အသွင်ဖြင့် လဲလျောင်းနေသူ တစ်ဦးရှိ၏။

ထိုသူ၏ ပါးစပ်မှ ချောင်းအဆက်မပြတ် ဆိုးနေသည်။

ထိုသူကို ကြည့်ရသည်မှာ ပြင်းပြသော ဝေဒနာတစ်ခုအား မချိမဆန့် ခံစားနေရပုံရသည်။



ထိုသူကား ...

တန်ကျင်ချင်ပင် ဖြစ်ပါသည်။

တန်ကျင်ချင်သည် မင်ဝါလေးကို မြင်သောအခါ ဖြူဖပ်ဖြူရော် မျက်နှာဖြင့် ...

"ခင် ... ခင်ဗျား ... ဘာ ... ဘာလာလုပ်တာလဲဟင်"

ထိတ်လန့်တကြား မေးလိုက်လေသည်။

မေးခွန်းနှင့်အတူ သူသည် သူ့ကိုယ်သူ အားယူကာ ဆတ်ခနဲ ထထိုင်ရန် ဟန်ပြင်လိုက်၏။

သို့ရာတွင် ...

သူ ထ၍မရပါ။

ခုတင်ထက်သို့ ဘုံးခနဲ ပြန်လဲကျသွားသည်။

မသက်မသာ မျက်နှာပေးဖြင့်သာ မင်ဝါလေးအား ငေးကြည့်နေမိ၏။

ပုံစံကတော့ မင်ဝါလေး ပြဿနာ ရှာတော့မည့် ပုံစံမျိုးပင် ဖြစ်၏။

မင်ဝါလေးက သူ့အား ပြုံး၍ကြည့်လိုက်ပြီး ...

"တန်ကျင်ချင် ဘာဖြစ်နေသလဲ"

တန်ကျင်ချင်က ရှုံ့မဲ့မဲ့မျက်နှာဖြင့် ...

"ခင်ဗျား ... ကျုပ် ... ကျုပ်ကို ကလဲ့စားချေဖို့ လာတာ မဟုတ်လား"

ကြောက်ရွံ့တုန်ယင်စွာ မေးလိုက်သည်။

မင်ဝါလေးက ခေါင်းကို ငြင်သာစွာ ခါယမ်းပြပြီး ပြောလိုက်လေ၏။

"ကြောက်မနေပါနဲ့ကွာ၊ ငါ မင်းကို ကလဲ့စားချေဖို့ ရောက်လာတာ မဟုတ်ပါဘူး"

ဟု အေးဆေးစွာ ပြောလိုက်၏။

တန်ကျင်ချင်က သူ့အား မယုံကြည်နိုင်စွာ ပြန်ကြည့်လိုက်သည်။

"ကျုပ်ကို ကလဲ့စားချေဖို့ ရောက်လာတာ မဟုတ်ရင် ခင်ဗျား ဒီကို ဘာလာလုပ်တာလဲ"

"ဒီအကြောင်းကို မပြောခင် ကျုပ် ဘယ်သူလဲဆိုတာရယ်၊ ငါ့ဆရာ ဘယ်သူလဲဆိုတာ မင်းကို အရင်ဆုံး ပြောပြမယ်"

မင်ဝါလေးက စကားဖြတ်ကာ တန်ကျင်ချင်အား တစ်ချက်ကြည့်လိုက်၏။

တန်ကျင်ချင်သည် သူ့အား နားမလည်နိုင်စွာ ငေးကြည့်နေလေသည်။

မင်ဝါလေးက စကားဆက်လိုက်၏။

"ကျုပ်ဆရာဟာ တန်ချူးခေ့ပဲ၊ မင်းရဲ့ ဦးလေး၊ ကျုပ်နာမည်က မင်ဝါလေးတဲ့"

တန်ချူးခေ့ အမည်ကို ကြားသောအခါ တန်ကျင်ချင်၏ မျက်နှာပေါ်တွင် အံ့အားသင့်သွားသည့် ဓာရိပ်အယောင်များ ပေါ်ထွက်လာလေ၏။

သူသည် မင်ဝါလေးအား ကြည့်ကာ မေးလိုက်၏။

"အခု ဒီနေရာကို ခင်ဗျား ဘာလာလုပ်တာလဲ"

မင်ဝါလေးက ...

"ကျုပ် ဒီနေရာကို ရောက်လာရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မင်းအနေနဲ့ အမှန်ကိုမြင်ပြီး ငါနဲ့ လက်တွဲဖို့ပဲ၊ ပြီးတော့ မင်းဆီက ငါသိချင်တာလေး တချို့လည်း မေးချင်လို့ပါ"



မင်ဝါလေး၏ စကားသံမှာ အေးဆေးလှသည်။

တန်ကျင်ချင်သည် အခုမှ စိတ်သက်သာရာရသွားဟန်ဖြင့် ...

"ခင်ဗျား အခုလို ကျုပ်အပေါ် အပြစ်မယူတာ တွေ့ရတော့ ခင်ဗျားကို ကျုပ် အများကြီး လေးစားမိပါတယ်၊ဒါပေမယ့် လောလောဆယ်မှာ ကျုပ်က လူမမာဖြစ်တော့ ခင်ဗျားကို ဧည့်ဝတ်မကျေပွန်နိုင်ဘူး ဖြစ်နေတယ်၊ ဒီအတွက် ခင်ဗျား ကျုပ်ကို ခွင့်လွှတ်ပါ"

"ကိစ္စမရှိပါဘူးကွာ"

တန်ကျင်ချင်သည် ခုတင်ပေါ်တွင် လဲလျောင်းနေရာမှပင် အခန်းထောင့်မှာရှိသော စားပွဲထက်မှ ကရားအိုး တစ်လုံးကို မေးငေါ့ပြလိုက်ပြီး ...

"အဲဒီ ကရားအိုးထဲမှာ လက်ဖက်ရည်ရှိတယ်၊ ခင်ဗျားဘာသာပဲ ငှဲ့သောက်တော့ကွာ"

မင်ဝါလေးက သူ့အားပြုံး၍ စိုက်ကြည့်လိုက်မိသည်၊

လက်ဖက်ရည်က ကိစ္စမရှိပါဘူးကွ၊ ဒါနဲ့ မင်းမှာ ဘယ်လိုဝေဒနာမျိုး စွဲကပ်နေလို့လဲ၊ ကျုပ် မသိရဘူးလား"

"အအေးမိပြီး အဖျားဝင်တာပါ"

မင်ဝါလေးအနေဖြင့် သွေးရိုးသားရိုး ,ဖျားနေနေခြင်းကို မကုစားတတ်ပါ။

ထို့ကြောင့် ...

တန်ကျန်ချင်အား ကြည့်ကာ ...

"ရိုးရိုးဖျားတာတော့ ငါလည်း နားမလည်ဘူး၊ ဒီအနားတစ်ဝိုက်မှာ သမားတော်ရှိရင်တော့ ကျုပ် သွားပင့်ပေးမယ်"

သူက စေတနာရှိရှိဖြင့် ပြောလိုက်ခြင်း ဖြစ်ပါသည်။

တန်ကျင်ချင်က ခပ်ယဲ့ယဲ့ပြုံး၍ ခေါင်းယမ်းပြလိုက်ရင်း …

"ဒီနိုင်ငံးဆယ်ပတ်လည်မှာ နေထိုင်တဲ့လူဆိုလို့ ကျုပ် တစ်ယောက်ပဲ ရှိတယ်"

"ငါ့မှာ မြင်းပါတယ်၊ နိုင်ငံးဆယ်ထက် ဝေးဝေးလည်း သွားလို့လည်း ရတာပဲ"

တန်ကျင်ချင်က ခေါင်းခါယမ်းလိုက်ပြီး …

"ကျေးဇူး သိပ်တင်ပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျား မသွားပါနဲ့၊ ဝါလစေ်ာဘွားကြီးဆီမှာ သမားတော်တစ်ယောက် ရှိပေမယ့် နို့ တစ်ရာကျော်ဝေးတယ်၊ အနည်းဆုံး အသွားအပြန် နှစ်ရက်လောက် ကြာမယ်၊ အမှန်တော့ ဒီရောဂါလောက်ကို ကျုပ်ဘာသာ ကုလို့ရပါ တယ်"

တန်ကျင်ချင်၏ စကားကြောင့် မင်ဝါလေး အံ့အားသင့်စွာဖြင့်

"မင်း ဆေးပညာလည်း နားလည်တယ် ဟုတ်လား။ ဒါဆို ဘာလို့ …"

တန်ကျင်ချင်က ပြုံး၍ …

"ဘာလို့ ကိုယ့်ကိုယ်ကို ဆေးမကုလဲလို့ ခင်ဗျား မေးမလို့ မဟုတ်လား၊ အမှန်တော့ ကျုပ်လည်း ကုမလို့ပဲ၊ ဟိုထောင့်မှာ ဆေးအိုးတောင် ကျိုးချက်ပြီးပြီ"

တန်ကျင်ချင် ညွှန်ပြသော တဲထောင့်သို့ မင်ဝါလေးက လှမ်းကြည့်လိုက်၏။

တဲထောင့်ရှိ မီးဖိုပေါ်တွင် အိုးတစ်လုံးရှိနေသည်။

တန်ကျင်ချင်က ခပ်ယဲ့ယဲ့ပြုံး၍ …



"ဖြစ်ချင်တော့ ဆေးကျိုးမလို့ အိုးကို မီးဖိုပေါ်တင်ပြီးရော လူကလည်း မလှုပ်ချင်တော့လောက်အောင် ချမ်းစိမ့်စိမ့်ဖြစ်လာရော၊ ဒါနဲ့ ခုတင်ပေါ်မှာ လှဲနေမိတာ၊ အင်း … ဒီအချိန်မှာ ခင်ဗျား ရောက် လာတာပါပဲ"

"ကောင်းပြီလေ၊ ဒါဆို ဒီဆေးကို ငါဆက်ပြီး ကျိုပေးပါ့မယ်၊ ထင်းတွေရော ထပ်ထည့်ဖို့လိုသေးလား"

မင်ဝါလေးက ပြောပြောဆိုဆိုဖြင့် မီးဖိုဘက်သို့ လျှောက်လှမ်း လာလိုက်လေ၏။

တန်ကယင်ချင်က လှမ်း၍ …

"ထင်းထပ်ထည့်ဖို့တော့ မလိုပါဘူး၊ အိုးအဖုံးကို ဖွင့်ပြီး ဆေးနံ့ကို ရှူကြည့်ပေးပါကွာ၊ ဆေးနံ့ပြင်းပြင်း ထွက်နေပြီဆိုရင် လုံလောက်ပါပြီ၊ ဒါဆို အိုးကို ချပြီး ငါ့ဆီယူလာရင် ငါ သောက်လို့ရပြီ"

"ကောင်းပြီလေ"

မင်ဝါလေးသည် ဆေးသောက်စရာ ခွက်တစ်လုံးကို အရင် ရှာယူလိုက်သည်။

ထိုစဉ် …

တန်ကျင်ချင်က …

"ခင်ဗျားလည်း ကျုပ်ဆီရောက်လာတာ ဘာမှ မစားမသောက် ရသေးဘူး၊ ကျုပ်ကိစ္စကို ဝင်လုပ်ပေးနေရတာ အားနာစရာတော့ သိပ်ကောင်းနေပြီကွာ"

"ကိစ္စမရှိပါဘူး"

ပြောပြောဆိုဆိုဖြင့် မင်ဝါလေးသည် မီးဖိုနားသို့ တိုးကပ်သွား တော့သည်။

ထို့နောက် ...

အိုးအဖုံးကို ဖွင့်လိုက်သည်။

စူးရှပြင်းထန်သော ဆေးနံ့များသည် နှာခေါင်းထဲသို့ ထောင်းခနဲ တိုးဝင်လာတော့၏။

မင်ဝါလေးက မျက်နှာကို ရှုံ့မဲ့ကာ ...

"ဆေးနံ့ကတော့ဟေ့ တကယ်ပြင်းတာပဲကွ"

ဟု ပြောဆိုပြီး ဆေးအိုးကို မီးဖိုပေါ်မှ အသာချလိုက်သည်။

ထို့နောက် ...

အိုးထဲမှ ဆေးရည်များကို ခွက်ထဲသို့ လောင်းထည့်လိုက်သည်။

အငွေ့တထောင်းထောင်း ထနေသော ဆေးရည်များ ခွက်ထဲသို့ ကျနေသည်၊

ထိုအချိန်မှာပင် ...

မင်ဝါလေး ရင်ထဲမှာ ကတုန်ကယင် ဖြစ်သွားသည်။

ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး သူ့ကိုယ်ခန္ဓာမှာ တစ်ချက် ယိမ်းထိုးသွားသည်။

သူ့လက်ထဲမှ ဆေးအိုးနှင့် ဆေးခွက်မှာ အောက်သို့ လွတ်ကျသွားလေတော့၏။

ထိုအချိန်မှာပင် ...

တန်ကျင်ချင်ထံမှ သဘောကျစွာ ရယ်မောလိုက်သော အသံကို ကြားလိုက်ရလေသည်။

တစ်ဆက်တည်းမှာလည်း ...

စောစောတုန်းက လူမမာတစ်ယောက်လို ခုတင်ပေါ်မှာ လဲလျောင်းနေသော တန်ကျင်ချင်သည် ဖျတ်ခနဲ ခုန်ထလာလေတော့၏။



သူသည် မင်ဝါလေးအား လက်ဝါးစောင်းဖြင့် ခုတ်ချရန် လက်ကို မြှောက်လိုက်လေ၏။

ယုတ်မာ ပက်စက်သူပီပီ တန်ကျင်ချင်သည် ရိုးသားဖြူစင်လှသော မင်ဝါလေးအား အကောက်ကြံခဲ့ခြင်း ဖြစ်သည်။

အဆိပ်ဆေးငွေ့များကား အခန်းလေးအတွင်းမှာ တထောင်းထောင်း ထလျက်ရှိနေလေသည်။

အခန်းထဲမှာ ဆေးငွေ့များ ဝေပျံ့နေသည်။

ကျိုချက်ထားသည့် ဆေးများကား ရောဂါဝေဒနာပျောက်ကင်းစေသည့် ဆေးများ မဟုတ်ပါ။

ရူမိုက်နှင့် မူးမေ့သွားစေနိုင်သော အဆိပ်ဆေးငွေ့များပင် ဖြစ်သည်။

မင်ဝါလေး ယိမ်းထိုးသွားစဉ် တန်ကျင်ချင်သည် မင်ဝါလေးအား အဆိပ်ငွေ့မိသွားသဖြင့် မလှုပ်နိုင်တော့ဟု အပိုင်တွက်ဆကာ တိုက်ခိုက်ခြင်းရန် ကြံစည်ခြင်း ဖြစ်သည်။

သူ၏ အကြံမှာ ပိရိလွန်းလှသည်။

သို့သော် ...

တန်ကျင်ချင် ထည့်မတွက်ခဲ့မိသော အချက်တစ်ချက်ရှိ၏။

ယင်းအချက်မှာ မင်ဝါလေးသည် သာမန်သိုင်းပညာရှင်တစ်ဦး မဟုတ်သော အချက်ပင်ဖြစ်သည်။

အဆင့်မြင့်သိုင်းပညာရှင်တစ်ဦးသည် ရုတ်တရက် တိုက်ခိုက်မှုအား အမှတ်မထင် ပြန်လည်တွန်းလှန်နိုင်သည့် စွမ်းရည် ရှိသည်။

မူးဝေနေသော်လည်း မင်ဝါလေးသည် နောက်ကျောဘက်ဆီမှ လေတိုးသံကြားသည်နှင့် အမှတ်မထင် လက်ပြန်ရိုက်ထုတ်လိုက်ပါသည်။

တန်ကျင်ချင်မှာ မင်ဝါလေးက ယခုကဲ့သို့ ပြန်လည်တိုက်ခိုက်နိုင်မည်ဟု လုံးဝ မမျှော်လင့်ထားသဖြင့် တဒင်္ဂအချိန်အတွင်းမှာပင် ...

"ဖြန်း ... "

လက်ဝါးနှစ်ခုသည် အရှိန်ပြင်းစွာ ထိမိသွားတော့၏။

ထိုအခါ ...

ဝုန်းခနဲ အဝေးသို့ လွင့်ထွက်သွားသူမှာ တန်ကျင်ချင်သာ ဖြစ်ပါသည်။

မင်ဝါလေးနှင့် ဆယ်ပေခန့် လွင့်စင်ကျသွားရာမှ တန်ကျင်ချင်က လူးလိမ့်ထလိုက်၏။

သို့သော် ...

ရုတ်တရက် မထနိုင်ပါ။

မင်ဝါလေးက သူ့အား စက်ဆုပ်စွာ လှည့်ကြည့်လိုက်ပြီး ...

"ဟင် ... မင်းက တော်တော်ဉာဏ်များတဲ့ ကောင်ပဲကွ"

ဟု မကျေမနပ်နှင့် အံကြိတ်ပြောဆိုလိုက်လေတော့၏။

ထို့နောက် ...

သူသည် တန်ကျင်ချင်ရှိရာသို့ ခြေလှမ်းပြင်လိုက်တော့၏။

ထိုစဉ်ခိုက်မှာပင် သူ့နောက်ကျောဘက်မှ ဝုစ်ခနဲ လေတိုးသံ တစ်ချက် ကြားလိုက်ရတော့သည်။

မင်ဝါလေးသည် နဂါးပတ်ခြေလှမ်းဖြင့် ရှောင်တိမ်းပြီး ကိုယ်ကို လှည့်ရင်း နောက်ထပ် ရောက်လာသူကို လှမ်းဖမ်းလိုက်သည်

မင်ဝါလေး၏ လှုပ်ရှားပုံက မြန်ဆန်လှ၏။

နောက်ထပ် ရောက်လာသူကလည်း လျင်မြန်လွန်းလှသည်

ထိုသူသည် တစ်ပတ်ကျွမ်းပစ်ကာ ရှောင်ထွက်သွား၏။



ထိုသူ၏ လက်သီး တစ်ချက် ရှပ်ထိမိလိုက်သော မင်ဝါလေး၏ ညာလက်မှာ မီးရဲရဲဖြင့် ထိုးလိုက်မိသလိုမျှလောင်သွားတော့၏။

မင်ဝါလေးမှာ သည်းခံနိုင်စွမ်း မရှိတော့ပါချေ။

မိမိကို အကောက်ကြံသူ နှစ်ယောက်ကို ဆုံးမရန် ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လိုက်ပြီး ...

"ကဲ ... နိုးကြောင်ခိုးဝှက် ပုန်းနေတဲ့ ကောင်တွေအားလုံး ထွက်ခဲ့ကြစမ်း"

ပြောရင်းဆိုရင်းမှလည်း သူ့အား နောက်ကျောဘက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့သူ ရန်သူကို ကြည့်လိုက်သည်။

ထိုသူမှာ အသက်ငါးဆယ်အရွယ်ခန့် ရှိမည်ဖြစ်သည်။

ထိုသူ၏ မျက်နှာမှာ ထူးခြားမှုမရှိပါ။

သို့သော် ...

ထိုသူ၏ ဆံပင်များကတော့ ထူးဆန်းသည်။

မြက်ပင်များလို ကြမ်းတမ်းရှုပ်ထွေးနေသည်။

ထိုသူ၏ ဦးခေါင်းပေါ်မှ ဆံပင်များမှာ သွေးကဲ့သို့ နီရဲသော အရောင်ရှိနေသည်။

သူသည် တန်ကျင်ချင်၏ ဆရာသမားပင် ဖြစ်၏။

ဆံပင်နီနှင့် ထိုသူသည် မင်ဝါလေးအား သူ၏ ပြူးကျယ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း ...

"ဟင် ... မင်းက သိပ်အပြောကြီးပါလားကွ၊ အေး ... ငါ့ရဲ့ သိုင်းကွက် ဆယ်ကွက်ကို ခံနိုင်ရင်တော့ မဆိုးဘူး"

ပါးစပ်ကိုစေ့ကာ နှုတ်ခမ်းလှုပ်ရုံ ပြောလိုက်၏။

သူ့အသံက အစ်တစ်တစ်ဖြစ်သည်။

သူ၏ မျက်နှာကလည်း ရက်စက်ကြမ်းကြုတ်မည့်ဟန် အပြ
အဝ ရှိနေ၏။

ထိုစဉ် ...

တန်ကျင်ချင်က လှမ်း၍ သတိပေးလိုက်သည်။

"ဆရာ ဒီကောင့်ကို အထင်မသေးနဲ့နော်၊ ဒီကောင်က ချန်တ
ဖုံးရဲ့ အမည်မဲ့သိုင်းကွက်ကို ရထားတာ"

ဆံပင်နီနှင့်လူသည် အေးစက်စွာ ပြုံးလိုက်ပြီး ...

"အို ... ချန်တန်ဖုန်ရဲ့ သိုင်းကွက်ကို ငါက ဂရုစိုက်ရမှာလ
ကွ"

ထိုသို့ မောက်မာစွာ ပြောဆိုလိုက်ပြီးနောက် သူသည် လ
နှစ်ဖက်ဖြင့် မင်ဝါလေးအား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လို
လေတော့၏။

မင်ဝါလေးကလည်း သူ၏ လက်ဝါးနှစ်ဖက်ကို ဓားပြင့် ပြ
ခုခံရသည်။

ဆံပင်နီနှင့် လူကြီး၏ လက်ဝါးနှစ်ဖက် မရောက်မီ မင်ဝါလေ
ဓားလျှင် ဓားဦးက ဆံပင်နီနှင့် လူကြီး၏ လည်မျိုဆီသို့ တန်းဝင်
တော့သည်။

ဆံပင်နီနှင့်လူသည် ကမန်းကတန်း နောက်သို့ ခေါင်းငုံ့
ဆုတ်သွားရတော့၏။

ဆံပင်နီနှင့် လူ၏ စိတ်ထဲ၌လည်း အနည်းငယ် တုန်လှုပ်သွား
ပထမတုန်းက သူ့စိတ်ထဲတွင် မင်ဝါလေးအား အလွယ်တ
အနိုင်ရရှိလိမ့်မည်ဟု ထင်မှတ်မိခဲ့၏။

ခုတော့ ...



ဆန်းကျယ်သော မင်ဝါလေး၏ ဓားသိုင်းကွက်ကို ကြည့်ကာ
အရမ်းမဝင်ရဲဘဲ ဖြစ်သွားလေသည်။

ထိုစဉ် ...

မှုံမှေးစေတတ်သော အဆိပ်ငွေ့အား ရှူမိထားသော မင်ဝါလေး
မှာ တဖြည်းဖြည်းနှင့် မျက်လုံးများ ဝေလာပြီး ခန္ဓာကိုယ်မှာလည်း
ယိမ်းထိုးကာ လာလေတော့၏။

ဆံပင်နီနှင့် လူကြီးက တန်ကျင်ချင်ဘက်သို့လှည့်ကာ ...

"ဟား ... ဟား ... ဒီကောင် ဆေးငွေ့မိသွားတယ် ဟုတ်လား"

"ဟုတ်တယ် ဆရာ"

"ဟား ... ဟား ... ကောင်းတယ်ဟေ့၊ ကဲ ... သေပေတော့"

ပြောပြောဆိုဆိုဖြင့် မင်ဝါလေးရှေ့သို့ ခုန်ဝင်လာပြန်၏။

တိုက်ခိုက်ရန် လက်ကိုမြှောက်လိုက်ရာ ...

မင်ဝါလေးသည် ယိမ်းထိုးနေရာမှ အမည်မဲ့ ဓားကွက်တစ်ကွက်
ကို ဘုတ်သုံးလိုက်ရတော့၏။

ဓားဦးသည် ဆံပင်နီနှင့် လူကြီး၏ လက်ဖဝါး ဗဟိုတည့်တည့်သို့
ချိန်ထားသလိုလိုနှင့် ထိုလူကြီး၏ ရင်ညွှန့်နှင့် လည်ပင်းကြားသို့ တိုး
ဝင်သွားပြန်၏။

လူကြီးမှာ အလန့်တကြားဖြင့် နောက်သို့ ခုန်ဆုတ်လိုက်ရပြန်
တော့၏။

ဆံပင်နီနှင့် လူကြီး၏ စိတ်ထဲ အကြီးအကျယ် ထိတ်လန့်သွား
တော့သည်။

"ဟာ ... ဒီကောင်လေးဟာ ဆေးငွေ့မိပြီး မှုံနေတာတောင်
သူ့ဓားကွက်က သိပ်ကောင်းနေပါလား"

သူသည် တအံ့တဩ တွေးနေမိတော့၏။

ထို့ကြောင့် ...

ဆံပင်နီနှင့် လူကြီးသည် မင်ဝါလေးအား အရမ်းပင် ဝင်မတိုက်ရဲတော့ချေ။

အခြေအနေကိုသာ အကဲခတ်ကြည့်ရှုရင်း မင်ဝါလေးကို လှည့်ပတ်နေလေ၏။

မင်ဝါလေးသည် အတွင်းအားကို စုစည်းကာ အဆိပ်ငွေ့ဒဏ်ကို ဖြေနေသည်။

သို့သော် ...

သူသည် တန်ကျင်ချင်အား ယုံစားကာ အဆိပ်ငွေ့များကို နံ့မိုးဆေးငွေ့များ အမှတ်ဖြင့် ရှူရှိုက်မိခဲ့ခြင်း ဖြစ်ရာ အဆိပ်ငွေ့ဒဏ်ချက်ကို ရုတ်တရက် ဖြေမရဘဲ ဖြစ်နေသည်။

သူ့ခေါင်းထဲမှာ မူးလာနေသည်။

သူ့မျက်လုံးများမှာလည်း ပြာဝေလာသည်။

သူ့တစ်ကိုယ်လုံး ယိမ်းထိုးနေ၏။

ဆိုးဝါးလှသော အခြေအနေမှာပင် သူသည် အံတစ်ချက် ကြိတ်ကာ ...

"မင်းတို့အားလုံး လူယုတ်မာတွေ"

ဆံပင်နီနှင့် လူကြီးထံသို့ လွှားခနဲခုန်ဝင်ကာ ဓားဖြင့် ခုတ်ချလိုက်တော့သည်။

'မှုစ်ဗိုမိုးမျှော်' သိုင်းကွက်ဖြင့် အောက်မှ အပေါ်သို့ ခပ်စောင်းစောင်း အနေအထားဖြင့် မင်ဝါလေး တိုက်ခိုက်လာသည်။

လူကြီးသည် အလန့်တကြား ခုန်ရှောင်ပေးလိုက်ရသည်။



"ဝုန်း ..."

ကျယ်လောင်သော အသံနှင့်အတူ မင်ဝါလေးမှာ မူးဝေခြင်းဒဏ်ကို မခံနိုင်တော့ဘဲ ရှေ့သို့ တိုးလဲကျသွားတော့၏။

ယုခုမှပင် ဆံပင်နီနှင့် လူသည် လေပူတစ်ချက်ကို ဝူးခနဲ မှုတ်ထုတ်လိုက်ပြီး စိတ်ပင်ပန်းစွာ ပြောမိသည်။

"ဟူး ... ဒီကောင်က မလွယ်ပါလားကွ၊ သူ အဆိပ်ငွေ့သာ မိမနေရင် မတွေးရဲဘူး။ ကဲ ... ကဲ ... သူ့ကိုယ်ထဲမှာ ဘာတွေပါသလဲ ဆိုတာ မင်းပဲရှာကြည့်ပေတော့"

တန်ကျင်ချင်က သူ့ဆရာအား မယုံသလိုကြည့်ကာ မေးလိုက်၏။

"ဆရာ ... ဆရာပြောတုန်းက ဆရာ့ရဲ့ ဆေးငွေ့ဟာ ရှူမိရုံနဲ့ တုံးခနဲ မှေ့လဲကျသွားနိုင်တယ်ဆို၊ ဒီကောင်ကျတော့လည်း တော်တော်လေး ခံနိုင်ရည် ရှိနေပါလား"

"အေး ... ဒီကောင်ရဲ့ အတွင်းအား မဆိုးဘူးကွ၊ ဒါကြောင့်လည်း ဒီလောက်ကြာကြာ ခံနိုင်တာပေါ့"

ဆံပင်နီနှင့်လူက ထိုသို့ပြောပြီးသည်နှင့် မင်ဝါလေးအား လှမ်းကြည့်လိုက်၏။

မင်ဝါလေးမှာ လုံးဝ မလှုပ်နိုင်ရှားတော့ပါ။

လောကကြီးနဲ့ အဆက်အသွယ် ပြတ်ကာ မေ့နေလေ၏။

တန်ကျင်ချင်သည် မင်ဝါလေးအနားသို့ မရွံ့မရဲ တိုးလာနေ၏။

"ဟော့ကောင် ရှာစရာရှိတာ ရဲရဲရှာစမ်းပါ၊ ဘယ်လောက် အတွင်းအားကောင်းတဲ့ လူဖြစ်ပါစေ၊ ဒီအဆိပ်ငွေ့မိရင် အနည်းဆုံး သုံးနာရီလောက်တော့ အိပ်ပျော်နေမှာပဲ၊ နောက်ပြီး သူဟာ ငါ့ရဲ့ မိုးကြိုးလက်ဝါးရိုက်ချက် မိထားသေးတယ်"

လူကြီးက ရဲရဲတင်းတင်း အာမခံချက် ပေးလိုက်၏။

သို့ရာတွင် ...

သူ၏ စကားမဆုံးမီမှာပင် ချန်တန်ဖုန်၏ အတွင်းအား ကျင့်

ကို လေ့ကျင့်ထားသော မင်ဝါလေးမှာ သတိရနေလေပြီ။

သို့သော် သူသည် မေ့နေရာမှ မထရှေ၊ သူတို့၏ သဘောထ

ကို သိချင်၍ ဆက်မေ့ချင်ဟန်ဆောင်နေသည်။

ဆံပင်နီနှင့် လူ၏ စကားကို ကြားလိုက်ရသောအခါ သူ့စိ

ထဲမှာ ထိတ်ခနဲ ဖြစ်သွားမိသည်။

တကယ်တော့ မိုးကြိုးလက်သိုင်းပညာကို တတ်မြောက်သ

ဟု ကျော်ကြားခဲ့သူများမှာ အောင်ရန်ရွှေတို့ မိသားစုသာ ဖြစ်သ

ထိုလူကြီးကား အောင်ရန်ရွှေ၏ မိသားစုနှင့် မည်သို့ ပတ်သ

နေခဲ့သနည်း။

ထိုစဉ် ...

တန်ကျင်ချင်က သဘောကျစွာ ရယ်မောလိုက်ရင်း ...

"ဟား ... ဟား ... ဆရာရဲ့ မိုးကြိုးလက်ဝါးကြောင့် ဒီကော

သတိပြန်မလည်လာတော့ဘဲ တစ်ခါတည်း သေသွားမှာတောင် စိုးရိ

နေရတယ်"

ဤတွင် ဆံပင်နီနှင့် လူကြီးက မျက်မှောင်တွန့်၍ ...

"ဘာလဲ ... မင်းက သူ့ကို လောလောဆယ် မသေစေချင်

ပေါ့ ဟုတ်လား"

"ဟုတ်တယ် ဆရာ၊ သူ့ကို မသေစေချင်သေးဘူး၊ ဘာဖြ

လို့လဲဆိုတော့ ..."

"ဘာဖြစ်လို့လဲဆိုတော့ မင်းက သူ့ဆီမှာရှိတဲ့ ချန်တန်ဖုန်

ဓားသိုင်းပညာကို ယူချင်သေးတယ် မဟုတ်လား"



ဆံပင်နီနှင့် လူက တန်ကျင်ချင်အား ခပ်ပြုံးပြုံး ကြည့်ကာ

မေးမြန်းလိုက်၏။

တန်ကျင်ချင်က သွက်လက်စွာ ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ် ဆရာ၊ ဒါနဲ့ သူဝင်လာတုန်းက ဆရာ ဘယ်

ရောက်နေတာလဲ"

"နောက်ဘေးဘက်မှာ တစ်ချိန်လုံးရှိနေတယ်"

ယခုမှပင် မင်ဝါလေးသည် တန်ကျင်ချင်နှင့် သူ့ဆရာတို့

နှစ်ယောက်ပေါင်း၍ မိမိကို အကောက်ကြံရန် ကြိုတင်စီစဉ်ခဲ့ခြင်းဖြစ်

ကြောင်း သဘောပေါက်သွားလေတော့၏။

ထိုစဉ် ...

တန်ကျင်ချင်သည် မင်ဝါလေးအနီး၌ ဒူးထောက် ထိုင်ချလိုက်

သည်။

မင်ဝါလေးသည် လုံးဝ မေ့မြောနေသူတစ်ဦး၏ ပုံသဏ္ဌာန်မျိုး

နှင့် မလှုပ်မယှက် ငြိမ်သက်နေလိုက်လေသည်။

တန်ကျင်ချင်သည် မင်ဝါလေး၏ ခန္ဓာကိုယ် အနှံ့အပြားသို့

စမ်းသပ်ရှာဖွေလိုက်၏။

အတန်ကြာမှ ထရပ်လိုက်ပြီး ...

"သူ့ကိုယ်ထဲမှာတော့ ဓားကျမ်းနဲ့ ပတ်သက်လို့ ဘာမှမတွေ့

ရဘူး ဆရာ"

"ဒါဆို မင်း ဘယ်လိုလုပ်မလဲ"

တန်ကျင်ချင်က ခေါင်းကို တဖျင်းဖျင်း ကုတ်လိုက်သည်။

"အင်း ... သူ့ပါးစပ်ကနေပြီး ဒီဓားသိုင်းနဲ့ ပတ်သက်တာတွေ

ထွက်လာအောင် မေးမြန်းဖို့ပဲ ရှိတော့တာပေါ့ ဆရာ၊ မတတ်နိုင်ဘူး၊

လှည့်စားရင်တော့ ရမယ်ထင်တယ်"

"လှည့်စားပြီး မေးမယ် ဟုတ်လား။ မင်း သူ့ကို ခုလိုလှည့်စားခဲ့တော့ နောက်တစ်ခါဆို သူက ယုံပါ့မလား"

"ဘယ်လိုလုပ်မလဲ ဆရာ၊ ဗြိမ်းခြောက်မေးလို့ကတော့ သူလိုလူမျိုးက အသက်သာ အသေခံမယ်၊ တစ်ခွန်းမှ ထုတ်ပြောမှာ မဟုတ် ဘူး"

"အေး ... ဒါလည်း ဟုတ်တာပဲ"

ဆရာ တပည့်နှစ်ယောက်သား မင်ဝါလေး လုံး၀ မေ့မြောနေသည် အထင်ဖြင့် သူတို့၏ အတွင်းသဘောကို ထုတ်ဖော်တိုင်ပင်နေကြလေသည်။

မင်ဝါလေး သတိလစ်နေဟန်ဖြင့် နားစွင့်နေမိ၏။

ထိုစဉ် ...

တန်ကျောင်ချင်က ...

"တစ်ခုတော့ရှိတယ်၊ သူ့ဆရာ ကျွန်တော့် ဦးလေးရဲ့ မျက်နှာကို ထောက်ပြီး သူကျွန်တော့်ကို ခွင့်လွှတ်အောင် အယုံသွင်း ရမှာပဲ၊ နည်းကတော့ ဒီနည်းပဲရှိတယ်"

"သူယုံလာအောင် မင်းက သူ့ကို တစ်ခုခု လုပ်ပေးဖို့လည်း လိုတယ်"

တန်ကျောင်ချင်သည် ခေါင်းကိုမော့ကာ စဉ်းစားလိုက်၏။

"ဒီလိုလုပ်ရင် မကောင်းဘူးလား ဆရာ၊ ဆရာ့မှာ အဆိပ်ဖြေဆေး ရှိတယ်မဟုတ်လား၊ ကျွန်တော်လိုချင်တဲ့ အဆိပ်ဖြေဆေးက သူခံစားနေရတဲ့ ဝေဒနာကို သက်သာစေရုံလောက်ပဲ လိုချင်တာ၊ သူ အင်အားပြန်ပြည့်ဝလာမယ့် ဆေးမျိုးတော့ မဟုတ်ဘူး၊ သဘောကတော့ အဆိပ် မပြယ်စေဘဲ အနာသက်သာရုံ တိုက်တဲ့ အဆိပ်ဖြေဆေး လိုချင်တာ"



ဆံပင်နီနှင့်လူက သဘောကျစွာ ပြုံးလိုက်၏။

"အင်း ... ငါ့တပည့်အကြံ မဆိုးဘူး၊ မင်းလိုချင်တဲ့ ဆေးမျိုး ငါ့မှာရှိတယ်၊ အဆိပ်ဖြေဆေးထဲမှာ အားယုတ်ဆေးထည့်ပြီး တိုက်လိုက်ရင် ဒီကောင် ကြက်ကလေးတစ်ကောင်တောင် မဖမ်းနိုင်ဘဲ ဖြစ်သွားမယ်၊ ဘယ့်နှယ်လဲ မကောင်းဘူးလား"

"သိပ်ကောင်းတာပေါ့ ဆရာရယ်"

သူတို့နှစ်ယောက်မှာ ၎င်းတို့၏ အကြံအစည်ကို သဘောကျပြီး တဟားဟား ရယ်မောကြလေသည်။

ဆံပင်နီနှင့် လူကြီးသည် သူ့အင်္ကျီအိတ်ထဲမှ ဆေးနှစ်မျိုးကို နှိုက်ယူကာ တန်ကျောင်ချင်အား ပေးလိုက်၏။

တန်ကျောင်ချင်က ထိုဆေးများကို ယူပြီး သိမ်းဆည်းထားလိုက်သည်။

ထို့နောက် ...

ဆံပင်နီနှင့် လူကြီးက ...

"ကဲ ... သူ့ကို ခုတင်ပေါ် ရွှေ့ထားလိုက်တော့၊ မင်းကို ငါ ပြောစရာရှိတယ်"

တန်ကျောင်ချင်က မင်ဝါလေးအား ခုတင်ထက်သို့ ပွေ့ချီကာ ချထားလိုက်၏။

ခုတင်နှင့် မလှမ်းမကမ်းတွင် ရှိသော ခုံနှစ်လုံးတွင် ဆရာ တပည့် နှစ်ယောက် ထိုင်လိုက်ကြလေ၏။

"ငါဘယ်သူလဲ၊ ငါ့အဆက်အသွယ် ဘယ်ကလဲဆိုတာ မင်းကို ပြောပြမယ်၊ မင်း မသိချင်ဘူးလား"

ထန်ကျောင်ချင်က တက်ကြွစွာဖြင့် ပြန်ပြောလေ၏။

"သိချင်ပါတယ် ဆရာ၊ ဆရာနဲ့ ကျွန်တော် တွေ့ခဲ့တာ တစ်လလောက်ရှိခဲ့ပေမယ့် ဆရာ ဘယ်သူလဲဆိုတာ ကျွန်တော် ခုထိမသိရသေးပါဘူး"

ဆံပင်နီနှင့် လူကြီးက ဟန်ပါပါ ပြုံးလိုက်သည်။

"အိမ်း ... ဆရာဆိုတာ အချိန်မတန်ရင် ဘာမှမပြောရဘူးကွ၊ အခု ဒီကောင်လေးကို တို့ဖမ်းမိပြီဆိုတော့ အချိန်တန်ပြီပေါ့ကွာ၊ မင်းကို ကျုပ်ဖွင့်ပြောရတာ"

တန်ကျင်ချင်က သူ့ဆရာအား တအံ့တသြဖြင့်ကြည့်ကာ ...

"ဒီကောင်လေးနဲ့ ဆရာနဲ့ ဘယ်လို ပတ်သက်နေတာလဲ"

ဆံပင်နီလူကြီးက ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ကျုပ်နဲ့ သူပတ်သက်တဲ့ အကြောင်းကို သူတောင်သိမှာမဟုတ်ဘူး။ ငါကတော့ သိနေတယ်၊ ဟိုတလောက သူဟာ ငါ့ညီအောင်ရန်ရွှေကို အနိုင်ယူခဲ့တယ်၊ ငါ့နာမည်ကအောင် ရန်ချူလို့ခေါ်တယ်"

အောင်ရန်ချူဟူသော အမည်ကို မေ့ချင်ယောင်ဆောင်နေရင်း တန်းလန်းမှ မင်ဝါလေးက စိတ်ထဲမှ မှတ်သားနေ၏။

ထိုဆံပင်နီနှင့် လူမှာ အောင်ရန်ရွှေရဲ့ အစ်ကိုဖြစ်သဖြင့် မိုးကြိုးလက်ဝါးသိုင်းကို ကောင်းစွာ တတ်မြောက်နေခြင်းဖြစ်သည်ဟု တွေးမိလိုက်သည်။

သူ တွေးမရခဲ့သည့် အဖြေမှာ ရှင်းလင်းသွားသည်။

ထိုစဉ် ...

အောင်ရန်ချူက ...

"ငါ့ညီဟာ အကြံအစည် ကြီးပေမယ့် ပညာယူတဲ့ နေရာမှာတော့ ငါ့လိုစိတ်မရှည်ဘူး။ တို့မိသားစုရဲ့ ပညာရပ်ဖြစ်တဲ့ မိုးကြိုးလက်သိုင်း ပဌမအဆင့် ရတဲ့အခါမှာ သူဟာ ဆက်မလေ့ကျင့်ပဲ၊ ဘုရင်မင်းမြတ်ဆီမှာ အမှုထမ်းတယ်၊ ကျုပ်ကတော့ နဝမအဆင့်ထိ တက်ခဲ့တယ်"

မိုးကြိုးလက်ဝါးသိုင်း နဝမအဆင့်ဟု ကြားလိုက်ရသဖြင့် မင်ဝါလေးမှာ ထိတ်လန့်သွားမိ၏။

နဝမအဆင့်မှာ အတော်ကလေး အဆင့် မြင့်မားသွားပြီ ဖြစ်ပါသည်။

ပဌမအဆင့်ထိသာ တတ်မြောက်သော အောင်ရန်ရွှေကို မိမိမှာ အကျိတ်အနယ် ယှဉ်ပြိုင်ခဲ့ရသည်။

ယခု နဝမအဆင့်ထိ တတ်မြောက်သော အောင်ရန်ချူကို မင်ဝါလေး ယှဉ်ပြိုင်ရန် မလွယ်ကူချေ။

ထိုစဉ် ...

တန်ကျင်ချင်က

"ဆရာသမားက နဝမဆင့် တတ်ထားတယ်ဆိုတော့ ဆရာ့ကို ယှဉ်နိုင်တဲ့သူ ဘယ်ပေါ်တော့မှာလဲ ဆရာ"

အောင်ရန်ချူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ပညာရပ်တစ်ခုဟာ ဘယ်တော့မှ ဆုံးခန်းတိုင်တယ်လို့ မရှိဘူးကွ၊ ကျုပ်ညီနဲ့ ကျုပ်ရဲ့ ကွာခြားချက်ကလည်း ဒါပဲ၊ သူက ရာထူးနဲ့ စည်းစိမ်ချမ်းသာ မက်မောတယ်၊ ကျုပ်ကတော့ သူ့လိုမဟုတ်ဘူး၊ အထွတ်အထိပ်ရောက်ပြီးမှ ဘယ်သူမှ မယှဉ်နိုင်တဲ့ ပြိုင်ဘက်ကင်း သိုင်းသမားပဲ ဖြစ်ချင်တယ်"

ထို့နောက် ...

အောင်ရန်ချို့သည် မသိမသာ သက်ပြင်းချကာ ...

"အင်း ... ကျုပ်ရဲ့ မိုးကြိုးလက်သိုင်း နဝမဆင့်ဟာ မဆိုးပါဘူး ဒါပေမယ့် တကယ်လည်း လေ့ကျင့်ရော မိုးကြိုးလက်ဝါးသိုင်းရဲ့ ချို့ယွင်းချက်ကို ငါ တွေ့လာရတယ်"

"ချို့ယွင်းချက် ဟုတ်လား၊ ဘယ်လိုချို့ယွင်းချက်လဲ ဆရာ"

တန်ကျင်ချင်က စိတ်ဝင်စားစွာ မေးမြန်းလိုက်မိ၏။

မင်ဝါလေးကလည်း နားစွင့်နေမိသည်။

အောင်ရန်ချို့က ...

"ကျုပ် ဆံပင်တွေဟာ သွေးလိုနီရဲနေတာပဲ ဟာ မိုးကြိုးလက်ဝါးသိုင်း အဋ္ဌမဆင့် တက်တုန်းက မိခဲ့တဲ့ အပူဆိပ်ကြောင့်ပဲ၊ မိုးကြိုးလက်ဝါးသိုင်းပညာကို လေ့ကျင့်နေတုန်းမှာ နည်းနည်းလေး အတိမ်းအစောင်း မခံဘူး။ တိမ်းစောင်းမှားယွင်းသွားတာနဲ့ လူကို တစ်နည်းနည်းနဲ့ ဒုက္ခပေးတော့တာပဲ၊ အဲဒါကို ဖြေဖို့ မြင့်မားတဲ့ အတွင်းအားရှိတဲ့ လူမှဖြစ်နိုင်တယ်"

အောင်ရန်ချို့သည် စကားကိုဖြတ်ကာ တန်ကျင်ချင်အား လှည့်ကြည့်လိုက်ပြီး ...

"ဒါကြောင့် ဒီကောင်လေးကို ဖမ်းပြီး သူ့ရထားတဲ့ ချန်တန်ဖုံရဲ့ ဓားကျမ်းနဲ့ အတွင်းအားကျင့်စဉ်ကို ယူချင်တာဟာ အဓိကအကြောင်းပဲ"

"ဒါဆိုရင် ကျွန်တော်တို့နှစ်ယောက်ဟာ ပြိုင်ဘက်ကင်းတဲ့ ဓားသမားတွေ ဖြစ်လာမှာပေါ့ ဟား ... ဟား"

နှစ်ယောက်သား သဘောကျစွာ ရယ်မောလိုက်ကြ၏။

အောင်ရန်ချို့က ...



"အေး ... သူ့ကို ရည်စားဖို့အတွက် မင်းနဲ့အတူ ငါရှိနေလို့ မဖြစ်ဘူး၊ ငါရှိနေရင် သူ့ပုံမှာ မဟုတ်ဘူး၊ လေးငါးရက်လောက်တော့ ငါရှောင်တိမ်းနေမှ ဖြစ်မယ်၊ အင်း ... ဘယ်သွားနေရရင် ကောင်းမလဲ"

အောင်ရန်ချို့သည် စကားကိုဖြတ်ကာ စဉ်းစားနေ၏။

တန်ကျင်ချင်က ၎င်းဆရာမျက်နှာအား အားကိုးတကြီး ငေးကြည့်နေသည်။

**အောင်ရန်ချို့သည်** အတန်ကြာ စဉ်းစားနေရာမှ တန်ကျင်ချင်ဘက်သို့ ဖြတ်ခနဲ လှည့်ကာ ...

"တန်ကျင်ချင်၊ မင်း လိုင်မန်ကို လိုချင်သလား"

မဆီမဆိုင် မေးလိုက်သော သူ့စကားကြောင့် တန်ကျင်ချင်မှာ မှာမှာသလဲဖြင့် ...

"ဘာ ... ဘာဖြစ်လို့လဲ ဆရာ"

အောင်ရန်ချို့က ပြုံး၍ ...

"ငါမေးတာ ဖြေစမ်းပါဦး၊ မင်း လိုင်မန်ကို မလိုချင်ဘူးလား"

"သိပ် လိုချင်တာပေါ့ ဆရာ၊ ဟင်း ... ဒီကောင် ဝင်နှောင့်ယှက်လို့သာ နောက်ဆုတ်လိုက်ရတာပါ"

မင်ဝါလေးအား မကျေမနပ် လှမ်းကြည့်ပြီး ပြောဆိုလိုက်လေသည်။

အောင်ရန်ချို့က တပည့်ဖြစ်သူအား သဘောကျစွာ ပြုံး၍ကြည့်လိုက်သည်။

"ယူချင်ရင် ရအောင်ယူရမှာပေါ့ကွာ၊ တော်ကြာ စုံတပ်အေနဲ့ လိုင်မန် လက်ထပ်သွားရင် မင်း ဘယ့်နှယ်လုပ်မလဲ၊ ပြီးတော့လဲ ...

အောင်ရန်ချို့က စကားဖြတ်လိုက်ပြန်သည်။

တန်ကျင်ချင်က မေးလိုက်သည်။

"ပြီးတော့လဲ ဘာဖြစ်လဲ၊ ပြောလေ ဆရာ"

အောင်ရန်ချုံက ပြုံး၍ ...

"ဒီလိုကွ ... လိုင်ဟိုက်ရဲ့ လက်ထဲမှ 'ပိုစီ' ရှေးဟောင်းကျမ်းကြီး တစ်ခု ရှိတယ်လို့ သိရတယ်၊ လိုင်ဟိုက်က ဒီကျမ်းကို ဘာသာရေး ကျမ်းလို့ ထင်နေတယ်၊ အမှန်ပတော့ ဒီကျမ်းဟာ ပိုစီ ရှေးဟောင်း သိုင်းကျမ်းပဲ"

တန်ကျင်ချင်မှာ ဗဟုသုတ စုံသူတစ်ယောက် ဖြစ်ရကား အဖိုး တန်သော ပိုစီရှေးဟောင်း သိုင်းကျမ်းအကြောင်းကို သိပြီးဖြစ်သည်၊

ထို့ကြောင့် ...

ဝမ်းသာအားရ ဖြစ်သွားသည်။

"ဒါကြောင့် မင်းသာ လိုင်မန်ကိုရခဲ့ရင် ပိုစီရှေးဟောင်း သိုင်း ကျမ်းကို ရဖို့ ပခဲယဉ်းတော့ဘူး။ နောက်ပြီး မကြာခင် အချိန်အတွင်းမှာ လိုင်ဟိုက်ဟာ ဆာခေရလူမျိုး အားလုံးရဲ့ အကြီးအကဲ၊ စင်ကျန်ပြည် နယ်ရဲ့ ဘုရင်ခံဖြစ်လာတော့မယ်လို့ သိရတယ်၊ မင်းက ဘုရင်ခံရဲ့ သားမက် မလုပ်ချင်ဘူးလား"

"သိပ်လုပ်ချင်တာပေါ့ ဆရာ၊ ဒါပေမယ့် စုံတပ်အေ ..."

"အို ... စုံတပ်အေ အတွက် ငါတာဝန်ထားစမ်းပါကွာ၊ မင်း ကောင် လက်ဝါးတစ်ချက်ရိုက်လိုက်ရုံနဲ့ အသက်ထွက်သွားရမှာပါ၊ အကြား လူတွေရဲ့ အမြင်မှာ သာမန် ရောဂါတစ်ခုဖြစ်ပြီး ဖြုန်းခနဲ သေဆုံး သွားတယ်ထင်အောင် ငါလုပ်နိုင်ပါတယ်"

"ဆရာ စုံတပ်အေကို သွားသတ်မှာပေါ့ ဟုတ်လား"

အောင်ရန်ချုံက ခေါင်းညိတ်ပြလိုက်၏။



"အေး ... ဟုတ်တယ်၊ ဒီကောင်ကို သွားရှင်းဖို့ လေးငါးရက် လောက်တော့ ကြာလိမ့်မယ်ထင်တယ်၊ ဒီအတောအတွင်းမှာ မင်းက"

အောင်ရန်ချုံက စကားဖြတ်ကာ မင်ဝါလေးဘက် မေးငေါ့ပြ လိုက်ပြီး ...

"အဲဒီကောင်ကို အယုံသွင်းပြီး သူ့ဆီက ချန်တန်ဖုန်ရဲ့ ဓား သိုင်းပညာနဲ့ အတွင်းအားပညာကို ရအောင်ယူထားပေါ့၊ ဘယ့်နှယ်လဲ"

"သိပ်ကောင်းတဲ့ အကြံပါပဲ ဆရာ"

ဆရာတပည့် နှစ်ယောက်အတွက်တော့ ထိုအကြံအစည်သည် တစ်ချက်ခုတ် နှစ်ချက်ပြတ် မဟာအကြံအစည်ကြီး ဖြစ်ပါ၏။

မင်ဝါလေးကတော့ စိတ်ထဲမှကျိတ်၍ ပြုံးလိုက်မိသည်။

ပြုံးရင်းမှလည်း စုံတပ်အေအတွက် စိတ်ပူနေမိသည်။

လောလောဆယ် စုံတပ်အေကို သူမကယ်နိုင်၊ သူကိုယ်တိုင် ပင် ခန္ဓာကိုယ်ထဲမှာရှိနေသော အဆိပ်ငွေ့များ၏ ဒဏ်ကို မနည်း ကျိတ်မှိတ်ခံနေရသည်။

စုံတပ်အေတစ်ယောက် လူယုတ်မာ၏ ပက်စက်သော အကြံ အစည်မှ လွတ်ကင်းနိုင်ပါစေဟုသာ ကျိတ်ဆုတောင်းနေမိသည်။

ထိုစဉ် ...

"ကဲ ... ငါသွားပြီ၊ မင်း အစစအရာရာ သတိဝီရိယ ရှိပါစေ၊ ဒီကောင် မနက်ဖြန်မှ သတိရလာမှာပါ"

ဟူသော အသံကို ကြားလိုက်ရသည်။

ထို့နောက် ...

အောင်ရန်ချုံ ထွက်ခွာသွားသော အသံကို ကြားလိုက်ရလေ၏။

အခန်းထဲတွင် မင်ဝါလေးနှင့် တန်ကျင်ချင်တို့သာ ကျန်ရစ်ခဲ့ သည်။

မင်ဝါလေးသည် အတွင်းအားကို ညှိကာ အဆိပ်ငွေ့များက
ကျိတ်ဖြေနေသည်။

တန်ကျင်ချင်က မင်ဝါလေးအား လှည့်စားရန် နည်းပရိယာယ်
များကို စဉ်းစားနေသည်။

❑ ❑ ❑

အခန်း (၃)

# အကြံပိုင်သူ

မင်ဝါလေးသည် ချန်တန်ဖုန်၏ အတွင်းအားကျင့်စဉ်နှင့် ကျိတ်၍ အဆိပ်ငွေ့များကို တွန်းထုတ်နေသည်။ ခန္ဓာကိုယ်တွင်းရှိ သွေးကြောများအား ပုံမှန်လည်ပတ်လာစေရန် ကြိုးစားနေ၏။

အချိန်မည်မျှ ကြာသွားသည် မသိပါ။

သူခံစားနေရသော မူးနောက်နောက် **ဝေဝေနာနာ**နှင့် ရင်ထဲမှ ပူလောင်ခြင်းတို့သည် တဖြည်းဖြည်း **လျော့ပါး**သွားတော့သည်။

အောင်ရန်ချူ၏ အဆိပ်ငွေ့ကား ပြင်းထန်လွန်းလှသည်။

အဆင့်မြင့် အတွင်းအား ပညာကို တတ်မြောက်ထားသော **မင်ဝါလေး**ပင်လျှင် အားအင်ဖျော့နွမ်းကာ တစ်ကိုယ်လုံး မလှုပ်ချင်မထိုင်ချင် ဖြစ်သွားသည်။

အဆိပ်ငွေ့**များကို လုံးဝပျောက်**ကင်းအောင် မလုပ်နိုင်သဖြင့် လောလောဆယ် **အခြေအနေ**တွင် တန်ကျင်ချင်လို လူတစ်ယောက်နှင့် ဖက်ပြိုင်တိုက်ခိုက်ရန်မှာ မဖြစ်နိုင်သေးပါ။

သူ၏ ပရိယာယ်အား လုံးဝမရိပ်စားမိဟန်နှင့် တစ်ရက်၊ နှစ်ရက် အယုံသွင်းပြီး အားမွေးနေရန်သာ ဆုံးဖြတ်လိုက်သည်။

အချိန်ကား တစ်စထက်တစ်စ ကြာမြင့်လာချေပြီ။

တစ်ညတာ၏ သက်တမ်းသည် ရွေ့လျော ပျောက်ကွယ်လုနီး

ဖြစ်၏။

မကြာမီ မိုးလင်းချေတော့မည်။

တန်ကျင်ချင်သည် အခန်းထဲ၌ ခေါက်တုံ့ ခေါက်ပြန် လျှော

လိုက်၏။

ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ဖြင့် တစ်ညလုံး မအိပ်

အကြဲ ထုတ်နေလေသည်။

နံနက်ခင်း၏ ရွှေပြေး လင်းရောင်ခြည်တန်းများသည် တံခါးပေါ

အတွင်းသို့ ထိုးကျလာသော အခါတွင်မှ တန်ကျင်ချင်သည် လမ်

လျှောက်နေရာမှ ရပ်တန့်ကာ မင်ဝါလေးရှိရာသို့ တစ်ချက်လှမ်းကြည့်

ပြီး တီးတိုးရေရွတ်မိလေ၏။

"အင်း ... ဒီကောင်ကလည်း ခုထိ သတိမရသေးပါလား

အောင်ရန်ချုပြောတော့ မနက်လင်းရင် သတိရမယ်ဆိုပြီး ကျေ

အဆိပ်ငွေ့ သိပ်များသွားပြီထင်တယ်"

တန်ကျင်ချင်၏ ရေရွတ်သံကို ကြားလိုက်ရသောအခါ မင်

လေးက ကျိတ်၍ပြုံးလိုက်မိ၏။ သူသည် စိတ်ထဲမှ ပြောမိသည်။

"အင်း ... မင်းပြောမှပဲ ငါ သတိရ ရမယ့် အချိန်ကို သိရတော့

တယ်"

ထိုစဉ် ...

တန်ကျင်ချင်၏ မကျေမနပ် ရေရွတ်သံ ထွက်ပေါ်လာပြန်သည်

"ဟင်း ... တာလီပြည်နယ်ရဲ့ အရှင်သခင်ဖြစ်တဲ့ ငါဟာ အော

ရန်ချုလို ဘီလူးတစ်ယောက်ဆီမှာ တပည့်ခံရတာ ရှက်စရာကော



တယ်၊ အေး ... ဝါဆန္ဒ မပြည့်ဝသေးလို့ပေါ့ကွာ၊ ပြည့်ဝလာတဲ့ တစ်နေ့

မှာတော့ အောင်ရန်ချုဆိုတဲ့ ကောင်ကြီးကိုလည်း ရှင်းပစ်ရမှာပဲ"

စဉ်းလဲကောက်ကျစ်စွာ ပြောဆိုလိုက်သော တန်ကျင်ချင်၏

စကားသံကြောင့် မင်ဝါလေး ကြက်သီးမွေးညင်း ထသွားမိသည်။

ဆရာ့အား သတ်ရန် ကြံစည်တတ်သော ဤလို တပည့်မျိုးလည်း

ရှိတတ်ပါကလား။

"လက်စသတ်တော့ ဒီကောင်တွေအချင်းချင်းတောင်

အကောက် ကြံနေကြတာပဲ၊ အင်း ... ဆရာနဲ့ တပည့်ကတော့

အတော်လေးကို လိုက်ဖက်ပါပေတယ်၊ သူ့ဆရာကလည်း ဘယ်တော့

သူ့ကို ရှင်းမလဲ မသိဘူး ..."

သူသည် ကျိတ်ပြီး မှတ်ချက်ချလိုက်မိလေသည်။

အတန်ကြာသောအခါ ...

မင်ဝါလေးသည် ညည်းညူညူဖြင့် ကိုယ်ကို လှည့်ကာ ခွန့်လူး

လိုက်သည်။

"အား ... ကျွတ် ... ကျွတ်"

မချိမဆန့် ညည်းတွားသံကလည်း သူ့နှုတ်ဖျားမှ ထွက်ပေါ်လာ

၏။

တန်ကျင်ချင်သည် မင်ဝါလေးအား လှမ်းကြည့်လိုက်ပြီး အနား

သို့ တိုးကပ်လာလေသည်။

"မင်ဝါလေး ... မင်ဝါလေး ... မင်း သတိရလာပြီလား"

အလွန်တရာ နူးညံ့သိမ်မွေ့သော လေသံဖြင့် မေးမြန်းလိုက်၏။

မင်ဝါလေးက မျက်လုံးများကို အားယူကာ ဖွင့်ကြည့်လိုက်သည်။

တန်ကျင်ချင်ကပြုံးချိုသော မျက်နှာပေးဖြင့် ...

"ဟော ... သတိရလာပြီ၊ မင်ဝါလေး မင်း နေသာထိုင်သာ ရှိတယ်နော်"

မင်ဝါလေးသည် တန်ကျင်ချင်အား ပြုံးကျယ်သော မျက်လုံးများဖြင့် စိုက်ကြည့်၍ ၎သည်။

"မင်း ... မင်းဟာ လူယုတ်မာပဲ၊ ငါ့လို ဒီလို အကောက်ကြံတာ ငါ ခွင့်လွှတ်နိုင် ... "

စိတ်ဆိုးဒေါသဖြစ်နေဟန်ဖြင့် မင်ဝါလေးက ပြောလိုက်၏။

တန်ကျင်ချင်က မျက်နှာထားကား လွန်စွာ ကြေကွဲဝမ်းနည်းနေဟန် ယူကြုံးမရဟန်၊ နောင်တရဟန်မျိုးနှင့် တိတ်ဆိတ်စွာ ရပ်နေသည်။

သူ့ပုံစံက မင်ဝါလေး ပြောသမျှ ဆဲဆိုကြိမ်းမောင်းသမျှအား ခေါင်းငုံ့ခံ သည်းခံနေတော့မည့် ပုံစံမျိုးပင်။

နှစ်ယောက်စလုံး သရုပ်ဆောင်ပုံ ကောင်းလွန်းလှသည်။

ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် တစ်ဦးကိုတစ်ဦး ဟန်ဆောင်လှည့်ဖျားနေပုံမှာ ပိုင်နိုင်ကြသည်။

မင်ဝါလေးက နီရဲသော မျက်နှာဖြင့် အော်ဝေါက်လိုက်၏။

"ဟောကောင် ... မင်းတို့ ငါ့ကို သတ်ချင်နေတယ် မဟုတ်လား သတ်လေကွာ ... အခုသတ်လိုက်ပါလား"

ဤတွင် ...

တန်ကျင်ချင်က မျက်နှာသေလေးဖြင့် ...

"မဟုတ်ဘူး၊ မင်း ငါ့ကို အထင်လွဲနေပြီ၊ ဒီကိစ္စတွေအားလုံးဟာ မမျှော်လင့်ဘဲ ဖြစ်သွားရတာပါ၊ မင်းကို ငါ ရှင်းပြပါ့မယ်"

"ဟား ... ဟား ... ဟား"

သူ့စကားမဆုံးခင် မင်ဝါလေးက ကြားဖြတ်ရယ်မောလိုက်သည်။



"ဟား ... ဟား ... ဟောကောင် ကြွက်ကို သနားတဲ့ ကြောင်ဆိုတာ မရှိဘူးကွ၊ မင်း ငါ့ကို လုပ်ကြံခဲ့တာ နှစ်ခါရှိသွားပြီ ဘာလဲ ... မင်းဦးလေး မျက်နှာထောက်ပြီး မင်း ငါ့ကို မသတ်ရက်ဘူး မဟုတ်လား၊ ကောင်းပြီ ... ဒါဆို မင်းဆရာကို သွားခေါ်၊ သူကိုယ်တိုင် ငါ့ကို သတ်ပါစေ"

မင်ဝါလေး၏ အမူအရာနှင့် ပြောပုံဆိုပုံက ပိုင်နိုင်လှသည်။

တန်ကျင်ချင်၏ စိတ်ထဲတွင် မင်း ဦးလေး မျက်နှာကြောင့် မင်း ငါ့ကို မသတ်ရက်ဘူး မဟုတ်လား ... ဟူသော စကားကို အတော်ကလေး သဘောကျသွားသည်။

ယင်းမှာ သူ့အတွက် ပရိယာယ်ဆင်နိုင်ရန် အကောင်းဆုံး သော့ချက်ကလေးပင် ဖြစ်၏။

မင်ဝါလေးကလည်း ဒီယုန်မြင်၍ ဒီချုံထွင်ပြောလိုက်ခြင်း ဖြစ်သည်။

သူတို့၏ အကြံအစည်များကို သူကြားသိပြီးပြီ မဟုတ်ပါလား။

သူက ခေါင်းငုံ့ပြီး ပြောသည်။

"မင်ဝါလေး အမှန်တော့ ဦးလေးကို ကျုပ် ကြောက်ရွံ့လေးစားရသလို သူ့တပည့်ဖြစ်တဲ့ မင်းကိုလည်း ကျုပ် စိတ်ထဲမှာ ခင်မင်လေးစားပါတယ်ဗျာ၊ အကောက်ကြံဖို့ စိတ်မကူးခဲ့ပါဘူး၊ အခုဟာက ကျုပ် ဆရာဆိုတဲ့ ဟို လူ့ဘီလူးကြီးကြောင့် မမျှော်လင့်ဘဲ ဖြစ်သွားရတာပါ"

သူသည် စိတ်ထိခိုက်သည့် လေသံဖြင့် ခပ်လေးလေး ပြောဆိုလိုက်သည်။

မင်ဝါလေး စိတ်ထဲမှ ကျိတ်ပြီး ရယ်လိုက်မိသည်။

မိမိသာ အမှန်တကယ် သတိမေ့နေခဲ့၍ သူတို့၏ အကြံ မသိခဲ့ပါလျှင် သူ့အပြော များရည်နှံ့အတွင်း နစ်မွန်းသွားမည် ဖြစ်သည်။

သို့ရာတွင် မိမိက သတိမမေ့ဘဲ သူတို့အကြံအစည်အားလုံးကို သိထားခဲ့သည်ဖြစ်ရာ တန်ကျင်ချင်၏ လုပ်ကြံဇာတ်ကို ဟက်ဟက်ပက်ပက် ရယ်မောလှောင်ပြောင်ပင်လိုက်ချင်သည်မှာ အမှန်ဖြစ်၏။

သို့ရာတွင် မင်ဝါလေးက မရယ်မောခဲ့ပါ။ သူတို့နှစ်ယောက်သည် ဟန်ဆောင်မှုခြင်း ပြိုင်နေကြခြင်း ဖြစ်သည်။

သူသည် တည်ကြည်သော မျက်နှာထားဖြင့် တန်ကျင်ချင်အား စိုက်ကြည့်လိုက်ပြီး မေးလိုက်လေ၏။

"မင်း အမှန်ပြောနေတာလား"

တန်ကျင်ချင် အားတက်သွားသည်။

မိမိ၏ ပရိယာယ်စကားကွင်းထဲသို့ မင်ဝါလေးတစ်ယောက် ရိုးအစွာ ဝင်ရောက်လာပြန်ပြီဟုလည်း သဘောကျစွာ တွေးလိုက်မိ၏။

ရင်ထဲတွင် ထိုသို့တွေးကာ ကျေနပ်နေမိသော်လည်း သူ့မျက်နှာကမူ မျက်နှာသေလေးဖြင့် ...

"ဟုတ်ပါတယ်၊ ကျုပ် အမှန်တွေပြောနေတာပါ၊ အဲဒီ လူ့ဘီလူးကြီးရဲ့ အကောက်ကြံမှု အစီအစဉ်အရ ခင်ဗျား ခုလိုဖြစ်သွားရတာပါ၊ မှန်တာပြောရရင် ကျုပ်လည်း သူ့ကို မကျေနပ်ဘူး၊ ဒါပေမယ့် သူ့ရဲ့ ပညာကို ကျုပ် မယှဉ်နိုင်လို့ သူ ခိုင်းတဲ့အတိုင်း လိုက်လုပ်ရတာပေါ့၊ ဒါကြောင့် ခုလို စိတ်မကောင်းစရာ အဖြစ်မျိုး ကြုံနေရတာပေါ့"

မင်ဝါလေးသည် တန်ကျင်ချင် ပြောလိုသည့် စကားများကို နားထောင်ရင်း စဉ်းစားဆင်ခြင်နေသယောင်ဖြင့် ငြိမ်သက်နေလိုက်၏။



တန်ကျင်ချင်က ဆက်လက်၍ ...

"ငါ အမှန်တွေ ပြောနေတာပါ၊ အခုတောင် ငါ သူ့ကိုအယုံသွင်းလိုက်လို့ သူ ထွက်သွားတာပေါ့၊ ဒါပေမယ့် နောက် လေးငါးရက်ဆို သူပြန်လာတော့မယ်"

"နေပါဦး ... မင်းက သူ့ကို ဘယ်လို အယုံသွင်းလိုက်တာလဲ"

မင်ဝါလေးက မေးမြန်းလိုက်၏။

တန်ကျင်ချင် အားတက်သွားသည်။

စိတ်ထဲ၌လည်း သူ့စကားအား မင်ဝါလေး ယုံကြည်နေပြီဟု တစ်ထစ်ချ ထင်လိုက်မိ၏။

ထို့ကြောင့် သူသည် တက်ကြွစွာဖြင့် ပြောလေတော့သည်။

"သူက ငါ့ကို အမိန့်ပေးခဲ့တယ်၊ ငါက မင်းကို အရှင်ဖမ်းထားရမယ်တဲ့၊ ခြိန်လာလို့ မင်းကို ငါဖမ်းထားတာ မတွေ့ရင် ငါ့ကိုလည်း သတ်ပစ်မယ်၊ မင်းကိုလည်း သတ်ပစ်မယ်တဲ့၊ ဒီတော့ ငါ့စိတ်ထဲမှာ တွေးလိုက်တယ်၊ လောလောဆယ် ငါတစ်ယောက်တည်း သူ့ကို အနိုင်တိုက်ဖို့ မလွယ်ဘူး၊ မင်းနဲ့ပေါင်းပြီး တိုက်ရင်တော့ ဒီကောင်ကြီးကို နိုင်ဖို့သေချာတယ်၊ ဒါကြောင့် မင်းနဲ့တွဲပြီး ဒီကောင်ကြီး ပြန်လာရင် တူတူတိုက်ဖို့ ရည်ရွယ်ချက်နဲ့ သူ့အမိန့်ကို နာခံပါ့မယ်လို့ ကတိပေးလိုက်တယ်"

တန်ကျင်ချင်၏ ပြောစကားများအား သဘောပေါက်ဟန်ဖြင့် မင်ဝါလေးက ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

"သူနဲ့ကျုပ်က ရန်ငြိုးမှမရှိတာ၊ ဘာဖြစ်လို့ ကျုပ်ကို ဖမ်းရတာလဲ၊ သူက ကျုပ်ဆီက ဘာများလိုချင်လို့လဲ"

"သူက မင်းဆီမှာရှိတဲ့ ချန်တန်ဖုန်ရဲ့ ဓားပညာနဲ့ အတွင်းအား

လေ့ကျင့်နည်းပညာကို လိုချင်နေတယ်၊ ဒါကြောင့် သူက အခု မင်းကို ဖမ်းမိတော့ သိပ်ဝမ်းသာနေတယ်"

"ဒါနဲ့ သူက ဘယ်သွားနေသလဲ"

"သူ အရေးတကြီး ကိစ္စ ပေါ်လာလို့ အပြင်ထွက်သွားတယ်၊ သုံးလေးရက်လောက် ကြာမယ်၊ သူမသွားခင် ကျုပ်ကို အမိန့်ပေးသွားသေးတယ်"

"ဘာအမိန့်လဲ"

"ချန်တန်ဖုန်ရဲ့ ဓားပညာနဲ့ အတွင်းအား လေ့ကျင့်နည်းကို ကူးထားရမယ်၊ သူပြန်လာတဲ့အခါမှ ဒီပညာကို လေ့ကျင့်မယ်တဲ့ ဒါပါပဲ၊ အဲ ... ဒါပေမယ့် ငါက တစ်ခု စဉ်းစားထားတယ်၊ ဘာလဲဆိုတော့ လောလောဆယ် မင်းတတ်ထားတဲ့ ချန်တန်ဖုန်းရဲ့ ဓားသိုင်းနဲ့ အတွင်းအားပညာတွေကို ငါ့ကို သင်ပေးပါ၊ သူပြန်လာတဲ့အခါမှာ သူ့ကို ဒီပညာတွေ မပေးဘဲ တို့ နှစ်ယောက် ဒီဘီလူးကြီးကို ဝိုင်းတိုက်ကြမယ်ကွာ၊ ဘယ့်နှယ် ငါပြောတာ မကောင်းဘူးလား"

မင်ဝါလေးသည် ထိုစကားများအား နားထောင်ရင်း ကျိတ်ပြုံးလိုက်မိ၏။

"မင်းတို့ အကြံ ဒါပဲလား" ဟု မေးလိုက်ချင်သည်။ သို့သော် မမေးဖြစ်ပါ၊ လောလောဆယ် ဖွင့်မေးရန် အချိန်မကျသေးပါ။

ထို့ကြောင့် ...

အလိုက်သင့်ပင် ပြာဆိုလိုက်သည်။

"မင်းအကြံ မဆိုးဘူးကွ၊ တော်တော်ကောင်းတယ်"

တန်ကျင်ချင် လွန်စွာ သဘောကျသွားသည်။

မင်ဝါလေးက ပြောသမျှ ယုံကြည်နေသဖြင့် သူ့အကြံ အောင်မြင်ပေတော့မည်။



သူသည် မျက်နှာထားကို အတတ်နိုင်ဆုံး ပြေပြစ်စွာထားသည်။

"ဒါဆိုရင် မင်း ရထားတဲ့ ဓားပညာရဲ့ သဘောတရားတချို့ကို ပြောပြပါကွာ"

မင်ဝါလေး ခေါင်းတစ်ချက် ညိတ်ပြလိုက်၏။

"ပြောပြပါ့မယ်၊ လူ့ဘီလူးကြီးကို တိုက်ဖို့ မင်းနဲ့ငါ လက်တွဲပြီး တိုက်ခိုက်ရမှာပဲ၊ ဒီလို လူ့ဘီလူးကြီးမျိုးကို လူ့ပြည်မှာ ထားလို့ မကောင်းဘူးကွ"

"အ ဟွတ် ... ဟွတ် ..."

စကားမဆုံးခင် မျက်နှာကို ရှုံ့မဲ့ကာ ချောင်းတစ်ချက် ဆိုးလိုက်၏။

တန်ကျင်ချင်က ပျာပျာသလဲဖြင့် ...

"မင်ဝါလေး ... ဘာဖြစ်လို့လဲ၊ မင်းကို ငါဘာလုပ်ပေးရမလဲ"

မင်ဝါလေးက ရှုံ့မဲ့နေရာမှပင် သူယူဆောင်လာခဲ့သော ရေဘူးအား လက်ညှိုးထိုးညွှန်ပြလိုက်သည်။

တန်ကျင်ချင်သည် ရေခွက်ယူကာ ရေဘူးထဲမှ ရေအချို့ကို လောင်းထည့်ပြီး မင်ဝါလေးအား လှမ်းပေးလိုက်၏။

မင်ဝါလေးက ရေကို အငမ်းမရ သောက်လိုက်သည်။

တန်ကျင်ချင်က လွန်စွာ စိုးရိမ်ဟန်ဖြင့် မေးသည်။

"မင်း ဘယ်လိုနေသေးလဲဟင်၊ နေသာထိုင်သာကော ရှိရဲ့လား"

"ရေသောက်လိုက်မှ ရင်ထဲ နည်းနည်း သက်သာသွားတယ်၊ ဟိုလူကြီးရဲ့ လက်သီးရာတစ်ချက် မိပြီးကတည်းက ကျွတ်ကိုယ်လုံးလည်း ပူလိုက် အေးလိုက်နဲ့၊ အားယုတ်သွားသလိုပဲ၊ အင်း ... ခုနေ အစာလေးဘာလေး နည်းနည်းလောက် စားရရင်ကောင်းမယ်"

သူက ညည်းညူပြောဆိုလိုက်သည်။

တန်ကျင်ချင်သည် မင်ဝါလေးအားကြည့်ကာ လွန်စွာ ကရုဏာသက်ဟန်ဖြင့်...

"ဒါဟာ ဟိုကောင်ကြီးရဲ့ မိုးကြိုးလက်ဝါး ဒဏ်ပဲ ဖြစ်ရမယ်၊ အင်း... ဒီလက်ဝါးချက် မိသွားပြီဆိုရင်တော့ အမိခံရတဲ့လူဟာ မနက်ပိုင်း၊ နေ့လယ်ပိုင်း၊ ညနေပိုင်းတွေမှာ တစ်ကြိမ်စီ အဆိပ်တက်တတ်တယ်၊ မနက်နဲ့ ညနေမှ တက်တဲ့ အဆိပ်က သိပ်ပြင်းတယ်၊ မခံမရပ်နိုင်အောင် ပူတယ်"

မင်ဝါလေးက မျက်လုံးပြူး၍...

"ဟုတ်လား... ဒါကြောင့် တစ်ကိုယ်လုံး ပူနေတာ"

ပြောပြောဆိုဆိုဖြင့် မင်ဝါလေးသည် ခုတင်ထက်တွင် လူးလိမ့်ပြလိုက်သည်။

မင်ဝါလေး ဖြစ်ပျက်နေပုံကိုကြည့်ကာ တန်ကျင်ချင်၏ ရင်ထဲ၌ ကျိတ်ပြီး ဝမ်းသာနေသည်။

ပို့သော်...

သူ့မျက်နှာက မင်ဝါလေးအတွက် လွန်စွာ ပူပန်ဟန်ဖြင့်...

"မင်ဝါလေး မင်းစိတ်ချပါကွာ၊ ဒီလူကြီးရဲ့ မိုးကြိုး လက်ဝါးသိုင်းချက်ကြောင့် မင်း မသေစေရပါဘူး၊ အင်း... ဒါပေမယ့်"

သူသည် စကားကို မဆက်ဘဲ ရပ်ထားလိုက်၏။

မင်ဝါလေးက နှမ်းလျစွာ မေးလိုက်၏။

"ဒါပေမယ့် ဘာဖြစ်လဲ... ပြောလေကွာ၊ ဒီဒဏ်ကို ငါဆက်မခံနိုင်တော့ဘူး"

တန်ကျင်ချင်က မျက်နှာသေလေးဖြင့်...



"မင်း ဒီဒဏ်ကို မခံရတော့အောင် ဒီဒဏ်ရာက သက်သာသွားအောင် ငါ မင်းကို ဆေးပေးပါ့မယ်၊ ဒါပေမယ့် မင်းက ငါ့ကို အတွင်းအား လေ့ကျင့်စဉ် ပြောပြပါ"

လူတစ်ယောက်၏ အခက်အခဲကို အခွင့်အရေးယူကာ မိမိကိုယ်ကျိုးအတွက်သာ တောင်းဆိုတတ်သူကို အတ္တသမားဟု ခေါ်မည်ဆိုလျှင် တန်ကျင်ချင်အား အတ္တသမားစစ်စစ်ပင် ဖြစ်ချေတော့သည်။

မင်ဝါလေးသည် တန်ကျင်ချင်က ကိုယ်ကျိုးအတွက်သာ ကြည့်တတ်ပုံကို စက်ဆုတ်စွာ သတိပြုလိုက်မိလေ၏။

သို့ရာတွင် သူသည် မျက်နှာကို အတတ်နိုင်ဆုံး ရှုံ့မဲ့ကာ ညည်းတွားလိုက်၏။

"ကောင်းပြီ... ငါရွတ်ပြမယ်၊ ဒါပေမယ့် အား... ပူလိုက်တာကွာ"

ချွေးသီးချွေးပေါက်ကြီးများ သည် သူ့တစ်ကိုယ်လုံးမှ ထွက်ပေါ်လာတော့၏။

သူ့မျက်နှာတစ်ခုလုံးမှာလည်း မီးဖုတ်ထားသလို နီရဲနေလာသည်။

တန်ကျင်ချင်သည် နံဘေးမှရပ်၍ ဗိုးရိမ်ပူပန်ဟန်ဖြင့် ကြည့်နေလေသည်။

အဆိပ်ဖြေဆေးကိုတော့ ယခုအချိန်အထိ ထုတ်မပေးသေးပါ။ သူ့စိတ်ထဲတွင် စဉ်းလဲစွာ တွေးနေ၏။

"အင်း... ဒီကောင်တော့ အဆိပ်တက်နေပြီ ကိစ္စမရှိဘူး၊ အဆိပ်တက်နေပါစေ၊ ဒါမှ ဒီဆေးရဲ့ တန်ဖိုးကို သူနားလည်မယ်၊ နောက်တစ်ခါ အဆိပ်တက်တော့မှ သူ့ဆီက ဓားသိုင်းရော အတွင်းအားပညာရော ရအောင် ဆေးနဲ့ လဲယူမယ်"

မင်ဝါလေးသည် တညည်းညည်းတညူညူဖြင့် ခုတင်ပေါ်မှာ လူ လိမ့်လျက်ရှိသည်။

ထိုစဉ်...

တန်ကျင်ချင်က လွန်စွာ သနားဟန်ဖြင့်...

"မင်ဝါလေး... လောလောဆယ်တော့ သည်းခံပြီး တောင့်ထား ပါကွာ၊ မကြာခင် သူ့အလိုအလျောက် သက်သာသွားမှာပါ"

"အား... ကျွတ်... ကျွတ်"

မင်ဝါလေးက ဟန်ဆောင်ညည်းတွားလိုက်လေသည်၊

မင်ဝါလေး၏ စိတ်ထဲတွင် ကျိတ်၍ တွေးနေ၏။

"အင်း... ဒီအချိန်အတွင်း ငါ့ရဲ့အတွင်းအားနဲ့ အဆိပ်တွေကို တွန်းထုတ်ရမယ်၊ ငါ့ကို သူ့ရဲ့အဆိပ်ဖြေဆေး မတိုက်တာ ကံကောင်း တာပဲ"

**အမှန်စင်စစ်...**

**သူ့တစ်ကိုယ်လုံး** ပူခြစ်နေပြီး မျက်နှာပြင်တစ်ခုလုံး နီရဲနေသည် မှာ **မိုးကြိုး**လက်ဝါးဒဏ်နှင့် အဆိပ်ငွေ့တို့ကို တစ်ပြိုင်တည်း တွန်းလှန် နေခြင်းကြောင့် ဖြစ်သည်။

တန်ကျင်ချင် ယုံကြည်လာအောင် တစ်ချက်တစ်ချက်၌ နာ ဝက်ခန့် တောင့်ဆိုင်းနေရသည်။

မကြာမီမှာပင်...

သူ့မျက်နှာမှ သွေးရောင်တို့သည် တဖြည်းဖြည်း ဖြူဖျော့လာ ပြီး နဂိုအတိုင်း ပြန်ဖြစ်လာသည်။

မင်ဝါလေးအား ကြည့်ကာ တန်ကျင်ချင်က ပြုံးလိုက်လေ၏

"သက်သာသွားပြီ မဟုတ်လား"



"အေး... နည်းနည်းတော့ သက်သာသွားပါပြီ"

"နေ့လယ်လောက် အထိတော့ မင်း ကောင်းနေမှာပါ၊ နေ့လယ် မတိုင်ခင် ငါဆေးဖော်ပေးပါ့မယ်"

မင်ဝါလေးက ဗိုက်ဆာလာသဖြင့် သူ့အား မော့ကြည့်လိုက် ပြီး တောင်းပန်လိုက်လေ၏။

"လောလောဆယ် ငါသိပ်ဆာနေတယ်ကွာ၊ ကန်စွန်းဥလေး တစ်လုံးလောက်ဖြစ်ဖြစ် ငါ့ကို ဖုတ်ကျွေးပါလား"

တန်ကျင်ချင်က ခေါင်းညိတ်ပြလိုက်၏။

လတ်တလော အခြေအနေတွင် သူသည် မင်ဝါလေး၏ ယုံကြည်မှုကို ရယူဖို့ အရေးကြီးနေသည်။

ထို့ကြောင့်...

ကန်စွန်းဥလေးလုံးကို သွားရောက်ဖုတ်ယူကာ မင်ဝါလေးအား ပေးလိုက်လေသည်။

မင်ဝါလေးက ကန်စွန်းဥများကို အားပါးတရ ယူစားလိုက်၏။

လူမှာလည်း အတော်ကလေး လန်းဆန်းအားပြည့်လာလေ၏။

သူသည် မတ်မတ်ထရပ်ကာ လမ်းလျှောက်နိုင်သည့် အခြေ အနေသို့ပင် ရောက်ရှိလာသည်။

အဆိပ်ငွေ့နှင့် မိုးကြိုးလက်ဝါးဒဏ်ကို အတော်အတန် ဖြေ ဖျောက်နိုင်ပြီ ဖြစ်သော်လည်း သူသည် ချက်ချင်း ထမရပ်သေးပါ။

ထိုစဉ်...

တန်ကျင်ချင်က ပြုံးချိုသော မျက်နှာဖြင့် သူ့နားသို့ တိုးကပ်လာ ပြီး...

"မင်ဝါလေး... မင်း နေသာထိုင်သာ ရှိသွားပြီနော်၊ အတွင်း အား လေ့ကျင့်နည်းကို ပြောပြပါလား၊ ငါ မှတ်ထားပါ့မယ်"

ပြောရင်းမှလည်း စာရွက်နှင့် မှင်တောင့်ကို ကိုင်ကာ အသ

စောင့်နေ၏။

မင်ဝါလေး သက်ပြင်းတစ်ချက် ချလိုက်မိသည်။

အတွင်းအား လေ့ကျင့်စဉ်နှင့် ပတ်သက်ပြီး တန်ကျင်ချင်

လူစားအား တစ်လုံးတစ်ပါဒမျှ မပေးချင်ပါ။

မသိစေလိုပါ။

ချောင်းတစ်ချက်ဟန့်ကာ ပါးစပ်ထဲမှာ တွေ့ကရာ ပေါ်ပေါ် လာသော အတွင်းအား လေ့ကျင့်နည်းတစ်ခုကို ပြောပြလိုက်တော့

တန်ကျင်ချင်ကတော့ အဖြစ်မှန်ကို မသိရှာဘဲ လိုက်လံမှ သား ရေးမှတ်နေလေသည်။

မင်ဝါလေးသည် မုသားပြောဆိုရန် ဝန်လေးသူ ဖြစ်ပါသည်

ထို့ကြောင့်...

တန်ကျင်ချင်အား မဟုတ်မှန်သည့် အတွင်းအား လေ့ကျ နည်းကို ရွတ်ဆိုပြရာတွင် တုံ့ဆိုင်း တုံ့ဆိုင်း အထစ်ထစ်ဖြင့် အခ ကြီးနေလေသည်။

တန်ကျင်ချင်ကတော့ လုံးဝမရိပ်မိချေ။

သူ့အနေဖြင့် မင်ဝါလေးသည် အောင်ရန်ချုံ၏ မိုးကြိုးလက် ခလ်ချက် ပိုင်တားသောကြောင့်သာ ယခုကဲ့သို့ တုံ့ဆိုင်း တုံ့ဆို ဖြစ်နေခြင်း ဖြစ်သည်ဟု မှတ်ယူမိသည်။

စာမျက်နှာ နှစ်မျက်နှာခန့် ပြောပြလိုက်ရလေ၏။

ညနေသို့ဖြင့် နေ့လယ်အချိန်သို့ ရောက်ရှိလာသည်။

ကိုအချိန်သည် မိုးကြိုးလက်ဝါး အဆိပ်တက်သည့် အချိန် သည်ကို သတိရလာပြီး မင်ဝါလေးသည် တန်ကျင်ချင်အား ရွတ် နေရာမှ ခုတင်ပေါ်သို့ ဘုန်းခနဲ လှဲချလိုက်သည်။



ရွတ်မှလည်း အဆက်မပြတ် ညည်းညူနေသည်။

"အား... ကျွတ်... ကျွတ်... အား ပူလိုက်တာကွာ"

တန်ကျင်ချင်ကတော့ မင်ဝါလေး ရွတ်ပြခဲ့သော အတွင်းအား လေ့ကျင့်နည်း စာရွက်ကိုကြည့်ကာ ပီတိဖြစ်နေလေသည်။

သူသည် အချိန်ဆိုင်းမနေဘဲ စာရွက်နှစ်ရွက် ထပ်ယူကာ ကူးလိုက်။

အောင်ရန်ချုံ ပြန်လာလျှင် ပေးရန်အတွက် ကူးယူနေခြင်း ဖြစ်သည်။

သို့သော်...

ရယ်စရာကောင်းသည်မှာ မင်ဝါလေး ရွတ်ဆိုပေးခဲ့သော အတွင်းအား လေ့ကျင့်နည်း အတုအား အစစ်ဟုထင်မှတ်ကာ ရေးမှတ်ခဲ့သော တန်ကျင်ချင်သည် အောင်ရန်ချုံအတွက် ကူးယူသော အခါတွင်မှု မူရင်းအတိုင်း မကူးဘဲ ထပ်မံပြုပြင်ကာ ပြောင်းလဲ ကူးယူလိုက်ပြန်၏။

သူ့ပါးစပ်မှလည်း ပြောလိုက်သေးသည်။

"ဟင်း... အတွင်းအား လေ့ကျင့်နည်း အစစ်ကိုတော့ ဘယ်ကူးပေးနိုင်ပါ့မလဲကွာ"

အားပါးတရ ပြောနေသော တန်ကျင်ချင်အား ကြည့်ကာ မင်ဝါလေး စိတ်ထဲမှ ကျိတ်ပြီး ရယ်မောနေမိတော့သည်။

တန်ကျင်ချင်ကား သူသည် အတုကို အတုပြန်လုပ်နေသူ တစ်ဦးမျှသာ ဖြစ်နေသည်ကို လုံးဝမသိချေ။

သို့ဖြင့်...

အတွင်းအား လေ့ကျင့်နည်းအတု၏ အတုကို တန်ကျင်ချင်

တစ်ယောက် ရေးသားပြီးသွားသောအခါတွင်မူ နေလယ် အဆိပ်တ
ချိန်သည် ကုန်ဆုံးသွားလေတော့၏။

မင်ဝါလေးသည် ဒုတိယအကြိမ် အဆိပ်တက်ခြင်းအားလည်
တန်ချန်ဖုန်၏ အတွင်းအား ကျင့်စဉ်ဖြင့်ပင် တွန်းထုတ်လိုက်ပြန်သည်

လူမှာလည်း အတော်ကလေး လန်းဆန်းသွားပြီ ဖြစ်ပါသည်

ထိုစဉ် တန်ကျင်ချင်က...

"မင်ဝါလေး... ခဏလောက် သည်းခံပြီး စောင့်ဦးနော်၊ မ
အတွက် ငါ ဟိုအနောက်ဘက်တောင်ပေါ်မှာ ဆေးသွားဖော်လိုက်
မယ်"

ပြောပြောဆိုဆို ထွက်ခွာသွားသော တန်ကျင်ချင်၏ နော
ကျောအားကြည့်ကာ မင်ဝါလေးက ပြုံးလိုက်မိသည်။

နောက်ဘက်တောင်ပေါ်မှာ ဆေးသွားဖော်မည်ဟု ယုတ္တိရှိအော
ပြောကာ ထွက်ခွာသွားသော တန်ကျင်ချင်သည် မကြာမီ ပြန်လာ
မိမိအား ဆေးတိုက်တော့မည်ဖြစ်ကြောင်း မင်ဝါလေးက သတိပြု
လိုက်၏။

မင်ဝါလေးသည် အတွင်းအား ကျင့်စဉ်ကို ကျင့်ကာ သ
အင်အားများကို ပြန်လည် စုစည်းနေရသည်။

ခဏကြာသောအခါ တန်ကျင်ချင်သည် ပြုံးရွှင်စွာဖြင့် ပြန်ဝင်
သည်။

သူသည် လက်ထဲတွင် ဆေးလုံးနှစ်လုံးကို ကိုင်ထား၏။

မင်ဝါလေးက မသိချင်ယောင်ဆောင်ကာ မေးလိုက်၏။

"ဘာတွေလဲကွ၊ မင်းလက်ထဲက..."

"အဆိပ်ဖြေဆေးလေကွာ၊ နှစ်လုံးစလုံး အဆိပ်ဖြေဆေးချည်



အမှန်တော့ ဆေးတစ်လုံးမှာ အဆိပ်ဖြေဆေးဖြစ်ပြီး ကျန်
တစ်လုံးမှာ အားယုတ်ဆေးဖြစ်သည်။

ထိုအကြောင်းကို သိထားသော်လည်း မင်ဝါလေးက မသိဟန်
ဖြင့်ပင်...

"ဆေးနှစ်လုံး တစ်ပြိုင်တည်း သောက်ရမယ် ဟုတ်လား"

"ဒါပေါ့ကွ၊ ဒါမှ မင်း ခံစားရတာတွေ သက်သာမှာ"

ပြောပြောဆိုဆိုဖြင့် တန်ကျင်ချင်သည် ကရုဏာရှင်တစ်ဦး၏
ဟန်ပန်အတိုင်း ရေတစ်ခွက် ခပ်ယူကာ မင်ဝါလေးအပါးသို့ တိုးကပ်
လာလေသည်။

ထို့နောက်...

"ကဲ... ရော့ သောက်လိုက်..."

ဘယ်ဘက်လက်မှ ရေခွက်၊ ညာဘက်လက်မှ ဆေးလုံးနှစ်လုံး
ကို မင်ဝါလေးအား လှမ်းပေးလိုက်၏။

မင်ဝါလေးက လှမ်းယူလိုက်၏။

ဆေးလုံးကို ယူပြီးသည်နှင့် ဖျတ်ခနဲ လက်တစ်ဖက်က တန်
ကျင်ချင်၏ ရင်ညွန့်သွေးကြောကို လှမ်းပိတ်လိုက်တော့၏။

"ဝုန်း..."

တန်ကျင်ချင် အံ့အားသင့်ချိန်ပင် မရလိုက်ပါ။

ခန္ဓာကိုယ်က မြေကြီးပေါ်သို့ ဝုန်းခနဲ လဲကျသွားသလို လက်ထဲ
မှ မြေဖြင့်ပြုလုပ်ထားသော ရေခွက်ကလည်း မြေပေါ်သို့ ကျကာ
ခွပ်ခနဲ ကွဲသွားတော့၏။

တန်ကျင်ချင်သည် သွေးကြောပိတ်ခံရသော်လည်း စကားပြော
နိုင်သေးသည်။

တန်ကျင်ချင်အနေဖြင့် ပိတ်သွားသော သွေးကြောများအ
ပြန်ဖွင့်ရန် သူကိုယ်တိုင် မတတ်နိုင်ပါ။

သူ့ထက် အတွင်းအား မြင့်မားသူမှသာလျှင် သွေးကြော
ပေးနိုင်လိမ့်မည် ဖြစ်သည်။

လောလောဆယ်တော့ သူ့အခြေအနေသည် မင်ဝါလေး ပြု
နရတော့မည့် အနေအထားမျိုးတွင် ဖြစ်နေသည်။

တန်ကျင်ချန်သည် မင်ဝါလေး ယခုကဲ့သို့ ပြုလုပ်နိုင်လိမ့်မည်
ဟု လုံးဝ မထင်ခဲ့ပါချေ။

တန်ကျင်ချင်သည် လဲကျနေရာမှ မင်ဝါလေးအား တုန်ယင်
မော့ကြည့်လိုက်သည်။

"မင်း... ငါ့ကို ဘာဖြစ်လို့ အခုလို လုပ်ရတာလဲ၊ ငါကတော
မင်းကို ကယ်တင်မလို့"

သူ့စကားမဆုံးခင် မင်ဝါလေးက ဟားတိုက်ရယ်မောလိုက်
သည်။

"ဟား... ဟား... မင်းက ငါ့ကို ကယ်တင်မယ် ဟုတ်လား"

လှောင်ပြောင်ပြောဆိုရင်းမှ သူ့လက်ထဲသို့ ရောက်ရှိနေသော
ဆေးလုံးများကို ငုံ့ကြည့်လိုက်သည်။

တန်ကျင်ချင်မှာ ရင်ထဲ၌ ထိတ်လန့်နေသော်လည်း...

"ဟုတ်တယ်၊ ဒီဆေးနှစ်လုံးကို မင်းအတွက် ပင်ပင်ပန်းပန်း
ဖော်စပ်ခဲ့ရတယ်၊ မင်းက ကျုပ်ကို ဒီလိုလုပ်တာ ကောင်းသလား"

"မင်း ပင်ပင်ပန်းပန်း ဖော်စပ်ထားတဲ့ ဆေးတွေကို ငါမသောက်
ဘူး၊ မင်းပဲသောက် ဟုတ်လား"

ပြောပြောဆိုဆိုဖြင့် မင်ဝါလေးက တန်ကျင်ချင်၏ အောက်
မေးရိုးအား ဆတ်ခနဲ ဆွဲခါလိုက်သည်။



တန်ကျင်ချင်၏ ပါးစပ် ဟသွားသည်နှင့် လက်ထဲမှ ဆေးလုံး
များကို ပါးစပ်ထဲသို့ ပစ်ထည့်လိုက်တော့၏။

ဆေးလုံးနှစ်လုံးစလုံး လည်ချောင်းထဲသို့ တည့်မတ်စွာ တန်းဝင်
သွားသည်။

မင်ဝါလေးက သူ့အားကြည့်ကာ အေးစက်စွာ ပြုံးလိုက်ရင်း...

"ဟင်း... မင်းက မင်းကိုယ်မင်း လူလည်လို့ ထင်နေတာကိုးကွ
လည်လွန်းတဲ့ဘီး ချီးသင့်တယ်ဆိုတဲ့ စကားပုံ မင်းမှမကြားဘူးပဲ"

မင်ဝါလေးက စကားဖြတ်ကာ တန်ကျင်ချင်၏ မျက်နှာအား
စိုက်ကြည့်လိုက်၏။

တန်ကျင်ချင်ကတော့ လွန်စွာ ထိတ်လန့်တုန်လှုပ်သော မျက်နှာ
ပေးဖြင့် သူ့ကို ပြန်ကြည့်နေလေသည်။

"မင်းနဲ့ မင်းဆရာ ဘာတွေတိုင်ပင်တယ်၊ ငါ့အပေါ် ဘယ်လို
ပက်စက်ဖို့ အစီအစဥ် ရှိတယ်ဆိုတာ ငါအကုန်ကြားတယ်"

မင်ဝါလေးက အုံ့ကြိတ် ပြောဆိုလိုက်၏။

တန်ကျင်ချင်မှာ သူ၏အကြံ ပေါ်သွားပြီဖြစ်၍ ဘာမှ ထပ်၍
မပြောဝံ့တော့ဘဲ ခေါင်းငိုက်စိုက် ကျသွားလေတော့သည်။

ဤသို့ဖြင့် တဖြည်းဖြည်း အချိန်များ ကုန်ဆုံးသွားသည်။

ညနေစောင်း အချိန်ဖြစ်သည်။

မင်ဝါလေးမှာ ဆာလောင်မွတ်သိပ်လာသဖြင့် မီးဖိုဆောင်ထဲ
သို့ ဝင်၍ ရှာဖွေရာ ဆိတ်ပေါင်ကင် တစ်ချောင်းနှင့် အသားလွတ်
ပေါက်စီများ တွေ့ရသဖြင့် ယူ၍စားသောက်လိုက်၏။

တန်ကျင်ချင်က မလှုပ်မယှက် ထိုင်နေရာမှ အားပါးတရ စား
သောက်နေသော မင်ဝါလေးကို ငေးကြည့်နေသည်။

တန်ကျင်ချင်၏ ဝမ်းထဲမှာ အလွန်ဆာလောင်နေသည်။

သူသည် မင်ဝါလေး စားသောက်နေပုံကို ကြည့်ကာ အတွေးများအား မကြာခဏ မျိုချနေရလေသည်။

စားသောက်နေရာမှ မင်ဝါလေးက သူ့အား လှမ်းကြည့်လိုက်သည်။

"ဟေ့ကောင်... စားချင်လို့လား"

"ဟုတ်တယ်၊ ငါ ဗိုက်ဆာနေပြီ"

မင်ဝါလေးသည် သူ့အား ပထမတော့ အစာမကျွေးဘဲ ဒီအတိုင်း ပစ်ထားရန် စိတ်ကူးမိခဲ့သည်။

သို့သော် တကယ်တန်းကျတော့ ဆာလောင်မွတ်သိပ်နေသူတစ်ဦးအား ကြောင်တောင်ကြည့်ကာ စားသောက်နိုင်ရက်သည့် စိတ်ထားမျိုး မင်ဝါလေး၌ မရှိချေ။

ထို့ကြောင့်...

"ရော့..."

စားစရာတချို့ကို သူ၏ပါးစပ်ထဲသို့ သွင်းပေးလိုက်၏။

ညစာ စားပြီးသောအခါတွင် မင်ဝါလေးသည် ရှေ့ဆက်လုပ်ရမည့် အစီအစဉ်များကို တစ်ယောက်တည်း ကျိတ်ကာ စဉ်းစားနေသည်။

သူ့စိတ်ထဲ၌ တွေးနေသည်။

"အင်း... လက်ထဲမှာရှိတဲ့ ရိက္ခာဟာ ဟိုကောင်နဲ့ ငါ နှစ်ယောက် စာအတွက်ဆို သုံးရက်စာပဲရှိတယ်၊ ဟိုလူက နောက်ထပ် ငါးရက် လောက် ကြာမှာဆိုတော့ နှစ်ရက်စာ ငါထပ်ရှာရဦးမယ်ပေါ့၊ ဒီငါးရက် အတွက် ငါ့ရဲ့အတွင်းအား ပုံမှန်ပြန်ဖြစ်လာဖို့ လိုတယ်၊



ဒါမှ ဒီလူကြီးကို ငါ ရင်ဆိုင်လို့ဖြစ်မှာ၊ နို့မဟုတ်ရင်တော့ သူ့မလာခင် တောင်အောက် ဆင်းပြေးရမှာပဲ"

ထိုစဉ်မှာပင် ခေါင်းတဒိုင်ဒိုင် မူးလာကာ မျက်စိများမှာလည်း ပြာဝေဖြစ်လာသည်။

ခန္ဓာကိုယ်မှာလည်း ပူလိုက် အေးလိုက်ဖြစ်လာသည်။

မိုးကြိုးလက်သိုင်းနှင့် အဆိပ်ဆေးငွေ့များကား တတိယအကြိမ် တန်ခိုးပြလာကြပြန်ချေပြီ။

မင်ဝါလေးသည် တင်ပျဉ်ခွေထိုင်ကာ ထွက်သက် ဝင်သက်ကို မှန်မှန်ရှုလိုက်ပြီး အဆိပ်ကို ဖြေနေသည်။

ယခုအခါ အဆိပ်တက်ခြင်းမှာ ပထမနှင့် ဒုတိယအကြိမ်များလောက် မပြင်းထန်တော့ပါ။

တိုတောင်းလှသည့် အချိန်အတွင်းမှာ အဆိပ်သည် တစ်စထက် တစ်စ ပြေလျော့သွား၏။

တဖြည်းဖြည်း ညဦးနက်လာသဖြင့် မင်ဝါလေးမှာ အိပ်စက် အနားယူလိုက်လေသည်။

ဒုတိယနေ့တွင် သူသည် ဟိုနား ဒီနား လျှောက်လိုက်၏။

အတွင်းအား ကျင့်စဉ် ကျင့်ကာ အဆိပ်ဖြေနေသဖြင့် အခြေအနေမှာ တိုးတက်လာသည်။

တတိယနေ့တွင်မူ ပို၍ တိုးတက်မှုရှိလာ၏။

နံနက်ပိုင်းတွင် လုံးဝ အဆိပ်မတက်တော့ဘဲ နေလယ်နှင့် ညနေပိုင်းတွင်သာ အနည်းငယ် အဆိပ်တက်လာ၏။

တန်ကျင်ချင်မှာ မလှုပ်ရှားနိုင်သော်လည်း မင်ဝါလေး၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် အကဲခတ်နေသည်။ သူ အမြဲတမ်းလိုလို မကောင်းကြံဖို့သာ စဉ်းစားနေသည်။

**မင်ဝါလေး**၏ ဝေဒနာမှာ တစ်နေ့တခြား သက်သာလာသည်ကို တွေ့ရသဖြင့် စိတ်တွင်းမှ မကျေမနပ်ဖြစ်နေသည်။ နှုတ်ကမူ ဘာမှမပြောပါချေ။

စတုတ္ထနေ့တွင်မူ မင်ဝါလေးသည် ခါးတွင် **ဓားကိုချိတ်ဆွဲကာ** တဲအနောက်ဘက်ရှိ တောင်ပေါ်သို့ တက်လာ**နိုင်လေ**၏။

တောင်အတက်တွင် အနည်းငယ် မောပန်းနေသေး၏။

မင်ဝါလေး၏ စိတ်ထဲတွင် မကျေမနပ်ဖြင့်…

"အင်း… မနက်ဖြန်ဆို ဟိုလူကြီး ရောက်လာတော့မယ်၊ ဒီအတိုင်းဆို ငါ သူ့ကို ယှဉ်ဖို့လွယ်ပါ့မလား"

ဟု တွေးနေမိလေသည်။

ထိုစဉ် ကောင်းကင်ပေါ်မှ အရိပ်တစ်ခုသည် သူ့ခေါင်းတည့်တည့်သို့ ဝိုးခနဲ ကျလာ၏။

မင်ဝါလေးသည် ခေါင်းကို ဖျတ်ခနဲ ယိမ်းရင်း ခါးမှ ဓားကို တစ်ချိန်တည်း ဆွဲထုတ်ကာ ခေါင်းပေါ်သို့ ကျလာသော အရာဝတ္ထုအား လျှပ်တစ်ပြက် ထိုးသွင်းလိုက်၏။ သူ ဓားထွက်လိုက်သည်မှာ လျှပ်စီးလက်သကဲ့သို့ လျင်မြန်လှလေ၏။

ဝင်းခနဲ အရောင်တစ်ချက် လက်သွားပြီး…

"ဂဲ… "

ဟူသော မြည်သံနှင့်အတူ လင်းယုန်ငှက်ကြီး တစ်ကောင်သည် ရင်ပုံတွင် ဓားစိုက်လျက် တန်းလန်းဖြင့် မြေပြင်ပေါ်တွင် အသက်ငင်နေလေသည်။

ခဏအကြာမှ လင်းယုန်ငှက်ကြီးမှာ သေဆုံးသွား**တော့၏**။

လင်းယုန်ငှက်ကြီးအား ကြည့်ကာ မင်ဝါလေးသည် **အသက်ကို** မောပန်းစွာ ရှူနေမိ၏။



သူ့ကိုယ်သူလည်း မကျေမနပ်ဖြစ်ကာ တောက်တစ်ချက် ခေါက်လိုက်မိသည်။

"တောက်… ဒီလောက်လေး လှုပ်ရှားရုံနဲ့ ငါ မောနေပါလား။ အင်း… အောင်ရန်ချူရဲ့ မိုးကြိုးလက်သိုင်းနဲ့ အဆိပ်ငွေ့က တော်တော်အစွမ်းထက်တာပဲ"

ဟု တွေးလိုက်မိလေသည်။

ထို့နောက်တွင်မူ သူသည် လင်းယုန်ငှက် အသေကြီးကို ဆွဲကာ လာလမ်းအတိုင်း လှည့်ပြန်ခဲ့လေသည်။

မင်ဝါလေးသည် တဲအိမ် ကလေးအတွင်းသို့ လှမ်းဝင်လာခဲ့လေသည်။

တန်ကျင်ချင်သည် တဲအိမ်အတွင်း၌ လဲလျောင်းနေရာမှ မင်ဝါလေး လင်းယုန်ငှက်**ကြီးအား** ထမ်းပြီး ဝင်လာသည်ကို တွေ့လိုက်သောအခါ အံ့အား**သင့်သွားသည်**။

"မင်ဝါလေး မင်း ဒီ**ကောင်**ကြီးကို ရလာတယ် ဟုတ်လား"

မင်ဝါလေးက ခေါင်းညိတ်ပြလိုက်၏။

မင်ဝါလေးကိုကြည့်ကာ တန်ကျင်ချင် သက်ပြင်းကျိတ်ရှိုက်လိုက်မိသည်။

"အင်း… ဒီကောင်က လင်းယုန်ငှက်ကိုတောင် ပစ်ချနိုင်ရင် မကြာခင် တောင်**အောက်**ကိုလည်း အလွယ်တကူ ဆင်းနိုင်မှာပဲ၊ ငါ ဆရာမလာခင် **ဒီကောင်** တောင်အောက်ကို မသွားပါစေနဲ့"

သူသည် စိတ်ထဲမှ ကျိတ်ပြီး ဆုတောင်းနေမိလေသည်။

တန်ကျင်ချင် ထိုသို့ စဉ်းလဲစွာ တွေးတောနေစဉ်မှာပင် မင်ဝါလေးသည် လင်းယုန်ငှက်ကြီးအား အကောင်ဖျက်ကာ မီးကင်နေလေ၏။

ကျက်သွားသောအခါ သူသည် တန်ကျင်ချင်ဘက်သို့ ပေါင် တစ်ချောင်း ပစ်ပေးလိုက်သည်။

တန်ကျင်ချင်က ဝမ်းသာအားရ ကောက်ယူလိုက်၏။

ပြီးတော့ အားပါးတရ စားသောက်နေလိုက်သည်။

ယခုအခါ တန်ကျင်ချင်မှာ မင်ဝါလေးက ခန္ဓာကိုယ် အောက် ပိုင်း မလှုပ်ရှားနိုင်အောင် သွေးကြောပိတ်ထားသည့်အပြင် အားယုတ် စေသည့် ဆေးလုံးကြောင့် သူ့တစ်ကိုယ်လုံးမှာ အားအင်မရှိသလို ပျော့ခွေနေသည်။

သူက အတွင်းအား စုစည်းရန် ကြိုးစားသော်လည်း ဆေးက အစွမ်းထက်သဖြင့် သူ၏ကြိုးစားမှုမှာ အလဟဿဖြစ်နေရသည်။

မင်ဝါလေးက တန်ကျင်ချင် ပလုပ်ပလောင်း စားနေသည်ကို ကြည့်ပြီး...

"ဟောကောင် အကုန်မစားပစ်နဲ့၊ မနက်ဖြန်အတွက် ချန်ထားမှ ကောင်းမှာ"

မင်ဝါလေးက ထိုသို့ သတိပေး ပြောဆိုလိုက်ရသော်လည်း တန်ကျင်ချင်မှာ လင်းယုန်သားကင်အား အားပါးတရ စားသောက်ပြီး စီးသွားပြီ ဖြစ်၏။

သူသည် နှုတ်ခမ်းများတွင် ပေကျံနေသော အဆီများအား သုတ်ပစ်လိုက်ရင်း...

"မင်ဝါလေး မင်းဟာ တကယ်တော့ သနား ညှာတာတဲ့စိတ် ထား ရှိသူဖြစ်မှန်း ငါသိပြီးပါပြီကွာ၊ မင်း ခုလို ငါ့ကို အစာရာကျွေး တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့်..."

သူ့စကားမဆုံးခင် မင်ဝါလေးက မဲ့ပြုံးဖြင့်...



"ဒါပေမယ့် မင်းကို အားယုတ်စေတဲ့ ဆေးလုံး တိုက်ထားတဲ့ အပြင် သွေးကြောပိတ်ထားတာတော့ မကျေနပ်ဘူး မဟုတ်လား"

တန်ကျင်ချင် မဖြေပါ။ ငြိမ်သက်နေသည်။

တိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံသည့် သဘောလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

မင်ဝါလေးက ခေါင်းကို ယမ်းခါရင်း...

"မင်းခုလို မလှုပ်မယှက် မနေချင်မှန်း ငါသိပါတယ်၊ ဒါပေမယ့် မင်းလိုကောင်စားက အဲဒီလို မလုပ်ရင်လည်း မဖြစ်ဘူးမဟုတ်လား၊ ခွေးပြီးကောက် ကညွတ်ကောက်စွပ်ဆိုတာ မင်းလိုကောင်စားတွေအတွက် သုံးခဲ့တာကွ"

တန်ကျင်ချင်က တွေဝေငေးငိုင်သော မျက်နှာပေးဖြင့်...

"မနက်ဖြန်ဆိုရင် မင်း ဒီက ထွက်သွားတော့မယ်ဆိုတာ ငါ သိပါတယ်၊ မင်းထွက်သွားတဲ့အခါမှာ ငါဟာ တစ်ယောက်တည်း ခုလိုပဲ မလှုပ်မယှက်ကြီးနဲ့ နေခဲ့ရတော့မှာပေါ့နော်"

သူ နွမ်းလျစွာ ပြောနေလေ၏။

မင်ဝါလေးက သဘောကျစွာ ပြုံးလိုက်မိသည်။

"စိတ်ချ၊ ဒီတဲထဲမှာ မင်းတစ်ယောက်တည်း မနေခဲ့ရပါဘူး၊ မနက်ဖြန်ဆို မင်းဆရာသမားက ရောက်လာတော့မှာပါ"

တန်ကျင်ချင်ကစေ့ဒကတက်ရန် ပါးစပ်ပြင်လိုက်ရာ...

"ကဲ... မင်း ဘာမှဆက်မပြောနဲ့တော့၊ ငါ အနားယူတော့မယ်"

ပြောပြောဆိုဆိုဖြင့် မင်ဝါလေးက အတွင်းအား ကျင့်ရန် တင်ပျဉ်ခွေ ထိုင်လိုက်သည်။

မနက်ဖြန်...

မနက်ဖြန်ဆိုသည့် နေ့တစ်နေ့အား လူပေါင်းများစွာ မျှော်လင့်ချက် အမျိုးမျိုးဖြင့် စောင့်မျှော်တတ်ကြပါသည်။

မနက်ဖြန် ရောက်လာလျှင် ပိုက်ဆံရရန် မျှော်လင့်ချက်မျိုး ထားရှိသူတွေက ပျော်ရွှင်နေမည်။

မနက်ဖြန်ရောက်လာလျှင် ရင်မဆိုင်ချင်သော ကိစ္စတစ်ခုနှင့် မလွှဲမသွေ ရင်ဆိုင်ရတော့မည်ဟူသော မျှော်လင့်ချက်မျိုး ထားရှိသူတွေကမူ စိတ်ညစ်နေမည်သာ ဖြစ်၏။

မင်ဝါလေးမှာ ထိုအမျိုးအစား နှစ်မျိုးတွင် မပါဝင်ပါ။

မနက်ဖြန်ကို သူမျှော်လင့်နေသည်က တစ်မျိုးဖြစ်သည်။

ပြဿနာကို ရင်ဆိုင်ဖြေရှင်းရကောင်းမလား။

သို့မဟုတ်...

ရှောင်လွှဲသွားရလျှင် ကောင်းမလား။

မရေမရာစိတ်ဖြင့် မင်ဝါလေး ဝေခွဲရန် ခက်ခဲနေစဉ်မှာပင် သဘာဝတရားကြီး၏ မောင်းနှင်လည်ပတ်မှုဖြင့် ရှောင်လွှဲမရသော နံနက်ဟူသည့် နေ့သစ်တစ်နေ့သို့ ရောက်ရှိလာလေ၏။

**မင်ဝါလေး**မှာ ဝေခွဲမရ ဖြစ်နေရာမှ နောက်ဆုံးတွင် အောင်ရန်ချုံ **ရောက်**မလာခင် ထိုနေရာမှ ထွက်သွားရန် ဆုံးဖြတ်ချက်ချလိုက်**သည်။**

**သူ၏** ဝေဒနာမှာ အတော်အတန် ပျောက်ကင်းသွားပြီ ဖြစ်လေသည်။

သူနှင့်ယှဉ်ပြိုင်ရန် မသင့်သေးပါ။

ထို့ကြောင့် နံနက်စောစောမှာပင် သူသည် တဲအတွင်းမှ ထွက်ခွာသွားရန် ပြင်နေတော့၏။



တန်ကျင်ချင်သည် လုံးဝ မလှုပ်နိုင်တဲ့ လဲလျောင်းနေရင်းတန်းလန်းမှ မင်ဝါလေး ထွက်ခွာသွားသည်ကို ကြည့်နေလိုက်သည်။

သူသည် မင်ဝါလေးအား လှမ်း၍...

"မင်ဝါလေး... မင်းမသွားခင် ငါ့ကို စားစရာတစ်ခုခု ရှာပေးခဲ့ပါဦးကွာ"

လေသံမှာ အမှန်ပင် သနားစရာကောင်းသည့် အားလျော့ပျော့နွမ်းနေသော လေသံမျိုးဖြစ်သည်။

ယခုအခါတွင်မူ မင်ဝါလေးသည် သူ့အား သနားမနေနိုင်**တော့ပါ။**

သူက အကောက်ဉာဏ်ဖြင့် တမင်အချိန်ဆွဲနေခြင်း ဖြစ်ကြောင်း သူ နားလည်လိုက်၏။

ထို့ကြောင့် နောက်သို့ လုံးဝ **ပြန်လှည့်**မကြည့်တော့ဘဲ စကားတစ်ခွန်းပြောကာ ထွက်သွား**လေတော့၏။**

"ငါ့ဆရာမှာ မင်းလို တူမျိုးရှိနေတာ အံ့ဩစရာပဲ"

ထိုသို့ ပြောခဲ့သော်လည်း မနေ့က ကျန်ရှိနေသေးသော လင်းယုန်သားကင် တစ်ခြမ်းအား သူ့ဘေးနားမှာ ချထားခဲ့ပြီ ဖြစ်ပါသည်။

သို့ဖြင့် သူသည် တဲကလေး၏ အနောက်ဘက် တောင်ကုန်းပေါ်သို့ မကြာမီ ရောက်ရှိလာလေတော့သည်။

ညက အိပ်ရေးဝဝ အိပ်ထားရသည်ဖြစ်ရာ မင်ဝါလေးမှာ အားပြန်လည် လန်းဆန်းနေသည်။

သူသည် လျှောက်လာရင်းမှ ချုံပုတ်တင်ခုံလဲ့၌ ပုန်းအောင်းနေသော တောကြက်တစ်ကောင်ကို တွေ့လိုက်ရသဖြင့် ရိက္ခာရစေရန် ဖမ်းဆီးလိုက်သည်။

တောကြက်အား လက်ထဲတွင် ပိုက်ထားရင်းမှ ချုံပုတ်ထဲမှ ထွက်ရန် ဟန်ပြင်လိုက်သော မင်ဝါလေးသည် ချုံပုတ်ထဲသို့ ရုတ်ခနဲ တိုးဝင်လိုက်ရ၏။

တောင်ပေါ်သို့ လူတစ်ယောက် လာနေသည်။

ထိုသူမှာ မင်ဝါလေး ရှိရာနှင့် အလှမ်းကွာဝေးသေးသည်။

တက်လာနေသူမှာလည်း တခြားသူမဟုတ်ပါ။

အောင်ရန်ချုပင် ဖြစ်သည်။

ယခုအချိန်ထိတော့ အောင်ရန်ချုသည် သူ့အား မြင်တွေ့ဟန် မရှိသေးပါချေ။ သူသည် ချုံထဲမှထွက်၍ ထိုထက်ပိုလုံခြုံမည့် နေရာကို စဉ်းစားလိုက်သည်။

တဲအိမ်နောက်ဘက်မှ ကျောက်တုံးကြီး လေးငါးတုံးကို မြင် ယောင်လိုက်၏။

အလယ်ဗဟိုက ကျောက်တုံးတွင် လူတစ်ကိုယ်စာ ပုန်းအောင်း နိုင်သော အက်ကြောင်းရှိသည်ကို သူ သတိပြုခဲ့မိ၏။

မိမိ ထိုမှ နီးနီးကပ်ကပ် နေရာတွင် နေလိမ့်မည်ဟု အောင် ရန်ချု ထင်မှတ်မည် မဟုတ်သည်ကတော့ သေချာသည်။

မင်ဝါလေး စွန့်စား၍ တောင်၏ တစ်ဖက်ကို လှစ်ခနဲ ဖြတ် ပြေးလိုက်သည်။

တောင်ကမူတစ်ခု ခြားနေသည်ဖြစ်ရာ အောင်ရန်ချုသည် သူ့အား မမြင်လိုက်ပါ။

တစ်ခဏအတွင်းမှာပင် သူသည် တဲအိမ်ကလေးနောက်ဘက်ရှိ ကျောက်တုံးများကြားသို့ ပြေးဝင်ရောက်ရှိသွားတော့၏။

မင်ဝါလေးသည် ကျောက်တုံးကြီး၏ အက်ကြောင်းအလယ် ဗဟိုတွင် တိုးဝင်ကာ ဓားကို အသင့်ကိုင်ထား၏။



နားနှင့် မျက်စိကိုလည်း အစွမ်းကုန် ဖွင့်ထားလေသည်။

မကြာမီ တဲအိမ်ဆီသို့ လျှောက်လာသော ခြေသံတစ်ခုကို ကြားလိုက်ရတော့၏။

ခြေသံမှာ တဖြည်းဖြည်း နီးကပ်လာနေသည်။

မင်ဝါလေး၏ သည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ သည်။

ထိုစဉ်မှာပင်...

ဆံပင်နီနှင့် လူကြမ်းကြီး အောင်ရန်ချုသည် ခြေသံပြင်းပြင်း ဖြင့် တဲအိမ်အတွင်းသို့ လှမ်းဝင်သွားကြောင်း သိလိုက်ရလေတော့၏။

တဲအိမ်မှ တန်ကျင်ချင်၏ အံ့ဩဝမ်းသာစွာ ပြောလိုက်သော စကားသံက စတင်ထွက်ပေါ်လာ၏။

"ဆရာ... ဆရာ ပြန်လာပြီနော်၊ ကျွန်တော့်ကို ဂယ်ပါဦး ဆရာ"

သူ့စကား မဆုံးမီ...

"ဖြန်း"

ဟူသောအသံတစ်ချက် ကြားလိုက်ရသည်။

ထို့နောက်...

အောင်ရန်ချု၏ ဒေါသတကြီးမေးမြန်းသံထွက်ပေါ်လာသည်။

"ဟေ့ကောင် မင်းက ဒီကောင်လေးကို နိုင်အောင်ထိန်းမထား နိုင်ဘူးမဟုတ်လား၊ ဘယ်မှာလဲ ဒီကောင်"

တန်ကျင်ချင် ခေါင်းငုံ့နေသည်။

သူ့ထံမှ မည်သည့်စကားသံမျှ ထွက်မလာပါ။

မင်ဝါလေး သူ့ကိုဘယ်လိုလှည့်စားပြီး အနိုင်ယူသွားသလဲ ဆိုသည့်အကြောင်းကို သူ့ဆရာအား သူပြန်မပြောဝံ့ပါ။

ပြောလျှင် ဒေါသပိုထွက်လာပြီး သူ့ကိုသတ်ပစ်မှာ သေချာသည့် တဲအိမ်ကလေးအတွင်း၌ အတန်ကြာတိတ်ဆိတ်သွားပြီးမှ တန်ကျင်ချင်၏ မဝံ့မရဲလေသံထွက်လာသည်။

"ဆရာ... ဟိုကောင် ကျွန်တော့်ကို သွေးကြောပိတ်သွားတယ် ပြီးတော့ အားယုတ်ဆေးလည်း တိုက်ခဲ့တယ်"

"ဘာ ... အားယုတ်ဆေး တိုက်ခဲ့တယ် ဟုတ်လား ..."

"ဟုတ်ပါတယ် ဆရာ"

"ငါက သူ့ကိုတိုက်ဖို့ ပေးခဲ့တာ၊ ဘယ့်နှယ် သူက မင်းကို တိုက်သွားတာလဲ၊ မင်းခံမေ့ါကွာ"

အောင်ရန်ချိုက ရက်စက်စွာပြောလိုက်၏။

တန်ကျင်ချင်သည် မျက်နှာငယ်လေးဖြင့်...

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်ဟာ အသုံးမကျတဲ့ကောင်ပါ ဒါပေမယ့် ကျွန်တော့်ကို သနားသဖြင့် ဒီတစ်ခါတော့ ကယ်တင်ပါ ဆရာရယ်၊ နောက်ဆိုရင် ဆရာခိုင်းတာ ... သမျှ အသက်နဲ့လဲပြီး လုပ်ဆောင်ပါ့မယ်၊ အခုလည်း ..."

နွမ်းလျကွိုက်မောစွာ တောင်းပန်နေသော တန်ကျင်ချင်၏ စကား ... သံ အဆုံးတွင် အောင်ရန်ချို့က ဟင်းခနဲသက်ပြင်းတစ်ချက်ချလိုက်သည်။

"နေစမ်းပါဦး၊ ဒီကောင်က ဘယ်လိုလုပ်ပြီး လွတ်သွားတာလဲ ဘာလဲ တို့အကြံအစည်တွေကို သူသိသွားသလား"

တန်ကျင်ချင်က ခေါင်းကိုလေးပင်စွာ ညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်ဆရာ၊ ဆရာနဲ့ ကျွန်တော် ပြောဆိုခဲ့ကြတဲ့ စကားတွေ သူကြားနေပါတယ်၊ သူဟာ မမေ့ဘဲနဲ့ မေ့ချင်ယောင်ဆောင်ပြီး ကျွန်တော့်ကိုလှည့်စားပြီး တိုက်ခိုက်သွားတာပါ"



တန်ကျင်ချင်၏စကားကို ကြားသောအခါ အောင်ရန်ချို၏ စိတ်ထဲတွင် ထိတ်ခနဲဖြစ်သွားမိလေသည်။

"မလွယ်ပါလား၊ ဒီကောင်ကို ငါက အနည်းဆုံး သုံးနာရီလောက်တော့ မေ့နေလိမ့်မယ်လို့ ထင်မိတာ၊ သူက ခုတော့ ချက်ချင်းကြီးကို မိုးကြိုးလက်ဝါးသိုင်းဒဏ်ချက်နဲ့ အဆိပ်ငွေ့ကို တွန်းလှန်နိုင်တယ်ဆိုတော့ အင်း ... ဒီကောင် ရထားတဲ့ ချန်တန်ဖုန်ရဲ့ အတွင်းအားပညာက တော်တော်အစွမ်းထက်ပါလား"

ထို့နောက် ...

အောင်ရန်ချိုသည် တန်ကျင်ချင်ဘက်သို့လှည့်ကာ ...

"မင်းကို သူက ဘယ်လိုတိုက်ခိုက်သွားလဲ၊ အဲဒါ သေသေချာချာ ပြန်ပြောပြစမ်း"

ဤတွင် တန်ကျင်ချင်လည်း မတတ်သာတော့ဘဲ ဖြစ်ပျက်သမျှ အလုံးစုံအား သူ့ဆရာကိုပြန်၍ပြောပြလိုက်လေသည်။

တန်ကျင်ချင်၏စကားဆုံးသွားသောအခါ အောင်ရန်ချိုက ခေါင်းတညိတ်ညိတ်ဖြင့် ...

"အင်း ... မင်းရဲ့သွေးကြောကို သူက မင်းအလစ်မှာ ပိတ်သွားတာပဲ၊ ဒါကိုထောက်ဆရင် သူလည်း သိပ်အားရှိဦးမှာမဟုတ်ဘူး၊ သူ့မှာသာ မူလအတွင်းအားရှိနေရင် မင်းလိုကောင်ကို သူက အခုလို နိုးကြောင်ခိုးဝှက် တိုက်မှာမဟုတ်ဘူး"

ထို့နောက် သူသည် မကျေနပ်စွာဖြင့် ...

"ဘယ်လောက်အတွင်းအားပြည့်တဲ့လူဖြစ်ဖြစ် အနည်းဆုံး ငါးရက်၊ တစ်ပတ်လောက်တော့ ငါ့ရဲ့မိုးကြိုးလက်ဝါးနဲ့အဆိပ်ကို မခံနိုင်ပါဘူးကွာ၊ ဒါဆို မင်းကောင် သိပ်ဝေးဝေးမပြေးနိုင်သေးတာတော့

သေချာပါတယ်၊ ဟင်း...တောင်အောက်တောင် ရောက်မှာ မဟုတ်
ကွ"

တန်ကျင်ချင်က အားတက်သရေဖြင့်...

"ဒါဆို ကျွန်တော့်ကို ဖြေဆေးပေးပါဆရာ၊ ကျွန်တော် ဆ
နဲ့ အကူတုပေါင်းပြီ၊ ဒီကောင်ကိုရှာပြီး ဆုံးမကြတာပေါ့"

အောင်ရန်ချုကု မဲ့ပြုံးပြုံး၍...

"အောင်မယ် မင်းက သိ်ကြီးကြီးကျယ်ကျယ်မပြောနဲ့
အနေနဲ့ မင်းလိုကောင်ဆီက အကူအညီမလိုသေးဘူး၊ ဖြေဆေးသော
ပြီးတာတောင် မင်းရဲ့မူလအားကို ပြန်ရဖို့ မင်းက အနည်းဆုံး ငါးရ
လောက် အနားယူရဦးမှာကွ"

ပြောဆိုရင်းမှပင် သူသည် ဖြေဆေးကိုထုတ်ယူကာ တန်ကျင်
ရှိရာသို့ လှမ်းပစ်ပေးလိုက်၏။

ထို့နောက် တန်ကျင်ချင်သည် သူ ခ ု အား ပြုံးရွှင်စွာ လှ
ကြည့်လိုက်သည်။

"ဆရာပြောတာ မှန်ပါတယ်ဆရာ၊ ဒီကောင်ကို ဆ
တစ်ယောက်တည်း အေးအေးဆေးဆေး သုတ်သင်နိုင်မယ်ဆို
ကျွန်တော်ယုံကြည်ပါတယ်၊ ကျွန်တော် ဒီကပဲ စောင့်နေတော့မယ်နော်

အောင်ရန်ချုကု ခေါင်းညိတ်ပြလိုက်၏။

သူသည် ထွက်သွားတော့မည့်ဟန်ပြင်ရင်း တစ်စုံတစ်ရာ
ရင်းစားမိဟန်ဖြင့် အတွင်းဘက်သို့ ပြန်လှည့်ကာ...

"ဒါထက် မင်းကို အဲဒီကောင်လေးက ချန်တန်ဖုန်ရဲ့ အတွ
အားလေ့ကျင့်နည်းကို လုံးဝပြမသွားခဲ့ဘူးပေါ့၊ ဟုတ်လား"

တန်ကျင်ချင်သည် တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်သွားသည်။



"ပြ...ပြသွားပါတယ် ဆရာ၊ ကျွန်တော်တောင် မှတ်ထား
ပါတယ်၊ စာနှစ်မျက်နှာပဲ ရလိုက်ပါသေးတယ်"

"ပြစမ်း...အဲဒါတွေ ဘယ်မှာလဲ"

တန်ကျင်ချင်သည် သူကူးယူထားသော အတွင်းအားကျင့်နည်း
အတုစာရွက်ကြီးကို အောင်ရန်ချုလက်ထဲသို့ ထိုးထည့်ပေးလိုက်သည်။

ထိုသို့ ထိုးထည့်ပေးရင်းမှလည်း မှသားတစ်ဝက်၊ အမှန်တစ်ဝက်
ပြောလိုက်၏။

"အစစ် ဟုတ်မဟုတ်တော့ ကျွန်တော် ခွဲခြားမသိဘူးဆရာ"

"ငါခွဲခြားတတ်တယ်၊ ဖတ်ကြည့်ရင် သိမှာပေါ့"

ပြောပြောဆိုဆိုဖြင့် အောင်ရန်ချုသည် တန်ကျင်ချင်ရေးမှတ်
ထားသော စာမျက်နှာများကို ဖတ်ကြည့်လိုက်၏။

အမှန်စင်စစ်...

တန်ကျင်ချင်သည် မင်ဝါလေးပြောပြခဲ့သော ကျမ်းတုကို အတု
ပြန်လုပ်ရာတွင် တချို့သော အတွင်းအား အခြေခံအကြောင်းရာများကို
အနည်းငယ် ထည့်သွင်းရေးထားခဲ့သည်။

ထို့ကြောင့် အတွင်းအားလေ့ကျင့်နည်း အခြေခံသဘောတရား
တချို့တစ်ဝက် ပါရှိနေခဲ့သည်။

အောင်ရန်ချု ထိုစာရွက်ကို ဖတ်ကြည့်လိုက်သောအခါတွင်
နားမလည်သည့် စာပိုဒ်များအား ချန်တန်ဖုန်၏ လေးနက်သော
အတွင်းအား အခြေခံသဘောတရားများဟု ထင်မှတ်မိလိုက်သည်။

ထို့ကြောင့် 'စာရွက်ကိုခေါက်၍ သိမ်းဆည်းလိုက်ပြီး .

"ငါ့အထင်တော့ ဒါဟာ အတုမဟုတ်ဘူးကွ၊ မင်းက ဒါလေးပဲ
မှတ်သားထားခဲ့တယ် ဟုတ်လား"

တန်ကျင်ချစ်က ခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်လေသည်
"ကောင်းပြီလေ၊ မင်းအစွမ်းအစည့်လို့လွတ်သွားတဲ့ ဒီကောင့်
ဂုဏ်အစွမ်းအစနဲ့ ပြန်ဖမ်းရသေးတာပေါ့"

ပြောပြောဆိုဆိုဖြင့်သူသည် တဲကလေးအတွင်းမှထွက်ခွာသွား
လေတော့၏။

မင်ဝါလေးက ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေစဉ်မှာပင်
သူသည် မင်ဝါလေး ပုန်းအောင်းနေသော ကျောက်တုံးများအနီး
ကပ်ကာ ဖြတ်ကျော်သွားလေတော့သည်။

ထိုသို့ဖြတ်ကျော်သွားရင်းမှလည်း အောင်ရန်ချို၏ နှုတ်များ
ရေရွတ်သွား၏။

"ဟင်း... အဆင်မပြေချင်ရင် ဘာတစ်ခုမှ အဆင်မပြေတတ်
ပါလား၊ စုတပ်အေကို သတ်ဖို့သွားပါတယ်၊ ကိုယ့်အသက်လုပြီး မနည်း
ပြေးခဲ့ရတယ်၊ အခု ဒီမှာလည်း ရင်မောစရာနဲ့ လာတိုးနေတယ်
အေး... ဒီကောင်ကိုတော့ မတွေ့တွေ့အောင် ရှာရမှာပေါ့ကွာ"

အဆက်ပါအတိုင်း ရေရွတ်ပြောဆို ထွက်ခွာသွားသော အောင်
ရန်ချို၏စကားကို ကြားလိုက်ရသောအခါတွင် မင်ဝါလေး၏စိတ်ထဲ၌
ကျိတ်၍ဝမ်းသာသွားမိလေ၏။

အောင်ရန်ချို၏ ခြေသံများကား တဖြည်းဖြည်း ဝေး၍ဝေး၍
သွားချေပြီ။

အောင်ရန်ချိုသည် မင်ဝါလေးအား သူတို့နှင့် ဤမျှနီးကပ်သော
နေရာတွင်ရှိနေလိမ့်မည်ဟု လုံးဝထင်မှတ်ထားပုံ မရပါ။

ထို့ကြောင့် တောင်အောက် ခပ်ဝေးဝေးသို့ လိုက်ရှာရန် ထွက်ခွာ
သွားချေပြီ။



မင်ဝါလေးသည် ကျောက်တုံးကြီးကြားတွင် ပုန်းအောင်းရင်းမှ
ရှေ့လုပ်ရမည့်အစီအစဉ်များကို အတန်ကြာသည်ထိ စဉ်းစားနေမိ၏။

မည်မျှကြာသွားသည်မသိ ကျောက်တုံးအနီးသို့ တိုးကပ်လာ
သော ခြေသံတစ်သံကို ကြားလိုက်ရပြန်၏။

မင်ဝါလေး လန့်သွားသည်။

လက်ထဲမှဓားကိုလည်း ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်မိ၏။

ဤနေရာတွင် မိမိရှိနေမှန်းသိ၍ အောင်ရန်ချို ပြန်လှည့်လာခြင်း
ပေလော။

ပူပန်မှုများစွာဖြင့် မင်ဝါလေး စောင့်ကြည့်နေစဉ်မှာပင် သူ့ရှေ့
တည့်တည့် တဲအိမ်ဝတွင် ရပ်တန့်သွားသော ခြေသံရှင်အား လှမ်းမြင်
လိုက်ရလေသည်။

မင်ဝါလေး မျက်လုံးပြူးသွားမိသည်။

သူတွေ့လိုက်ရသူမှာ လူဘီလူးကြီး အောင်ရန်ချို မဟုတ်ပါပေ။

သူတွေ့လိုက်ရသူမှာ...

အမျိုးသမီးတစ်ယောက် ဖြစ်နေချေသည်။

တိကျစွာဆိုရလျှင် ထိုအမျိုးသမီးလေးကား လင်ပင်းဟူသော
မိန်းကလေးပင် ဖြစ်လေသည်တကား။

❑ ❑ ❑

အခန်း (၄)

# ကောက်ကျစ်သူကိုအနိုင်ယူ

တဲအိမ်အတွင်း၌ တန်ကျင်ချင်သည် ငြိမ်သက်စွာလဲလျောင်းနေသည်။

သူသည် ဖြေဆေးကို စားသောက်ပြီးခဲ့ပြီဖြစ်သော်လည်း လတ်တလောတွင် မလှုပ်ရှားနိုင်ပါ။

အထူးသဖြင့် သူ့လက်များမှာ ပျော့ခွေနေသည်။

သူ့ခြေထောက်တွေကလည်း ခန္ဓာကိုယ်ကို မသယ်ချင်သေးပါ။

ထို့ကြောင့်...

ငြိမ်သက်စွာလဲလျောင်းကာ အားမွေးနေသည်။

ထိုစဉ်...

တဲအိမ်အပေါက်ဝမှ လူတစ်ယောက် အတွင်းသို့ဝင်လာသည်ကို ရိပ်ခနဲ တွေ့လိုက်ရသည်။

တန်ကျင်ချင်က အောင်ရန်ချူဟု ထင်လိုက်သဖြင့် ဝမ်းသာအားရစွာဖြင့်...

"ဆရာ...မြန်လှချည့်လား၊ ဘာလဲ...ဟိုကောင်ကို ဖမ်းမိ"

နောက်ဆုံးစကားများကို ဆက်ပြီးမပြောနိုင်လောက်အောင် ပါးစပ်ပေါင်းလောင်း ဖြစ်သွားသည်။



အကြီးအကျယ် အုံ့အားသင့်သွားမိသလို အကြီးအကျယ် ထိတ်လန့်သွားမိသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။

လင်ပင်းကား တင်းမာခက်ထန်သော မျက်နှာထားဖြင့် တဲအိမ်လေးအတွင်းသို့ တစ်လှမ်းချင်းလှမ်းဝင်လာနေသည်။

တန်ကျင်ချင်၏အရှေ့သို့ရောက်သောအခါကျမှ ရပ်တန့်ကာ ခါးထောက်လိုက်ပြီး...

"တန်ကျင်ချင်...နင်ငါ့ကို မှတ်မိသေးလား"

ခက်ထန်စွာဖြင့် တစ်လုံးချင်း မေးမြန်းလိုက်သည်။

သူမ၏မျက်နှာ ဟန်မူရာကို ကြည့်ရသည်မှာ တန်ကျင်ချင်အပေါ်၌ နာကြည်းနေဟန်ရှိသည်။

တန်ကျင်ချင်မှာမူ လင်ပင်းကို တွေ့လိုက်ရသည်နှင့် သရဲတစ္ဆေနှင့် ကြုံတွေ့လိုက်ရသလို မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်နေ၏။

ထစ်ထစ်ငေါ့ငေါ့ဖြင့် ခေါ်လိုက်သည်။

"လင်ပင်း...ညီမလေး လင်ပင်း"

လင်ပင်းက ဖြတ်အော်ပစ်လိုက်၏။

"နင်...ငါ့ကို ညီမလေးလို့မခေါ်နဲ့၊ အို...နင် ငါ့နာမည်ကိုတောင် မခေါ်နဲ့၊ လင်ပင်း မရှိတော့ဘူး၊ လင်ပင်းသေသွားပြီ၊ နင်အကောက်ကြံခဲ့လို့ လင်ပင်း သေသွားပြီ သိလား"

ဒေါသတကြီး အော်ဟစ်ပြောဆိုလိုက်သံကို မင်ဝါလေးကအတိုင်းသားကြားနေရသည်။

မင်ဝါလေးသည် စိတ်ဝင်တစား နားထောင်နေမိ၏။

ထိုစဉ်...

လင်ပင်း၏အသံက ထွက်ပေါ်လာပြန်သည်။

"တန်ကျင်ချင်၊ နင်က ငါ့ကိုမေ့အောင် ဆေးတွေလှည့်တားပြီး တိုက်ခဲ့တယ်၊ မေနေတဲ့ငါ့ကို ရေခဲအိုင်ထဲမှာ နင် ရက်ရက်စက်စက် ပစ်ချခဲ့တယ်၊ နင့်အကြံက သိပ်ပိုင်တာပေါ့ ဟုတ်လား၊ ရေခဲအိုင်မှာ ငါ့ကို အကြံနဲ့ မတရားသတ်ဖြတ်ခဲ့ပေမယ့် ငါက မသေဘူး၊ နင့်ဆီမှာ တင်နေတဲ့အကြွေး လာတောင်းတာ"

"ဘာ ... ဘာ ... ဘာအကြွေးလဲ"

တန်ကျင်ချင်က တုန်လှုပ်စွာ မေးမြန်းလိုက်၏။

လင်ပင်းက ဟက်ဟက်ပက်ပက် ရယ်မောပစ်လိုက်လေသည်။

"ဘာအကြွေးရမှာလဲ လူယုတ်မာရဲ့၊ ငါ့အပေါ် ယုတ်မာပက်စက်ခဲ့တဲ့ နင့်ကို ကလဲ့စားချေမယ့် အကြွေးပေါ့၊ နင့်အသက်နဲ့ ပြန်ဆက်မှ ကျေမယ့်အကြွေးပေါ့"

ပြောပြီးသည်နှင့် လင်ပင်းသည် ဓားအိမ်ထဲမှဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်လေတော့သည်။

ထို့နောက် ...

တန်ကျင်ချင်၏ လည်ပင်းဆီသို့ ဓားဦးဖြင့် လှမ်းထောက်ထားလိုက်သည်။

"ငါ ... ငါ့ကို ခွင့်လွှတ်ပါ၊ ငါ ... တောင်း ... တောင်းပန်ပါတယ်"

တန်ကျင်ချင်က ထိတ်လန့်တကြား တောင်းပန်နေ၏။

သူ့မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်ကြီးများ ကျနေလေသည်။

"ဟား ... ဟား ... ဟား"

လင်ပင်းက သဘောကျစွာ ရယ်မောလိုက်သည်။

တန်ကျင်ချင်က လင်ပင်း၏ ဓားဦးကို လက်နှင့်ဖယ်လိုက်ပြီး



လင်ပင်း၏ဓားကိုင်ထားသော လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်သည်။ သူ၏အပေါ်ပိုင်းအား အကြောပိတ်မထားချေ။

အမှန်တော့ ...

သူက လင်ပင်း၏ သွေးကြောပိတ်ရန် ကြိုးစားလိုက်ခြင်းဖြစ်ပါသည်။

သို့ရာတွင် ...

လင်ပင်းက သူ့ထက် လျင်နေသည်။

သူမသည် လက်ကိုလှန်ကာ တန်ကျင်ချင်၏ ဖမ်းဆုပ်မှုကို ရှောင်တိမ်းပေးလိုက်၏။

တစ်ဆက်တည်းမှာလည်း ဓားကို မြှောက်ပြီး ခုတ်ချလိုက်၏။

"ကဲ ... ယူယုတ်မာ သေပေတော့"

ထိုစဉ် ...

"လင်ပင်း ဒီလိုမလုပ်နဲ့"

အသံသည် တဲပေါက်ဝမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

အသံနှင့်အတူ လူရိပ်တစ်ခု သူမအပါးသို့ ဖျတ်ခနဲတိုးကပ်လာသည်။

ထိုလူရိပ်က သူ့လက်ထဲမှဓားဖြင့် လင်ပင်း၏ဓားကို ကန့်လန့်ဖြတ် ပင့်ခံပေးလိုက်သည်။

"ချွင်"

ခနဲအသံမြည်ကာ ဓားနှစ်လက်သည် လေထဲမှာ ရပ်တန့်သွားသည်။

လင်ပင်းက နောက်သို့ ခြေတစ်လှမ်း ဖျတ်ခနဲဆုတ်ကာ အသင့်အနေအထားဖြင့် နောက်ဝင်လာသူကို လှမ်းကြည့်လိုက်သည်။

ဝင်လာသူသည် သူ့အား ရန်မူခြင်း မရှိပါ။

ထိုသူက လှိုက်လှဲစွာ ပြုံးပြနေ၏။

လင်ပင်းက မျက်မှောင်ကလေးကြုတ်၍...

"ရှင် ဘယ်သူလဲ၊ ကျွန်မတို့ကိစ္စကို ဘာကြောင့် ဝင်ရှုပ်ရတာလဲ"

ဝင်လာသူက ဦးညွတ်နှုတ်ဆက်လိုက်၏။

"ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော့်နာမည် မင်ဝါလေးဖြစ်ပါတယ်၊ ကျောက်တောင်ဒေသမှာတုန်းက ကျွန်တော်ဟာ ခင်ဗျားတို့နှစ်ယောက်ကို ကယ်တင်ကူညီခဲ့ဖူးပါတယ်၊ ဒီကောင်ဟာ လူကောင်းမဟုတ်ဘူး၊ လူ ယုတ်မာကောင်ဖြစ်တယ်ဆိုတာလည်း ကျွန်တော်ကိုယ်တိုင်တွေ့ကြုံခဲ့လို့ သိပြီးပါပြီ၊ ဒါပေမယ့် လောလောဆယ်တော့ သူ့ကိုမသတ်ဖို့ ကျွန်တော် တောင်းပန်ပါတယ်၊ သူ့ကိုခွင့်လွှတ်လိုက်ပါ"

လင်ပင်း တွေဝေနေမိသည်။

တန်ကျင်ချင်ကို တစ်ချက်လှမ်းကြည့်လိုက်မိ၏။

တန်ကျင်ချင်ကို သူမက သတ်ချင်သည်။

တန်ကျင်ချင်သည် သစ္စာဖောက်သူတစ်ဦး၊ ယောကျ်ားမပီသသူ တစ်ဦးဖြစ်၏။

ကောက်ကျစ်ယုတ်မာသော ထိုသူအား မင်ဝါလေးက အဘယ်ကြောင့် ခွင့်လွှတ်နိုင်းနေရပါသနည်း။

လင်ပင်းသည် မင်ဝါလေးအား လှမ်းကြည့်ကာ...

"ကျောက်တောင်ဒေသမှာတုန်းက ရှင် ကျွန်မအသက်ကို ကယ်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဟောဒီလူယုတ်မာရဲ့ အသက်ကို ခွင့်လွှတ်ဖို့ လာပြောနေတာကိုတော့ ကျွန်မ နားမလည်
"



မင်ဝါလေးက ...

"သူဟာ ယုတ်မာတာတော့ အမှန်ပဲဗျာ၊ သူနဲ့သူ့ဆရာ အောင်ရန်ချိတို့ပေါင်းပြီး ကျုပ်ကိုအကောက်ကြံတာ၊ ကျုပ်မှာ မသေရုံတမယ်ပါပဲ"

လင်ပင်းက မျက်မှောင်လေးကြုတ်၍...

"ဒါဖြင့် ရှင်က ဘာဖြစ်လို့ သူ့ကိုခွင့်လွှတ်ဖို့ လာတောင်းပန်နေရတာလဲ၊ သူ့လိုလူမျိုးဟာ"

လင်ပင်းစကားမဆုံးခင်မှာပင် မင်ဝါလေးက လက်ကာပြလိုက်ပြီး ပြုံး၍...

"သူ့လိုလူစားဟာ လူ့လောကထဲမှာ မထားထိုက်ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် ကျွန်တော့်ဆရာ တန်ချူးခေ့ဟာ သူ့ရဲ့ဦးလေးတော်ဖြစ်နေတယ်၊ ဆရာ့မျက်နှာကိုထောက်ပြီး ကျွန်တော် သူ့အသက်ကို မသေစေချင်ဘူး၊ ဒါကြောင့် ခွင့်လွှတ်ဖို့ ခလိုဝင်ပြီး တောင်းပန်ရတာပါ"

လင်ပင်းမှာ သက်ပြင်းတစ်ချက် အသာချပစ်လိုက်မိသည်။

"ဩော် ...ရှင်ဟာ ဦးဦးတန်ရဲ့တပည့်ကိုး၊ ဦးဦးတန် ဘယ်လို လူစားလဲဆိုတာ ကျွန်မ သိပါတယ်၊ ကောင်းပြီလေ၊ ဦးဦးတန်ရဲ့မျက်နှာကိုထောက်ထားတဲ့အနေနဲ့ရော၊ ကျွန်မရဲ့အသက်ကို ကျောက်တောင်ဒေသမှာတုန်းက ကယ်တင်ခဲ့ဖူးတဲ့ ရှင့်ရဲ့ကျေးဇူးကို စောင့်သိတဲ့အနေနဲ့ရော ဒီတစ်ခါတော့ သူ့ကိုခွင့်လွှတ်လိုက်ရတော့မှာပေါ့"

ပြောပြောဆိုဆိုဖြင့် လင်ပင်းသည် သူ့မဏ်ဓားအား ပြန်လည် ရုပ်သိမ်းလိုက်သည်။

မင်ဝါလေးက ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက် ကစားလိုက်ပြီး ...

"နောက်တစ်ခု ကျွန်တော်ထပ်ပြီးတောင်းပန်ချင်တာကတော့ ခင်ဗျား ဒီကအမြန်ဆုံးထွက်သွားပါဗျာ ..."

လင်ပင်း တအံ့တသြဖြစ်သွားသည်။

မကျေနပ်သံဖြင့် ပြန်လည် မေးမြန်းလိုက်၏။

"ကျွန်မက ဒီကအမြန်ဆုံးထွက်သွားရမယ် ဟုတ်လား။ ဘာဖြစ်လို့ ထွက်သွားရမှာလဲရှင်"

မင်ဝါလေးသည် တန်ကျင်ချင်အား လှမ်းကြည့်လိုက်၏။

တန်ကျင်ချင်မှာ အရုပ်ကြိုးပြတ် ပုံစံမျိုးဖြင့် သူတို့အားကြည့်ကာ မသက်မသာထိုင်နေသည်။

လင်ပင်းက ...

"ပြောလေ ... ကျွန်မက ဘာလို့ဒီကထွက်သွားရမှာလဲ"

မင်ဝါလေးက သက်ပြင်းတစ်ချက် အသာချကာ ...

"ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်ရဲ့ဆရာ လူနီကြီး အောင်ရန်ချုံဟာ မကြာခင် ဒီကိုပြန်ရောက်လာမှာမို့ပါပဲ၊ သူကျွန်တော့်ကို လိုက်ရှာနေတယ်၊ ကျွန်တော်ဟာ လောလောဆယ်မှာ သူ့ရဲ့မိုးကြိုး လက်ဝါးနဲ့ အဆိပ်ငွေ့ဒဏ်ကို ခံထားရတယ်၊ အတွင်းဒဏ်ရာက ကောင်းကောင်း မပျောက်သေးဘူး၊ ဒီတော့ ဒီကောင်ကြီးနဲ့ ယှဉ်ဖို့မဖြစ်နိုင်သေးဘူး၊ ခင်ဗျားလည်း ယှဉ်လို့မလွယ်ဘူး၊ ဒါကြောင့် ဒီနေရာက ရှောင်ထွက်သွားဖို့ ပြောနေတာပါ"

မင်ဝါလေးက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။

ဤတွင် လင်ပင်းက ...

"ကျွန်မက ထွက်ပြေးရှောင်တိမ်းသွားပါပြီတဲ့၊ ရှင်ကကော"

မင်ဝါလေးက မထီတရီအပြုံးဖြင့် ...



"ကျွန်တော့်အတွက် စိတ်မပူပါနဲ့၊ သေတဲ့ရှင်တဲ့ကိစ္စတွေဟာ ကျွန်တော့်အတွက် အဆန်းမဟုတ်တော့ပါဘူး၊ နောက်တစ်ချက်ကလည်း ကျွန်တော်က အတွင်းဒဏ်ရာရထားတဲ့ လူဆိုတော့ ခင်ဗျားနဲ့ အတူထွက်ပြေးနိုင်မှာမဟုတ်ဘူး"

မင်ဝါလေး စကားအဆုံးတွင် လင်ပင်းက သူမ၏အင်္ကျီအိတ်ထဲမှ ရုတ်တရက် လက်နှိုက်လိုက်၏။

ထို့နောက် ...

ပုလင်းများထဲမှ ဆေးနှစ်လုံးကို လက်ဖဝါးပေါ်သွန်ချလိုက်၏။

ဆေးနှစ်လုံး၏အရောင်မှာ မတူပါ။ တစ်လုံးက အစိမ်းရောင်ဆေးလုံးဖြစ်ပြီး ကျန်တစ်လုံးမှာ အနက်ရောင်ဆေးလုံးဖြစ်၏။

လင်ပင်းသည် ဆေးလုံးနှစ်လုံးအား မင်ဝါလေးဘက်သို့ လှမ်းပေးလိုက်၏။

"အစိမ်းရောင်ဆေးလုံးက ကျန်ရှန်တောင်ပေါ်မှသာ ပေါက်တဲ့ ဆီးနှင်းကြာပန်းနဲ့ ဖော်စပ်ထားတာပါ၊ အဆိပ်ကို ပြေပျောက်စေနိုင်ပါတယ်၊ အနက်ရောင်ဆေးလုံးကတော့ ရှောင်လင်ပင်မသိုင်းအဖွဲ့ရဲ့ လက်သုံးဖြစ်တဲ့ အတွင်းအားတိုးဆေးလုံးပါပဲ၊ ဒီဆေးနှစ်လုံးကို စားလိုက်ပါ၊ ဒါဆို မကြာခင် ရှင့်ရဲ့နဂိုအတွင်းအားကို ပြန်ရမှာသေချာပါတယ်"

"အခုချက်ချင်း အတွင်းအား ပြန်ရမှာလား"

လင်ပင်းက ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူးလေ၊ လောလောဆယ်တော့ ချက်ချင်းကြီး နဂိုအတိုင်း ဘယ်ပြန်ကောင်းနိုင်ပါ့မလဲ၊ အခု ဒီဆေးစားထားမှ နက်ဖြန်လောက်ဆို ပြန်ကောင်းနိုင်မှာပေါ့"

မင်ဝါလေး ပြုံးလိုက်မိသည်။

"နက်ဖြန်ဆို အချိန်မရတော့ဘူး၊ အောင်ရန်ချုံဆိုတဲ့ငနဲကြီး ခုပဲပြန်ရောက်တော့မှာ၊ ဒီတော့ ညီမအနေနဲ့သာ လွတ်အောင်ပြေး ကျွန်တော့်အတွက် ဘာမှပူမနေပါနဲ့ ဟုတ်လား"

လင်ပင်းက မပြေးပါ။ သူမသည် မင်ဝါလေးအားကြည့်၍သာ

"ဆေးကို အရင်သောက်ပါဦးလေ၊ သောက်ပြီးတဲ့အခါကျ ပြောစရာရှိတာ ပြောကြတာပေါ့၊ တကယ်လို့ အောင်ရန်ချုံ ပြန်လာ ရင်လည်း ဂရုစိုက်စရာမလိုပါဘူး၊ သူ့ကိုယှဉ်ပြိုင်နိုင်တဲ့နည်းလမ်းတစ်ခု ကျွန်မမှာ ရှိပါတယ်"

"ဘယ်လိုနည်းလမ်းမျိုးလဲဆိုတာ ပြောပါဦး"

လင်ပင်းသည် တန်ကျင်ချင်အား မေးထိုးပြလိုက်ပြီး...

"သူ့ကို ဓားစာခံအဖြစ် ဖမ်းထားမယ်ရှင်၊ ဒါဆို အောင်ရန်ချုံ နဲ့ ကျွန်မတို့ အပေးအယူလုပ်လို့ရတာပေါ့ ဟုတ်ဘူးလား"

မင်ဝါလေးက ခေါင်းကိုဖြည်းလေးစွာ ခါယမ်းပြလိုက်မိလေ သည်။

"ယောကျ်ားပီသတဲ့သူဟာ ဒီလိုမလုပ်ရဘူး၊ မလုပ်တတ်ဘူး ခင်ဗျ၊ ရန်သူနဲ့ ခိုးချောင်ခိုးဝှက်ယှဉ်ပြိုင်ရမှာ စိတ်မလုံဘူး"

မင်ဝါလေး၏စကားကြောင့် လင်ပင်းခမျာ ဒေါသဖြစ်ရတော့ မလိုလို ရယ်ရတော့မလိုလို ဖြစ်သွားမိတော့၏။

"ရှင့်အနေနဲ့ ယောကျ်ားပီသဖို့အရေးကြီးပေမယ့် ကျွန်မက ယောကျ်ားမှမဟုတ်ဘဲရှင့်၊ မိန်းမဆိုတော့ မိန်းမညာဏ်ပဲ သုံးရမှာပေါ့ ကပါလေ...ရှင်မလုပ်ချင်လည်း အသာနေလိုက်ပေါ့၊ ကျွန်မကတော့ ဒီအတိုင်းလုပ်ရမှာပဲ"



မင်ဝါလေးမှာ ခေါင်းကိုသာ လေးပင်စွာ ခါရမ်းနေမိလေသည်။

"အမှန်က ခင်များဒီလိုစိတ်ကူးတာ အင်မတန်အန္တရာယ်များတဲ့ အလုပ်ကိုလုပ်ဖို့ကြံစည်တာနဲ့ အတူတူပဲ၊ ခင်ဗျားရဲ့ အကြံပိုက်ကိုင် တောင်းဆိုမှုနဲ့ သူဒီနေရာ ထွက်သွားတာတောင် အချိန်မရွေး ပြန်လာ နိုင်တယ်"

"ဒါတော့ ကျွန်မနည်းနဲ့ကျွန်မ အချိန်ဆွဲပြီး အောင်ရန်ချုံကို အလျော့အတင်း လုပ်ယူရမှာပေါ့ရှင်၊ ရှင် ခုနေဆေးသောက်လိုက်ရင် နက်ဖြန်ဆို ရှင်သူ့ကို ကောင်းကောင်းရင်ဆိုင်နိုင်ပြီ၊ နက်ဖြန်ထိ ကျွန်မ ကြိုးစားပြီး အချိန်ဆွဲထားမယ်ရှင် ဘယ့်နှယ်လဲ"

မင်ဝါလေးမှာ ခေါင်းကို ခါယမ်း၍သာ...

"သိပ်အန္တရာယ် များပါတယ်ဗျာ၊ ဟိုလူဆိုးကလည်း ဉာဏ် သိပ်များတာဗျ၊ မဖြစ်ပါဘူးဗျာ၊ ခင်ဗျားပြေးပါ၊ လွတ်အောင်သာ ထွက်ပြေးစမ်းပါ"

ဖွတ်အတင်း တိုက်တွန်းလိုက်လေသည်။

သို့ရာတွင်...

လင်ပင်းကတော့ သူ၏တိုက်တွန်းချက်ကို ဖြောင့်ဖြောင့်ကြီး ငြင်းဆန်လျက် ရှိလေ၏။

သူမသည် မင်ဝါလေးအား စိုက်ကြည့်လိုက်ပြီး...

"ဟ...ကျွန်မပြောသလို ရှင်မလုပ်ဘူးလား လုပ်မလား၊ မလုပ် ဘူးဆိုရင် ကျွန်မ..."

သူမသည် စကားကိုခဏဖြတ်ကာ တန်ကျင်ချင်နားသို့ တိုးကပ် လိုက်ပြီး...

"ကျွန်မ သူ့ကိုသတ်လိုက်မယ်ရှင်၊ ကဲ...ဘယ်နှယ်လဲ"

ပြောပြောဆိုဆိုဖြင့် တန်ကျင်ချင်၏လည်ပင်းအား လက်ဖြင့် စောင်းဖြင့်ခုတ်ချရန် ရွယ်လိုက်တော့၏။

မင်ဝါလေးက အထိတ်တလန့်ဖြင့်...

"ဒီလိုမလုပ်နဲ့လေ၊ ခင်ဗျား ဘာဖြစ်ချင်သလဲပြောပါ"

လင်ပင်းက ခပ်တည်တည်ဖြင့်...

"ဒါဆို ရှင် ကျွန်မပေးတဲ့ဆေးကို စားလိုက်၊ ပြီးရင် ပထမ ရှင်ပုန်းခဲ့တဲ့နေရာမှာ ပြန်ပြီး ပုန်းနေပါ၊ ကျွန်မ ဒီမှာ ရှိနေမယ်"

မင်ဝါလေးမှာ လင်ပင်း၏အစီအစဉ်အတိုင်းသာ လိုက်နာရလေတော့၏။

+++

အောင်ရန်ချူက မင်ဝါလေးအား ရှာဖွေနေသည်။

တောင်အောက် တောင်ပေါ်နှင့် မြက်ခင်းလွင်ပြင်တစ်ဝိုက်ပါ မကျန် လိုက်ရှာသည်။

အရိပ်အယောင်ပင် မတွေ့ရသဖြင့် ...ပတ်ထဲတွင် စိတ်ကူးတစ်မျိုး ဖြစ်ပေါ်လာသည်။

"အင်း...ဒီကောင်လေး ဒီလောက်ဝေးဝေးကို ရောက်ဦးမှာ မဟုတ်ဘူး။ ကဲ...ပတ်ဝန်းကျင်မှာ ပုန်းချင်ပုန်းနေမှာ၊ ငါသေသေချာချာ ပြန်ရှာကြည့်မယ်"

သူသည် အထက်ပါစိတ်ကူးနှင့်အူ အိမ်ဘက်သို့ခြေလှမ်းကျဲကျဲ လှမ်းကာ ပြန်လှည့်လာလေတော့၏။

ကဲအိမ်ပေါက်ဝသို့ သူရောက်သွားသောအခါ အိမ်ထဲတွင် လူရောက်နေခြင်း အကဲခတ်သိလိုက်သည်။

သူသည် ထုတ်ခနဲဖြစ်သွားပြီး ကိုယ်ကို အသင့်အနေထား အတိုင်း ပြင်ဆင်လျက်...



"ဟိတ်...အိမ်ထဲက ဘယ်သူလဲကွ"

"ကျွန်မပါ၊ ရှင်ရှေ့မတိုးပါနဲ့၊ ရှင်ခြေတစ်လှမ်းတိုးရင် ရှင်တပည့်ကိုသတ်ပစ်ဖို့ ဆုံးဖြတ်ထားပါတယ်"

မိန်းကလေးတစ်ယောက်၏ အေးဆေးစွာ ပြန်ပြောလိုက်သော အသံတစ်သံ ထွက်ပေါ်လာသည်။

အောင်ရန်ချူသည် တဲအတွင်းသို့ အသေအချာ တစ်ချက် ကြည့်လိုက်၏။

သူမျှော်လင့်ထားသလို အိမ်ထဲတွင် ရောက်နေသူမှာ မင်ဝါလေး မဟုတ်ဘဲ လင်ပင်းဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

အောင်ရန်ချူသည် လင်ပင်းကို တွေ့မြင်သောအခါ ပိုပြီး စိတ်မသက်မသာ ဖြစ်သွားမိ၏။

လင်ပင်း...

သူ့ကို အဆိပ်အိပ်ဆေးကျွေးပြီး ရေခဲအိုင်ထဲမှာ နှစ်သတ်ရန် တန်ကျင်ချင်အား သူအကြံပေးခဲ့ခြင်း ဖြစ်သည်။

သူ့အစီအစဉ်အတိုင်း တန်ကျင်ချင် ဆောင်ရွက်ခဲ့သည်ကိုလည်း သူအသိပင် ဖြစ်၏။

သို့သော်...

လင်ပင်းက ယခုတော့ မသေဘဲ မိမိ၏တပည့် အသက် အန္တရာယ်ကိုပင် ခြိမ်းခြောက်ရန် ရောက်ရှိနေခြေပြီတကား။

အောင်ရန်ချူသည် လေပူတစ်ချက် မှုတ်ထုတ်ကာ...

"လင်ပင်း။ နင်နဲ့ တန်ကျင်ချင်တို့ရဲ့ကိစ္စ ငါနဲ့ဘာမှမဆိုင်ဘူး။ ငါ့ကို လာမပတ်သက်နဲ့"

လင်ပင်းက...

"ရှင်နဲ့မဆိုင်ဘူး ဟုတ်လား။ ဒါဆို တန်ကျင်ချင်ကို ကျွန် သတ်ပစ်လည်း ရှင်နဲ့မဆိုင်ဘူးပေါ့။ ရှင်အနေသာကြီးပေါ့ ဟုတ်လား

ဤတွင်...

အောင်ရန်ချိုသည် ပျာပျာသလဲဖြင့်...

"ဟော့...ငါပြောတာ ဒီကလိုသဘောမျိုးမဟုတ်ဘူး။ ကဲ...ပါ မင်းဘယ်လိုဖြစ်စေချင်သလဲပြောပါ။ တို့ချင်း ညှိနှိုင်းပြီးအဖြေရှာကြတ ပေါ့"

အောင်ရန်ချို လေသံပြောင်းသွားသည်။

တန်ကျင်ချင်က သတ်ပစ်မယ်ဆိုသောအခါတွင် သူသည် ညှိနှိ ဆိုသော သဘောမျိုးပြောဆိုလာသည်။

စင်စစ် အောင်ရန်ချိုသည် တန်ကျင်ချင်အား လက်လွှတ် နိုင်သေးပါ။

တန်ကျင်ချင်နှင့် ပူးပေါင်းပြီး သူ့အကျိုးစီးပွားအတွက် ဆော ရွက်စရာကိစ္စ အမြောက်အမြားရှိနေသည် မဟုတ်ပါလား။

ထို့ကြောင့် တန်ကျင်ချင်အား သူလက်လွှတ်မခံနိုင်သေးခြင်းဖြ သည်။

သို့မဟုတ်ပါက သူ့ဉာဏ်မှုသည်းခံနေမည်မဟုတ်ပါ။ တန်ကျန် သေသည့် သူ ဂရုမစိုက်ပါ။

လင်ပင်းကလည်း ထိုသဘောကို နားလည်သည်။

ထို့ကြောင့်

အညှာကိုကိုင်ကာ အပေးအယူညှိနှိုင်းနေခြင်းဖြစ်၏။

အောင်ရန်ချိုသည် အိမ်တွင်းသို့ အကဲခတ်သလို တစ်ချ ကြည့်လိုက်သည်။



"လင်ပင်း မင်းဘာလိုချင်သလဲ၊ ဘာဖြစ်ချင်သလဲ ပြောပါ"

ဤတွင် လင်ပင်းက

"တစ်အချက်အနေနဲ့ ရှင်ဒီနေရာ အခုချက်ချင်းထွက်သွားစေ ချင်တယ်"

"ငါထွက်သွားရမယ် ဟုတ်လား။ တန်ကျင်ချင်ကို ငါထွက်သွား တုန်း နင်ဘာလုပ်မှာလဲ"

"ဘာမှမလုပ်ဘူး။ ပထမတုန်းကတော့ ကျွန်မ တန်ကျင်ချင် ကို လက်စားချေဖို့ လာတာပဲ၊ အခုတော့ ရှင်သိသွားပြီဆိုတော့ ကျွန်မ လက်စားမချေနိုင်တော့ဘူး။ ဒါပေမယ့် အသက်ခြင်းလဲဖို့တော့ ဆုံးဖြတ်ထားတယ်၊ ရှင်အိမ်ထဲကို တစ်လှမ်းဝင်လိုက်တာနဲ့ သူ့ကို ကျွန်မ သတ်ပစ်လိုက်မှာပဲ၊ ပြီးမှ ကျွန်မအသေခံမယ်"

"ငါပြောပြီးပြီမဟုတ်လား။ နင် သူ့ကို သတ်စရာမလိုဘူး။ နင်လည်း အသေခံစရာမလိုဘူး၊ တို့ချင်းအပေးအယူလုပ်ကြတာပေါ့"

လင်ပင်းက သဘောကျစွာ ရယ်မောလိုက်၏။

"ဟင်း...ဟင်း...ဟုတ်တယ်လေ၊ ရှင်ပြောတဲ့ အပေးအယူ လုပ်မယ့်ကိစ္စကိုပဲ ကျွန်မကလည်း ပြောနေတာပါ၊ တစ်အချက် ရှင် ဒီနေရာက ထွက်သွား၊ နှစ်အချက် နက်ဖြန်မနက်မှ ဒီကိုပြန်လာခဲ့၊ ဒါက ရှင့်ဘက်က လိုက်လျောရမယ့်အချက်၊ ကျွန်မဘက်ကတော့ နက်ဖြန် ရှင်ပြန်လာတဲ့အခါမှာ ကျွန်မဟာ တန်ကျင်ချင်ကို လက်ဖျား နဲ့တောင် မတို့ဘဲ ဒီနေရာကထွက်သွားပြီးသား ဖြစ်စေရမယ်လို့ ကတိ ပေးတယ် ရှင်၊ ရှင်ဒီအနီးတစ်ဝိုက်မှာ ရှိနေလေကတော့ ကျွန်မ အသက်အန္တရာယ်ကို စိတ်မချရတဲ့အတွက် ကျွန်မလည်း ဒီအတိုင်း ထွက်မသွားရဲဘူး"

အောင်ရန်ချိုသည် ခေတ္တမျှတွေဝေသွားသည်။

သူသည် အပြန်အလှန် စဉ်းစားပြီးသောအခါကျမှ…

"ဒီလိုလုပ်ပါလား။ မင်းအခု တန်ကျင်ချင်ကို ငါနောက်…

ဖမ်းပြီးခေါ်ခဲ့၊

တန်ကျင်ချင်ဟာ သွေးကြောအပိတ်ခံထားရတယ်၊ သူ လ…

လှော့ကိုရွဲလှော့နိုင်မှာ၊ မင်းကို တိုက်ခိုက်ခဲ့မှာ မဟုတ်ဘူး။ ငါလည်း…

မင်းကို မတိုက်ရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါက မင်းကိုတိုက်လို…

တာနဲ့ မင်းက ငါ့တပည့်ကို အသေသတ်တော့မှာ မဟုတ်လာ…

ဒီအဖြစ်မျိုးကို ငါမလိုလားဘူး"

ထိုစဉ်…

လင်ပင်းက ဖြတ်မေးလိုက်၏။

"နေပါဦး…ကျွန်မ တန်ကျင်ချင်ကိုဖမ်းပြီး ရှင့်နောက်က လိုက်…

ရမယ် ဟုတ်လား။ ဘာကြောင့်လိုက်ရမှာလဲ၊ ဘယ်အထိလိုက်ရမှာလဲ…"

အောင်ရန်ချိုက လေသံအေးအေးဖြင့်…

"တောင်အောက်အထိ လိုက်ခဲ့ရုံပါပဲ၊ တောင်အောက်ရောက်…

အခါကျတော့ မင်း တန်ကျင်ချင်ကို ငါ့လက်ထဲအပ်ပါ၊ နောက်တစ်နေ့…

အပ်ချင်လည်း အပ်ပေါ့၊ နောက်တစ်နေ့အထိ မင်းကို ငါမတိုက်ခိုက်…

ဘူးဆိုတာ ကတိပေးပါတယ်၊ အမှန်တော့ အိမ်ထဲမှာ အလဲအလှယ်…

လုပ်တာထက်စာရင် တောင်အောက်မြက်ခင်းလွင်ပြင်မှာ အလဲအလှယ်…

လုပ်တာဟာ မင်းအတွက်လည်း ပိုကောင်းပါတယ်"

အောင်ရန်ချိုသည် ထိုစကားများအား အေးဆေးစွာ ဆွေးနွေး…

သည့်အနေဖြင့် ပြောဆိုလိုက်လေသည်။

အမှန်စင်စစ်…



လင်ပင်းအား တောင်အောက်အထိ ခေါ်ဆောင်နေခြင်းမှာ တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောမျိုးဖြင့် မင်ဝါလေးကို ရှာဖွေရန် ဖြစ်သည်။

သူ့နည်းက ခဲတစ်လုံးတည်းဖြင့် ငှက်နှစ်ကောင်အား တချိန်တည်း ပစ်ဖမ်းသောနည်းဖြစ်၏။

လင်ပင်းသည် အောင်ရန်ချို၏စကားများကို ကြားသောအခါ သဘောတူမိသွားသည်။

"ကောင်းပြီလေ၊ ဒါဆို ရှင် ရှေ့သွားနှင့်၊ ကျွန်မနဲ့ တန်ကျင်ချင် နောက်က လိုက်ခဲ့မယ်၊ ကဲ…တန်ကျင်ချင် ထစမ်း၊ အောင်မယ် ဒီလိုကပ်ပြီး သွားလို့ ဘယ်ဖြစ်မလဲ၊ ကဲ…ဒီလိုနေ"

တန်ကျင်ချင်၏လည်ပင်းအား လင်ပင်းက လက်ယာဘက်မှ နေ၍ ဓားဦးနှင့်ထောက်ကာ တဲအပြင်ဘက်သို့ ခေါ်ဆောင်လာခဲ့တော့၏။

ဆရာတပည့်နှစ်ယောက်အနက် တစ်ယောက်က ယုတ်မာရန် ဟန်ပြင်လျှင် တန်ကျင်ချင်၏ လည်ပင်းအား ဖြတ်ပစ်လိုက်မည်ဟု လင်ပင်းက ဆုံးဖြတ်ထားသည်။

သူမက အောင်ရန်ချိုတို့နှင့်အတူ တောင်အောက်သို့ လိုက်ပါလာခဲ့ခြင်းမှာလည်း မင်ဝါလေးအတွက် လွတ်လွတ်လပ်လပ်လှုပ်ရှားစေလို၍ဖြစ်သည်။

မင်ဝါလေးနှင့် အောင်ရန်ချို လောလောဆယ်ထိပ်တိုက်မတွေ့စေလိုပါ။ နောက်နေ့ မင်ဝါလေးမှာ အားပြည့်လာသော အခါကျမှ တောင်အောက်တွင် လွတ်လွတ်လပ်လပ် ရင်ဆိုင်ကြရုံပင်။

မင်ဝါလေး အကြီးအကျယ် စိတ်ပူနေမိသည်။

လင်ပင်းအတွက် စိတ်ပူနေခြင်းဖြစ်သည်။ လင်ပင်း ဤသို့ လုပ်သည်မှာ မှားသည်ဟု သူထင်သည်။

လင်ပင်း၏အကြံအစည်မှာ အသည်းယားဖွယ်ရာကောင်းသော အကြံအစည်ဖြစ်သည်။

လင်ပင်း၏ လက်ရှိအခြေအနေမှာ သူမတစ်ယောက်တည်း ကောက်ကျစ်စဉ်းလဲသော ကျားဆိုးနှစ်ကောင်နှင့် ရင်ဆိုင်နေရသော အခြေအနေဖြစ်သည်။

မင်ဝါလေးသည် ထိုအချက်ကို သဘောပေါက်စွာဖြင့် လင်ပင်းအတွက် စိုးရိမ်မကင်းဖြစ်နေမိသည်။

လင်ပင်းပေးခဲ့သော ဆေးနှစ်လုံးကို သူသောက်ခဲ့သည်မှာလည်း အချိန်အတော်ကြာမြင့်သွားပြီဖြစ်၏။

ဆေးကား ဆေးစွမ်းကောင်းဖြစ်ဟန်တူသည်။

ဆေးသောက်ပြီးသည်နှင့် တစ်ကိုယ်လုံးနွေးထွေးကာ အားပြည့်လန်းဆန်းလာသလို ခံစားမိရသည်။

သူသည် ပူပင်ကြောင့်ကျမှုများကို ခေတ္တမျှဘေးဖယ်ပစ်လိုက်သည်။

တခြားမည့်သည့်အကြောင်းအရာကိုမျှ စဉ်းစားမနေတော့ဘဲ တင်ပျဉ်ခွေထိုင်ကာ ချန်တန်ဖုန်၏ အတွင်းအားကျင့်စဉ်အတိုင်း ထွက်သက် ဝင်သက်ကိုသာ မှန်မှန် ရှုမှတ်နေလိုက်၏။

ထွက်သက်...ဝင်သက်...

ဝင်သက်...ထွက်သက်စသည်ဖြင့် အချိန်မည်မျှကြာသွားသည် မသိပါ။

လူတစ်ကိုယ်လုံးပေါ့ပါးကာ ရုတ်တရက်လန်းဆန်းလာပြီး အားအင်ပြည့်ဝလာသည်။



မင်ဝါလေးသည် ခုန်ထလိုက်ပြီး အလိုက်သင့်ထိုးထွက်နေသည့် ကျောက်တောင်စွန်းတစ်ဝက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချပစ်လိုက်လေ၏။

သူတစ်ယောက်တည်း အားရပါးရ မြူးတူးစွာ အော်ဟစ်လိုက်လေသည်။

"ဟား...ဟား...အောင်ရန်ချူကို ငါအခုကြောက်ဖို့မလိုတော့ဘူးကွ"

မှန်ပါသည်။

ယခုအခါတွင် သူသည် သူ့မူလစွမ်းရည် ဆယ်ပုံကိုးပုံခန့်ကို ပြန်လည်ရရှိလာပြီဖြစ်ပါသည်။

လင်ပင်းခန့်မှန်းချက်အရ ဆေးသောက်ပြီးတစ်ရက်ခန့်အကြာမှ မူလစွမ်းအားပြန်ရ ရမှာဖြစ်သည်။

ယင်းမှာ ဆေး၏စွမ်းအား အာနိသင်သက်သက် အရသာဖြစ်ပါ၏။

ယခုတော့ ချန်တန်ဖုန်၏ အတွင်းအားကျင့်စဉ်နှင့် ဆေးတန်ခိုးတို့ ပေါင်းစပ်မှုဖြင့် ဆန်းကျယ်သော အကျိုးသက်ရောက်မှုရရှိလာခြင်းဖြစ်သည်။

မင်ဝါလေးက ကောင်းကင်ပြင်သို့ မော့ကြည့်လိုက်၏။

ကောင်းကင်ပေါ်တွင်မူ နေမင်းသည် မွန်းတည့်ချိန်ရောက်နေပြီဖြစ်ကြောင်း ဖော်ပြနေလေသည်။

သို့ဆိုလျှင်...

လင်ပင်းတို့ထွက်ခွာသွားသည်မှာ မည်သို့မျှ ကြာဦးမည်မဟုတ်ပါ။

မင်ဝါလေးသည် ကိုယ်ကိုဆန့်ကာ အကြောဖြေလိုက်၏။

ထို့နောက်တွင်မူ တောင်အောက်သို့ လွှားခနဲခုန်ဆင်းပြေးလိုက်သွားလေတော့၏။

❑ ❑ ❑

အောင်ရန်ချိုက ရှေ့မှ စိုက်စိုက် စိုက်စိုက်နှင့် သွားနေ၏။

သူ့အနောက်ဘက်ရှိ သူနှင့် ခြေလှမ်း (၁၅)လှမ်းခန့်အကွာတွင်မူ…

လင်ပင်းသည် တန်ကျင်ချင်အား လည်ပင်းကို ဓားဦးနှင့်ချိန်ရွယ်ကာ ခေါ်ဆောင်လာသည်။

လမ်းမှာ ပြေလျော့ခြင်းမရှိပါ။

တောင်အောက်သို့ ဆင်းသောလမ်းဗီဗီ တစ်ခါတစ်ရံတွင် မတ်စောက်သောလမ်းများအတိုင်း ဆင်ခြေလျော လျှောက်လှမ်းရသည်။

ထိုအခါမျိုးတွင် လက်တစ်ဖက်မှ ရန်သူ၏လည်ပင်းအား ဓားဦးဖြင့် ချိန်ရွယ်ရင်း အခြားတစ်ဖက်မှ ခန္ဓာကိုယ်ကို အသင့်အနေအထားအတိုင်းဖြင့် ထိန်းပြီးလျှောက်လှမ်းနေရသော လင်ပင်းမှာ များစွာအခက်အခဲတွေ့နေရှာသည်။

တန်ကျင်ချင်မှာလည်း မသက်သာလှပါ။

လည်ပင်းတစ်ပိုက်တွင် ချွန်ထက်သော ဓားဦးကြီးတဝဲဝဲဖြင့် တောင်ဆင်းလမ်းအတိုင်း တုံ့နှေးစွာဆင်းသက်နေရသည်။

ထို့ကြောင့်…

သူသည် မျက်နှာကို အစွမ်းကုန်မဲ့ကာ တညည်းညည်း တညူညူဖြင့်…



"အား…မလွယ်ပါလား။ မတော်တဆ ဓားဦးလည်ပင်းထဲစိုက်ဝင်သွားရင်တော့ ပွဲချင်းပြီးပဲ"

သူသည် ညည်းညူသံကိုကြားသောအခါ လင်ပင်းသည် မျက်နှာမဲ့လိုက်မိသည်။

"တကယ်ဆိုရင် ရှင်လိုလူစားမျိုးက သတ်ပစ်ဖို့ပဲ ကောင်းတယ်၊ ကျွန်မ မင်ဝါလေးဆီမှာ ကတိပေးထားလို့သာပေါ့"

တန်ကျင်ချင်က မျက်နှာသေလေးဖြင့်…

"အစ်ကိုက သေလူပါ၊ ညီမအစ်ကို့ကို သတ်ပစ်လိုကတော့ ဆယ်ခါပြန်သေရဲပါတယ်၊ အခုဟာက လည်ပင်းကို ဓားဦးနဲ့တေ့ထားတာဆိုတော့…တစ်ခါ တောင်ဆင်းလမ်းကလည်း ဖြစ်နေတယ်ဆိုပြန်တော့ အသက်ရှုရကျပ်လွန်းလို့သာ ပြောနေမိတာပါ၊ အစ်ကို ထွက်မပြေးနိုင်ပါဘူး။ ထွက်ပြေးဖို့လည်း မကြိုးစားဝံ့ပါဘူး။ နည်းနည်းလေးလောက် လျော့ပေးပါနော်"

တန်ကျင်ချင်သည် ပါးစပ်က သနားစဖွယ်ရာ တောင်းပန်နေသော်လည်း ရင်ထဲတွင် ရက်စက်ယုတ်မာစွာ အကောက်ကြံတတ်သော လူစားမျိုးလည်း ဖြစ်၏။

စင်စစ်…

သူသည် အင်အားပြန်လည်ပြည့်ဝသင့်သလောက် ပြည့်ဝနေပြီဖြစ်၏။

သို့ရာတွင်…

သူသည် ယခုအချိန်ထိ လုံးဝအင်အားယုတ်လျော့နေဟန်ဆောင်လျက် တုံ့နှေးစွာ လျှောက်လှမ်းနေ၏။

လေသံကိုလည်း လျော့ကာ ဖျော့တော့စွာ ပြောနေ၏။

အမှန်တော့ ဟန်ဆောင်နေခြင်းဖြစ်သည်။

အခွင့်သင့်လျှင် လင်ပင်းကို အလစ်တိုက်ခိုက်ရန်ကြံစည်နေသည်။

လင်ပင်းကတော့ မသိပါ။

သူ့အား အင်အားယုတ်လျော့နေသူတစ်ဦးအဖြစ်သာ ယုံကြည်နေမိဆဲဖြစ်၏။

ထို့ကြောင့်...

ဓားဦးကို လည်ပင်းသို့ ချိန်ထားရာမှ နောက်ဘက်သို့ ပြောင်းချိန်လိုက်သည်။

"ကဲ...ရှေ့ကသွား။ ယီးတီးယားတားတော့လုပ်မယ်မကြံနဲ့နော်၊ တစ်ခါတည်း ဆောင့်ထိုးပစ်လိုက်မယ်"

သူမက ငြိမ်းခြောက်လိုက်၏။

သို့ဖြင့်...

တန်ကျင်ချင်သည် ရှေ့မှ တုံ့နှေးတုံ့နှေးဖြင့် လျှောက်ရပြန်လေသည်။

လင်ပင်းက သူ၏နောက်ကျောဘက်မှ ဓားဦးဖြင့် ချိန်ရွယ်ကာ လိုက်လာ၏။

သူတို့နှစ်ယောက်နှင့် ရှေ့နားဆယ်လှမ်းခန့်အကွာတွင်မူ အောင်ရန်ချူက လျှောက်နေလေသည်။

ထိုသို့ လျှောက်လာကြရင်းမှ...

အတန်ကြာသောအခါ အောင်ရန်ချူသည် ရှေ့မှလျှောက်နေရာမှ ရုတ်တရက် ရပ်တန့်လိုက်သည်။

သူသည် တင်းမာသောမျက်နှာဖြင့် နောက်သို့လှည့်ကာ...



"နောက်က ဒိုးကြောင်ခိုးဝှက်လိုက်လာတာ ဘယ်သူလဲကွ"

ဟု အော်ငေါက်မေးမြန်းလိုက်၏။

လင်ပင်း၏နားထဲတွင်လည်း 'ဝှစ်' ခနဲ လိုက်လာသော ခြေသံကို ကြားလိုက်ရ၏။

နောက်သို့ လှည့်ကြည့်လိုက်မိသည်။

တောင်ကွယ်တစ်ခုမှ လူရိပ်တစ်ခုသည် လှစ်ခနဲပြေးထွက်လာနေ၏။

"မင်ဝါလေး"

လင်ပင်းသည် အံ့ဩစွာ လွှတ်ခနဲခေါ်လိုက်မိ၏။

မင်ဝါလေး လိုက်လာသည်ကို သူမတအံ့တဩဖြစ်သွားမိသည်။

ထို့ကြောင့်...

တဒင်္ဂမျှ ရန်သူကို သတိလစ်သွားမိ၏။

သိုင်းပညာရှင်တစ်ဦးအဖို့ လျှပ်တစ်ပြက်သတိလစ်မိခြင်းပင်လျှင် မဟာအမှားတစ်ရပ်ဖြစ်၏။

လင်ပင်းသည် တောင်ကွယ်တစ်နေရာမှ ထွက်ပေါ်လာသော မင်ဝါလေးကို တွေ့လိုက်သည်နှင့် အံ့ဩတကြီး ဖြစ်သွားပြီး ရန်သူများကိုသတိလစ်သွားတော့သည်။

"ယား ..."

ဟူသော ညာသံပေး အော်ဟစ်သံနှင့်အတူ အော်ရန်ချူသည် သူမအား ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

သူတို့နှစ်ယောက်အကြားတွင်ရှိသော တန်ကျင်ချင်က လိုမ့်ရှောင်ထွက်သွားသည်။

ထိုသို့ ရှောင်ထွက်သွားရင်းမှလည်း လင်ဝင်း၏ခြေထောက်ကို ဖမ်းဆွဲလိုက်သေး၏။

လင်းပင်းမှာ တန်ကျင်ချင်ကို အလစ်မပေးဘဲ ကြည့်နေသဖြင့် တန်ကျင်ချင် လှုပ်ရှားလိုက်သည်နှင့် တိမ်းရှောင်ပြီး ဖြစ်နေသည်။

သူမသည် တန်ကျင်ချင်၏ လက်နှစ်ဖက်ကို ခြေဖြင့်ဆောင့်ကန်ပစ်လိုက်၏။

တစ်ချိန်တည်းမှာလည်း အောင်ရန်ချို၏ တိုက်ခိုက်မှုမှ ကိုယ်ကိုယိမ်းကာ တိမ်းရှောင်လိုက်ရသည်။

လင်းပင်း၏ လှုပ်ရှားမှုမှာ လွန်စွာ လျင်မြန်လှပါ၏။

သူမသည် အောင်ရန်ချို၏ တိုက်ကွက်အား ရှောင်တိမ်းရင်းမှပင် လက်ထဲမှဓားဖြင့် အောင်ရန်ကျို၏ ခြေထောက်အား ခုတ်ချလိုက်တော့၏။

အောင်ရန်ချိုမှာ လင်းပင်း၏ ခုတ်ချက်အား ကမန်းကတန်း တိမ်းရှောင်လိုက်ရတော့၏။

ထို့နောက် ...

သူသည် မိုးကြိုးလက်ဝါးဖြင့် လင်းပင်းအား ပြန်လည် တိုက်ခိုက်လေတော့သည်။

မိုးကြိုးလက်ဝါးသိုင်းကွက်ကား ရက်စက်ပြင်းထန်လှ၏။

သူ၏ လက်ဝါးတစ်ချက် ရိုက်မိလိုက်လျှင်တော့ သက်သာလိမ့်မည် မဟုတ်ပါ။

လှုပ်ရှားနေသော လက်ဝါးနှစ်ဖက်မှ ထွက်ပေါ်လာသော လေပူလှိုင်းများကြောင့် လင်းပင်းမှာ အသက်ရှူကျပ်လာသည်။

လင်းပင်းသည် အံကို တင်းတင်းကြိတ်ကာ ဓားကွက်သုံးကွက်ကို ဆက်တိုက် ထုတ်သုံးလိုက်ရပြန်သည်။

ဓားရောင်မှာ ပတ်ဝန်းကျင်တစ်ခုလုံး၌ ဝင်းလက်သွားတော့သည်။



တန်ကျင်ချင်သည် လဲနေရာမှ ဖျတ်ခနဲ ခုန်ထလိုက်သော်လည်း သူသည် တိုက်ပွဲအတွင်းသို့ မဝင်ရဲသေးပါ။

မမျှော်လင့်ဘဲ အံ့ဩစရာကောင်းလောက်အောင် တိုးတက်လာသော လင်းပင်း၏ ဓားကွက်များကိုကြည့်ကာ သူ ထိတ်လန့်နေသည်။

အောင်ရန်ချိုကိုယ်တိုင်မှာလည်း သူ၏ မိုးကြိုးလက်ကွက်သိုင်းကို ဖြို့ခွင်းပစ်နိုင်သည့် လင်းပင်း၏ ဓားချက်များအား တအံ့တဩ ဖြစ်နေသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အလစ်မပေးစတမ်း ဘိုက်စစ်ဆင်ရင်း တစ်ဦး၏ တိုက်ကွက်များကို တစ်ဦးက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ခုခံကာကွယ်နေကြရသည်။

ထိုစဉ် ...

"ဟေ့ ... အော်ရန်ချို မင်းက မိန်းကလေးတစ်ယောက်နဲ့ ခုလို တိုက်နေရတာ မရှက်ဘူးလား၊ သတ္တိရှိရင် လာခဲ့၊ ယောကျ်ားချင်း ယှဉ်ရအောင်"

စိန်ခေါ်သံနှင့်အတူ မင်ဝါလေးသည် သူတို့ရှိရာသို့ အမြန်ပြေးလာနေသည်။

မင်ဝါလေး ပြေးလာနေသည်ကို မြင်သောအခါ အောင်ရန်ချိုသည် တိုက်ပွဲအား အနိုင်ယူရန် ဆုံးဖြတ်လိုက်တော့၏။

ထို့ကြောင့်လည်း သူသည် လင်းပင်းအား သဲကြီးမဲကြီး တိုက်ခိုက်လိုက်လေသည်၊

လင်းပင်းက ပြင်းပြင်းထန်ထန် ခုခံကာကွယ်နေသည်။

တရိပ်ရိပ် လှုပ်ရှားနေသော အရိပ်နှစ်ခုကိုသာ မြင်တွေ့ရပြီး ဘယ်သူဘယ်ဝါ ခွဲခြားမရတော့လောက်အောင်ပင် တိုက်ပွဲမှာ ပြင်းထန်နေတော့၏။

တစ်ကြိမ်တွင်မူ ...

“ဗြိ ...”

ဟူသော အသံနှင့်အတူ အောင်ရန်ချို၏ အင်္ကျီလက်တစ်ဖက်မှာ ပြတ်ထွက်သွားတော့၏။

လင်ပင်းမှာလည်း နောက်သို့ ခြေလှမ်းငါးလှမ်းခန့် ဒယီးဒယိုင် ဆုတ်သွားရလေသည်။

ထိုသို့ လူချင်း ကွဲသွားကြစဉ်မှာပင် မင်ဝါလေးသည် လွှားခနဲ ရောက်ရှိလာကာ အောင်ရန်ချိုအား ဓားဖြင့် ဝင်ရောက်တိုက်ခိုက်လေတော့၏။

အောင်ရန်ချိုမှာ လင်ပင်းအား ဆက်၍ မတိုက်နိုင်တော့ပါ။ မင်ဝါလေး၏ ဓားကွက်များကိုသာ အလူးအလဲဖြင့် တိမ်းရှောင်နေရလေတော့သည်။

လင်ပင်းသည် မင်ဝါလေးက အောင်ရန်ချိုအား ဝင်ရောက်တိုက်ခိုက်လိုက်သည်ကို မြင်သည်နှင့် တစ်ပြိုင်နက် ချာခနဲ လှည့်ကာ တန်ကျောင်ချင်အား ရင်ဆိုင်လိုက်တော့၏။

တန်ကျောင်ချင်သည် သူ့ဆရာ အောင်ရန်ချို၏ အင်္ကျီကိုပင် ဖြဲဆုတ်ပစ်လိုက်နိုင်သော လင်ပင်း၏ တိုက်ကွက်များကို သူသည် ရင်ဆိုင်မခုခံဝံ့ပါ။

ထို့ကြောင့် ...

တောင်အောက်သို့ ကိုယ်ကို လိမ့်ဆင်းကာ တိုက်ပွဲအတွင်းမှ ဒရောသောပါး ထွက်ပြေးသွားလေတော့၏။

အမှန်တော့ လင်ပင်းသည် အောင်ရန်ချိုနှင့် တိုက်ခိုက်စဉ်က အတွင်းအားဒဏ်ရာ ရထားသဖြင့် တန်ကျောင်ချင်နှင့် ရင်ဆိုင်လျှင် မည်သူနိုင်မည်ဆိုသည်ကို ပြောခ၍မရပါ။



ယခုတော့ တန်ကျောင်ချင်က သရဲဘောကြောင်စွာ ထွက်ပြေးသွားချေပြီ။

သူမသည် အိတ်ထဲမှ ဒဏ်ကြေဆေးတစ်လုံးကို ထုတ်ယူကာ ချက်ချင်း မော့သောက်လိုက်၏။

ထို့နောက် ...

အနီးရှိ သစ်ပင်ကြီးတစ်ပင်ကို မှီပြီး အနားယူရင်း မင်ဝါလေးနှင့် အောင်ရန်ချိုတို့၏ တိုက်ပွဲအား အကဲခတ်ကြည့်ရှုနေလေတော့သည်။

ယခုအချိန်တွင် သူမအဖို့ စောင့်ကြည့်ရုံမှတစ်ပါး အခြားအလုပ်မရှိတော့ပါ။

မင်ဝါလေးသည် မင်မိသားစု၏ မှုိင်ဓားကွက် သိုင်း သုံးဆယ့်ခြောက်ကွက်ကို ဆက်တိုက်အသုံးပြုကာ ရန်သူအား တရကြမ်း ဘိုက်ခိုက်နေလေသည်။

အောင်ရန်ချိုမှာ မင်ဝါလေး၏ ဓားကွက်များအား ရှောင်တိမ်းရင်းမှ သူ၏ အဓိအားကိုးရာဖြစ်သော မိုးကြိုးလက်ဓားသိုင်းဖြင့် မင်ဝါလေးအား တစ်ချက်တစ်ချက်တွင် ပြန်လည်တိုက်ခိုက်သည်။

အောင်ရန်ချို၏ မိုးကြိုးလက်သိုင်းကွက်မှ အပူလှိုင်းများသည် အရပ်ရှစ်မျက်နှာတစ်ခွင် ပျံ့နှံ့နေသလား ထင်ရသည်။

အခိုးအငွေ့များထွက်နေသလားဟုပင် ထင်ရလောက်အောင် ပြင်းထန်လှသော လက်သိုင်းကွက်များကို ကြည့်ကာ လင်ပင်းသည် မင်ဝါလေးအတွက် စိတ်ပူလာမိသည်။

မင်ဝါလေးအား သူသည် အဆိပ်ဖြေဆေး တိုက်ကျွေးခဲ့သော်လည်း မင်ဝါလေးမှာ ယခုမှ အဆိပ်ပြေကာစပင် ရှိသေးသည် မဟုတ်ပါလား။

ထို့ကြောင့် ...

အောင်ရန်ချို၏ မိုးကြိုးလက်ဝါးသိုင်းကွက်အား မင်ဝါလေး မခံနိုင်မည်ကို စိုးရိမ်ပူပန်စိတ်ဖြင့် အော်ဟစ်သတိပေးလိုက်၏။

"မင်ဝါလေး ... ဒီလို လူယုတ်မာတွေနဲ့ ယှဉ်ပြိုင်နေတဲ့အခါမှာ ကျွန်မတို့ သိုင်းလောကရဲ့ စည်းကမ်းကို ထည့်တွက်နေစရာ မလိုဘူး ရှင့်၊ ရှင်က သိုင်းလောကစည်းကမ်းကို အလေးထားနေတယ်"

လင်ပင်း၏ စကားအရ သူမသည် မင်ဝါလေးနှင့် လက်တွဲကာ အောင်ရန်ချိုအား နှစ်ယောက်ပေါင်း၍ တိုက်မည်ဟု သတိပေးလိုက်ခြင်း ဖြစ်၏။

ထိုစကားကို ကြားရသောအခါ အောင်ရန်ချိုမှာ ရင်ထိတ်သွားတော့၏။

သူသည် မင်ဝါလေးကိုပင် မနည်း ယှဉ်ပြိုင်နေရာမှ ယခု လင်ပင်းကပါ မင်ဝါလေးဘက်မှ ဝင်တိုက်ပေးမည်ဟု သိလိုက်ရသဖြင့် ရင်ထိတ်သွားမိခြင်း ဖြစ်သည်။

လင်ပင်းသည် အောင်ရန်ချို၏ မိုးကြိုးလက်ဝါး သိုင်းကို ဖြိုခွင်းသည့် ဓားကွက်များ တတ်ထားသူဖြစ်ကြောင်း စောစောကလေးတည်းကပင် အောင်ရန်ချိုက သဘောပေါက်ထားပြီး ဖြစ်သည်။

ယခု သူတို့နှစ်ယောက်သာ ပူးပေါင်းတိုမည်ဆိုလျှင် ဒိဒိ ရှုံးနိမ့်မည်မှာ သေချာနေပြီ။

သို့ဖြင့် ...

အောင်ရန်ချိုသည် ကမန်းကတန်း ပုံရှောင်လိုက်သော်လည်း မင်ဝါလေး၏ ဓားချက်ကြောင့် သူ၏ နီကျင်ကျင် ဆံပင်များမှာ လေထဲ၌ ပျံ့လွင့်မျောသွားတော့၏။



ထို့ကြောင့် အောင်ရန်ချိုလည်း ဖနောင့်နှင့် တင်ပါး တစ်သားတည်းနေအောင် တောင်အောက်သို့ ထွက်ပြေးသွားရလေတော့သည်။

❑ ❑ ❑

## အခန်း(၃)

# ပညာစမ်းသည့်လူ

မင်ဝါလေးသည် အောင်ရန်ချို၏ နောက်သို့ လိုက်သွားခြင်း မရှိပါ။

သူသည် လင်ပင်းမှာ အောင်ရန်ချို၏ မိုးကြိုးလက်သိုင်းတစ်ချက် ထိသွားသည်ဟု သိလိုက်သည်။

ထို့ကြောင့် ...

စားအိမ်ထဲသို့ ပြန်သိမ်းလိုက်ရင်း လင်ပင်းဘက်သို့ လှည့်ကာ ...

"လင်ပင်း ... ခင်ဗျားဒဏ်ရာ ဘယ်လိုနေသေးလဲ"

သူ့အမေးကြောင့် လင်ပင်းက မျက်မှောင်ကြုတ်၍ ...

"ဘာဒဏ်ရာလဲရှင့်"

"ခင်ဗျား ခုနက အောင်ရန်ချိုရဲ့ မိုးကြိုးလက်ဝါး ထိခဲ့တယ် မဟုတ်လား။ အဲဒါ ဘယ်လိုနေသေးလဲလို့ မေးတာပါ"

လင်ပင်းက သဘောကျစွာ ပြုံးလိုက်သည်။

"ဩော် ... ဒါလား အမှန်တော့ ကျွန်မကို အောင်ရန်ချိုရဲ့ မိုးကြိုးလက်သိုင်း တိုက်ရိုက်မထိခဲ့ပါဘူး။ သူ့ရဲ့ လက်သိုင်းအရှိန် တိုက်ခတ်မိရုံလောက်ပါရှင်၊ ဒါတောင် ရင်ထဲက ပူလာလို့ ဆေးလုံး



တစ်လုံး စားလိုက်ရသေးတယ်၊ ဒါနဲ့ ကျွန်မ အံ့ဩမိတာ တစ်ခုရှိတယ် ရှင့်"

မင်ဝါလေးက မျက်ခုံးပင့်ကာ ...

"ဘာများ အံ့ဩတာလဲ ပြောပါဦး"

"ရှင်က ဒီလောက် အချိန်တိုတိုအတွင်းမှာ အထိပ်ပြေသွားသလဲဆိုတာကို အံ့ဩမိတာပါ။ ကျွန်မရဲ့ဆေးက မနက်ဖြန်မှ ဆေးစွမ်းပြလိမ့်မယ်လို့ ထင်နေတာ"

မင်ဝါလေးက ပြုံးလိုက်မိသည်။

"ဟုတ်တယ် ... ကျွန်တော်လည်း ဒါလောက် မြန်မြန် ပျောက်ကင်းလိမ့်မယ်လို့ မထင်ခဲ့မိဘူး၊ ဒါဟာ ညီမရဲ့ ဆေးကြောင့်ပဲ ဟို ... အောင်ရန်ချိုဆိုတဲ့ ငနဲကြီးကိုလည်း ညီမက လှန့်ထုတ်လိုက်လို့တာပေါ့၊ တကယ်လို့ နောက်နာရီဝက်လောက်သာ ဆက်ပြီး တိုက်ရမယ်ဆိုရင် ကျွန်တော် မလွယ်ဘူး"

ထို့နောက်တွင်မူ ...

သူတို့နှစ်ယောက်သည် တောင်အောက်သို့ စကားတပြောပြောဖြင့် အတူတကွ ဆင်းသွားကြတော့၏။

သူတို့ လျှောက်ခဲ့ရာ လမ်းတစ်လျှောက်တွင် တန်ကျင်ချင်ကိုသော် လည်းကောင်း၊ အောင်ရန်ချိုကိုသော်လည်းကောင်း အရိပ်အယောင်မျှပင် မမြင်တွေ့ရတော့ချေ။

နှစ်ယောက်စလုံး ကိုယ်လွတ်ရုန်းပြေးကုန်ကြပြီ ထင်၏။

မင်ဝါလေးနှင့် လင်ပင်းတို့သည် တစ်ယောက်ကို တစ်ယောက် ယုံကြည်စိတ်ချစွာဖြင့် တစ်ဦး၏ နောက်ကြောင်းကို တစ်ဦးအား ပြောဆိုလာခဲ့ကြလေသည်။

အထူးသဖြင့် လင်ပင်းသည် သူမအပေါ်၌ တန်ကျင်ချင် မည်
အကောက်ကြံခဲ့ကြောင်းကို မင်ဝါလေးအား ပြောပြနေသည်။

"ကျောက်တောင်ဒေသက ထွက်လာကတည်းက သူနဲ့ကျွ
သဘောထား ကွဲခဲ့ကြတာရှင့်၊ ကျွန်မက ရှောင်ကျင်ချွမ်ကို သွား
တယ်၊ သူက တာလီပြည်နယ်ပြန်ပြီး မန်ချူး လက်ပါးစေ လုပ်
စိတ်ကူးနေတယ်၊ ကျွန်မအနေနဲ့ အဲဒီတုန်းကတော့ သူ့ကို သံယော
ရှိနေတဲ့ အခါမို့ မန်ချူးလက်ပါးစေ လုပ်ချင်တဲ့ သူ့ရဲ့အကြံကို
လွှတ်ဖို့ အမျိုးမျိုး ချော့မော့ခဲ့ရတာပေါ့"

"ဒါ့အပြင် ရှောင်ကျင်ချွမ်မှာလည်း မန်ချူး စစ်တပ်တွေ
နေရာအနှံ့ ရောက်နေပြီဆိုတာ သိရတော့ ကျွန်မလည်း ရှောင်က
ချွမ်ကို သွားဖို့ အကြံ စွန့်လွှတ်လိုက်ရတယ်လေ"

"နောက်တော့ နှစ်ဦးသဘောတူ ဒီဒေသကို ထွက်ခွာခဲ့ကြတ
ဆိုပါတော့ရှင့်၊ ကျွန်မ အနေနဲ့ သူဟာ မန်ချူးလက်ပါးစေ မဖြစ်
ပြီးရော၊ တာလီကို မပြန်ရင် ပြီးရောဆိုပြီး သူနဲ့အတူ ဒီကို လိုက်
တာပါ၊ အင်း ... ဒီရောက်မှပဲ ..."

လင်ပင်းသည် စကားဖြတ်ကာ စိတ်မသက်မသာဖြင့် သက်ပြ
တစ်ချက်ကို ချလိုက်မိသည်။

မင်ဝါလေးက သူမ၏ ဆက်ပြောလာမည့် စကားစုများ
စောင့်မျှော်၍လင့်နေမိ၏။

လင်ပင်းသည် အဝေးသို့ ငိုငေးစွာ လှမ်းကြည့်ကာ ...

"ဒီကိုရောက်တော့မှ သူဟာ ပိုပြီး ပျက်စီးသွားတော့တာပါ
ရှင်၊ ဒီဒေသကို ရောက်ပြီး မကြာခင်မှာပဲ သူက ဆံပင်နီနဲ့ လူ့ဘီလူ
ကြီး အောင်ရန်ချုံကို မိတ်ဆွေဖြစ်သွားတယ်လေ၊ နောက်တော



အောင်ရန်ချုံဆီမှာ တပည့်ခံပြီး ဒီကောင်ကြီး ခိုင်းသမျှ အကုန်လျှောက်
လုပ်ပါလေရောလား"

သူ့ဦးလေး တန်ချူးခေ့ဆီမှာ ပညာသင်ဖို့ ညီမက သူ့ကို
မတိုက်တွန်းဘူးလား"

"တိုက်တွန်းပါပြီလားရှင်၊ သူက သူ့ဦးလေးကို အထင်လွဲနေတာ
ရှင့်၊ သူ့ကို ထိပ်တန်း သိုင်းပညာ သင်မပေးတဲ့အတွက် စိတ်ခုနေ
တယ်လေ၊ အင်း ... သူ့ဦးလေးက လူကောင်းဆိုတော့ သူ့လို စိတ်
ယုတ်ညံ့တဲ့ လူကို ဘယ်ပညာသင်ပေးချင်ပါ့မလဲ မဟုတ်ဘူးလား"

လင်ပင်းက သူ့အား မေးလိုက်သဖြင့် မင်ဝါလေးက ခေါင်းကို
လေးပင်စွာ ညိတ်ပြလိုက်၏။

လင်ပင်းက ဆက်ပြောလိုက်ပြန်သည်။

"ကျွန်မလည်း သူ အောင်ရန်ချုံဆီမှာ ပညာယူနေတာကို
ဘာမှမပြောဘဲ ဒီအတိုင်းကြည့်နေလိုက်မိမယ်၊ သူဟာ အောင်ရန်ချုံ
ဆီမှာ အရင်ကထက် ပိုပြီး ချွံသာပြေပြစ်စွာ ဆက်ဆံခဲ့တယ်"

"အမှန်တော့ သူ ကျွန်မကို ချိုချိုသာသာ ပြောဆိုဆက်ဆံ
တာဟာ အကောက်ကြံချင်လို့ပဲ၊ ဒါကို ကျွန်မ မရိပ်မိခဲ့ဘူး၊ အင်း ...
ဒါကြောင့်လည်း သူတိုက်တဲ့ အိပ်ဆေးကို ကျွန်မ သောက်ခဲ့မိတာပေါ့၊
ကျွန်မ အိပ်ဆေးကြောင့် မေ့မြောနေတုန်းမှာ ရေခဲအိုင်ထဲကို သူ
ပစ်ချခဲ့တာပဲ"

လင်ပင်းမှာ ပြောရင်း လေသံမှာ ခက်ထန်လာသည်။

သူမ၏ ရင်ထဲတွင် တန်ကျင်ချင်ကို အတော်ပင် နာကြည်း
နေသည်။ သတ်ပစ်ချင်သည်အထိ မုန်းတီးသွားသည်။ အချစ်ကြီးလျှင်
အမျက်ကြီးသည် မဟုတ်ပါလား။

မင်ဝါလေးက …

"နောက်တော့ကော ညီမ ဘယ်လိုလုပ်ပြီး ရေခဲအိုင်ထဲက လွတ်မြောက်လာခဲ့လဲဟင်"

"သေကံမရောက်သေးလို့ ထင်ပါရဲ့ရှင်၊ သူ ကျွန်မကို ပစ်ချပြီး ချက်ချင်းပဲ ပြန်သွားဟန်တူတယ်၊ မကြာခင်မှာ မိုးသဲသဲမဲမဲရွာချလာပြီး မိုးနဲ့အတူ ပြင်းထန်တဲ့ လေတိုက်ခိုက်မှုကြောင့် ရေအိုင်ထဲမှာ လှိုင်းလုံးတွေ ဖြစ်ပေါ်လာတယ်၊ လှိုင်းလုံးကြီး တစ်လုံးက ကျွန်မကို အိုင်ရဲ့အလယ်မှာရှိတဲ့ ကျောက်တုံးပေါ် ရိုက်တင်လိုက်တယ် ထင်ပါရဲ့၊ ကျွန်မ သတိ ပြန်ရလာတော့ ရေအိုင်ရဲ့ အလယ်က ကျောက်တုံးမှာ တင်နေတာကို တွေ့ရတယ်"

လင်ပင်းမှာ ဖြည်းညင်းစွာ ရှင်းပြနေ၏။

မင်ဝါလေးမှာ လင်ပင်းပြောသမျှအား နားထောင်နေရင်းမှ တန်ကျင်ချင်၏ ရက်စက်ယုတ်မာမှုကို စက်ဆုတ်မိသလို လင်ပင်းကိုလည်း သနားနေမိသည်။

လင်ပင်းက စကားဆက်လိုက်ပြန်၏။

"ရေခဲအိုင်ရဲ့ အလယ်က ကျောက်တုံးပေါ်မှာ သောင်တင်နေတဲ့ ကျွန်မကို ကယ်တင်ခဲ့တာကတော့ ရေခဲပြင်ကို ခွဲပြီး ငါးဖမ်းခြင်းနဲ့ အသက်မွေးဝမ်းကြောင်း ပြုတဲ့ တံငါသည် အဘိုးအို လင်မယားပါပဲ၊ ၎င်းတို့ ကျေးဇူးကြောင့် ကျွန်မ အသက်ရှင်ခဲ့တယ်၊ သူတို့ ခေါ်သွားလို့လည်း အဆင့်မြင့် ဓားသိုင်းပညာတချို့ကို ကျွန်မ တတ်ခဲ့ရတာပေါ့"

"တံငါသည် အဘိုးအိုက သင်ပေးတာလား"

လင်ပင်းက ခေါင်းခါယမ်းပြလိုက်၏။



"မဟုတ်ဘူး … ကျွန်မဟာ ရေခဲငွေ့ ရိုက်ခတ်ဒဏ်ကြောင့် အကြီးအကျယ် ဖျားခဲ့တယ်၊ ကျွန်မ ဖျားနေတုန်းမှာ ကျန်ရှန်ဂိုဏ်းချုပ်ကြီး ထန်ကျင်ထန်ရဲ့ သား ထန်ကျာယွင်နဲ့ သူ့ဇနီးက ကျွန်မကို ကယ်ခဲ့တဲ့ အဘိုးအိုရဲ့အိမ်ကို ဧည့်သည်အဖြစ် ရောက်လာခဲ့ကြတယ်"

"တစ်ယောက်အကြောင်း တစ်ယောက် မေးမြန်းရင်းနဲ့ သူတို့ဟာ ကျွန်မ ဦးလေး လင်ထေကျောင်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေ ဖြစ်နေတယ်ဆိုတာ သိရတယ်။ ဒီတော့ သူတို့က ကျွန်မကို ဖြစ်ရ ပေးတဲ့အပြင် သူတို့ဂိုဏ်းက အဆိပ်ဖြေဆေးတွေလည်း ဆောင်ထားဖို့ ပေးခဲ့တယ်၊ ရှင့်ကိုပေးခဲ့တဲ့ အဆိပ်ဖြေဆေးဟာ သူတို့ပေးခဲ့တဲ့ ဆေးပဲ၊ ပြီးတော့ သူတို့က ကျွန်မကို အစွမ်းထက်တဲ့ ကျန်ရှန်ဓားသိုင်းလည်း သင်ပေးခဲ့ကြတယ်၊ နှစ်လလောက် ကြာတဲ့အခါမှ သူတို့ ခရီးဆက်သွားကြတယ်"

"သူ့ကို ထွက်သွားပြီးတာနဲ့ ညီမလည်း တန်ကျင်ချင်ကို ကလဲ့စားချေဖို့ ကြိုးစားရော ဆိုပါတော့ ဟုတ်လား"

လင်ပင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် … ကလဲ့စားချေဖို့အတွက် တစ်နှစ်တိတိ အချိန်ယူ စောင့်ကြည့်ခဲ့ရတယ်၊ တန်ကျင်ချင်နဲ့ အောင်ရန်ချုံဟာ တစ်နေ့ထက် တစ်နေ့ ပိုဆိုးလာတာ တွေ့ရတယ်"

မင်ဝါလေးက သက်ပြင်းတစ်ချက် အသာချလိုက်မိပြီး …

"ဒါဆို ဆိတ်သားလုပွဲတုန်းက စုံတပ်အနေနဲ့ လိုင်မန်ကြားမှာ တန်ကျင်ချင်က ဝင်ပြီး နှောင့်ယှက်ခဲ့တာ ညီမ သိမှာပေါ့"

လင်ပင်းက မျက်နှာလေးကို မဲ့ရွဲ့ပစ်လိုက်ပြီး …

"သိတာပေါ့ရှင်၊ ဒါတင် ဘယ်ကဦးမလဲ၊ လိုင်မန်ကို သူ အယုံသွင်းပြီး အပြီးအပိုင် သိမ်းသွင်းဖို့ ကြံစည်နေတာလည်း ကျွန်မ သိတယ်၊ အို ... နောက်ဆုံး ပြောရရင် ရှင့်အပေါ် သူတို့ အကောက် ကြံတဲ့ ကိစ္စကအစ ကျွန်မသိတယ်၊ မပိုင်သေးလို့သာ ကျွန်မ စောင့် ကြည့်နေခဲ့ရတာ၊ အမှန်က တန်ကျင်ချင်လို လူစားဟာ လူ့လောက မဟာ ဆက်ထားဖို့ မကောင်းဘူး၊ ဟင်း ... ရှင် ဝင်တားခဲ့လို့ပေါ့"

လင်ပင်းက မချင့်မရဲ ပြောဆိုလိုက်၏။

မင်ဝါလေးသည် သက်ပြင်းကိုသာ မသက်မသာ ချလိုက်မိရှာသည်။

"နွားခြေရာနောက်ကို လှည်းဘီးက ထပ်ကြပ်မကွာ လိုက်တယ်၊ မကောင်းမှုလုပ်တဲ့ လူနောက်ကို သူ့အတွက် အပြစ်ဒဏ်က မှချလိုက် မှာပဲ၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးတာပေါ့ဗျူ၊ သူတို့နှစ်ယောက်ဟာ သူတို့ဖော်တဲ့ ဆေး သူတို့စားကြရမှာပါ၊ မကြာခင် သူတို့ အသေဆိုးနဲ့ သေကြမှာပါ"

မင်ဝါလေးက ဈောင်းဖျ ပြောဆိုလိုက်၏။

လင်ပင်းက မင်ဝါလေး၏ စကားကို ငြိမ်သက်စွာ နားထောင်နေသည်။

"ဒါနဲ့ ညီမ အခု ဘာဆက်လုပ်မယ် စိတ်ကူးလဲဟင်"

လင်ပင်းက ခပ်ထွေထွေ စဉ်းစားလိုက်ရင်း ...

"ထန်ကျာယွင်နဲ့ ဖန်းဟာ ဒီသုံးလေးရက်အတွင်းမှာ ဒီကို ပြန်လာကြပါလိမ့်မယ်၊ သူတို့ ပြန်လာတဲ့အခါကျမှ ကျွန်မ သူတို့နဲ့ တိုင်ပင်ပြီး သူတို့ပြောတဲ့အတိုင်း လိုက်နာသွားဖို့ ဆုံးဖြတ်ထားပါတယ်၊ ရှင်ကော ဘာဆက်လုပ်မယ် စိတ်ကူးလဲဟင်"



မင်ဝါလေးက အဝေးသို့ တစ်ချက် လှမ်းကြည့်ကာ ...

"ကျွန်တော်က ဝေချီတင်နဲ့ တွေ့ဖို့ အိပ်အရေးကြီးနေတယ်၊ ပြီးတော့ ကျန်ရှန်တောင်ကို သွားစရာကိစ္စလည်း ရှိသေးတယ်"

ထိုအခါ ...

လင်ပင်းက ဝမ်းသာအားရဖြင့် ...

"ဒီလိုဆို ကျွန်မနဲ့အတူ တံငါသည်အိမ်မှာ လိုက်တည်းပါလား၊ ထန်ကျာယွင်တို့ လာတဲ့အခါ ကျွန်မနဲ့အတူ သွားပါလားရှင်၊ ကျွန်မ လည်း ကျန်ရှန်တောင်ကို လိုက်ချင်နေတာနဲ့ အတော်ပဲ"

အားတက်သရော ပြောဆိုနေသော လင်ပင်းအား ကြည့်ကာ မင်ဝါလေးက သူမ၏ စကားကို ငြင်းရန် အားတုံ့အားနာ ဖြစ်သွားသည်။

သို့သော် မငြင်း၍လည်း မဖြစ်ပါ။

"ကျွန်တော် ဝေချီတင်နဲ့ အရေးတကြီး တွေ့စရာကိစ္စ ရှိနေလို့ပါ၊ မဟုတ်ရင်တော့ ညီမနဲ့ လိုက်ပါတယ်"

လင်ပင်းသည် မင်ဝါလေးအား ငိုင်တွေစွာ ကြည့်မိလိုက်၏။

"ကောင်းပြီလေ ... ရှင်ဟာ တာဝန်နဲ့လူဆိုတော့ အရေးတကြီး လုပ်စရာ ရှိတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်၊ ဒါပေမယ့် ရှင့် ကျန်းမာရေးတော့ ဂရုစိုက်ပါနော်၊ ရှင့်ဒဏ်ရာက ပျောက်ကာစ ကျွန်မ သတိပေးတာပါ"

"စိတ်ချပါ၊ ခုလို သတိပေးတဲ့အတွက်လည်း ကျေးဇူးတင် တယ်၊ ကျွန်တော်တို့ ထပ်တွေ့ကြဦးမှာပါဗျာ၊ ကဲ ... ကဲ ... ညီ သွားတော့နော်"

ပြောပြောဆိုဆိုဖြင့် မင်ဝါလေးက 'ရှီ' ခနဲ လေ တစ်ချ ချွန်လိုက်၏။

လေချွန်သံသည် လေထုကို ထွင်းဖောက်ကာ အဝေးသို့ လွင့်ပျံ့သွားသည်။

သို့သော် ...

အတန်ကြာသည်အထိ တုံ့ပြန်မှု မတွေ့ရပါ။

ဘေးမှ အကဲခတ်နေသော လင်ပင်းသည် မျက်မှောင်ကြုတ်သွားပြီး ...

"ရှင် ဘယ်သူ့ကို ခေါ်နေတာလဲ"

မင်ဝါလေးကပြုံး၍ ...

"လိုင်ဟိုက်က ကျွန်တော့်ကို ပေးလိုက်တဲ့ မြင်းကို ခေါ်တာပါ"

"ရှင်လာတုန်းက ဒီမြင်းကို ဘယ်မှာထားခဲ့လဲ"

"ဟောဒီ တောင်အောက်မှာ မြက်စားဖို့ လွှတ်ထားခဲ့တယ်"

"ဒါဆို တန်ကျင်ချင် ဒါမှမဟုတ် အောင်ရန်ချိ တစ်ယောက်ယောက် တွေ့ပြီး စီးသွားတာ ဖြစ်နိုင်တယ်၊ သူတို့က ကျွန်မတို့အရင် တောင်အောက် ပြေးဆင်းသွားတာ မဟုတ်လား"

.လင်ပင်းပြောတာ ဖြစ်နိုင်သည်။

မင်ဝါလေးက ငြိမ်သက်စွာ စဉ်းစားနေလိုက်၏။

လင်ပင်းက ...

"ရှင် လိုင်ဟိုက်ဆီ ပြန်ပြီး မြင်းတစ်ကောင်လောက် ထပ်တောင်းပါလား"

မင်ဝါလေးက ခေါင်းခါယမ်းလိုက်ပြီး ...

"လိုင်ဟိုက်ဆီကို ဒီနေရာကနေ လမ်းလျှောက်သွားရင် အနည်းဆုံး သုံးရက်လောက်တော့ ကြာလိမ့်မယ်၊ ကျွန်တော် အချိန်မပေးနိုင်တော့ဘူး"



"ဒါဆို ဒီကနေ မိုင်တစ်ရာကျော်ကျော်ဝေးတဲ့ နေရာမှာ မြို့ကလေး တစ်မြို့ ရှိတယ်၊ ရှင် အဲဒီကျမှပဲ မြင်းတစ်စီး ဝယ်စီးပြီး ခရီးဆက်ပေါ့"

"အင်း ... ဒီလိုပဲ လုပ်ရမှာပဲ မိုင်တစ်ရာလောက် အကွာအဝေးဆိုရင် မနက်ဖြန်လောက်မှ ကျွန်တော် ရောက်မှာပဲ၊ ကိစ္စ မရှိဘူးလေ ဖြစ်သလိုပေါ့"

မင်ဝါလေးသည် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ...

"ဒါနဲ့ ညီမကို ကျွန်တော် အကူအညီတစ်ခု တောင်းစရာ ကိစ္စလေးတစ်ခု ရှိတယ်"

"ပြောပါ ... ဘာကိစ္စလဲ"

"ဒီလိုပါ၊ အောင်ရင်ချုံဟာ စုံတပ်အေကို အန္တရာယ်ပေးနိုင်တယ်၊ ဒီအကြောင်းကို လိုင်ဟိုက်နဲ့ စုံတပ်အေကို သွားပြီး ပြောပေးနိုင်မလား"

လင်ပင်းက ခေါင်းကို သွက်လက်စွာ ညိတ်ပြလိုက်သည်။

"စိတ်ချပါ၊ ကျွန်မက သွားပြောရုံတင် မကဘူး၊ သူတို့ကို အကူအညီ ပေးမှာပါ၊ ကျွန်မ တစ်ယောက်တည်းနဲ့ မလုံလောက်ရင် ထန်ကျာယွမ်နဲ့ ဖန်းဆီကပါ အကူအညီတောင်းမယ်၊ ကဲ ... ရှင် ကျေနပ်ပြီလား"

"ကျေနပ်ပါတယ်၊ ကျေးဇူးလည်းတင်တယ်၊ ကဲ ... ဒါဖြင့် ကျွန်တော် သွားမယ်နော်"

မင်ဝါလေးနှင့် လင်ပင်းသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နှုတ်ဆက်ကာ ထိုနေရာမှ လမ်းခွဲထွက်ခဲ့ကြလေတော့သည်။

မင်ဝါလေးသည် တစ်တောင်ဆင်း တစ်တောင်တက်ဖြင့် ခရီး နှင်လျှက်ရှိနေလေသည်။

ရုတ်တရက် ...

ဆီးနှင်းများ ကျလာသည်။

တောင်ပေါ်လမ်းခရီးတွင် ဆီးနှင်းများ ကျလာသောကြောင့် သွားရလာရ အလွန်ခက်ခဲသည်။

သို့သော် ...

မင်ဝါလေးမှာ ဖွဲမလျှော့ပါ။ သူ့တွင် တာဝန်က ပခုံးပေါ်တွင် ကျရောက်နေသည် မဟုတ်ပါလား။

ဆီးနှင်းကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ လှုပ်ရှားသွားလာမှုကို ရပ်နေ၍မဖြစ်ပါ။

မနက်ဖြန် နေမွန်းမတည့်မီ လင်ပင်း ပြောလိုက်သော ဈေးမြို့ကလေးကို အရောက်သွားရမည်။

ထိုမြို့မှ မြင်းကောင်းကောင်းတစ်စီး ဝယ်စီးပြီး ဂေချီတင်ကို မီရန် အမြန်လိုက်ရမည်။

သူသည် ထိုစိတ်ကူးနှင့်အတူ တောင်တစ်တောင်ပေါ်သို့ ဖွဲဖြင့် လျှောက်လှမ်းလျက်ရှိနေ၏။

နောက်ထပ် တောင်တစ်လုံးကျော်ပြီးလျှင်တော့ လင်ပင်းပြောလိုက်သော ဈေးမြို့ကလေးကို ရောက်တော့မည် ဖြစ်သည်။

မင်ဝါလေးမှာ ရှေ့သို့ မျှော်ကြည့်လိုက်သည်။

သဘာဝ ရှုမျှော်ခင်းများမှာ လှတို့ တပ၍ မမီအောင် လှပဆန်းကျယ်လွန်းလှသည်။

မင်ဝါလေးမှာ ခရီးတွင်ရန်သာ စိတ်လောနေမိသည်ဖြစ်ရာ လှပသော ရှုမျှော်ခင်းကို ကြည့်ရှုငေးမောရန် စိတ်မဝင်စားနိုင်ချေ။

ရုတ်တရက် ...



မြင်းဟီသံတစ်ချက် သူ့ရှေ့နား မလှမ်းမကမ်းမှ ကြားလိုက်ရသည်။

မြင်းဟီသံကြောင့် မင်ဝါလေးက ခေါင်းထောင်ကြည့်လိုက်၏။

သူ့ရှေ့ မလှမ်းမကမ်းမှ တောင်စွယ်တစ်ခု၏ တစ်ဆစ်ချိုးကွေ့တွင် အင်္ကျီဖြူနှင့် လူကြီးတစ်ယောက်သည် မားမားမတ်မတ် ရပ်ကာ သူ့အား စိုက်ကြည့်နေသည်။

ထိုလူကြီးမှာ အသက် လေးဆယ်ကျော်ခန့် ရှိမည်ဟု ထင်ရပြီး ရုပ်ရည်မှာ ခံ့ညားထည်ဝါလှသည်။

မင်ဝါလေးက သူမမြင်ဖူးသော လူစိမ်းဖြစ်နေသဖြင့် မျက်လုံးလွှဲမည်ပြုသည်။

ရုတ်တရက် ...

ထိုလူကြီး၏ ဘေးမှ ထွားကျိုင်းသန်မာသော မြင်းတစ်ကောင်ကို တွေ့ရှိလိုက်ရသဖြင့် မျက်လုံးအစုံ ပြူးသွားလေ၏။

အဘယ့်ကြောင့်ဆိုသော် ...

ထိုမြင်းကို မြင်သည်နှင့် သူ့အား လိုင်ဟိုက်က လက်ဆော[illegible] ပေးလိုက်သော မြင်းဟု သိလိုက်သောကြောင့်တည်း။

မြင်းက သူ၏သခင်ဖြစ်သူ မင်ဝါလေးကို မြင်တွေ့လိုက်သေ[illegible] ကြောင့် ဟီသံပေးကာ နှုတ်ဆက်လိုက်ခြင်း ဖြစ်ပေသည်။

မင်ဝါလေးသည် ထိုလူကြီးထံသို့ အမြန်ဆုံး လှမ်းသွားလို[illegible] သည်။

သူကမေးလိုက်လေ၏။

"ဒီမြင်းကို ခင်ဗျား ဘယ်ကရတာလဲ"

အင်္ကျီဖြူနှင့် လူကြီးသည် မင်ဝါလေး၏ အမေးအား မ[illegible]

သူမေးကိုသော မေးခွန်းတစ်ခုကိုသာ မင်ဝါလေးအား မေးမြန်းလိုက်၏။

"မင်ဝါလေးဆိုတာ မင်းလား"

"ဟုတ်တယ်၊ ကျွန်တော်က မင်ဝါလေးပါ၊ ပောဒီမြင်းက ကျွန်တော့်ရဲ့ မြင်းပါ၊ ဒီမြင်း ခင်ဗျားရဲ့ လက်ထဲ ဘယ်လိုလုပ် ရောက်နေလဲဆိုတာ ကျွန်တော် သိချင်တယ်"

မင်ဝါလေးက တည်ကြည်စွာ မေးမြန်းလိုက်၏။

သူ့စကားထဲတွင် ရယ်စရာ တစ်လုံးမျှ မပါချေ။

သို့သော် ...

အင်္ကျီဖြူနှင့် လူကြီးက သဘောကျစွာ တဟားဟား အော်ဟစ်ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ... မင်းက မင်ဝါလေးကိုး၊ ဒါနဲ့ မင်း အောင်ရန်ချိုနဲ့ တိုက်ခိုက်ခဲ့ကြတယ်ဆိုတာ ဟုတ်လား"

မင်ဝါလေးမှာ တစ်ချက်မျှ တွေခနဲ ဖြစ်သွားမိသည်။

မိမိက အောင်ရန်ချိုနှင့် တိုက်ခိုက်ခဲ့သည့်အကြောင်းကို ထိုလူသည် ဉာဏ်မျှ မြန်ဆန်စွာ သိနေလေသည်ကို ကျိတ်၍ အံ့သြမိသည်။

သူသည် အင်္ကျီဖြူနှင့် ထိုလူကြီးအား စိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျား ဘယ်သူလဲ"

အင်္ကျီဖြူနှင့် လူကြီးက သူ၏မေးခွန်းကို မဖြေပါ။

သူ့ကိုသာ ခပ်ပြုံးပြုံးပြန်ကြည့်ကာ ...

"ငါ ဘယ်သူလဲဆိုတာ မေးမနေနဲ့ကွာ၊ မင်းက အောင်ရန်ချိုကို အနိုင်တိုက်ခဲ့တယ်ဆိုတော့ မင်းသိုင်းကွက်အဆင့် ဘယ်လောက်ရှိသလဲဆိုတာ ငါသိချင်တယ်၊ ကဲ ... ဓားထုတ်ပြီး ငါ့ကိုတိုက်စမ်း"



သူ၏စကားကြောင့် မင်ဝါလေးမှာ အခက်ကြုံသွားရလေသည်။

ထိုလူကြီးမှာ ရန်သူလား၊ မိတ်ဆွေလားဟု ဝေခွဲ၍ မရအောင် ဖြစ်သွားသည်။

"ခင်ဗျား ... ဒီမြင်းကို ဘယ်လိုရတာလဲ၊ တန်ကျင်ချင်ရဲ့ လက်ထဲက လုယူလာတာလား၊ ဒါမှမဟုတ် သူက ခင်ဗျားကို ပေးလိုက်တာလား"

မင်ဝါလေးကလည်း အဓိပ္ပာယ်နှစ်မျိုးထွက်သော မေးခွန်းကို ပြန်မေးလိုက်သည်။

အကယ်၍ လုယူလာခဲ့တယ်ဆိုလျှင် ထိုသူမှာ မိတ်ဆွေဖြစ်ရမည်။

သို့မဟုတ် ...

တန်ကျင်ချင်က အသာတကြည် ပေးသွားတာဆိုလျှင်တော့ ထိုသူသည် တန်ကျင်ချင်တို့၏ ဘက်တော်သား မိမိ၏ ရန်သူဖြစ်ရမည်။

သို့ရာတွင် ...

မင်ဝါလေး၏ မေးခွန်းကို အင်္ကျီဖြူနှင့် လူကြီးက ပြန်ပြီး မဖြေပါ။

လူကြီးက ပြောသည်။

"အပိုတွေ မေးမနေပါနဲ့လေ၊ မင်း ငါ့ကိုနိုင်အောင်သာ အရင် တိုက်ပါ၊ မင်းနိုင်ရင် ဒီမြင်း မင်းကို ပြန်ပေးပါ့မယ်၊ အေး ... မနိုင်ရင်တော့ မင်း ဒီကနေ လှည့်ပြန်သွားပေတော့"

အင်္ကျီဖြူနှင့် လူကြီးအား မင်ဝါလေးက မျက်မှောင်ကြုတ်၍ ကြည့်လိုက်မိတော့၏။

လောလောဆယ်တွင်မူ ထိုသူသည် မိမိသွားမည့် ခရီးတွင် မိတ်ဆို့နေသော အတားအဆီးဖြစ်သည်။

ထိုသူကို အနိုင်တိုက်ပြီး မြင်းကိုယူကာ အမြန်ပင် ခရီးဆက်ရမည်။

အထက်ပါ စိတ်ကူးနှင့်အတူ မင်ဂါလေးသည် ဓားကို ရွှမ်းခဲ့ဆွဲထုတ်ကာ ...

"ကောင်းပြီလေ၊ ခင်ဗျားက ကျွန်တော်နဲ့ လက်ရည်ကို စမ်းချင်သပဆိုရင်လည်း စမ်းရတာပေါ့၊ ကဲ ... ကျွန်တော် စတိုက်မယ်သတိယားပေတော့"

ပါးစပ်မှလည်း ပြောရင်း လက်ကလည်း ဓားချက်တစ်ချက်ခွပ်ခနဲ ထိုးသွင်းလိုက်မိလေတော့၏။

"ဘယ်ဆိုးလို့လဲကွ"

အကျိုးဖြူနှင့် လူကြီးက ကိုယ်ကိုယိမ်းပြီး ရှောင်လိုက်ရင်းနှုတ်မှ ထုတ်ဖော် ချီးမွမ်းလိုက်၏။

တစ်ဆက်တည်းမှာလည်း မင်ဂါလေး၏ ဒူးခေါင်းဆီသို့ သူ၏ဓားဦးကို ထိုးသွင်းလိုက်လေ၏။

မင်ဂါလေးမှာ ချက်တန်ဖုန်၏ အမည်မဲ့ ဓားကွက်ထဲမှ တစ်ကွက်ဖြစ်သော ငှက်တော်သဲယက် ဓားကွက်ကို ရုတ်တရက် ပြောင်းကာတိုးဝင်လာသော ဓားဦးကို ဖယ်ထုတ်ပစ်လိုက်ရလေသည်။

ဖယ်ထုတ်ရင်းမှလည်း တန်ပြန်တိုက်ကွက် ဆင်လိုက်ပြန်သည်။

မင်ဂါလေး၏ ဓားသည် ရန်သူ မထင်မှတ်သည့် ဘက်မှအရှိန်ပြင်းစွာ ဝင်သွားသော်လည်း လူကြီးကမူ တစ်ချက်မျှ ဖြီးလိုက်ပြီး မင်ဂါလေး၏ ဓားချက်အား တိမ်ကနဲ့လန့်ကာတောင်စွယ်ဖြတ်ဓားကွက်ဖြင့် ပြန်လည်ခုခံပေးလိုက်သည်။ လူကြီး၏ လှုပ်ရှားမှုမှာလျင်မြန်လှသည်။



"ရွှင် ..."

ဓားနှစ်စင်း ထိခိုက်သံသည် ဆူညံသွား၏။

မင်ဂါလေးက မျက်လုံးပြူးသွားသည်။

သူသည် ပြိုင်ဘက်အားလုံးလိုလိုကို ဤသိုင်းကွက်ဖြင့် အနိုင်ယူလေ့ရှိသူ ဖြစ်သည်။

ယခုတော့ အကျိုးဖြူနှင့် လူကြီးသည် အပြုံးပင်မပျက်ဘဲ သူ့ဓားချက်ကို ဖြိုဖျက်ပစ်လိုက်နိုင်သည်။

ထို့ပြင် ...

ထိုလူကြီး၏ ဓားက သူ့အား အမြန်အလှန် တိုက်ခိုက်တော့မည့် အနေအထားမှာပင် ရှိနေသည်။

မင်ဂါလေး၏ စိတ်ထဲတွင် တွေးနေမိသည်။

"ဒီလူ ဘယ်သူလဲ၊ သူ့ လက်ရည်ဟာ ကျင်းစီလူတို့ အဆင့်လောက်ရှိတယ်၊ ဒါပေမယ့် သူက ခုချိန်ထိ ဘာလို့ အတွင်းအားကို အပြည့်မသုံးတာလဲ၊ သိုင်းကွက်နဲ့ အတွင်းအားဟာ မမျှတဘူး"

စိတ်ထဲတွင် မေးခွန်းများဖြင့် ပြည့်နှက်နေသော်လည်း သူ့ဘက်ကမူ အကျိုးဖြူနှင့် လူကြီး၏ ဓားကို သူသည် ဖယ်ထုတ်ပစ်လိုက်လေသည်။

ဓားဓားချင်း ထိလိုက်သောအခါတွင်မူ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားရသူမှာ မင်ဂါလေး ဖြစ်သည်။

အတွင်းအား လုံးဝမရှိဟု သူထင်ခဲ့သော အကျိုးဖြူနှင့် လူကြီး၏ ဓားနှင့် ဓားချင်း ထိမိလိုက်သည်နှင့် သူ၏ လက်ခွကြားမှာ ထုံကျင်သွားပြီး လက်ထဲမှ ဓားပင် လွတ်ကျသွားတော့မလောင် ဖြစ်သွား၏။

"ဟင် ... ဟာ ... စောစောက အတွင်းအား မသုံးဘဲ အခုမှ အတွင်းအား သုံးလိုက်တာပါလား"

မင်ဝါလေးက အထိတ်တလန့် တွေးလိုက်မိသည်။

ထိုစဉ် …

"အင်္ဂါဖြူနှင့် လူကြီးက …

"ကဲ … ဒီတစ်ခါ သွားပေတော့"

ဟု အော်ဟစ်ပြောလိုက်ပြီး ကိုယ်ကို ဖျတ်ခနဲ တစ်ပတ်လှည့်ကာဖြင့် ခေါင်းကို နေရာများစွာသို့ ပြောင်းရွှေ့ကာ တိုက်ကွက်ဆင်လိုက်၏။

နိုင်ခနဲ နိုင်ခနဲ လှုပ်ရှားနေသော ကိုယ်နေဟန် တဖားဖားဝဲပျံနေသော အင်္ကျီလက်နှင့် တဝင်းဝင်းလက်ကာ နေရာများစွာ ထိုးဖောက်လာသလို ထင်ရသော ခါးရောင်များ။

အင်္ဂါဖြူနှင့် လူကြီး၏ လျင်မြန် ဆန်းပြားလှသော ခါးကွက်များကို ကြည့်ကာ မင်ဝါလေးသည် ရန်သူခါး မည်သည့်ဘက်မှ ဝင်လာမည်ကို ခန့်မှန်း၍မရဘဲ ဖြစ်နေလေသည်။

ထို့ကြောင့် …

ခါးကို ရင်ဘတ်ရှေ့တွင် ကန့်လန့်ဖြတ် ခံထားလိုက်သည်။

ပြီးတော့ ထိုလူ လှုပ်ရှားသကဲ့သို့ တန်ပြန်လှုပ်ရှားကာ ခါးကြွက် သုံးကွက်ကို ဆက်တိုက်လှည့်ပြီး တုံ့ပြန်လိုက်နိုက်လေတော့၏

"ချွင် … ချွင် … ချွင် …"

ခါးခါးချင်း ထိခိုက်သံများကား တစ်တောလုံး တစ်တောင်လုံးအား လှုပ်ရှားဆူညံသွားစေတော့၏။

ခါးခါးချင်း ထိခိုက်သံများသည် ဆူညံနေလေသည်။

အင်္ဂါဖြူနှင့် လူကြီးသည် ကိုယ်ကို လိုသလို ပြောင်းလဲကာ မင်ဝါလေးအား ပြင်းထန်စွာ တိုက်ခိုက်နေ၏။



မင်ဝါလေးကလည်း အလျှော့မပေးပါ။

သူသည် အတွေ့အကြုံ နုနယ်သည်မှန်သော်လည်း ချစ်တန်မှုန်၏ အမည်မဲ့ခါးသိုင်းပညာကို ရရှိထားသူဖြစ်သည်။

ထို့ပြင် …

သူ့ဖခင် မင်ယွန်ချောင်ထံမှ ထပ်မံသင်ယူခဲ့သော မင်မိသားစု၏ လျင်ခါးကွက် (၆၄) ကွက်ကိုလည်း လိုအပ်သလို အသုံးချနိုင်ခဲ့သည်။

ထို့ကြောင့် …

မင်ဝါလေးသည် အလျှော့မပေးဘဲ အင်္ဂါဖြူနှင့် လူကြီးအား သဲသဲမဲမဲ ပြန်လည်တိုက်ခိုက်နိုင်နေ၏။

အချိန်အတော်ကြာသည်အထိ မည်သူက မည်သူ့ကို အသာစီး မရသေးချေ။

အင်္ဂါဖြူနှင့် လူ၏ သွက်လက်ဆန်းကျယ်သော ခါးသိုင်းကွက်များကို ကြည့်ကာ ထိုလူကြီး မည်သူလည်းဆိုသည်ကို မင်ဝါလေး အကဲခတ်လိုက်သည်။

အင်္ဂါဖြူနှင့် လူကြီးကလည်း လျင်မြန်ဖျတ်လတ်လွန်းသည်။

ရှောင်လိုက်၊ တိမ်းလိုက်၊ နှံ့လိုက်ဖြင့် ကြောက်မက်ဖွယ်ရာကောင်းသော ခါးကွက်များကို ဖော်ထုတ်အသုံးပြုနေ၏။

တစ်ချိန်တွင် အင်္ဂါဖြူနှင့် လူကြီးသည် သက်တန့်ရေသောက်ဆင်း ခါးကွက်ဖြင့် မင်ဝါလေးအား မိုးပြီး ပိုင်းခုတ်လိုက်၏။

မင်ဝါလေးက ခြေကွက်ပြောင်းကာ တိမ်းရှောင်ပေးလိုက်သည်။

ထို့နောက် …

'မြွေပေါ်ကင်းထပ်' ခါးကွက်ဖြင့် လူကြီး၏ ချိုင်းကြားသို့ လှမ်းပက်လိုက်သည်။ သူ့ခါးဦးသည် ချိုင်းကြားသို့ ဝင်သွားသည်။

"ဗြိ ..."

ဟူသော အသံနှင့်အတူ ထိုလူကြီး၏ အင်္ကျီလက်မှာ စုတ်ပြဲ သွားကာ နောက်သို့ ပေသုံးဆယ်ကျော် ခုန်ထွက်သွားတော့သည်။

မင်ဝါလေး၏ လက်ခွကြားမှာလည်း ကျင်ခနဲ ဖြစ်သွားကာ လက်တွင် ကိုင်ထားသော ဓားမှာ မြေပေါ်သို့ လွတ်ကျသွားရတော့၏။

"ဟား ... ဟား ... ဟား ..."

အင်္ကျီဖြူနှင့် လူကြီးက သဘောကျစွာ ရယ်မောလိုက်သည်။

"မင်းက ဓားရေးကောင်း တစ်ယောက်ပဲကွ၊ နောက်ဆုံး ဓား ချက် တစ်ချက်မှာ မင်းကို ငါရှုံးသွားတယ်"

မင်ဝါလေး၏ နောက်ဆုံးသွင်းလိုက်သော ဓားချက်မှာ သူ့အင်္ကျီ လက်ကို စုတ်ပြဲစေနိုင်သောကြောင့် ထိုသို့ပြောလိုက်ခြင်း ဖြစ်၏။

အမှန်တော့ သူကလည်း အားပြောင်းအားလွှဲ အတွင်းအားကို အသုံးပြုကာ မင်ဝါလေး၏ ဓားကို ခါထုတ်လွှင့်ပစ်နိုင်ခဲ့ပါသည်။

မင်ဝါလေးသည် မြေပေါ်မှာ ကျနေသော ဓားကို ကောက်ယူ သိမ်းဆည်းကာ ထိုလူကြီးအား ဦးညွှတ်လိုက်၏။

"အစ်ကိုကြီးက ကျွန်တော့်ကို ညှာညှာတာတာ တိုက်ခိုက်ခဲ့တဲ့ အတွက် အများကြီး ကျေးဇူးတင်ပါတယ်၊ အစ်ကိုကြီးဟာ ကျန်ရှန်ဂိုဏ်း ချုပ်ကြီးရဲ့သား ထန်ကျာယွင် မဟုတ်ပါလား ခင်ဗျာ"

မင်ဝါလေး၏ စကားကြောင့် အင်္ကျီဖြူနှင့် လူမှာ အံ့သြသွား လေ၏။

ထို့နောက် ...

မျက်ခုံးနှစ်ဖက်ကို ပင့်၍

"လက်စသတ်တော့ မင်းက ကျုပ်ရဲ့ ဓားသိုင်းကွက်တွေကို



ကြည့်ပြီး သိသွားတာကိုး၊ ဟုတ်ပါတယ်၊ ကျုပ်ဟာ ကျန်ရှန်ဂိုဏ်းက ထန်ကျာယွင်ပါ"

မင်ဝါလေးသည် ထန်ကျာယွင်အား ထပ်မံ ဦးညွှတ်ကာ ဂါရဝ ပြုလိုက်ပြီး ...

"မမျှော်လင့်ဘဲ အခုလို လာတွေ့ရတဲ့အတွက် ဝမ်းသာပါတယ် ခင်ဗျာ"

ထန်ကျာယွင်က သဘောကျစွာ ပြုံးကာ သူ့အား ခိုးမွမ်းလိုက် ၏။

"မင်းသတင်း ကြားနေရတာတော့ ကြာပါပြီ၊ ခုမှ မင်း လက်ရည်ကို စမ်းသပ်ခွင့် ရတော့တယ်၊ အင်း ... မင်းဟာ နောက် တစ်နှစ် နှစ်နှစ်အတွင်းမှာ ထိပ်တန်းက သိုင်းသမားတစ်ယောက် ဖြစ်လာမှာ သေချာပါတယ်"

မင်ဝါလေးသည် တစ်စုံတစ်ခုကို သတိရစွာဖြင့် ...

"ဒါနဲ့ အစ်ကိုကြီးက လင်ပင်းနဲ့ တွေ့ပြီးခဲ့ပြီ ထင်တယ်"

ထန်ကျာယွင်က ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်၊ မနေ့ညနေက တွေ့ခဲ့တာ၊ ဒီမြင်းကို ရခဲ့ပြီး မင်းဆီကို အမီလိုက်နိုင်တာပေါ့"

ထန်ကျာယွင်သည် မြင်းကြီးအား မေးငေါ့ပြကာ ပြောဆိုလိုက် သည်။

မင်ဝါလေးက ...

"ဒီမြင်းကြီးကို လင်ပင်းက ပေးလိုက်တာလား"

ထန်ကျာယွင်က ခေါင်းယမ်းပြလိုက်ပြီး ...

"မဟုတ်ဘူးကွ၊ လင်ပင်းနဲ့ မတွေ့ခင်က ငါ ကောင်လေး

တစ်ယောက်နဲ့ တွေ့ခဲ့တယ်၊ အင်း ... ဒီကောင်လေးဟာ တန်ကျင်ချုံ ဖြစ်တယ်ဆိုတာ လင်ပင်းနဲ့ တွေ့မှ ငါ သိရတယ်၊ နို့မဟုတ်ရင် ဖမ်းပြီး သူဦးလေးဆီ ပြန်ပို့ပေးပါရဲ့"

မင်ဝါလေးက ပြုံး၍ မေးလိုက်၏။

"ဒါဆို အစ်ကိုကြီးက ဒီမြင်းကြီးကို သူ့လက်ထဲက ပြန်လုလာခဲ့တာပေါ့ ဟုတ်လား"

ထန်ကျာယွင်က ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်ဆိုပါတော့ကွာ၊ အမှန်တော့ ဒီမြင်းရဲ့ ပိုင်ရှင်ဟာ လိုင်ဟိုက်ဖြစ်တယ်ဆိုတာ ငါသိတယ်ကွ၊ ဒီနယ်တစ်ဝိုက်မှာ ဒီမြင်းညိုကြီးကို စီးတဲ့လူဟာ လိုင်ဟိုက်ပဲ၊ သူစီးလာတာတွေ့တော့ ဘယ်လိုပါလိမ့်ဆိုပြီး မသင်္ကာစိတ်နဲ့ စုံစမ်းဖို့ သွားတာ၊ ငါလည်း အနားရောက်ရော သူက မြင်းပေါ်ကဆင်းပြေးပါလေရော ဒါနဲ့ ငါလည်း ဒီကောင် မြင်းသူခိုးပဲလို့ သိလိုက်ပြီး မြင်းကို မနက်ကျမှ သူ့သခင် ပြန်ပေးဖို့ အခု ထွက်လာတာ၊ လင်ပင်းနဲ့တွေ့မှ၊ သူပြောပြလို့ ဒီမြင်းဟာ လိုင်ဟိုက်က မင်းကို လက်ဆောင်ပေးလိုက်တာ ဆိုတာ သိရတယ်"

ထန်ကျာယွင် ပြောသမျှ မင်ဝါလေးက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရာမှ မေးလိုက်မိ၏။

"ဒါဆို အစ်ကိုကြီးက ကျွန်တော့်နောက် လိုက်လာတာလား"

ထန်ကျာယွင်က ခေါင်းညိတ်လိုက်ပြီး ...

"အေးပေါ့ကွ၊ မင်းကို ဒီမြင်း ပြန်ပေးဖို့ လိုက်လာတာပေါ့၊ ဒါပေမယ့် မင်းက ခုတလော နာမည်ကြီး ဓားသမားတစ်ယောက် ဖြစ်နေတော့ ခုလို လက်ရည်စမ်းကြည့်တာပါ၊ ဟား ... ဟား စိတ် မရှိပါနဲ့နော်"



ထန်ကျာယွင်ကို ကြည့်သည်မှာ ပွင့်ပွင့်လင်းလင်းနှင့် ဖော်ရွေပြီး သဘောကောင်းပုံရသည်။ မင်ဝါလေးသည် ထန်ကျာယွင်အား ချက်ချင်းပင် ခင်မင်လေးစားသွားမိ၏။

သူ၏ ညီဖြစ်သူမှာ ထန်ကျာယွင်၏ ဖခင်ထံတွင် ပညာသင်ကြားရသည်မှာ ကံကောင်းသည်ဟု စိတ်ထဲမှ ကျိတ်၍ တွေးနေမိသည်။

ထန်ကျာယွင်သည် မင်ဝါလေးအား မျက်မှောင်တွန့်၍ ကြည့်ကာ ...

"လင်ပင်းက ပြောတယ်၊ မင်း ကျန်ရှန်တောင်ကို သွားဖို့ အစီအစဉ် ရှိတယ်ဆိုတာ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဝေချီတင်နဲ့ ဆုံတွေ့ပြီးရင် ကျန်ရှန်တောင်ကို ကျွန်တော် သွားဖို့ ကိစ္စရှိပါတယ်"

"ဘာကိစ္စများလဲကွ"

"လူတစ်ယောက်ကို ရှာဖို့ပါ"

"ဘယ်သူလဲ"

မင်ဝါလေးက မိမိ၏ ညီဖြစ်သူက ထန်ကျာယွင်၏ ဖခင်ထံတွင် ပညာသင်ယူနေသည်ဟု ဖွင့်ပြောရန် သင့်မသင့် စဉ်းစားနေမိသည်။

ကျန်ရှန်တောင်ရောက်လျှင် ထိုအကြောင်းကို ထန်ကျာယွင် သိရှိသွားမည်သာ ဖြစ်သည်။

ယခုကတည်းက ဖွင့်ပြောလိုက်၍လည်း မည်သို့မျှ ကိစ္စမရှိဟု ယူဆကာ ...

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က လူချန်ဖုန်ဆိုတဲ့ လူတစ်ယောက်ဟာ ကလေးတစ်ယောက်ကို ခေါ်ဆောင်ပြီး အစ်ကိုကြီးရဲ့ ဖခင်ထံမှာ ပညာသင်ဖို့ အပ်နှံခဲ့ပါတယ်၊ သူဟာ ကျွန်တော့်ရဲ့ ညီလေးပါပဲ"

"ဩော် ... မင်းက ငါ့ရဲ့ ပညာသင်ဘက် ညီကို ပြောနေတာ ထင်တယ်"

"ဖြစ်နိုင်ပါတယ် ခင်ဗျာ"

ထန်ကျာယွင်က ခေါင်းတဆတ်ဆတ်ညိတ်၍ ...

"မင်း ညီလေးဟာ တော်တော်ကို ဉာဏ်ကောင်းတဲ့ ကလေးပဲကွ၊ ငါတို့ သူ့ကို ငါးနှစ်သားအရွယ်ကစပြီး သိုင်းပညာ သင်ပေးခဲ့တယ်၊ တိုင်ဂိုဏ်းရဲ့ သိုင်းအခြေခံအကွက်ကို တခြားသူတွေ ငါးနှစ် လေ့ကျင့်ရတယ်၊ သူက သုံးနှစ်တည်းနဲ့ တတ်မြောက်သွားခဲ့တယ်၊ တိုင်ဂိုဏ်းရဲ့ အဆင့်မြင့် ပညာဖြစ်တဲ့ ရွက်ကြွေဓားသိုင်းပညာကို ဆယ့်တစ်နှစ်သားအရွယ်မှာ သူဟာ ကျွမ်းကျွမ်းကျင်ကျင် ကစားနိုင်နေပြီ၊ သူဟာ ကျန်ရှန်ဂိုဏ်းရဲ့ ကြယ်ပွင့်လေးတစ်ပွင့် ဖြစ်လာမယ်လို့ မျှော်လင့်ထားတယ်"

ထန်ကျာယွင်က တက်ကြွစွာ ပြောဆိုလိုက်၏။

မင်ဝါလေးက ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

ဂုဏ်ယူဖွယ်ရာ ညီလေးပါတကား။

"ညီလေးကို ဒီလို လေ့ကျင့်သင်ကြားပေးတဲ့အတွက် အစ်ကိုကြီးရော အစ်ကိုကြီးရဲ့ အဖေကိုပါ အထူးကျေးဇူးတင်ပါတယ် ခင်ဗျာ"

သူက လေးစားစွာ ပြောဆိုလိုက်သည်။

ထန်ကျာယွင်က မျက်မှောင်တွန့်ကာ မေးခွန်းတစ်ခု ကြားဖြတ်မေးလိုက်၏။

"ဒါနဲ့ မင်း ဝေချီတင်နဲ့ ဘယ်တော့လောက်များ တွေ့ရလိမ့်မယ် ထင်သလဲ"

မင်ဝါလေးက ဦးခေါင်းကိုမော့ကာ စဉ်းစားလိုက်ပြီး ...



"လမ်းမှာ ဘာအခက်အခဲမှ မရှိဘူးဆိုရင်တော့ ဆယ်ရက်အတွင်း တွေ့နိုင်လိမ့်မယ်လို့ ထင်ပါတယ် ခင်ဗျာ"

"ဝေချီတင်နဲ့ တွေ့ပြီးတာနဲ့ ကျန်ရှန်တောင်ပေါ်ကို ဆက်ပြီး သွားမှာလား"

"ဟုတ်ကဲ့ ခင်ဗျ"

"ဒါဆိုရင် ကျုပ်ကို တစ်ခုကူညီပါ၊ ဟောဒီ ကတ္တီပါဘူးလေးကို ငါ့အဖေလက်ထဲကို ငါ့ကိုယ်စား ပေးပေးပါ၊ ဒီဘူးလေးဟာ ငါ ချွမ်စီပြည်နယ်ကို ရောက်ခဲ့တုန်းက ခုံတန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ထန်ကျင်ဆုက ငါ့အဖေကို လက်ဆောင်ပေးလိုက်တဲ့ ပစ္စည်းပါ၊ ကျုပ်က ခရီးဆက်ဖို့ ရှိသေးလို့ ဒီပစ္စည်းကို မင်းယူသွားပေးဖို့ အကူအညီတောင်းရတာပါ"

မင်ဝါလေးက ခေါင်းကို သွက်လက်စွာ ညိတ်ပြကာ ဘူးကလေးကို လှမ်းယူလိုက်၏။

"ဒီဘူးကလေးကို အစ်ကိုကြီးရဲ့ ဖခင်လက်ထဲအရောက် ကျွန်တော် ပို့ပေးပါ့မယ်"

သူက ကတိပေးလိုက်သည်။

ထန်ကျာယွင်က ဝမ်းသာစွာ ပြောသည်။

"အေးကွာ ... ကျေးဇူးပါပဲ"

ကတ္တီပါဘူးလေးအား သိမ်းဆည်းပြီးနောက် မင်ဝါလေး တစ်စုံတစ်ရာကို တွေး၍ စဉ်းစားနေ၏။

ထို့နောက် ...

သူသည် ထန်ကျာယွင်၏ မျက်နှာအား တစ်ချက်လှမ်း ကြည့်လိုက်ပြန်သည်။

သူ့ပုံစံက တစ်စုံတစ်ရာကို မေးသင့် မမေးသင့် ချိန်ဆနေဟန် လက္ခဏာရှိနေ၏။

ထန်ကျားယွင်က မျက်ခုံးပင့်၍ ...

"မင်းကြည့်ရတာ တစ်ခုခု မေးချင်နေသလိုပဲ၊ ဘာမေးမလို့လဲ မေးပါ"

မင်ဝါလေးက မေးချလိုက်လေ၏။

"ခုံတုန်ဂိုဏ်းချုပ်ရဲ့ ဂိုဏ်းချုပ်ကြီး ထန်ကျင်ဆုဟာ ဘယ်လိုလူစားလို့ အစ်ကိုကြီး ယူဆသလဲ"

ထန်ကျားယွင်သည် မင်ဝါလေးအား တစ်ချက်ကြည့်ကာ ...

"ထန်ကျင်ဆုဟာ ကိုယ်ရေးကိုယ်တာကိစ္စလေး တချို့မှာ နာမည်ပျက် ရှိခဲ့ပေမယ့် ဂိုဏ်းအဖွဲ့တစ်ခုနဲ့တစ်ခု ဆက်ဆံရေးမှာတော့ မှန်မှန်ကန်ကန် ရှိပါတယ်၊ ဘာကြောင့် မေးရတာပါလဲကွ"

မင်ဝါလေးက ...

"ဒီလိုပါ ... ခုံတုန်ဂိုဏ်းက လက်ထောက်အကြီးအကဲ နှစ်ယောက်ဖြစ်တဲ့ ထုန်ရှန်ဆုနဲ့ ထုန်မင်ဆုတို့ကို ကျွန်တော် ကြုံတွေ့ခဲ့ဖူးပါတယ်၊ သူတို့နှစ်ယောက်နဲ့ ကျွန်တော့် ဆရာ ဘန်ချူစိန်းတို့ဟာ မသင့်မြတ်ကြဘူး၊ အမှန်တော့ ဆရာဘန်ချူစိန်းဟာ ..."

မင်ဝါလေး၏ စကားမဆုံးခင် ထန်ကျားယွင်က လက်ကာပြလိုက်ပြီး ...

"ငါသိပြီ ... မင်းဆရာ ဘန်ချူစိန်းဆိုတာ ကျောက်တောင်ဒေသထဲမှာ လွှန်ခဲ့တဲ့ လေးနှစ်လောက်က ခိုလှုံနေတဲ့လူကို ပြောတာ ဟုတ်လား၊ သူဟာ ဟိုတုန်းက ခုံတုန်ဂိုဏ်းက အရေးပါတဲ့ လူတစ်ယောက် ဖြစ်ခဲ့တယ်လေ"



"ဟုတ်ပါတယ်၊ ဒါပေမယ့် ခုတော့ ခုံတုန်ဂိုဏ်းက သူ့ကို ကြဉ်ထားပါတယ်၊ ဒါကလည်း ကျွန်တော် စောစောက ပြောတဲ့ လူနှစ်ယောက်ရဲ့ ပယောဂကြောင့်ပါပဲ၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အစ်ကိုကြီးတို့ ဂိုဏ်းချုပ်ကို ဝင်ရောက်ဖြန်ဖြေပေးဖို့ ကျွန်တော် တောင်းပန်ချင်ပါတယ်"

ထန်ကျားယွင်သည် ငြိမ်သက်စွာ စဉ်းစားနေသည်။

အတန်ကြာမှ ...

"မင်း ဟိုရောက်တဲ့အခါ ဒီအကြောင်းကို ငါ့အဖေကို ပြောပြလိုက်၊ ငါ့အဖေကတစ်ဆင့် ခုံတုန်ဂိုဏ်းချုပ်နဲ့ ဆက်သွယ်ပြီး မင်းဆရာကိစ္စကို ဆောင်ရွက်ပေးပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

သို့ဖြင့် သူတို့နှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နှုတ်ဆက်ကာ ထိုနေရာမှ လမ်းခွဲလိုက်ကြလေတော့သည်။

❑ ❑ ❑

အခန်း (၆)

# အချိန်မီ ကယ်တင်ခြင်း

သီးနှင်းများ ကျဆင်းခြင်း မရှိတော့ပါ။

ရာသီဥတုက သာသာယာယာ ရှိလှသည်။

သန်မာထွားကျိုင်းသော မြင်းညိုကြီးကို အဖော်ပြုကာ မင်ဝါလေး တစ်ယောက် ခရီးနှင်နေသည်။ မြင်းနှင့် ခရီးသွားခြင်းက သူ့အဖို့ ပို၍ ခရီးရောက်သည်။

သီးနှင်းတချို့တစ်ဝက်ခဲလျက် တည်ရှိနေသော တောင်စွယ်များနှင့် ကျယ်ပြန့်ကြီးမားသော မြက်ခင်းလွင်ပြင်ကြီးအားလုံးကို တရိပ်ရိပ် ကျော်လွှားဖြတ်သန်းလာခဲ့သည်။

ယခုအခါတွင် ...

သူသည် ခရီးလမ်းတစ်လျှောက်ရှိ နယ်မြေကြီး ကိုးခုကို ကျော်လွှားဖြတ်သန်းခဲ့ပြီး ဖြစ်သည်။

ထိုနယ်မြေ ကိုးခုစလုံးမှ နယ်ပိုင်စော်ဘွားများအား သူသည် လိုင်ဟိုက်ရေးပေးလိုက်သည့် မိတ်ဆက်စာကို ပြကာ ဂါရဝပြု နှုတ်ဆက်ခဲ့သည်။



နယ်မြေ ကိုးခုစလုံးတွင် စော်ဘွားကြီး ကိုးယောက်စလုံးက သူ့အား ပျူငှာစွာ ညှော်ခံ ကြိုဆိုခဲ့ကြ၏။

သူသိလိုသမျှကိုလည်း မှန်ကန်စွာ ရှင်းလင်းဖြေဆိုကြသည်။

သူသည် ဝေချီတင်အကြောင်းကို စုံစမ်းသည်။

ထိုအခါ စော်ဘွားများက ဝေချီတင်သည် မိမိတို့ထံမှ ခရီးထွက်သွားပြီဖြစ်ကြောင်း အသီးသီး ပြောပြသဖြင့် သူက တစ်နယ်ပြီး တစ်နယ် ဖြတ်ကျော်ကာ ဝေချီတင်နောက်သို့ အပြင်းလိုက်လာခြင်း ဖြစ်သည်။

သူ ခရီးထွက်ပြီး ရှစ်ရက်မြောက် ကြာသောနေ့တွင် သူသည် ဆယ်ယောက်မြောက် စော်ဘွားကြီးထံသို့ ရောက်သွားခဲ့သည်။

ထိုစော်ဘွားကြီးက ဝေချီတင် သူ့ထံမှ ထွက်သွားသည်မှာ တစ်ရက် ခန့်သာရှိသေးကြောင်း ပြောဆိုလိုက်၏။

ထိုသတင်းကို ကြားသည်နှင့် မင်ဝါလေး၏ စိတ်ထဲတွင် အတော်ကလေး တက်ကြွရွှင်လန်းသွားတော့၏။

နောက်အကျဆုံး သန်ဘက်ခါ မွန်းတည့်ချိန်တွင် သူက ဝေချီတင်ကို မီတော့မည် မဟုတ်ပါလား။

စိတ်ကူးနှင့် မြူးကြွအားတက်နေသော မင်ဝါလေးသည် ဝေချီတင်နှင့် အမြန်တွေ့လိုဇောဖြင့် မြင်းကြီးကို ပိုပြီး အပြင်းမောင်းနှင်လိုက်၏။

တောင်ကမူတစ်ခုတွင် လွှားခနဲ ခုန်ကျော်ပြီးသောအခါတွင် ပြေးလွှားနေသော မြင်းကြီး၏ ရှေ့ခြေထောက်များမှာ မြေကြီးထဲသို့ ရုတ်တရက် ကျွံဝင်သွားတော့၏။

မင်ဝါလေးမှာ အရှိန်ဖြင့် အားလွန်ကာ လေထဲမှာ ဝဲပျံသွားတော့၏။

ထိုစဉ်မှာပင်

သူ၏ ရှေ့မလှမ်းမကမ်းရှိ ချုံပုတ်များထဲမှ မြွေး ကိုးစင်းသည် သူ့ထံသို့ လွင့်ပျံလာလေတော့သည်။

မင်ဝါလေးသည် လေထဲမှာပင် ဓားကိုဆွဲထုတ်လိုက်ပြီး လွင့်ပျံလာသော မြွေးများကို ရိုက်ထုတ်ပစ်လိုက်လေသည်။

ထို့နောက် ...

သူသည် မြေကြီးပေါ်သို့ အသင့်အနေအထားဖြင့် ပြန်ကျလာတော့၏။

သူ မြေပေါ်သို့ ခြေချလိုက်မိသည်နှင့် သူ့ရှေ့တွင် ဝတ်ရုံနီကြီးများဖြင့် လာမားကြီး ကိုးယောက်သည် ပိတ်ဆို့ရပ်တန့်နေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

သူတို့သည် မင်ဝါလေးအား မြွေးဖြင့်ပစ်ခဲ့သော်လည်း ယခုအခါတွင် သူတို့လက်ထဲတွင် ကြေးကွင်းကိုးကွင်းပါသော ခဲတုတ်များကို တစ်ယောက်တစ်ခုစီ ကိုင်ဆောင်ထားကြသည်။

ခဲတုတ်များအားလုံးတွင် ကြေးကွင်းပေါင်း ရှစ်ဆယ့်တစ်ကွင်း ရှိသည်ဖြစ်ရာ ယင်းတို့မှ ထွက်ပေါ်လာသည့် အသံမှာ နားအူလောက်အောင် ဆူညံနေတော့၏။

မင်ဝါလေးသည် အသင့်အနေထားဖြင့် လာမားများကို အကဲခတ်လိုက်၏။

ထိုစဉ် ...

ခေါင်းဆောင် လာမားကြီးက လက်နက်ချင်း ထိခိုက်ရာတွင် ထွက်ပေါ်လာသော အသံကဲ့သို့ မာကြောပြတ်တောင်းသော အသံဖြင့် ကြိမ်းမောင်းလိုက်၏။



"ဟေ့ကောင် ... ရှောင်ကျန်ချွမ်မှာတုန်းက မင်း တို့ကို အနိုင်ယူသွားတာ မှတ်မိသေးလား။ အေး ... ခုတော့ မင်း သေပေတော့"

ထိုလာမားကြီးမှာ ရှောင်ကျင်ချွမ်မှာတုန်းက သူနဲ့ တိုက်ခိုက်ဖူးသော တန်ဖုန်ဆိုသူဖြစ် ကြောင်း မင်ဝါလေးက ချက်ချင်းသိလိုက်သည်။

တန်ဖုန်၏ နောက်လိုက်များမှာ ဟိုတုန်းက သုံးယောက်ဖြစ်သော်လည်း ယခု ကိုးယောက်ဖြစ်နေသည်။

အခြေအနေမှာ ရှောင်လွဲမရသဖြင့် မင်ဝါလေးမှာ လာမားတို့နှင့် ယှဉ်ပြိုင်ရမည့် နည်းလမ်းကို စဉ်းစားနေမိသည်။

လာမားများနှင့် ရှောင်ကျင်ချွမ်မှာ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ဖူးသော အတွေ့အကြုံအရ လာမားများသည် အကွက်ချပြီးမှ နေရာယူတိုက်ခိုက်လေ့ရှိကြောင်း သူမှတ်မိနေလေသည်။ များသောအားဖြင့် သူတို့သည် ပူးပေါင်းတိုက်ကွက်ကို သုံးလေ့ရှိသည်။

သူတို့ အကွက်ချပြီး ဝိုင်းရံလာသောအခါတွင် ထိုးဖောက်တိုက်ခိုက်ရန် မလွယ်တော့ကြောင်း သူသိသည်။

ဘို့ကြောင့် ...

သူတို့က စနစ်တကျ နေရာမယူကြခင်မှာပင် ...

"ယား ..."

ညာသံတစ်ချက်ပေးကာ ဓားလျင် ဓားကွက်များကို လျှပ်တစ်ပြက် ထုတ်သုံးပြီး ဝင်ရောက်တိုက်ခိုက်လေတော့၏။

လာမားကိုးယောက်ကလည်း ချက်ချင်းပင် အရပ်ရှစ်မျက်နှာ တစ်ခွင်ကိုသို့ ခြေကွက်ပြောင်းကာ လူဖြန့်ပြီး သူ့အား တုံ့ပြန်တိုက်ခိုက်လိုက်ကြလေတော့၏။

တဂဒ်အတွင်းမှာပင် ...

ထိုနေရာတစ်ဝိုက်တွင် ကြိမ်းဝါးသံများ၊ ကြွေးကြော်သံများ၊ ရိုက်ခတ်သံများဖြင့် ဆူညံလှုပ်ရှားသွားလေတော့သည်။

ဝတ်ရုံဖားဖားဖြင့် မင်ဝါလေးအား ဝိုင်းရံတိုက်ခိုက်နေကြသော လာမားကြီးများထဲမှ သုံးယောက်သည် ရှေ့သို့ ကျွံလာကာ မင်ဝါလေးအား လက်ထဲမှ ခဲတုတ်ဖြင့် တအားဝင်ရိုက်လိုက်ကြလေတော့၏။

လက်ယာဘက်မှ လာမားသည် မင်ဝါလေး၏ ခန္ဓာကိုယ် လက်ဝဲဘက်ခြမ်းကို တိုက်ခိုက်လိုက်၏။

လက်ဝဲဘက်မှ လာမားက ခန္ဓာကိုယ်၏ လက်ယာဘက်ခြမ်းကို တိုက်ခိုက်လိုက်၏။

ရှေ့မှ လာမားက မျက်နှာတည့်တည့်သို့ ခဲတုတ်ဖြင့် ရိုက်လိုက်သည်။

ထိုသို့ တိုက်ခိုက်ရန် ပင့်မြှောက်လိုက်စဉ် ဓားမှ တိုက်ခိုက်လိုက်သော လာမား၏ လက်နက်ကိုင်ထားသည့် လက်မှ ပခုံးစွန်းသည် အင်္ကာအကွယ်မဲ့သွားသည်။

ထို့ကြောင့် …

သူ့လက်နက် မိမိထံ ရောက်မလာမီ သူ့ပခုံးကို ဓားဦးဖြင့် ထိုးသွင်းလိုက်၏။

"အား …"

ရှေ့မှ တိုက်ခိုက်လိုက်သော လာမား မချိမဆန့် အော်ဟစ်လိုက်သည့်အချိန်မှာပင် ဘေးနှစ်ဖက်မှ လာမားနှစ်ယောက်သည် မင်ဝါလေးအား တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လိုက်ကြတော့၏။

မင်ဝါလေးသည် ရန်သူနှစ်ယောက်အနီး ကပ်လာသည်နှင့် တစ်ပြိုင်နက် 'မြွေနဂါးအမြီးဖြတ်' အကွက်ကို သုံးကာ ရုတ်တရက် နောက်သို့ ခုန်ဆုတ်သွားလေသည်။



ထိုအခါ …

အရှိန်လွန်သွားသော လာမားနှစ်ယောက်မှာ အချင်းချင်း တိုက်မိကြလေတော့၏။

"အား …"

"အား …"

နာကျင်စွာ အော်ဟစ်သံများသည် ထိုလာမားနှစ်ဦး၏ နှုတ်များမှ ထွက်ပေါ်လာလေတော့၏။

နောက်လိုက် လာမားသုံးယောက် အခြေအနေ မလှမပဖြစ်သွားသည်ကို လာမားခေါင်းဆောင် တွေ့မြင်လိုက်ရသည်နှင့် ဒေါသကြီးစွာဖြင့် မင်ဝါလေးအား ဝင်ရောက်တိုက်ခိုက်လေတော့၏။

ဝိုးခနဲ … ဝိုးခနဲ အရှိန်ပြင်းစွာ ကျရောက်လာသော တန်ဖုန်၏ တိုက်ချက်များအား မင်ဝါလေးသည် ကိုယ်ကို လိုသလို ယိမ်းနွဲ့ကစား၍ ခုခံနေရလေသည်။

တစ်ချီတွင် မင်ဝါလေး၏ ဓားလျှင်ဓားချက်နှင့် လာမားကြီး၏ ခဲတုတ်တို့ အရှိန်ပြင်းစွာ ထိမိသွားကြ၏။

မင်ဝါလေး၏ ဓားကိုင်ထားသော လက်ခွကြားမှာ ကျင်ခနဲဖြစ်သွား၏။

မင်ဝါလေးက ဟန်မပျက် ပြုံးလိုက်ရင်း လှောင်ပြောင်လိုက်၏။ သူတို့ကို ဒေါသဖြစ်ပြီး အမှားများစေရန် စပေးရပေသည်။

"ဟေ့ … ခင်ဗျား ကျုပ်ကို ရှုံးမှုထားတာ မမှတ်သေးဘူးလား"

ဟု လှောင်ပြောင်ပြောဆိုလိုက်၏။

ထိုသို့ ပြောရင်းတန်းလန်းမှလည်း လေထဲသို့ ဓွေ့ခနဲ ခုန်တ
လိုက်လေသည်။

ထိုအခါ ...

တန်ဖုန်ကိုက်လိုက်သော ခဲတုတ် တောင်ဝှေးသည် မင်ဝါလေ
၏ ခြေထောက်များအောက်မှ ဗိုခနဲ မြည်ပြီး ဖြတ်ကျော်သွားပြ
တော့၏။

မင်ဝါလေးသည် လေထုထဲမှာပင် ဓားကို အောက်သို့ ခုတ်
လိုက်သည်။

တန်ဖုန်မှာ မျာမျာသလဲဖြင့် ကိုယ်ကို တစ်ဝက်အထိ နှိမ့်
လိုက်ပြီး လိမ့်ရှောင်ထွက်သွားရတော့၏။

မင်ဝါလေးသည် မြေပြင်ပေါ် ခြေပြန်ကျသည်နှင့် ဓားကွက်
များကို ဆက်တိုက်ထုတ်သုံးကာ ကျန်လာမားများအား လိုက်လံတိုက်
ခိုက်ပြန်လေတော့၏။

အတွေ့အကြုံ နုနယ်ဟန်တူသော ကျန်လာမားများမှာ မင်ဝါ
လေး၏ လျင်မြန်သော ဓားချက်များအောက်တွင် ဒဏ်ရာအသီးသီး
ရရှိသွားကြတော့၏။

နောက်ဆုံး ဒဏ်ရာကိုယ်စီဖြင့် တိုက်ပွဲအတွင်းမှ ကိုယ်လွတ်
ရုန်းပြေးသွားကြတော့သည်။

မင်ဝါလေးသည် တန်ဖုန်ဘက်သို့ အေးစက်စွာ လှည့်လိုက်
သည်။

ယခုအခါတွင် တန်ဖုန်နှင့် သူ နှစ်ယောက်တည်းသာ ယှဉ်ပြိုင်
ရန် ကျန်ရှိနေတော့သည်။

တန်ဖုန်သည် လက်တစ်ဖက်ဖြင့် ကိုင်ဆောင်ထားသော လက်



နက်ကို ဝှေ့ယမ်းတိုက်ခိုက်နေပြီး ကျန် လက်တစ်ဖက်ဖြင့် ဝတ်ရုံကြီး
ကို ဝှေ့ယမ်းကာ မင်ဝါလေးအား အုပ်မိုးဖမ်းဆီးနိုင်ရန် ကြိုးပမ်းနေ၏။

ဝတ်ရုံကြီးမှာ တိမ်နီကြီး ဖြန့်သလို မင်ဝါလေး၏ ခန္ဓာကိုယ်
ပေါ် အုပ်မိုးနေတော့၏။

မင်ဝါလေးသည် တန်ဖုန်၏ တိုက်ကွက်များကို ရှောင်တိမ်းရင်း
မှ လက်ထဲမှ ဓားကို လျှပ်တစ်ပြက် ဝင်းလက်စေလိုက်ပြီး 'လုလင်ပျို
ကြယ်စင်ဆွတ်' ဓားချက်ကို ထုတ်သုံးကာ တန်ဖုန်၏ ဝတ်ရုံနီကြီး
အား ထိုးဖောက်ခွဲထုတ်ပစ်လိုက်တော့သည်။

"ဗြဲ ..."

"ဗြဲ ..."

ဟူသော မြည်သံများနှင့်အတူ တန်ဖုန်၏ ဝတ်ရုံနီကြီးမှာ အစိတ်
စိတ် အမြွှာမြွှာ စုတ်ပြဲသွားလေတော့သည်။

တန်ဖုန်သည် ချက်ချင်းပင် အခြေအနေကို တွက်ဆလိုက်လေ
သည်။

ယခုအခါတွင် သူ့တွင် နောက်လိုက်များလည်း တစ်ယောက်မှ
မကျန်တော့၊ အားလုံး ထွက်ပြေးကုန်ကြပြီ။

သူတစ်ယောက်တည်း အနေဖြင့်လည်း မင်ဝါလေးအား ယှဉ်
ရန် မလွယ်။ ဆက်တိုက်လျှင် သူရှုံးတော့မည်။

ထို့ကြောင့် ...

နောက်သို့ ရုတ်တရက် ပေသုံးဆယ်ခန့် ခုန်ဆုတ်သွား၏။

"ဟေ့ကောင်လေး ... မင်း ထမင်းဝဝသာ စားထားကွ သိလား"

သူသည် နှုတ်မှ အော်ဟစ်ကြိမ်းဝါးရင်း ထိုနေရာမှ လျင်မြန်
စွာ ပြေးထွက်သွားလေတော့၏။

တန်ဖုန် ထွက်ပြေးသွားရာ နောက်သို့ မင်ဝါလေးက လိုက် တိုက်ခိုက်ခြင်း မရှိပါ။

သူ့မှာ ဝေချီတင်ကို ဆုံတွေ့ရန် အရေးကြီးနေသည် မဟု ပါလား။

ထို့ကြောင့် ...

ခရီးဆက်ရန်အတွက်သာ မြင်းညိုကြီးရှိရာသို့ ပြန်လှည့်လာ သည်။

မြင်းကြီးမှာ သေဆုံးနေရှာချေပြီ။

ရှေ့ခြေထောက် နှစ်ချောင်းမှာ သွင်သွင်ကျိုးနေပြီး ဦးခေါ် ထက်တွင်လည်း မြားတွေစိုက်လျက် တန်းလန်းဖြင့် အသက်ထွ နေလေပြီ။ တကယ် ရက်စက်သော လာမားများပေတည်း။ သူ သည် တိရစ္ဆာန်ရော လူရော မခွဲခြားတော့ပေ။

မင်ဝါလေးက ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။

အမှန်တော့ တန်ဖုန်းတို့ လူသိုက်သည် မိမိလာမည့် လမ်းတွ စနစ်တကျ အကွက်ချကာ ထောင်ချောက်ဆင်ခဲ့ကြခြင်း ဖြစ်သည်

မြင်းညိုကြီး ခြေကျွံခဲ့သော နေရာတွင် ပေသုံးဆယ်ခန့် ကျယ် ဝန်းသော တွင်းတစ်ခု တွေ့ရသည်။

ထိုတွင်းပေါ်တွင် မြက်နှင့် သစ်ကိုင်းခြောက်အချို့ကို ခင်ကျဲ ခင်းကာ အပေါ်မှ ဟန်မပျက် မြေဖို့ထားခြင်းဖြစ်သည်။

ထောင်ခြောက်ဆင်ထားခြင်းမျှသာ ဖြစ်၏။

သူ၏ မြင်းညိုကြီးမှာ ထောင်ချောက်မိကာ သေဆုံးသွားရ ဖြစ်သည်။

ကျန်ခရီးကို သူတစ်ယောက်တည်း ခြေလျှင်လျှောက်လှမ်း ရပေဦးတော့ သည်။



သူသည် ကြာရှည်စွာ ငိုင်တွေစဉ်းစားမနေ တော့ဘဲ ကိုယ်ပော့ ပညာကို အသုံးပြုကာ ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာလာခဲ့တော့၏။

ငင်စစ် ...

မြင်းနှင့်သွားလျှင်ပင် နှစ်ရက်တိတိ ကြာမည်ဖြစ်သော လမ်း ခရီးအား ခြေလျင်သွားနေခြင်း ဖြစ်သည်။

နှစ်ရက်အတွင်း ဝေချီတင်ကို ဆုံတွေ့နိုင်ပါ့မလား။

သူ့ရင်ထဲမှာ ပူပန်စွာ တွေးတောနေမိ၏။

အမှန်တော့ ...

ဝေချီတင် ယခုရောက်ရှိနေသော နယ်မြေသည် အန္တရာယ်များ ပြားလှသော နယ်မြေဖြစ်သည်။

အချိန်မီ ဆုံတွေ့တားဆီးနိုင်မှ ဖြစ်မည်။

သို့မဟုတ်လျှင်

ဝေချီတင်မှာ လုပ်ကြံမှုနှင့် မလွဲမသွေ ရင်ဆိုင်ရတော့မည် ဖြစ်သည်။

ဝေချီတင် လာရောက်ဆက်သွယ်သည့် ပြည်နယ်ဆဲ့ငါးခု အနက် နောက်ဆုံး ဆက်သွယ်ရမည့် ပြည်နယ်နှစ်ခုတို့မှ စော်ဘွား တို့သည် ရန်သူမင်းချူးများနှင့် တိတ်တဆိတ် အဆက်အသွယ်ရှိသူများ ဖြစ်သည်ဟု သိထားပြီးပြီ မဟုတ်ပါလား။ သူတို့သည် ဝေချီတင်ကို ဒုက္ခပေးကြပေလိမ့်မည်။

ထို့ကြောင့် ...

သူ့အား အချိန်မီ တားဆီး သတိပေးရန် မင်ဝါလေးက လိုက် နေခြင်းဖြစ်သည်။

ဝေချီတင်အား ထိုအန္တရာယ်မှ အချိန်မီ တားနိုင်ပါမည်လား

မင်ဝါလေး စိုးရိမ်နေသည်။

သူသည် အလျင်အမြန် ပြေးနေ၏။

သူ့တွင် မြင်းမရှိပါ။

ထို့ကြောင့် ...

လျင်မြန်စွာ ပြေးနေသော်လည်း ထင်ဘလောက် ခရီးမတွင်ပေ။ ဝေချီတင်ကို တွေ့ဆုံတားဆီးလိုသောစိတ်ဖြင့် မနားမနေ ပြေးလွှားခဲ့သော်လည်း ခရီးသုံးချိုးတစ်ချိုးပင် သူ မရောက်သေးပါ။

မိုးကလည်း ချုပ်လုနီးနေပြီဖြစ်၏။

ပြေးရင်းလွှားရင်းမှ သူသည် ဆုံတွေ့ရင်ဆိုင်ခဲ့ရသော အခြေအနေများကို သုံးသပ်နေမိသည်။

မကြာမီ သူသည် ထန်လုံနယ်မြေသို့ ရောက်ရှိတော့မည်ဖြစ်သည်။

ထန်လုံစော်ဘွားသည် မန်ချူးဘက်တော်သား ဖြစ်သည်။

ထိုစော်ဘွားထံတွင် ယခုလောက်ဆိုလျှင် မန်ချူးလက်ပါးစေများ ရောက်ရှိနေလောက်ပြီ။ သူတို့က ဝေချီတင်အား ဒုက္ခပေးကြတော့မည်။

ဝေချီတင်သည် ထိုအချက်ကို မသိရှာဘဲ ထန်လုံစော်ဘွားနှင့် ဆက်သွယ်ဆွေးနွေးရန် သွားနေရှာလေသည်။

အချိန်ကလည်း တဖြည်းဖြည်း ကုန်ဆုံးနေချေပြီဖြစ်၏။

မင်ဝါလေးမှာ အားမလိုအားမရဖြင့် အပြေးနှုန်းကို မလျှော့ဘဲ ခြေကုန်သုတ်နေသည်။

ထိုစဉ် ...

ရုတ်တရက် မြင်းခွာသံ ကြားလိုက်ရလေသည်။



မင်ဝါလေးက ပြေးနေရာမှ ခေါင်းထောင်ကြည့်လိုက်လေသည်။

သူ့ရှေ့ ခပ်လှမ်းလှမ်းတွင် သိုးကျောင်းသည့် အဘိုးအိုတစ်ယောက် မြင်းတစ်စီးကို စီးနင်းလာနေသည်။

မင်ဝါလေးသည် ရတနာထုပ်ကို တွေ့လိုက်ရသလို ဝမ်းသာအားတက်သွားမိတော့သည်။

ချက်ချင်းပင် ...

သူသည် အဘိုးအို စီးလာသော မြင်းရှေ့တည့်တည့်မှ လမ်းပိတ်ရပ်တန့်လိုက်၏။

သူ့တစ်ကိုယ်လုံး ညစ်ပတ် ပေကျံနေသည့်အပြင် ခါးမှာလည်း ဓားတစ်လက် ချိတ်ထားသည်ဖြစ်ရာ သူ့ကိုကြည့်ကာ အဘိုးအိုက လူဆိုး ဓားပြဟု ယူဆလိုက်သည်။

အဘိုးအိုသည် သူ့မြင်းကို ရပ်တန့်စေလိုက်သည်၊

ထို့နောက် မျက်မှောင်ကြုတ်၍ ...

"မင်း ဘာလိုချင်လို့လဲ၊ ငါ့မှာ အဖိုးတန်တာဆိုလို့ ကြေးတစ်ပြားတောင် မပါဘူး"

မင်ဝါလေးက သူတတ်ကျွမ်းသမျှ ထိုပြည်နယ်ဘာသာဖြင့် ပြောသည်။

"ကျွန်တော် လူကောင်းပါ ဘဘ၊ သူခိုး ဓားပြ မဟုတ်... ကျွန်တော် အဘရဲ့မြင်းကို ဝယ်ချင်လို့ပါ"

သူက အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောဆိုလိုက်၏။

ပြောပြောဆိုဆိုဖြင့်ပင် ရွှေတုံးတစ်တုံးကို ထုတ်ယူကာ အ... လက်ထဲသို့ ထည့်ပေးလိုက်သည်။

အမှန်စင်စစ် စင်ကျန်ပြည်နယ်သည် ရွှေထွက်ရာဒေ...သည်။

စင်ကျန်ပြည်နယ်သားတို့သည် ပြည်မမှ လူများကဲ့သို့ ရွှေကို တန်ဖိုးထားလေ့မရှိပါ။

ပို၍ဆိုးသည်မှာ …

မင်ဝါလေး ပေးလိုက်သော ရွှေပြားများကို မြင်သောအခါ အဘိုးအိုမှာ မင်ဝါလေးအား ပို၍ သံသယဖြစ်သွားသည်။

"ဒီမြင်းဟာ ကျုပ်အသုံးပြုနေတဲ့ မြင်းဖြစ်တယ်၊ ဒါကြောင့် ဘယ်လောက်ပေးပေး မရောင်းနိုင်ဘူး"

သူက ယတိပြတ် ပြောချလိုက်၏။

အဘိုးအို၏ ပြတ်သားသော စကားကြောင့် မင်ဝါလေးမှာ ဘာဆက်ပြောရမည်မသိ ဖြစ်သွားတော့၏။

ရုတ်တရက် သူသည် အကြံရကာ ပြေပြစ်စွာ မေးလိုက်၏။

"အဘိုး … ဆာခေလူမျိုးစုရဲ့ အကြီးအကဲ လိုင်ဟိုက်ကို သိ မလား ခင်ဗျာ"

အဘိုးအိုက ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ပြီး …

"သိတယ် … သူဟာ ကျုပ်တို့ လူမျိုးစု အားလုံးထဲမှာ ထင်ရှားတဲ့ လူတစ်ယောက်ပဲ၊ သိတာပေါ့၊ ဒါနဲ့ မင်းက ဘာလို့ …"

အဘိုးအို၏ စကားမဆုံးမီမှာပင် မင်ဝါလေးက လိုင်ဟိုက် ရေးပေးလိုက်သော စာကို အဘိုးအို လက်ထဲ ထည့်လိုက်ပြီး …

"ဒါကို ဖတ်ကြည့်ပါ ခင်ဗျာ၊ ဒီစာဟာ ကျွန်တော့်အတွက် သူရေးပေးလိုက်တာပါ"

အဘိုးအိုက စာကို ချက်ချင်း ဖတ်မကြည့်သေးပါ။

သူသည် မင်ဝါလေးကိုသာ စူးစိုက်ကြည့်လိုက်ပြီး …

"မောင်ရင်က သူ့မိတ်ဆွေလား"



မင်ဝါလေးက သွက်လက်စွာဖြင့် …

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်ဟာ လိုင်ဟိုက်ရဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် ဖြစ်ပါတယ်၊ စာကို ဖတ်ကြည့်ပါ ခင်ဗျာ"

အဘိုးအိုက လိုင်ဟိုက် ရေးပေးလိုက်သော စာကို ဖတ်ကြည့် လိုက်သည်။

ထို့နောက် …

မင်ဝါလေးအား တစ်ချက်ကြည့်ကာ သံသယ အငွေ့အသက်များ မပြယ်သေးဟန်ဖြင့် …

"လိုင်ဟိုက်ရဲ့ မိတ်ဆွေဆိုရင် မင်းမှာ ဘာ့ကြောင့် မြင်း ပါမလာရတာလဲ၊ ဒီခရီးနဲ့ ဒီခရီးဟာ နီးတာမဟုတ်ဘူး"

အဘိုးအိုက လွန်စွာ စေ့စပ်တိကျလှသူတစ်ဦး ဖြစ်ဟန်ရှိ၏။

မင်ဝါလေးက …

"မှန်ပါတယ်၊ ကျွန်တော့်ကို လိုင်ဟိုက်က မြင်းတစ်စီး ပေး လိုက်ပါသေးတယ်၊ ဒါပေမယ့် ကျွန်တော် ပြောပြရင် အဘိုးအို ယုံပါ မလား မသိဘူး၊ လမ်းမှာ ကျွန်တော် ဓားပြတွေနဲ့ ဆုံတွေ့တိုက်ခိုက် ခဲ့ရတယ်၊ ဓားပြတွေက ကျွန်တော့်မြင်းကို သတ်သွားကြပါတယ်"

အဘိုးအိုက မျက်မှောင်ကြုတ်သွားကာ …

"ဓားပြတွေ ဟုတ်လား၊ အင်း … ထူးတာပဲ၊ ကျုပ်တို့နယ်မြေ တစ်ဝိုက်မှာ သူခိုး ဓားပြ ရှိတယ်လို့ တစ်ခါမှ မကြားမိပါဘူး၊ ဒါနဲ့ မောင်ရင် ကြုံတွေ့ခဲ့ရတဲ့ ဓားပြတွေက ဘယ်လိုပုံသဏ္ဍာန်ရှိလဲ ပြော ပါဦး"

စေ့စပ် တိကျလွန်းသော ဤအဘိုးကြီးအား သေချာစွာ ရှင်း ပြရတော့မည် ဖြစ်ကြောင်း သူ သဘောပေါက်လိုက်မိတော့၏။

ထို့ကြောင့် ...

စိတ်ရှည်လက်ရှည်ဖြင့်ပင် သူ့ကို လာမား ကိုးယောက်က ထောင်ချောက်ဆင်၍ လုပ်ကြံခဲ့ပုံကို ပြောပြလိုက်သည်။

မင်ဝါလေး၏ စကားအဆုံးတွင် အဘိုးအိုက ခေါင်းတညိတ်ညိတ်ဖြင့် ...

"အင်း ... မင်းစီးလာတဲ့ မြင်းဟာ လိုင်ဟိုက်ပေးလိုက်တာဆိုရင် ဒီမြင်းဟာ မြင်းကောင်းမြင်းသန့်ထဲက ဖြစ်ရမယ်"

အရင်လိုပါမှ အနေးနှင့် တွေ့ရဆိုသည့် စကားလို အဘိုးအိုက စကားကြော ရှည်နေသည်။

မင်ဝါလေးက သူ့ထံမှ မြင်းဝယ်ပြီး ထိုနေရာမှ အမြန်ခရီးဆက်ချင်နေသည်။

သို့သော် ...

အဘိုးအိုက မြင်းအရောင်းအဝယ်နှင့် မဆိုင်သော စကားများ မေးမြန်းနေသည်။

မင်ဝါလေးမှာ စိတ်ပေါက်ပေါက်ရှိလာသည်နှင့် ...

"ဟုတ်ပါတယ် ခင်ဗျာ၊ အဲဒီမြင်းကြီးရဲ့ အမွေးအမျှင်တွေဟာ တစ်ကိုယ်လုံး ညိုမှောင်နေပါတယ်၊ ခြေထောက်တွေမှာတော့ အနီအစက် အစက် အပြောက်လေးတွေလည်း ပါရှိပါတယ်၊ တကယ့်ကို အပြေးသန်ပြီး လိမ္မာလှတဲ့ မြင်းကြီးလည်း ဖြစ်ပါတယ်"

အဘိုးအိုက ယခုမှ သူ့အား ယုံကြည်စိတ်ချသွားဟန်ဖြင့် ဝမ်းမြောက်ဝမ်းသာ ခေါင်းညိတ်ကာ ...

"မင်းပြောတာ မှန်တယ်၊ ဒါ လိုင်ဟိုက် အနှစ်သက်ဆုံး မြင်းပဲ၊ သူ့နာမည်က 'ဆီးနှင်းနီပြောက်' တဲ့၊ အင်း ... သူ အနှစ်



သက်ဆုံး မြင်းကို ပေးပုံထောက်ရင် မင်းဟာ သူ့ရဲ့ အခင်မင်ဆုံး မိတ်ဆွေတစ်ယောက် ဖြစ်ရမယ်"

သူ၏စကားကြောင့် မင်ဝါလေးက အားတက်သရောဖြင့် မေးလိုက်မိ၏။

"ဒါဆို အဘိုးအိုရဲ့ မြင်းကြီးကို ကျွန်တော့်ကို ရောင်းတော့မလားခင်ဗျာ"

"ဟင့်အင်း ... မရောင်းပါဘူး"

မင်ဝါလေး ရုတ်တရက် အံ့အားသင့်သွားတော့သည်။ "သွားပြီ" ဟု သူတွေးလိုက်သည်။

ဘာဆက်ပြောရမည်၊ ဘာဆက်လုပ်ရမည်မသိ ဖြစ်သွားတော့၏။

အချိန်ကုန်ခံ၍ အတတ်နိုင်ဆုံး ချိုသာပြေပြစ်စွာ ဆက်ဆံကာ အဘိုးအိုထံမှ မြင်းဝယ်ယူရရှိရန် အမျိုးမျိုး ဆွေးနွေးခဲ့သည်။

ယခုတော့ 'မရောင်းချင်ပါဘူး' ဟူသော စကားလေး တစ်ခွန်းတည်းမှာပင် လမ်းဆုံးသွားချေပြီတကား။

စိတ်ပျက် လက်ပျက်ဖြင့် ထိုနေရာမှ ချာခနဲ လှည့်ကာ ထွက်သွားမည့်ဟန်ပြင်လိုက်သည်။

အဘိုးအိုက သူ့အား လှမ်းတားလိုက်သည်။

"မောင်ရင် ... နေပါဦးကွ၊ မင်းကလည်း လောလှချည်လား"

မင်ဝါလေးက အဘိုးအိုဘက်သို့ ပြန်လှည့်လာကာ ...

"အဘိုးအိုက ဆန္ဒပြောင်းသွားပြီလား။ ကျွန်တော့်ကို မြင်းရောင်းတော့မယ်ပေါ့ ဟုတ်လား"

"ကျုပ်ဆန္ဒကတော့ မပြောင်းပါဘူး။ ကျုပ်မြင်းကြီး မောင်ရင့်ကို မရောင်းပါဘူး၊ အလကားပေးဖို့ ဆုံးဖြတ်လိုက်ပါပြီ"

မင်ဂါလေးမှာ မြင်းဖြင့် ခရီးဆက်ရတော့မည်ဟု သိလိုက်ရ၍ ဖော်မပြတတ်အောင် ဝမ်းသာသွားမိလေတော့သည်။

"ဒီလိုမလုပ်ပါနဲ့ အဘိုး။ ထိုက်တန်တဲ့ အခကြေးငွေကိုတော့ ယူပါ ခင်ဗျာ"

အဘိုးအိုက ခေါင်းခါယမ်းလိုက်ပြီး ...

"ကျုပ်တို့ တိဗက်လူမျိုးတွေရဲ့ ထုံးစံက မိတ်ဆွေကို ပစ္စည်း ရောင်းတဲ့ ဓလေ့မရှိဘူး။ ခင်မင်မိရင် လက်ဆောင်ပေးတဲ့ ဓလေ့ပဲ ရှိတယ်၊ ဒီဓလေ့ထုံးစံကို လိုက်မနာရင် ရှိင်းရာကျသွားလိမ့်မယ်"

မင်ဂါလေးက ထပ်မံ စောဒကမတက်ရဲတော့ဘဲ ဝမ်းမြောက် ဝမ်းသာဖြင့်သာ အဘိုးအို၏ မြင်းအား လက်ခံလိုက်ရလေတော့၏။

သူ့ရင်ထဲတွင်မူ အဘိုးအိုအား မမေ့ပြနိုင်လောက်အောင် ကျေးဇူးတင်သွားမိတော့၏။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင်မှာတော့ အဘိုးအို၏ ကျေးဇူးအား တုံ့ပြန်ပေးဆပ်ရမည်ဟု အဓိဋ္ဌာန် ချမိလိုက်သည်။

ထိုစဉ် ...

အဘိုးအိုက သူ့အား မေးခွန်းတစ်ခု မေးမြန်းလိုက်ပြန်သည်။

"ဒါနဲ့ မောင်ရင်က ဘယ်အထိ သွားမှာလဲ"

"ထန်လုံနယ်ပိုင် စော်ဘွားကြီးဆီကို ဝင်တွေ့မလို့ပါ၊ ကျွန်တော့် မိတ်ဆွေတစ်ယောက် သူ့ဆီ ရောက်နေပြီလား မသိဘူး"

အဘိုးအိုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... ငါတို့စော်ဘွားကြီးဟာ လွန်ခဲ့တဲ့ လေးငါးနှစ်လောက် တုန်းကတော့ နယ်သူနယ်သားတွေအပေါ် တော်တော်လေး ကောင်း ခဲ့ပါတယ်ကွ၊ ဒါပေမယ့် ဒီတစ်နှစ် နှစ်နှစ်အတွင်းမှာ သူဟာ သိပ် လောဘကြီးလာတယ်"



အဘိုးအိုသည် စကားကို ခေတ္တဖြတ်ကာ စိတ်မသက်မသာဟန် ဖြင့် အဝေးသို့ တစ်ချက်ငေးကြည့်လိုက်၏။

ထို့နောက် ...

စကားဆက်လိုက်ပြန်သည်။

"သူဟာ ခုဆိုရင် နယ်သူနယ်သားတွေဆီက အခွန်ကို အဆ မတန်အောင် ကောက်ယူလာတယ်၊ မြင်းနှစ်ကောင်မွေးရင် သူ့ကို တစ်ကောင်ပေးရတယ်၊ ရွှေကျင်လို့ရတဲ့ ရွှေဆယ်ပုံမှာ ခုနစ်ပုံ သူ့ကို ပေးရတယ်"

**မင်ဂါလေးက** ငြိမ်သက်စွာ နားထောင်နေမိသည်။

**အဘိုးအိုက ဆက်လက်၍** ...

"အခုတလောမှာ သူ့ဆီကို တို့နယ်သားမဟုတ်တဲ့ လူစိမ်း ညည်သည်တချို့ အဝင်အထွက် သိပ်များနေတယ်၊ အဲဒီညည်သည်တွေ ပြန်သွားတဲ့အခါမှာ စော်ဘွားကြီးက လက်ဆောင်ပဏ္ဏာ အများကြီး ပေးလိုက်တယ်၊ အဲ ... ပိုပြီးဆိုတာက ညည်သည်တွေဟာ ဗိကင်း မန်ချူး ကျူးကျော်ရေးသမားရဲ့ သံတမန်တွေလို့ သိရတယ်"

မင်ဂါလေးသည် ငြိမ်သက်စွာ နားထောင်နေရာမှ ပိုပြီး စိတ်ဝင် စားစွာဖြင့် မေးလိုက်မိသည်။

"အခုလောလောဆယ်မှာတော့ အဘိုးပြောတဲ့ ညည်သည်တွေ ရှိနေလား"

အဘိုးအိုသည် ခေါင်းကို လေးပင်စွာ ညိတ်ပြလိုက်၏။

"ရှိနေသေးတယ်၊ မင်းပြောတဲ့ လားမား ကိုးယောက်ဟာ စော်ဘွားကြီးရဲ့ ညည်သည်တွေထဲမှာ အပါအဝင်ပဲ၊ မနေ့က အဲဒီ လားမား ကိုးယောက်ကို ဦးဆောင်ပြီး တောင်ခြေမှာ တွင်းတူးနေတာ

ဝံ့တယ်၊ ဒီတွင်းဟာ မင်းကို ထောင်ချောက်ဆင်ဖို့ ဖြစ်တယ်ဆိုတာ ငါလည်း ခုမှ သဘောပေါက်တယ်"

မင်ဝါလေးသည် အဘိုးအို၏ စကားများအား ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရာမှ မေးလိုက်မိလေ၏။

"အဲဒီ လာမားကိုးယောက်အပြင် အခြားငည့်သည်တွေ ရှိနေသေးတယ် မဟုတ်လား အဘိုး"

"ရှိနေသေးတယ်၊ အဲဒီ လားမားတွေအပြင် တရုတ်လူမျိုး နှစ်ယောက်လည်း ရောက်နေတယ်၊ စော်ဘွားကြီးဟာ အဲဒီ တရုတ်နှစ်ယောက်ကို လာမားတွေထက်တောင် ပိုပြီး အရေးပေးတယ်လို့ သိရတယ်"

မင်ဝါလေးသည် သူသိလိုသမျှ စုံစမ်းမေးမြန်းပြီးပြီ ဖြစ်ရာ အဘိုးအိုအား ဦးညွတ်ကာ ...

"ကျွန်တော့်ကို ခုလိုပြောပြတဲ့အတွက် အဘိုးကို အများကြီး ကျေးဇူးတင်ပါတယ်၊ အချိန်မရှိတော့တဲ့အတွက် ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ဟု နှုတ်ဆက်လိုက်လေသည်။

ထို့နောက် ...

သူသည် အဘိုးအိုပေးသော မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ ထိုနေရာမှ ခရီးဆက်လက်ထွက်ခွာခဲ့လေတော့သည်။

မြင်းတစ်စီးဖြင့် ခရီးပြင်းနှင်လာသော မင်ဝါလေးသည် မှောင်ရီပျိုးစအချိန်တွင် ထန်လုံတောင်ကြားသို့ ရောက်ရှိလာလေ၏။

ထန်လုံတောင်မှာ သာမန်တောင်များနှင့် ပုံသဏ္ဌာန်မတူချေ။

ထိုတောင်၏ ပုံသဏ္ဌာန်က ဝံပုလွေကြီးတစ်ကောင် သားကောင်ကို ခုန်အုပ်ရန် အသင့်ပြင်နေသည့်ဟန်မျိုး ရှိသည်။



တောင်ပေါ်တွင် အဆောက်အအုံတစ်ခုအား ဝိုင်းရံထားသည့် အုတ်နံရံတစ်ခုကို မှုန်မွှားမွှားအလင်းရောင်အောက်တွင် ခပ်ပျပျ မြင်နေရ၏။

စင်စစ် ...

ယင်းအုတ်နံရံမှာ ထန်လုံစော်ဘွားကြီး နေထိုင်ရာ ဟော်နန်းကို ဝိုင်းရံထားသည့် အုတ်နံရံကြီးပင် ဖြစ်ပါသည်။

တောင်ကို မော့ကြည့်ရင်းမှ မင်ဝါလေးက သူစီးလာသော မြင်းကို ငုံ့ကြည့်လိုက်မိ၏။

တောင်တက်လမ်းမှာ မက်စောက်လှသည်။

ခရီးပြင်း နှင်လာခဲ့ရသော မြင်းကြီးမှာမူ ပါးစပ်မှ အမြှုပ်တစီစီ ထွက်နေချေပြီ။

မြင်းကို ကြည့်ရသည်မှာ တောင်ပေါ်တက်ရန် လုံးဝ အင်အားရှိတော့ဟန်မတူပါ။

မင်ဝါလေးက မြင်းပေါ်မှ အသာအယာ ခုန်ဆင်းလိုက်သည်။

ထို့နောက် ...

မြင်း၏ တင်ပါးကို တစ်ချက်နှစ်ချက် ပုတ်၍ နှင်လွှတ်လိုက်၏။

"ကဲ ... မင်းဘာသာ မြက်ရှာစားပြီး အနားယူပေတော့"

မြင်းကြီးမှာ ဟီသံတစ်ချက်ပေးကာ ထိုနေရာမှ မြက်ခင်းပြင်စသို့ ပြေးထွက်သွားတော့၏။

မြင်းကြီး ပြေးထွက်သွားသည်နှင့် မင်ဝါလေးကလည်း တောင်ကြားလမ်းမှတစ်ဆင့် တောင်ပေါ်သို့ တက်ခဲ့သည်။

သို့ရာတွင် ...

စောစောက ဟီလိုက်သော မြင်း၏အသံကြောင့် ကင်းလှည့်

နေသော အစောင့်လေးယောက်သည် ချုံပုတ်များကြားမှ မင်ဝါလေး ရှေ့သို့ အပြေးရောက်လာကြတော့၏။

ခေါင်းဆောင်လုပ်သူက ငေါက်ငန်းမေးမြန်းလေ၏။

"မင်း ဘယ်သူလဲ ... ဒီကို ဘာလာလုပ်တာလဲ"

မင်ဝါလေးက သူ့အမေးကို ဖြေမနေတော့ပါ။ လျှပ်တစ်ပြက် ခုန်ဝင်သွားသည်။

အစောင့်လေးယောက်စလုံးကို သွေးကြောပိတ်လိုက်ရာ အသီးသီး မြေပေါ်သို့ လဲကျသွားလေတော့သည်။

မင်ဝါလေးသည် လဲကျနေသူများအား ခပ်ပြုံးပြုံးကြည့်ကာ ...

"ဝမ်းနည်းပါတယ်ဗျာ၊ ခင်ဗျားတို့ ဒီမှာပဲ တစ်ညလောက် အနားယူကြဦးပေါ့"

ဟု ပြောဆိုလိုက်ပြီး တောင်တက်လမ်းအတိုင်း တရိပ်ရိပ် ပြေးတက်သွားလေတော့၏။

လမ်းခရီးတွင်ရှိသော ကင်းစခန်းဆယ်ခုခန့်အား အဆင့်ဆင့် ရှောင်ကွင်းဖြတ်ကျော်ခဲ့သည်။

နောက်ဆုံးတွင် သူသည် ထန်လုံစော်ဘွားကြီး၏ ဟော်နန်းမျက်နှာကြက်ပေါ်သို့ ရောက်ရှိသွားလေတော့သည်။

သူသည် ဟော်နန်းမျက်နှာကြက်ပေါ်တွင် ကိုယ်ကို ပြားကပ်နေအောင် ဝပ်လိုက်ရင်းမှ ဝေချီတင်အတွက် စိုးရိမ်နေမိလေသည်။

"အင်း ... ခုချိန်ဆို ဝေချီတင်တစ်ယောက် ဘယ်လိုများ နေမလဲ မသိဘူး။ ငါ လာတာ သိပ်များနောက်ကျနေပြီလား"

သူ ဤသို့တွေးတာစိုးရိမ်နေစဉ် ...

ညေခန်းထဲတွင်မူ ...



ဝေချီတင်မှာ ထန်လုံစော်ဘွားကြီးနှင့် စကားလက်ဆုံကျနေလေသည်။

အထူးသဖြင့် စော်ဘွားကြီးက အာဘောင်အာရင်း သန်သန်ဖြင့် ပြောဆိုနေခြင်းဖြစ်၏။

စော်ဘွားကြီးက သူသည် ဝေချီတင်တို့အဖွဲ့အား လွန်စွာအားထားကြောင်း။

ဝေချီတင်တို့နှင့်အတူ လက်တွဲကာ မန်ချူးကျူးကျော်ရေးသမားများကို တိုက်ထုတ်ပစ်မည်ဖြစ်ကြောင်း။ သူ့အား သွေးသောက်ရဲဘော်အဖြစ် သဘောထားစေလိုကြောင်း မာန်ပါပါ ပြောဆိုနေ၏။

ဝေချီတင်သည် စော်ဘွားကြီး၏ ပြောသမျှ စကားများအား အကြွင်းမဲ့ ယုံကြည်နေမိသည်။ သူဆွေးနွေးလာသမျှ စော်ဘွားတိုင်း သူအောင်မြင်စွာ စည်းရုံးလာနိုင်ခဲ့သည် မဟုတ်ပါလား။

သူဖြတ်ကျော်လာခဲ့သော နယ်ပေါင်း ဆယ့်တစ်နယ်မှ အခြားသော စော်ဘွားများနည်းတူ ဤစော်ဘွားကြီးသည်လည်း လွန်စွာအားကိုးယုံကြည်ရမည့်သူအဖြစ် ယုံကြည်နေမိသည်။

စော်ဘွားကြီးက သူ့အား အယုံသွင်းဖြားယောင်းနေခြင်းဖြစ်ကြောင်းကိုမူ သူမသိရှာပါ။

စော်ဘွားကြီးသည် ဝေချီတင်အား ပြောဆိုနေရင်းမှ လက်ခုပ်နှစ်ချက် တီးကာ အချက်ပေးလိုက်လေသည်။

ထိုအခါ ...

စော်ဘွားကြီး၏ အစေအပါးများဖြစ်ဟန်တူသော လူနှစ်ယောက်သည် အခန်းတွင်းသို့ ဝင်ရောက်လာကြတော့၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်သည် ကျောက်စိမ်းလင်ပန်း တစ်ချပ်ကို လက်တွင် ကိုင်ဆောင်ထားလေသည်။

ထိုကျောက်စိမ်း လင်ပန်းပေါ်တွင် အရက်တစ်ကရားနှင့် ဖန်ခွက် နှစ်လုံးပါရှိ၏။

ကျွန်တစ်ယောက်မှာမူ ခပ်ထူထူ ခေါက်ထားသော အဝတ်နီ တစ်စကို လက်တွင်ကိုင်ကာ ညှော်ခန်းထဲသို့ ဝင်လာ၏။

ထိုသူ ကိုင်ထားသော အဝတ်နီစပေါ်တွင် ချွန်မြနေသော ဓားမြှောင်တစ်လက် တင်ထားလေသည်။

နှစ်ယောက်စလုံး အနီးသို့ရောက်လာသောအခါ စော်ဘွားကြီး က မတ်တတ်ရပ်လိုက်၏။

"ကဲ … ဝေချိတင်၊ ခင်ဗျားနဲ့ ကျုပ်တို့ မဟာမိတ်ပြုတဲ့အနေနဲ့ သွေးချင်းရောစပ်ပြီး အရက်တစ်ခွက်စီ သောက်ရင်း သစ္စာဆိုကြစို့ဗျာ ဟုတ်ပြီလား"

ဝေချိတင်သည် စော်ဘွားကြီးအား ပို၍ လေးစားယုံကြည်မိသွား တော့၏။

ထို့ကြောင့် …

ခေါင်းကို သွက်လက်စွာ ညိတ်လိုက်သည်။

ဤတွင် …

စော်ဘွားကြီးသည် အဝတ်နီပေါ်မှ ဓားဦးချွန်ကိုယူကာ သူ၏ လက်ခလယ်ကို ဖောက်လိုက်၏။

သွေးများ ပန်းထွက်လာသည်။

ပန်းထွက်လာသော သွေးများကို အရက်ခွက်ထဲသို့ ညှစ်ချလိုက် ၏။

စော်ဘွားကြီးအလှည့်ပြီးသောအခါ ဝေချိတင်ကလည်း စော်ဘွား ကြီးနည်းတူ သွေးဖောက်ကာ အရက်ခွက်ထဲသို့ သွေးစက်များ ညှစ်ချ လိုက်၏။



သွေးချင်းရောစပ်သွားသော အရက်များကို အစေအပါးနှစ် ယောက်က ခွက်နှစ်ခွက်ထဲသို့ လောင်းထည့်လိုက်ကြလေသည်။

ထို့နောက် …

ဝေချိတင်ကိုတစ်ခွက်၊ စော်ဘွားကြီးကိုတစ်ခွက် ဆက်သလိုက် ကြ၏။

အရက်ခွက်များ လက်ထဲသို့ ရောက်လာကြသောအခါ စော်ဘွား ကြီးက စတင်၍ …

"အိမ်ရှင်ဖြစ်တဲ့ ကျုပ်က မဟာမိတ်ညှော်သည်တော်ကြီးကို လေးစားတဲ့အနေနဲ့ သွေးရောအရက်ကို စတင်ပြီး သောက်ပါတယ်"

ပြောပြောဆိုဆိုဖြင့် သူသည် အရက်အပြည့် ထည့်ထားသော ခွက်ကို မော့ကာ သောက်ချလိုက်လေတော့၏။

ဝေချိတင်လည်း အရက်ကို သောက်ရန် ခွက်ကို မြှောက်လိုက် ၏။

ထိုအခါ …

မကောင်းသော အနံ့အသက်သည် နှာခေါင်းထဲသို့ တိုးဝင်လာ တော့၏။

ရင်ထဲမှာ အော်ဂလီဆန်ကာ ပျို့ချင်သလိုလိုပင် ဖြစ်သွားမိ၏။

အရက်ထဲ၌ သွေးအနည်းငယ် ရောထည့်ထားရုံဖြင့် ဤမကောင်း သော အနံ့ ပါရမည်လော။

ဝေချိတင်အနေဖြင့် ဖြတ်ကျော်လာခဲ့သော နယ်မြေတိုင်းတွင် သွေးဖြင့်ရောသော မဟာမိတ်အရက်ကို သောက်ခဲ့ဖူးသည်သာ ဖြစ်၏။

ယခုလောက် အနံ့ပြင်းသော အရက်မျိုးကိုမူ တစ်ခါမျှ မကြုံ မတွေ့ဘူးပါ။

ဝေချီတင်၏ စိတ်ထဲ၌ ထိုအရက်ကို သောက်ရမှာ ခပ်ရွံ့ရွံ့ ဖြစ်နေမိ၏။

သို့ရာတွင် ဤစော်ဘွားများနှင့် မဟာမိတ်ပြုမည့် တာဝန် ရှိနေသည့်အတွက် သောက်ရချေတော့မည်။

ထို့ကြောင့် ...

သူသည် အရက်ခွက်ကို ကိုင်ထားရင်းတန်းလန်းဖြင့် ထိုင်ရာမှ ထကာ ဆုမွန်ကောင်း တောင်းလိုက်လေ၏။

"စော်ဘွားကြီးတို့နဲ့ ကျွန်တော်တို့ရဲ့ ညီအစ်ကိုအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲတိုးတက်ပါစေ၊ ကျရောက်လာမယ့် အန္တရာယ် ဟူသမျှ စိတ်တူသဘောတူ လက်တွဲ ဖြေရှင်းနိုင်ပါစေ"

ဝေချီတင် ဆုတောင်းလိုက်စဉ်မှာပင် ရှုတ်ရှုတ်သဲသဲ အသံ များကို အခန်းအပြင်ဘက်မှ ကြားလိုက်ရလေတော့သည်။

ဝေချီတင်က အရက်ခွက်ကို ကိုင်ထားရင်းမှ အပြင်သို့ တအံ့ တဩ လှမ်းကြည့်လိုက်သည်။

စော်ဘွားကြီးက မျက်မှောင်ကြုတ်၍ မေးမြန်းလိုက်၏။

"အပြင်ဘက်မှာ ဘာတွေ ဆူဆူညံညံ ဖြစ်နေကြတာလဲကွ"

ထိုစဉ် ...

"ဟေ့ ... ငါ့ကို မင်းတို့ တားပိုင်ခွင့် မရှိဘူးကွ၊ စော်ဘွားကြီးနဲ့ အခုတွေ့ချင်တယ် ဒါပဲ"

အောင်မြင်ခံ့ညားသော အသံက အခန်းတွင်းသို့တိုင် လွင့်ပျံ့ လာလေသည်။

စော်ဘွားကြီးက မျက်မှောင် ပို၍ ကြုတ်သွားမိပြီး ...

"ခုန ပြောလိုက်တာ ဘယ်သူလဲကွ ..."



"စောဟုန်ပါ၊ သူ ညှော်ခန်းထဲကို အတင်းအဓမ္မ ဝင်မယ်လုပ်နေ ပါတယ်"

အစောင့်တစ်ယောက်က ဖြေဆိုလိုက်၏။

စောဟုန် ... စောဟုန်ဆိုသည်မှာ ထန်လုံပြည်နယ် စော်ဘွားကြီး ၏ ထင်ရှားလှသော လက်အောက်ခံ လူယုံတော် ဖြစ်သည်။

စောဟုန်၏ အမည်ကိုကြားလိုက်ရသည်နှင့် စော်ဘွားကြီးမှာ တစ်ချက် တွေသွားသည်။

ခဏကြာမှ ...

"အေး ... ဒီကောင့်ကို အပြင်မှာ ခဏစောင့်နိုင်းထားစမ်း၊ ငါ အခုထွက်ခဲ့မယ်"

ထို့နောက် ...

စော်ဘွားကြီးသည် ဝေချီတင်ဘက်သို့ ခပ်ပြုံးပြုံး လှည့်ကာပြော လေ၏။

"မိတ်ဆွေကြီးကို အားနာဖို့ကောင်းနေပြီ ကဲ ... မိတ်ဆွေကြီး အရက်ကလေး သောက်လိုက်ပါဦး"

ဝေချီတင်က ခေါင်းညိတ်လိုက်သည်။

အရက်ခွက်ကိုလည်း မြှောက်ကာ သောက်ရန် ဟန်ပြင်လိုက်၏။

နှုတ်ခမ်းများနှင့် အရက်ခွက် တေ့လိုက်စဉ် လေတိုးသံကြား လိုက်ရပြီး ကြေးနီပြားတစ်ပြားသည် သူ့ဆီ လွင့်ပျံလာနေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် ...

ဘယ်ဘက်လက်ဖဝါးဖြင့် အရက်ခွက်ဆီသို့ ဦးတည်လာနေ သော ကြေးနီပြားကို တောက်ထုတ်လိုက်သည်။

"ဩင် ..."

ကြေးနီပြားသည် လမ်းကြောင်းပြောင်းကာ တစ်ဖက်သို့ လွင့်ထွ
သွားတော့၏။

ဝေချိုတင်သည် အညာကြွသိုင်းသမားတစ်ဦး မဟုတ်ပါ။

သိုင်းပညာ ထိပ်တန်းအဆင့်မှာ ရှိသော စွမ်းရည်ဖြင့် သိုင်း
သမားကြီးတစ်ဦး ဖြစ်ပါသည်။

သူ့လက်ထိပ်နှင့် ကြေးပြားကို ထိလိုက်ကတည်းက လက်နက်
ပုန်း ပစ်သူ၏ အတွင်းအားပညာကို ခန့်မှန်းနိုင်ပြီးဖြစ်၏။

ထို့ပြင် ...

ယင်းလက်နက်ပုန်း မည်သည့်နေရာက ပစ်လွှင့်လာသလဲဆို
တာကိုလည်း သိပြီးဖြစ်၏။

သို့သော် ...

သူ အံ့ဩနေသည့် အချက်တစ်ချက် ရှိသည်။

ယင်းမှာ လက်နက်ပုန်းပစ်သူသည် အဘယ်ကြောင့် သူ၏
သေကွင်း သေကွက်ကို မပစ်ဘဲ သူ့လက်ထဲမှ အရက်ခွက်ကိုသာ
ထိမှန်အောင် ပစ်လိုက်ရပါသနည်း။

အကြောင်းတော့ ရှိပေမည်။

ဝေချိုတင်သည် မည်သို့မျှ မထူးခြားဟန်ဖြင့် အရက်ခွက်ကို
ဒုတိယအကြိမ် ပင့်မြှောက်လိုက်ပြန်၏။

"ဝှစ် ..."

ဒုတိယအကြိမ်မြောက် ကြေးပြားတစ်ပြားသည် လေထဲမှ
လွင့်ပျံလာပြန်သည်။

ယခုတစ်ကြိမ်တွင်မူ ...



ဝေချိုတင်သည် အရက်ခွက်ကို မကာကွယ်တော့ဘဲ မသိချင်
ယောင် ဆောင်နေလိုက်၏။

"ခြွမ်း ..."

ကြေးနီးပြားသည် ဝေချိုတင်၏ လက်ထဲမှ အရက်ခွက်အား
အစိတ်စိတ်အမြွှာမြွှာ ခွဲပစ်လိုက်လေ၏။

❑ ❑ ❑

အခန်း(၇)

# ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်

ကြမ်းပြင်ပေါ်မှာ အရက်များ ဖိတ်စင်ကုန်သည်။

ဤဖြစ်ရပ်များသည် လျှပ်တစ်ပြက်အချိန်အတွင်း ဆက်တိုက်ဖြစ်ပျက်သွားခြင်း ဖြစ်၏။

အရက်များ ကြမ်းပြင်ပေါ်သို့ လွင့်စင်ကျသွားသည်နှင့် တစ်ပြိုင်နက် ညည်ခန်း၏ မျက်နှာကြက် ထုတ်တန်းပေါ်မှ လူတစ်ယောက်သည် အောက်သို့ ခုန်ဆင်းလာတော့သည်။

ထိုသူကား မင်ဝါလေးပင် ဖြစ်ပါလေ၏။

မင်ဝါလေးသည် သူ့ခြေထောက် နှစ်ချောင်း ကြမ်းပြင်ပေါ်သို့ ထောက်မိသည်နှင့် ...

"ဝေချီတင် ... ဒါဟာ အဆိပ်ခပ်ထားတဲ့ **အရက်တွေပဲ**"

သူ့လှုပ်ရှားမှုက လျှင်မြန်လွန်းလှသည်။

ဝေချီတင်အား သတိပေးရင်းမှ အခန်းထဲသို့ **ပြေးဝင်**လာသော အစောင့်နှစ်ယောက်ကို သွေးကြောပိတ်ကာ လဲ**သိပ်လိုက်ပြီး**သား ဖြစ်နေချေပြီ။



မင်ဝါလေးလို လျှင်မြန်လှသူ**နှစ်ယောက် အခန်းထဲမှာ**ရှိနေသည်။

ထိုလူနှစ်ယောက်မှာ အရက်**ဖန်နှင့် ဖိတ်စနိ**ကို ယူဆောင်လာခဲ့ကြသော အစေအပါးနှစ်ယောက်ပင် ဖြစ်၏။

သူတို့နှစ်ယောက်သည် ညာသံပေးကာ တစ်ပြိုင်တည်းပင် ဝေချီတင်အား ဝင်ရောက်တိုက်ခိုက်လိုက်ကြလေတော့သည်။

ဝေချီတင်သည် သူ့အား လျှပ်တစ်ပြက် ဝင်တိုက်လိုက်သော အနိုင်းအစေနှစ်ယောက်၏ သိုင်းကွက်များကို ရှောင်ရင်းတိမ်းရင်းမှ လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ထုတ်လိုက်၏။

"ဝုန်း ..."

လက်ဝါးနှစ်ဖက် အရှိန်ပြင်းစွာ ရိုက်မိသွားသည်။

တစ်ဖက်ရန်သူ လွင့်ထွက်သွားသလို ဝေချီတင်မှာလည်း ဟန်ချက်ပျက်ကာ ယိမ်းယိုင်သွား၏။

**ဝေချီတင်သည်** သူ၏သိုင်းကွက်များကို ခုခံနိုင်သည့် အနိုင်း**အစေ** အပေါ် **တအံ့တသြ** ဖြစ်သွားမိ၏။

ထိုသူနှစ်ယောက်ကား တကယ့်အနိုင်းအစေများ မဟုတ်ဘဲ အနိုင်း အစေဟန် ဝတ်ဆင်ထားသော အဆင့်မြင့် သိုင်းသမားများသာ ဖြစ် ရမည်။

ဝေချီတင် ထိုသို့ တွေးမိစဉ်မှာပင် ကျန်တစ်ယောက်က သိုင်းကွက်တစ်ကွက်ကို ထုတ်သုံးကာ ဝေချီတင်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထူးဆန်းသည်နှင့် ထိုသူသည် သိုင်းကွက် ထုတ်သုံးလိုက်သည်နှင့် တစ်ခန်းလုံး အေးစိမ့်သွားခြင်းပင်ဖြစ်၏။

ပြင်းထန်သော လေလှိုင်းတို့သည် အခန်းတွင်းရှိ လူအားလုံး၏ နှီးတွင်းချည်ထိရှိအောင် အေးစက်စွာ ရိုက်ခတ်သွားသည်။

ဝေချီတင်က ခပ်မဲ့မဲ့ပြုံးကာ ပြောလိုက်လေ၏။

"ဘယ်သူများလဲလို့၊ လက်စသတ်တော့ ရန်ကေမင်ပါလား"

မှန်ပါသည်။

ထိုသူကား 'ရေခဲငွေ့လှိုင်း' သိုင်းပညာရှင် ရန်ကေမင် ဖြစ်ပါ၏။

ရန်ကေမင်က သူ၏ ရေခဲငွေ့အပူလှိုင်း သိုင်းကွက်ကို ထုတ်သုံးနေစဉ် ဝေချီတင်ကလည်း ဓားအိမ်မှဓားကို 'ရွှင်' ခနဲ ဆွဲထုတ်လိုက်တော့၏။

ထို့နောက် ...

သူတို့နှစ်ဦးသည် တစ်ပြိုင်နက်တည်း တိုက်ခိုက်လိုက်ကြရလေသည်။

ဝေချီတင်က ရန်ကေမင်၏ ပခုံးအား ဓားဖြင့် လျှပ်တစ်ပြက် လှမ်းထိုးလိုက်၏။

ရန်ကေမင်က ရေခဲငွေ့ လှိုင်းသိုင်းကွက်ဖြင့် ဝေချီတင်၏ ဓား နှောင့်ကို ရိုက်ချလိုက်သည်။

"ထန်း ..."

ဟူသော မြည်သံနှင့်အတူ ဝေချီတင်၏ ဓားဦးမှာ လမ်းကြောင်းပြောင်းသွားပြီး ရန်ကေမင်၏ ကျောကုန်းသို့ ဓားချက် ရှပ်ထိသွားတော့၏။

ဝေချီတင်၏ လက်မောင်း တစ်လျှောက်လုံးမှာလည်း ရန်ကေမင်၏ ရေခဲငွေ့လှိုင်းဒဏ်ကြောင့် အေးခနဲ ဖြစ်သွားသည်။

ဝေချီတင်သည် ဓားရိုးကို တင်းတင်းဆုပ်ကိုင်ကာ အဆင့်မြင့် အတွင်းအားပညာဖြင့် ရန်ကေမင်၏ ရေခဲငွေ့လှိုင်းဒဏ်ချက်ကို ချက်ချင်း ချေဖျက်ပစ်လိုက်သည်။



ရန်ကေမင်သည် ဓားပွဲခုံကို ခြေထောက်ဖြင့် ကန်ကျောက်ဝင်လိုက်ပြီး နောက်သို့ ဆယ်ပေကျော်ခန့် ခုန်ဆုတ်သွားသည်။

တစ်ဖက်တွင်မူ ...

ဝေချီတင်နှင့် လက်ဝါးချင်းရိုက်မိကာ လွင့်စဉ်သွားသော ရန်သူအား မင်ဂါလေးက ရင်ဆိုင်နေသည်။

မင်ဂါလေးသည် ဓားလျင်ဓားသိုင်းကွက်ကို ထုတ်ကစားရင်းမှ ရန်သူ၏ မျက်နှာအား သေချာစွာကြည့်လိုက်၏။

ထို့နောက် လှောင်ပြုံး ပြုံးပြီး ပြောလိုက်သည်။

"ဘယ်သူများလဲလို့ ... ရွှေကုတ်ဟန်ပါလား၊ ဘာလဲ ... လာဆာမှာ တုန်းက ခံခဲ့ရတာ မမှတ်မိသေးဘူးလား"

ရွှေကုတ်ဟန်သည် မင်ဂါလေး၏ ပြိုင်ဘက် ရန်သူတစ်ဦးပင် ဖြစ်သည်။

လာဆာနယ်ရှိ ကျောက်စိမ်းပင်ထောင်နှင့် ပုတာလကျောင်းတိုက်တို့တွင် မင်ဂါလေးနှင့် နှစ်ကြိမ် တိုက်ခိုက်ခဲ့ဖူးသည်။

နှစ်ကြိမ်စလုံး သူ အရေးနိမ့်ခဲ့ရသည်။

ထို့ကြောင့် ...

သူသည် မင်ဂါလေးနှင့် ယှဉ်ပြိုင်ရန် တွန့်ဆုတ်နေခြင်း ဖြစ်သည်။

ထိုစဉ် ရန်ကေမင်က လှမ်းအော်သတိပေးလေ၏။

"ရွှေကုတ်ဟန် ... ကျောက်ခဲလက်သိုင်းနဲ့သုံးပြီး တိုက်ခိုက်ပါလား"

ပါးစပ်မှပြောရင်း သူကိုယ်တိုင်ကလည်း မင်ဂါလေးအား ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်၏။ သူသည် ဝေချီတင်ကို လွှတ်ထားပြီး ဝင်တိုက်ခြင်းဖြစ်သည်။

ရွှေကုတ်ဟန်မှာ **ကျောက်ခွဲလက်သိုင်းဖြင့်** မင်ဝါလေးအား ဝင်တိုက်လိုက်သည်။

မင်ဝါလေးသည် **ရန်ကေမင်နှင့်လည်း** ယှဉ်ပြိုင်ခဲ့ဖူးသဖြင့် ရန်ကေမင်၏ ရေခဲငွေ့ **လှိုင်းသိုင်းကွက်**အား ချန်တန်ဖုန်၏ အဆင့်မြင့် အတွင်းအားပညာဖြင့် **ဖြေရှင်း**လိုက်သည်။

ပြီးတော့ ...

'သဲကန္တာရလေပွေမွှေ့' သိုင်းကွက် တစ်ချက်တည်းဖြင့် ဘယ်ဘက်မှ ဝင်လာသော ရန်ကေမင်ကိုလည်းကောင်း၊ ညာဘက်မှ ဝင်လာသော ရွှေကုတ်ဟန်ကိုလည်းကောင်း **တစ်ပြိုင်နက်** ထိုးလိုက်၏။

ရန်ကေမင်က အလန့်တကြား **ခုန်ဆုတ်လိုက်၏။**

လျှပ်လက်သလို မြန်ဆန်လွန်းလှသော ဓားချက်အထိခံရသူမှာ ရွှေကုတ်ဟန် ဖြစ်၏။

"အား ..."

ရွှေကုတ်ဟန် သူ့ပခုံးကို လက်ဖြင့် ဆုပ်ကိုင်ရင်း ပြတင်းပေါက်မှ ခုန်ချထွက်ပြေးသွားတော့၏။

ထိုစဉ် ...

ဝေချိတင်က လက်ထဲဓားဖြင့် ရန်ကေမင်ကို လှမ်းခုတ်လိုက်သည်။

ရန်ကေမင်သည် ပြန်လည် မခုခံတော့ဘဲ ရွှေကုတ်ဟန်နည်းတူ ပြတင်းပေါက်မှ ခုန်ချတိမ်းရှောင်ထွက်ပြေးသွားတော့၏။

ရန်သူနှစ်ယောက် ထွက်ပြေးသွားကြသောအခါ မင်ဝါလေးနှင့် ဝေချိတင်တို့သည် ညေ့ခန်းထဲသို့ ငြိမ်တူလှည့်ကြည့်လိုက်ကြလေသည်။

ညေ့ခန်းထဲရှိ လူအားလုံးမှာ **ရန်ကေမင်** ထုတ်သုံးခဲ့သော အအေးငွေ့လှိုင်းမိကာ လဲသူလဲ၊ မေ့သူမေ့ ဖြစ်နေချေပြီ။



မင်ဝါလေးက **အမြန်ဓိမ္မကော** ထိုသူများအား ပြုစုလိုက်သည်။

ဝေချိတင်သည် **အိမ်ရှင်ဖြစ်သူ ထန်**လုံစော်ဘွားကြီးအား စိုက်ကြည့်နေသည်။

ဖွေးဖွေးတွေးတွေး ရှိလာသောအခါ စော်ဘွားကြီးက နေရာမှ ထရပ်လိုက်၏။

သူ့ထက်လျင်မြန်သော မင်ဝါလေးက စော်ဘွားကြီးအား ရုတ်တရက် လှမ်းပြီး ဖမ်းလိုက်သည်။

"ဒီမှာ ... ခင်ဗျား ကျုပ်တို့နဲ့ မဟာမိတ် မပြုချင်လည်း ရတယ်၊ ဒါပေမယ့် မန်ချူးလက်ပါးစေတွေနဲ့ ဘာလို့ပေါင်းရတာလဲ၊ ဝေချိတင်ကို ဘာလို့ လုပ်ကြံဖို့ ကြိုးစားရတာလဲ"

ဝေါက်ငမ်းမေးမြန်းနေသော မင်ဝါလေးအား တစ်လှည့်၊ ဝေချိတင်အား တစ်လှည့် စော်ဘွားကြီးက ကြည့်လိုက်သည်။

ထို့နောက် ...

အသံတုန်တုန်ယင်ယင်ဖြင့် ...

"ကျုပ် **ကောင်းသည်ဖြစ်စေ ...** ဆိုးသည်ဖြစ်စေ ကျုပ်ဟာ **ဟောဒီနယ်ပယ်ရဲ့ အရှင်သခင်ဖြစ်တယ်၊** ကျုပ်ရဲ့ ညေ့ခန်းထဲမှာ **မင်းက ဖမ်းလား ဆီးလား မလုပ်ပါနဲ့၊** ခုချက်ချင်း ကျုပ်ကိုလွှတ်ပါ"

သူပြောပုံ ဆိုပုံက နည်းလမ်းကျနေသဖြင့် ဝေချိတင်က မင်ဝါလေးအား လှမ်း၍ ပြောလိုက်၏။

"**ဟုတ်တယ် ... သူ့အကျိုးအကြောင်း** ရှင်းပြတာ တို့နားထောင်သင့်တယ်၊ ကဲ ... **လွှတ်ပေးလိုက်ပါကွာ**"

မင်ဝါလေးက လွှတ်ပေးလိုက်သည်။

မင်ဝါလေးက လွှတ်ပေးလိုက်သောအခါ စော်ဘွားကြီးသည် ကုလားထိုင်တစ်လုံးပေါ်သို့ အကျအနထိုင်ချလိုက်၏။

ဝေချိုတင်က လေသံအေးအေးဖြင့် မေးခွန်းထုတ်လိုက်လေ၏။

"ကဲ ... စော်ဘွားကြီး ဘာတွေဖြစ်သွားတယ်ဆိုတာ စော်ဘွားကြီး အမြင်ပဲ၊ ကျုပ်တို့ ကျေနပ်အောင် နည်းနည်း ရှင်းပြပါလား"

စော်ဘွားကြီးက သူ၏ဦးခေါင်းအား ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

"စိတ်မကောင်းစရာပဲဗျာ၊ စောစောက ဖြစ်ပွားခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်လည်း ဘာပြောရမှန်းတောင် မသိဘူး"

မင်ဝါလေးက မဲ့ပြုံး ပြုံးလိုက်သည်။

"ဘာကြောင့် မပြောတတ်ရမှာလဲ၊ စော်ဘွားကြီးလက်အောက်က လူတွေရဲ့ကိစ္စ စော်ဘွားကြီး သိရမှာပေါ့"

လှုငယ်ပီပီ တဲ့တိုးမေးချလိုက်သော မင်ဝါလေးအား စော်ဘွားကြီးက လှည့်ကြည့်လိုက်သည်။

"ဒီလူနှစ်ယောက်အကြောင်းကို ကျုပ်မသိဘူး၊ သူတို့က ကျုပ်ဆီမှာ ခိုလှုံပါရစေလို့ အသနားခံလို့သာ သူတို့ရဲ့ သိုင်းပညာကို သဘောကျပြီး ကျုပ်က လက်ခံထားမိတာ၊ ဒီလူတွေ ဘယ်ကလည်းဆိုတာ ကျုပ် မစုံစမ်းရသေးဘူး"

စော်ဘွားကြီးကကတော့ ဖြောင့်ပင် ငြင်းဆိုသည်။

မင်ဝါလေးက ဝေချိုတင်အား **တစ်ချက်ကြည့်လိုက်သည်။**

ထို့နောက် ...

စော်ဘွားကြီးအား စိုက်ကြည့်လိုက်ပြီး ...

"ဒါဆို ... အဆိပ်ခတ်ထားတဲ့ အရက်ကကောဗျာ၊ ဒီကိစ္စ ခင်ဗျား ဘယ်လိုဖြေရှင်းမလဲ၊ အများ မျက်စိအောက်မှာ ခင်ဗျားရဲ့ အလိုဆန္ဒမပါဘဲ သူတို့က အဆိပ်ခတ်ထားတဲ့ အရက်ကို ယူလာခဲ့



မလား၊ ဘာလဲ ... သူတို့လက် သူတို့ခြေနဲ့ အဆိပ်တဲ့အရက်ကို ယူလာတာပါလို့ ခင်ဗျားက ပြောဦးမှာလား"

မင်ဝါလေးက အေးဆေးစွာ မေးလိုက်၏။

"အဆိပ်ခတ်ထားတဲ့ အရက်လို့ မင်းဘာကြောင့် ပြောနိုင်တာလဲ၊ တကယ်လို့ အဆိပ်ခပ်ထားတဲ့ အရက်ဆိုရင်လည်း ကျုပ် အရင်သောက်တာပဲ၊ ခုလောက်ဆိုရင် ကျုပ်သေပြီပေါ့၊ ကဲ ... မင်းမယုံသေးရင် မင်းရှေ့မှာတင် နောက်တစ်ခွက် ထပ်သောက်ပြမယ်၊ မင်း ကြည့်နေ"

စော်ဘွားကြီးကား အပြောပိုင်လှသည်။

မင်ဝါလေးမှာ တွေတွေဝေဝေ ဖြစ်သွားတော့၏။

အမှန်တော့ အရက်ထဲတွင် အဆိပ်ခတ်ထားနိုင်သည်ဟုသာ သူ ယူဆနေမိခြင်းသာ ဖြစ်သည်။

တကယ် အဆိပ်ပါမပါ သူမသိ။ သူ မတွေ့မြင်ရပါ။

ထို့ပြင် ...

ညှိခန်းမျက်နှာကြက် ထုတ်တန်းပေါ် သူရောက်လာစဉ်အချိန်က စော်ဘွားကြီးမှာ အရက်သောက်ပြီးနေပြီဖြစ်၏။

စော်ဘွားကြီး အရက်သောက်သည်ကို သူ မမြင်လိုက်ပါ။

သို့ရာတွင် ...

ဝေချိုတင်က အရက်ခွက်ကို ကိုင်လိုက်စဉ်တွင် ဝေချိုတင်၏ အနီးမှ မျက်လုံးပြူးပြီး ကြည့်နေသော အခိုင်းအစေနှစ်ယောက်ကို မြင်နေသည်။

သူသည် အခိုင်းအစေများ၏ မျက်လုံးများကို သင်္ကာမကင်းဖြစ်ကာ ဝေချိုတင်အား အရက်မသောက်ရန် ဟန့်တားထားလိုက်ခြင်း ဖြစ်၏။

အရက်ထဲမှ အဆိပ်ပါနိုင်သည်ဟု ယူဆလိုက်ခြင်း ဖြစ်၏။ မင်ဝါလေးတင် မကပါ။

ဇော်ဘွားကြီး၏ ချေပချက်ကိုကြားရသော ဝေချီတင်ကိုယ်တိုင် ဖဝေဖဝါ ဖြစ်သွားမိသည်။

ဝေချီတင်သည် မင်ဝါလေးဘက်သို့ လှည့်ကာ ...

"စောစောတုန်းကတော့ အရက်တစ်ခွက်ကို သောက်ခဲ့တာပဲ ဒါတော့ ငါကိုယ်တိုင် မြင်လိုက်တယ်၊ အရက်ထဲမှာ အဆိပ်ပါမယ် မထင်ဘူး"

ဇော်ဘွားကြီးက မင်ဝါလေးအား ခပ်ပြုံးပြုံး ကြည့်လိုက်ပြီး ...

"ကဲ ... ကျုပ် နောက်တစ်ခွက် သောက်ပြဦးမယ်၊ ဒါဆို မင်းသံသယ ရှင်းသွားမှာပဲ"

ပြောပြောဆိုဆို အရက်ကရားထဲမှ အရက်ကိုခွက်တစ်ခွက်ထဲသို့ သူကိုယ်တိုင် ငဲ့ထည့်လိုက်၏။

ထို့နောက် ...

သူတစ်ခွက်ယူပြီး ဝေချီတင်သို့ လှမ်းပေးလိုက်သည်။

ဇော်ဘွားကြီးက သူ့လက်ထဲမှ အရက်ခွက်ကို မြှောက်ကာ သောက်ရန် ဟန်ပြင်လိုက်၏။

ဝေချီတင်ကလည်း သူ့လက်ထဲရှိ အရက်ခွက်ကို မြှောက်လိုက်သည်။

တိုစဉ် ...

အခန်းထဲသို့ လူတစ်ယောက် ရုတ်တရက် ခုန်ဝင်လာသည်။

ခုန်ဝင်လာသူမှာ ဝေချီတင်၏ လက်ထဲမှ အရက်ခွက်ကို ပုတ်ထုတ်ပစ်လိုက်သည်။



တစ်ပြိုင်နည်းမှာလည်း ဇော်ဘွားကြီး၏ လက်ထဲမှ အရက်ခွက်ကို လုယူမော့သောက်ပစ်လိုက်သည်။

ဇော်ဘွားကြီးသည် မီးဝင်းဝင်းတောက်မတတ် ဒေါသထွက်နေသော မျက်လုံးများဖြင့် ထိုသူအား ကြည့်လိုက်ပြီး ...

"စောဟုန် ... မင်း ... မင်း ... ဘာလုပ်းတောလဲ"

"ဟား ... ဟား ..."

စောဟုန်ဆိုသူက ဟားတိုက်ရယ်မောလိုက်သည်။

"လူဝါးဝတာ ကျုပ်မဟုတ်ဘူး ခင်ဗျား။ ခင်ဗျားရဲ့ ညှဲဖျင်းတဲ့ အုပ်ချုပ်မှုနဲ့ တစ်ကိုယ်ကောင်း ဆန်မှုကို ကျုပ်တို့အားလုံး တော်လှန်တယ်ဗျာ၊ ကဲ ... ရဲဘော်တို့ လာကြဟေ့ ..."

စောဟုန် စကားအဆုံးတွင် ထန်လုံဇော်ဘွားကြီး၏ လက်အောက်ခံ ဇော်ဘွားအချို့နှင့် အမှုထမ်းအချို့တို့လည်း အခန်းထဲသို့ ဝင်ရောက်လာကြသည်။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ဇော်ဘွားကြီးသာမက မင်ဝါလေးနှင့် ဝေချီတင်တို့ပါ အံ့အားသင့်နေကြသည်။

ထိုစဉ် ...

စောဟုန်သည် ဝေချီတင်ဘက်သို့ လှည့်လိုက်သည်။

"မိတ်ဆွေကြီး ... ဒီဇော်ဘွားကို မယုံနဲ့ဗျို့၊ သူက သိပ်ဉာဏ်များတာ၊ ခင်ဗျားကိုတိုက်ကာ အဆိပ်ခတ်ထားတဲ့ အရက်အမှန်ပဲ၊ ကြည့်ကျုပ်ပြမယ်"

ပြောပြောဆိုဆိုဖြင့် သူသည် ကရားအိုးအဖုံးကို ယူဖွင့်လိုက်၏။

ထို့နောက် ...

လက်ကိုင်နေရာတွင် လျှို့ဝှက် တပ်ဆင်ထားသော ခလုတ်ကလေးကို နှိပ်လိုက်သည်။

ထိုအခါ ကရားအတွင်းတွင် အံဖုံးနှစ်ထပ် ပြုလုပ်ထားကြော
တွေ့ရှိရလေသည်။

အံဖုံး၏ အထက်ထပ်တွင် အဆိပ်ခတ်ထားသည့် အရက်
ထည့်ထားကာ အောက်ထပ်တွင် သာမန် စပျစ်သီးအရက်ကို ထည့်
ထားလေသည်။

ကရားလက်ကိုင်တွင်ရှိသော လျှို့ဝှက်ခလုတ်ကလေးကို နှိပ်လို
သောအခါ အဆိပ်ခတ်ထားသည့် အရက်တို့သည် ကရား နှုတ်ခမ်း
ခွက်ထဲသို့ ကျဆင်းလာလေသည်။

ဝေချိုတင်နှင့် မင်ဝါလေးမှာ ငြိမ်သက်စွာ ငေးမောနေမိသည်

စောဟုန်က ...

"ကဲ ... ကျုပ်ပြောတာ ယုံကြပြီမဟုတ်လား။ ကဲ ... ကျု
စမ်းပြမယ်၊ မယုံရင် ကြည့်ကြ"

စောဟုန်သည် ကရားကို ကိုင်၍ အရက်ကို ငှဲ့လိုက်လေ
သူသည် ခလုတ်နှိပ်လိုက်သည်။ အဆိပ်အရက်များ ခွက်အတွ
သို့ ကျလာ၏။

သူသည် ကရားကို စားပွဲပေါ် ပြန်တင်ပြီး အဆိပ်အရက်ခွ
ကို စော်ဘွားကြီးအား လှမ်းပေးလိုက်၏။

"ကဲ ... ဖျော်ဖျော်ပါးပါး ခင်ဗျား သောက်ပြပါဦး"

စော်ဘွားကြီးမှာ အရက်ခွက်ကို လှမ်းမယူချေ။ သူ့မျက်နှာ
သည်၊ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

အဆိပ်ခတ်ထားသော အရက်များ စော်ဘွားကြီး မသော
ကြောင်း လူတိုင်း သိလိုက်ကြပါသည်။

စော်ဘွားကြီးသည် ဖြူဖတ်ဖြူရော် မျက်နှာဖြင့် စောဟုန်
ကြည့်ကာ



"အင်း ... ဒီကနေ့ ဒီအချိန်မှာ ငါ့မွေးထားတဲ့ လူတွေက ငါ့ကို
လို့ စွန့်ခွာမယ်ဆိုတာ ငါ လုံးဝမစဉ်းစားမိခဲ့ပါဘူးကွာ၊ ကဲ ... ကဲ ...
ထားပါတော့လေ၊ ငါ့ရဲ့ အရိုက်အရာကို မင်း ယူပါ စောဟုန်၊ ငါ့ကို
တော့ အေးအေးဆေးဆေး လွှတ်ပေးပါ ... ဟုတ်လား"

စောဟုန်က ခပ်မဲ့မဲ့ပြုံးလိုက်လေသည်။

"ကျုပ်တို့ရဲ့ ဆာခေလူမျိုးတွေအားလုံးဟာ တစ်စိတ်တစ်ဝမ်း
တည်း ကျူးကျော်ရေးသမားကို တော်လှန်နေကြတယ်၊ ခုခံတွန်းလှန်
ဖို့ ကြံစည်ကြိုးစားနေကြတယ်၊ ခင်ဗျားကတော့ ကျူးကျော်ရေးသမားနဲ့
တိတ်တဆိတ် ရွှေလမ်းငွေလမ်း ဖောက်နေတယ်၊ ဒီပြစ်မှုနဲ့ ပတ်သက်
ပြီး ခွင့်လွှတ်ဖို့ ခင်ဗျား ကျုပ်ဆီမှာ မတောင်းဆိုပါနဲ့၊ အများဆန္ဒ
သဘောအရ ထိုက်သင့်စွာ ပေးအပ်တဲ့အပြစ်ဒဏ်ကိုသာ ခံယူဖို့ ပြင်
ဆင်ထားပါ"

စောဟုန်၏ စကားအဆုံးတွင် သူ၏ နောက်လိုက်များက
စော်ဘွားကြီးအား ဝိုင်းဝန်းဖမ်းဆီးသွားကြလေတော့သည်။

ဖောက်ပြန်သော လက်ရှိ စော်ဘွားကြီးအား ဖမ်းဆီးလိုက်ကြ
ပြီး နောက်တွင် ထန်လုံနယ်ရှိ လက်အောက်ခံ စော်ဘွားများနှင့်
အမှုထမ်းတို့သည် စောဟုန်အား ထန်လုံစော်ဘွားကြီးအဖြစ် တင်မြှောက်
လိုက်ကြ၏။

ထန်လုံစော်ဘွားသစ် စောဟုန်နှင့်အဖွဲ့သည် ဝေချိုတင်တို့အဖွဲ့
နှင့် မဟာမိတ်ပြုရေး ကိစ္စများကို ပြေလည်စွာ ညှိနှိုင်းဆွေးနွေးခဲ့ကြ
သည်။

ဝင်ကျန်ပြည်နယ်တွင် လူမျိုးစုနယ်ပယ် တစ်ဆယ့်သုံးနယ် ရှိ
သည်။

ယခုအခါတွင် ...

ထန်လုံနယ်အပါအဝင် တစ်ဆယ့်နှစ်နယ်မှ စော်ဘွားများနှင့် ဝေချီတင်သည် မဟာမိတ်ဖွဲ့နိုင်ခဲ့လေပြီ။

နောက်ထပ် မဟာမိတ်အဖွဲ့ သွေးစည်းရုံးရန်အတွက် အနောက်ဖျား ဒေသ အစွန်ဆုံးတွင်ရှိသော တာရှံနယ်သို့ သွားကြရတော့မည်

မင်ဝါလေးသည် သူကြားခဲ့သော သတင်းအား ထိန်လုံစော်ဘွားသစ် ရှေ့မှာပင် ဝေချီတင်ကို ပြောပြလိုက်၏။

"တာရှံနယ်က စော်ဘွားကြီးဟာ မန်ချူးကျူးကျော်ရေးသမားတွေနဲ့ အဆက်အသွယ် ရှိတယ်လို့ ကြားရတယ်"

ထန်လုံစော်ဘွားသစ်သည် တစ်ချက်မျှ ငြိမ်သက်စွာ စဉ်းစားနေသည်။

အတန်ကြာမှ ...

"ကျုပ် သိရသလောက် ပြောရမယ်ဆိုရင် တာရှံနယ် စော်ဘွားကြီးဟာ မန်ချူးသံတမန်တွေကို ညှော်ခံခဲ့ပေမယ့် ကျုပ်တို့ရဲ့ စော်ဘွားဟောင်းနဲ့ စိတ်သဘောထားချင်းကျတော့ မတူဘူး။ သူဟာ အခြေအနေပေါ်မှာ မီးစင်ကြည့်ပြီး ကတတ်တဲ့ လူမျိုးဖြစ်ပေမယ့် မန်ချူးတွေကို စိတ်လွတ်ကိုယ်လွတ် ပေါင်းသင်းမယ့်လူမျိုးတော့ မဟုတ်ဘူး"

စော်ဘွားသစ်သည် သူ့စကားကို ခေတ္တဖြတ်ကာ ဝေချီတင်နှင့် မင်ဝါလေးတို့အား အကဲခတ်သလို ကြည့်ရှုလိုက်သည်။

ဝေချီတင်တို့သည် သူ့စကားအား စိတ်ဝင်စားစွာ နားထောင်နေကြ၏။

စော်ဘွားသစ်က စကားဆက်လိုက်ပြန်သည်။

"လွန်ခဲ့တဲ့ ဥက်ချက်တစ်ခု ခင်ပျားတို့ကို ကျုပ် ပြောပြမယ်၊ လွန်ခဲ့တဲ့



ငါးရက်လောက်က သူ့ဆီက လွှတ်လိုက်တဲ့ ဆက်သား တစ်ယောက် ကျုပ်ဆီ ရောက်လာတယ်၊ သူ့စာလွှာထဲမှာ ကျုပ်တို့ရဲ့ စော်ဘွားဟောင်းကြီးက မန်ချူးတွေနဲ့ပေါင်းပြီး နယ်ချင်း ဆက်စပ်နေတဲ့ တာရှံနယ်ကို တိုက်ခိုက်မှာစိုးရိမ်မိတဲ့အကြောင်းလည်း ပါတယ်၊ ဒါကြောင့် စော်ဘွားဟောင်းကို ဖြုတ်ချဖို့ ကြည့်စည်နေတဲ့ ကျုပ်တို့ကို သူက ထောက်ခံတယ်တဲ့၊ တခြားပြည်နယ်က စော်ဘွားတွေနဲ့ မဟာမိတ်ပြုဖို့ တောင်းဆိုတယ်ဆိုတာကိုပါ ဆက်သား လွှတ်ပြီး အကြောင်းကြားခဲ့ပါတယ်"

စောဟုန်၏ ပြောပြချက်အရ ဝေချီတင်သည် တာရှံနယ်နှင့် မဟာမိတ်ပြုရေးခရီးစဉ်မှာ အန္တရာယ်မရှိကြောင်း သိရသဖြင့် အားလုံး ဝမ်းသာသွားကြသည်။

ဝေချီတင်ကလည်း ကျေနပ်ဝမ်းသာစွာဖြင့် ...

"ဒါဆို ကျုပ်တို့ တာရှံနယ်ကို မဟာမိတ်ဖွဲ့ဖို့ သွားတဲ့အခါမှာ ဘာမှစိုးရိမ်စရာ မရှိဘဲ စိတ်ချလက်ချ သွားနိုင်ပြီပေါ့ ဟုတ်လား။ ဝမ်းသာစရာပဲဗျာ"

စောဟုန်သည် ခေါင်းကို သွက်လက်စွာညိတ်ကာ ...

"ဘာမှ အန္တရာယ်မရှိနိုင်တော့ပါဘူးဗျာ၊ စိတ်ချလက်ချ သွားနိုင်ပါတယ်"

စော်ဘွားသစ်နှင့် ဝေချီတင်တို့ အပြန်အလှန် စကားပြောနေစဉ် မင်ဝါလေးသည် တစ်စုံတစ်ခုကို စူးစိုက်စွာ စဉ်းစားနေလေ၏။

ဝေချီတင်က မင်ဝါလေးဘက် လှည့်ကြည့်ပြီး မေးလိုက်၏။

"ဘာတွေ တစ်ယောက်တည်း ငြိမ်ပြီး စဉ်းစားနေတာလဲကွ"

မင်ဝါလေးက စဉ်းစားနေရာမှ ...

"တာရှဲနယ်ကို သွားဖို့ကိစ္စက အန္တရာယ်မရှိတော့ဘူးဆိုရင် ကျွန်တော် မလိုက်တဲ့ ခင်ဗျားတစ်ယောက်တည်း သွားလည်း ဖြစ်ရဲ့ ပေါ့ ဟုတ်လား"

ဝေချီတင်က ခေါင်းညိတ်ပြလိုက်၏။

"ဖြစ်ပါတယ်၊ မင်းမှာ ဒီပြင်ကိစ္စ ရှိနေလို့လား""

"ဟုတ်ကဲ့ ... ကျွန်တော် ကျန်ရှန်တောင်ကို သွားရမယ်၊ ဖေဖေ မှာလိုက်တဲ့ ကိစ္စလေးတစ်ခု ဆောင်ရွက်စရာရှိနေတယ်"

"ကောင်းပြီလေ၊ ဒါဆို မင်း ကျန်ရှန်တောင်ကို ဘယ်တော့ လောက် ခရီးထွက်မယ် စိတ်ကူးလဲ"

"ဖြစ်နိုင်ရင်တော့ အခုပဲ ထွက်ချင်တယ်၊ ကျွန်တော်စီးလာတဲ့ မြင်းလည်း ပေါင်အောက်မှာ ထားရစ်ခဲ့တယ်"

ဤတွင် ငြိမ်သက်စွာ နားထောင်နေသော စော်ဘွားသမီး စောဟုန်က ပြုံး၍ ...

"မင်း မြင်းက တော်တော်ညံ့တဲ့ မြင်းပါလားကွာ၊ မင်း မြင်းကို ငါ့လူတွေ ယူလာလို့ တွေ့ပြီးပါပြီ၊ ဒီကမြင်းတစ်ကောင် ယူသွားပေါ့ မင်းမြင်းထားခဲ့၊ မင်းရဲ့မြင်းနဲ့သာဆို ကျန်ရှန်တောင်ကို မင်း ရောက်ဖို့ မလွယ်ဘူး။ ခရီးတွင်ဖို့ဆိုရင် မြင်းကောင်းဖို့လည်း လိုတယ်"

မင်ဝါလေးက ရယ်မောလိုက်ပြီး ...

"မြင်းက ညံ့တာတော့မှန်တယ်၊ ဒါပေမယ့် ကျွန်တော် ဒီမြင်းကို ရတုန်းကတော့ ရတနာထုပ် ကောက်ရတာထက်တောင် ဝမ်းသာခဲ့ သေးတယ်"

"ဟုတ်လား ... ဘာကြောင့်လဲ"

ဤတွင် မင်ဝါလေးသည် လမ်းတွင် တွေ့ခဲ့ရသော အဘိုးအို



အကြောင်းနှင့် ထိုအဘိုးအိုက သူ့အား စေတနာရက်ရောစွာဖြင့် ကူညီ လိုက်ပုံကိုပါ ပြောပြလိုက်သည်။

စော်ဘွားသမီး စောဟုန်သည် မင်ဝါလေး ပြောသမျှကို ခေါင်း တညိတ်ညိတ်ဖြင့် နားထောင်နေသည်။

မင်ဝါလေး၏ စကားဆုံးသွားသောအခါ စောဟုန်က ...

"ဒါဆို ဒီအဘိုးအိုကိုရှာပြီး ထိုက်သင့်တဲ့ ကျေးဇူးဆပ်ဖို့ ငါ တာဝန်ယူပါတယ်၊ လောလောဆယ်တော့ တို့ဆီက မြင်းကောင်း ကောင်း တစ်ကောင် ယူသွားပေါ့ ဟုတ်လား"

ထိုစဉ် လူတစ်ယောက်သည် သူတို့အခန်းထဲသို့ ဝင်ရောက် လာလေသည်။

အခန်းထဲသို့ ဝင်ရောက်လာသူမှာ စောဟုန်၏ လက်ထော တစ်ဦး ဖြစ်သည်။

ထိုသူသည် စောဟုန်အား ဦးညွှတ်ကာ အရိုအသေပေးလို ပြီး ကိစ္စကို အစီရင်ခံသည်။

"တိဗက်ကလာတဲ့ သိုးခင်းပိုင်ရှင်ကြီး ကျန်ပုက တွေ တောင်းနေပါတယ်"

စောဟုန်သည် မျက်ခုံးနှစ်ဖက်ကို ပင့်ကာ စဉ်းစားလိုက်သ

အတန်ကြာမှ ...

"စဉ်းစားမရဟန်ဖြင့် ...

"သိုးပိုင်ရှင် ကျန်ပုဆိုတာ ဘယ်သူလဲ၊ သူက ဘာ ဒီလောက်ဝေးတဲ့ တိဗက်ကတောင် လာရတာလဲ၊ ဘာကြောင့် ကို တွေ့ချင်ရတာလဲ၊ ကျုပ်လည်း သူ့ကို မသိပါလား"

စောဟုန်က ကျန်ပုကို မသိသော်လည်း မင်ဝါလေးကမူ ကို သိနေသည်။

ကျန်ပုမှာ သူ၏ မဟာရန်သူတော်ကြီးတစ်ဦး ဖြစ်သည်။ အစွဲ သာသော တစ်နေ့တွင် ကျန်ပုအား ဆုံးမရန် စိတ်ထဲမှ တေးမှတ်ထား ခဲ့ဖူး၏။

ခုတော့ မမျှော်လင့်ဘဲ ကျန်ပုနှင့် ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့ နေရပြီ ဆိုပါလား။

မင်ဝါလေး စိတ်ထဲ၌ ကျိတ်၍ ဝမ်းသာနေမိ၏။

မင်ဝါလေး ထိုသို့ ဝမ်းသာနေစဉ် စောဟုန်၏ လက်အောက်မှ အမှုထမ်းသည် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ...

"ဒီလူ့ကို ကျွန်တော် သိပါတယ်၊ အခု ရောက်လာတာဟာ အကြောင်းရှိတယ်"

"ဟုတ်လား ... ပြောပါဦး၊ ဘာအကြောင်းများလဲ"

စောဟုန်က ပြန်မေးလိုက်၏။

ထိုအခါ အမှုထမ်း ...

"ဒီကျန်ပုဆိုတဲ့လူဟာ တိဗက်နယ်မြေမှာတော့ လူလည်လူညစ် တစ်ယောက်ပဲ၊ သူဟာ ကျွန်တော်တို့ရဲ့ စော်ဘွားဟောင်းနဲ့ အဆက် အသွယ် လုပ်ခဲ့ဖူးတယ်၊ ဒါပေမယ့် သူကိုယ်တိုင်မလာဘဲ လူယုံတော် တွေသာ လွှတ်ခဲ့တာ၊ အခု သူကိုယ်တိုင် ရောက်လာတာဆိုတော့ အရေးကြီးတဲ့အကြောင်း ရှိလိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်"

"ဒါဆို အခုလာတာကလည်း စော်ဘွားကြီးနဲ့ တွေ့ခွင့်ပေးပါ လို့ ရဲရဲတင်းတင်း တောင်းဆိုတာပါ၊ သူနဲ့အတူ လူယုံတော်နှစ်ယောက် ပါလာတယ်၊ ကြည့်ရတာ လာမားတွေနဲ့ တူပါတယ်"

စော်ဘွားသစ် စောဟုန်သည် သူ့မေးစေ့အား လက်နှင့် ပွတ်ကာ စဉ်းစားနေလေသည်။



"ဒီကျန်ပုဆိုတဲ့လူက စော်ဘွားဟောင်းကြီးဆီ ဘာကိစ္စများ တကူးတက လာရတာပါလိမ့်၊ အင်း ... စဉ်းစားစရာပဲ"

စော်ဘွားသစ် စောဟုန်သည် တစ်ကိုယ်တည်း ရေရွတ်သလိုလို ဖြင့် ပြောဆိုလိုက်လေသည်။

"လွယ်ပါတယ်၊ သူ ဘာကြောင့် ခုလို တကူးတက ထွက်လာ ရသလဲဆိုတာ ကျွန်တော် သိတယ်"

ဝင်၍ ပြောဆိုလိုက်သူမှာ မင်ဝါလေး ဖြစ်၏။

အခန်းတွင်းရှိ လူအားလုံးတို့၏ မျက်လုံးအကြည့်များက မင်ဝါ လေးထံ စုပြုံကျရောက်သွားသည်။

ကျန်ပုနှင့် မန်ချူး ကျူးကျော်ရေးသမားများ မည်သို့ အဆက် အသွယ်ရှိပုံ၊ မိမိတို့၏ လမ်းမှန်ဘက်တော်သားများအား မည်သို့ ဒုက္ခပေးပုံ၊ ချောက်တွန်းပုံနှင့်တကွ ကျင်းစီလူ၏ သမီးကို ဖမ်းဆီးပုံ၊ ရှန်ယင်ဆောင်တွင် ကျန်ပု မည်သို့ စီစဉ်ထားပုံတို့အပြင် သူတို့သား အဖ နှစ်ယောက်ပင်လျှင် ကျန်ပု၏ အရှုပ်တော်ပုံများကို ဝင်ရောက် ဖြေရှင်းရင်း ဒဏ်ရာ ရခဲ့ပုံများပါမကျန် အားလုံး ပြန်လည်ပြောပြလိုက် လေသည်။

ယခု ကျန်ပု ရောက်လာခြင်းမှာ မျိုးချစ် သိုင်းသမားများအား ကြောက်ရွံ့ကာ ထွက်ပြေးလာခြင်း ဖြစ်ဟန်တူကြောင်းလည်း ပြော ပြလိုက်၏။

စောဟုန်တို့သည် မင်ဝါလေး ပြောသမျှအား ငြိမ်သက်စွာ နားထောင်နေကြ၏။

မင်ဝါလေး၏ စကားဆုံးသောအခါတွင် စောဟုန်သည် သဘော ပေါက်သွားလေတော့သည်။

"လက်စသတ်တော့ ဒီကျွန်ုပ်ဆိုတဲ့ လူက တကယ့် ရာဇဝင်လူဆိုးပဲကွ၊ အဆိုးတကာ့ ထိပ်ခေါင်ဆီက ဘာသတင်းတွေ သိရမယ်ဆိုတာ စုံစမ်းသင့်တယ်"

သူ၏ လက်ထောက်ဘက်သို့လှည့်ကာ ...

"သူတို့က မြင်းနဲ့ လာကြတာလား"

"ဟုတ်ပါတယ်"

"တို့ဆီမှာရှိတဲ့ မြင်းတွေထက် ပိုကောင်းလား"

အမှုထမ်းက ခေါင်းညိတ်ပြလိုက်၏။

"ကျွန်တော်တို့ တစ်နယ်လုံးမှာရှိတဲ့ မြင်းအားလုံးထက် ပိုကောင်းပါတယ်"

ဤတွင် စောဟုန်သည် မင်ဝါလေးဘက်သို့ သဘောကျကျေနပ်စွာ လှည့်လိုက်လေသည်။

"မင်း ... ကျွန်ရှန်တောင်ကိုသွားဖို့ မြင်းကောင်းတစ်ကောင် အဆင်သင့် ရောက်လာတာပဲ၊ သူ့လိုလူဆီက ယူတာ တရားပါတယ်ကွာ"

မင်ဝါလေးနှင့် ဝေချီတင်တို့က မည်သို့မျှ ပြန်မပြောပါ။ အလိုက်သင့်သာ ပြုံးရယ်နေကြသည်။

စောဟုန်သည် အမှုထမ်းကို တစ်ချက်လှမ်းကြည့်ကာ ...

"ဒါနဲ့ ကျွန်ုပ်ဟာ စော်ဘွားဟောင်းကြီးကိုရော မြင်ဖူးလား"

"မမြင်ဖူးဘူးထင်တယ်၊ ကျွန်ုပ်က ဒီကိုလာတာ ဒါ ပထမဆုံးအကြိမ် ဖြစ်သလို ကျွန်တော်တို့ စော်ဘွားဟောင်းကြီးကလည်း ဒီဟော်နန်းကြီးထဲက လွဲပြီး ဘယ်မှ ခရီးထွက်တာ မဟုတ်ဘူး မဟုတ်လား"



"အေး ... ကောင်းတယ်၊ ကဲ ... ကျွန်ုပ်တို့အဖွဲ့ကို ဝင်ခွင့်ပေးလိုက်တော့"

မင်ဝါလေးတို့သည် စောဟုန်၏ နောက်ရှိ ကန့်လန့်ကာနောက်သို့ ဝင်ရောက်ပုန်းအောင်းနေလိုက်ကြသည်။

ကျွန်ုပ်နှင့် သူ့လူယုံတော် လာမားနှစ်ယောက်တို့သည် အခန်းတွင်းသို့ ဝင်ရောက်လာကြသည်။

ကျွန်ုပ်၏ လူယုံတော် လာမား နှစ်ယောက်ကိုလည်း မင်ဝါလေးက သိပါသည်။

ထိုလာမားနှစ်ယောက်မှာ ရုက်ရှင်နှင့် ရုက်တော်တို့ပင် ဖြစ်ကြသည်။ သိုင်းပညာလည်း မဆိုးပါ။

သူတို့သည် မီးစုသိုင်းပညာရှင်များ ဖြစ်ကြ၏။

သူတို့နှစ်ယောက်နှင့် မင်ဝါလေး ရှန်ယင်ဆောင်မှာတုန်း တိုက်ခိုက်ခဲ့ဖူး၏။

အခန်းထဲသို့ ရောက်လာသော ကျွန်ုပ်တို့အား စောဟုန် ခံ့ညားစွာ ညွှန်ကြားဆိုလိုက်၏။

ကုလားထိုင်ပေါ်တွင် ထိုင်ပြီးသောအခါ ကျွန်ုပ်သည် စော အား တစ်ချက်မော့ကြည့်လိုက်သည်။

စောဟုန်က တစ်ခဏမျှ ကြည့်နေရင်း ...

သူ့စိတ်ထဲ တစ်ပိုးတစ်ဖုံ ဖြစ်သွားမိ၏။

ကျွန်ုပ်သည် စော်ဘွားဟောင်းအား မတွေ့မမြင်ခဲ့ဖူးပါ

သို့သော် ...

ထန်လုံစော်ဘွားဟောင်းထံသို့ သူ့လူယုံတော် အချို့ကို သံ အဖြစ် စေလွှတ်ခဲ့ဖူးသည်။

ထို့ကြောင့် ...

ထိုလှုယ့်တော် သံတမန်များ၏ ပြောပြချက်အရ စော်ဘွားပောင်း၏ ရုပ်သွင်သဏ္ဌာန်ကို သိရှိနေသည်။

ယခု ရှေ့မှာ ထိုင်နေသော စောဟုန်၏ ရုပ်ရည်မှာ လှူယ့်တော် ပြောပြလိုက်သည့် စော်ဘွား၏ ရုပ်ရည်နှင့် မတူဘဲ ဖြစ်နေ၏။

သူ့စိတ်ထဲတွင် မသိုးမသန့်ဖြစ်သွားမိ၏။

ထို့စဉ် ...

စောဟုန်သည် ခံ့ညားစွာ ပြုံးလိုက်လေ၏။

"မိတ်ဆွေကြီးတို့ ခုလိုရောက်လာတဲ့အတွက် ကျုပ် ဝမ်းသာပါတယ်၊ ဟို ... လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းကတောင် မိတ်ဆွေကြီး လွှတ်လိုက်တဲ့ သံတမန် ဒီကိုရောက်လာခဲ့သေးတယ်၊ အဲဒီကတည်းက မိတ်ဆွေကြီးကို ကျုပ်တို့က ဖိတ်ခေါ်နေတာပါ၊ အင်း ... ခုတော့ မိတ်ဆွေကြီးက မမျှော်လင့်ဘဲ ရောက်လာတော့ ကျုပ်က သိပ်ပြီး ဝမ်းသာပါတယ်ဗျာ"

စောဟုန်က ခပ်တည်တည်ဖြင့် သံတမန်ဆက်သွယ်ခဲ့ကြဖူးသည့် အချက်ကိုပါ ထုတ်ဖော်ပြောဆိုလိုက်လေသည်။

ကျန်ပုမှာ ဇဝေဇဝါဖြစ်နေရာမှ ခေါင်းကို သွက်လက်စွာ ညိတ်ပြလိုက်မိတော့၏။

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ကျုပ်ကလည်း ဒီကတည်းက လာချင်နေတာပါ၊ အခြေအနေကလည်း မပေး၊ ကျုပ်ကိုယ်တိုင်က လည်း မအားလို့ ခုမှထွက်လာခဲ့မိတာပါ၊ ဒါနဲ့ ထန်ဖုန်တို့အဖွဲ့နဲ့ ရွှေဟုတ်ဟန်တို့ဟာ စော်ဘွားကြီးဆီ ရောက်နေတယ်လို့ ကြားသိရပါတယ်၊ အဲဒါ ဟုတ်ပါသလား"



အမှန်တော့ ...

ကျန်ပုက သူသိပြီးသား အကြောင်းအရာတွေကို သွေးတိုးစမ်းကာမေးမြန်းလိုက်ခြင်းမျှသာ ဖြစ်သည်။

ထန်ဖုန်တို့အဖွဲ့နှင့် ရွှေကုတ်ဟန်တို့သည် သူနှင့် အဆက်အသွယ် ရှိသလို ထန်လုံစော်ဘွားကြီးနှင့် အဆက်အသွယ်ရှိမှုန်းကိုလည်း သူက သိထားသည်။

ထန်လုံစော်ဘွားကြီးထံတွင် ထိုသူများရောက်ရှိနေနိုင်ပြီး ဖြစ်သည်ကိုလည်း သူသိပြီးဖြစ်သည်။

အကယ်၍ ...

စောဟုန်က ထန်ဖုန်နှင့် ရွှေကုတ်ဟန်တို့အား မသိပါ။ ထိုသူများ ဒီမှာ ရှိမနေပါဟု ပြောလျှင် စောဟုန်မှာ စော်ဘွားအစစ်မဟုတ် အတု မျှသာ ဖြစ်ရမည်။

အကယ်၍ ...

ထန်ဖုန်နှင့် ရွှေကုတ်ဟန်တို့ကို သိပါသည်။ ယခုလို သူတို့အား ကောင်းမွန်စွာ လက်ခံထားပါသည်ဟုပြောလျှင် စောဟုန်သည် စော်ဘွား အစစ် ဖြစ်ရမည်။

အတုမဟုတ်နိုင်။

ဤသည်ကား ကျန်ပု၏ ယူဆအတွေးခေါ်ချက်မျှသာ ဖြစ်လေသည်။

အမှန်စင်စစ် ...

ကျန်ပုသည် စောဟုန်အပေါ်တွင် သူရှိသမျှ ဉာဏ်ကလေးဖြင့် လှည့်ပတ်ကာ စူးစမ်းနေခြင်းမျှသာ ဖြစ်လေတော့သည်။

စောဟုန်သည် ခေါင်းကို တစ်ချက်မျှ လေးပင်စွာ ညိတ်ပြလိုက်လေသည်။

"အင်း ... ထန်ဖုန်နဲ့ ရွှေကုတ်ဟန်တို့ဟာ ကျုပ်တို့ဆီမှာ တစ်ရ နီးပါး နေသွားကြတယ်၊ ခင်ဗျား ရောက်လာတာ နည်းနည်းလေး နောက်ကျသွားတယ်လို့ ဆိုရမယ်၊ မနေ့ကပဲ 'တာရှိ' နယ်ဘက်ကို သူတို့ထွက်သွားကြတယ်"

စောဟုန်၏ အဖြေစကား ကြားလိုက်ရသောအခါ ကျန်ပုမှာ ရင်ထဲ၌ ဟာခနဲ ဖြစ်သွားမိတော့၏။

သူ့အနေနှင့် ထန်လုံစော်ဘွားဆီ လာခဲ့ခြင်းမှာ ထန်ဖုန်နှင့် ရွှေကုတ်ဟန်တို့အား တွေ့ဆုံကာ သူ၏ အခက်အခဲများကို တိုင်ပင်လို၍ ဖြစ်သည်။

ယခု ရွှေကုတ်ဟန်တို့ မရှိဟု သိလိုက်ရသောအခါ ရင်ထဲတွင် ဟာသွားမိခြင်း ဖြစ်သည်။

သူသည် စောဟုန်အား မချိပြုံးကလေးဖြင့် လှမ်းကြည့်လိုက်ကာ မချိတင်ကဲ ပြောလိုက်မိသည်။

စောဟုန်က တစ်စုံတစ်ခုအား ဖျတ်ခနဲ သတိရလာဟန်ဖြင့် ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်ကာ ...

"ရွှေကုတ်ဟန်ကကော်င် ခင်ဗျားနဲ့ ပတ်သက်တာ တချို့ ကျုပ်ကို ပြောသွားသေးတယ်ဗျ"

"ဟုတ်လား ... သူက ဘာတွေပြောသွားလဲဟင်"

ကျန်ပုက ပျာပျာသလဲ မေးမြန်းလိုက်လေသည်။

စောဟုန်သည် တည်ကြည်လေးနက်စွာဖြင့် ...

"မိတ်ဆွေကြီး ဒုက္ခတစ်ခုနဲ့ ကြုံတွေ့နေရတယ်လို့ သူပြောသွားခဲ့တယ်၊ သူ့အပြောအရ ဆာတာဖုက တော်လှန်ရေးသမားတွေဟာ ခင်ဗျားကို ငြိုးနေတယ်လို့ သိရတယ်၊ အဲဒါ ... ဟုတ်လား"



စောဟုန်၏ မြားချက်ကား လွန်စွာ ထိရောက်လှသည်။

ထိုစကားတစ်ခွန်းတည်းဖြင့် ကျန်ပုသည် စောဟုန်အပေါ် ယုံကြည်စိတ်ချသွားမိလေတော့သည်။

"ဟုတ်ပါတယ် ခင်ဗျာ .:. ဟုတ်ပါတယ်၊ ကျုပ် ဒီကိစ္စကြောင့် အတော့်ကို စိတ်မချမ်းမသာ ဖြစ်နေရပါတယ်"

"ဘယ်သူတွေကများ ခင်ဗျားလို ပုဂ္ဂိုလ်ကို အငြိုးထားနေမှာမို့ ပြောစမ်းပါဦး"

စောဟုန်က မာန်ပါပါဖြင့် မေးမြန်းလိုက်လေသည်။

ကျန်ပုသည် သက်ပြင်းတစ်ချက် အသာချလိုက်ပြီး ...

"မင်ယွမ်ချောင်နဲ့ ကျင်းစီလူတို့ပါပဲ၊ မှန်တာပြောရရင် သ နှစ်ယောက်စလုံးကို ကျုပ် ကြောက်တယ်"

ကျန်ပု၏ စကားကို ကြားရသောအခါ စောဟုန်မှာ စိတ် ကိုတ်၍ ရယ်မောမိလေသည်။

အမှန်တော့ ...

ထိုအကြောင်းများကို မင်ဝါလေး ပြောပြထား၍ သူသိပြီး

သို့သော် သူက ခပ်တည်တည်ဖြင့် ...

"ပြောစမ်းပါဦး ... ခင်ဗျားက ဒီလူတွေနဲ့ ဘယ်လိုများ ဖြစ်သွားရတာလဲ"

ကျန်ပုက ခေါင်းခါယမ်းပြလိုက်ပြီး ...

"ကောင်မလေးတစ်ယောက်ကို ကျုပ်က သွားဖမ်းလိုက် ဗျ၊ ကံဆိုးချင်တော့ ဒီကောင်မလေးက ကျင်းစီလူရဲ့ သမီးဖြစ် ဒီတော့ မင်ယွမ်ချောင်ရော ကျင်းစီလူရော သူတို့အဖွဲ့က လူတ ကျုပ်တို့ကို တိုက်ခိုက်ပြီး ကျုပ်အိမ်ကို ဖျက်ဆီးမီးရှို့ပစ်လိုက်ကြ

"ကျုပ်ဟာ ခြေဦးတည့်ရာ ရှောင်ပြေးရင်း နယ်ခြားအုပ်ချုပ်ရေးရုံးမှာ တစ်ရက်သွားတည်းခဲ့တယ်၊ အဲဒီက အတွင်းဝန် 'ဝေထုတ်ပင်'နဲ့ တိုင်ပင်ကြည့်တော့ ဝေထုတ်ပင်က သူ့ဆီမှာကလည်း စိတ်မချရလို့ ကျုပ်ကို ခပ်ဝေးဝေးနေရာမှာ ရှောင်နေဖို့ အကြံပေးတယ်၊ ဒါကြောင့် ကျုပ်လည်း ဇော်ဘွားကြီးထံမှာ ခိုလှုံဖို့ လာတာပဲ"

ရှည်လျားစွာ ရှင်းပြပြီးနောက် ကျန်ပုသည် စောဟုန်၏ မျက်နှာအား အားကိုးတကြီး လှမ်းကြည့်လိုက်သည်။

သူနှင့်အတူ ပါလာသော သူ့လူယုံ လားမားနှစ်ယောက်မှ ယခုအချိန်ထိ မည်သည့်စကားမျှ ဝင်ရောက်ပြောဆိုခြင်း မရှိကြပါချေ။

ငြိမ်သက်၍သာ မလှုပ်မယှက် ရပ်တန့်လျက်ရှိသည်။

ကျန်ပုသည် စောဟုန်အား လှမ်းကြည့်နေမိ၏။

စောဟုန်၏ မျက်နှာပေါ်တွင် ထူးခြားချက် ရှာမတွေ့ပါ။

စောဟုန်၏ မတုန်မလှုပ် အမူအရာကြောင့် ကျန်ပု၏စိတ်ထဲ၌ အောင့်သက်သက်ဖြစ်သွားမိ၏။

သို့သော် ...

စိတ်ထဲ၌ အောင့်သက်သက်ဖြစ်သွားမိသော်လည်း မျက်နှာကိုမူ အတတ်နိုင်ဆုံး ပြုံးရွှင်ချိုသာစေလျက် ...

"ဇော်ဘွားကြီး ခင်ဗျား၊ ကျုပ်ဟာ ဇော်ဘွားကြီးတို့ဆီကို အားကိုးတကြီး ဝင်ရောက်ခိုလှုံလာသူ ဖြစ်ပါတယ်၊ ကျုပ်ကို ကူညီပါ၊ ဟောဒီပစ္စည်းလေး နည်းနည်းပါးပါးကိုလည်း ကျေးဇူးပြုပြီး လက်ခံပါ"

ပြောပြောဆိုဆိုဖြင့် သေတ္တာငယ်တစ်လုံးကို ထုတ်ယူကာ စောဟုန်လက်ထဲသို့ ပေးအပ်လိုက်လေသည်။

ကျန်ပုသည် နေရာမှထလာပြီး သေတ္တာငယ်ကလေးအား ဖွင့်ပြလိုက်၏။



သေတ္တာထဲတွင် ကျောက်စိမ်းခြေသုံးရုပ် တစ်ရုပ်အား အလယ်မှထား၍ တန်ဖိုးကြီးမားသော ပုလဲအလုံးပေါင်း တစ်ရာတိတိရှိနေလေသည်။

ထိုကျောက်မျက်ရတနာတို့၏ အရောင်မှာ တဖိတ်ဖိတ်တောက်ပနေတော့၏။

ကျန်ပုသည် စောဟုန်၏ မျက်နှာအား အကဲခတ်ကြည့်လိုက်၏။

"ဒီလက်ဆောင်ရတနာတွေဟာ ဇော်ဘွားကြီးအတွက် တမင်ရည်ရွယ်ပြီး ယူလာတာပါ၊ ပြီးတော့ ကျွန်တော်နဲ့အတူ ပါလာတဲ့ ဟောဒီ လားမားနှစ်ယောက်ဟာလည်း သာမန်လူထဲက မဟုတ်ပါဘူး၊ အစွမ်းထက်တဲ့ သိုင်းပညာရှင်တွေဖြစ်ပါတယ်၊ ဇော်ဘွားကြီးထံမှာ အမှုထမ်းဖို့ အပ်နှံပါတယ်၊ လိုအပ်ရင် နောက်ထပ် ရတနာပစ္စည်းတွေလည်း ကျွန်တော် ပေးအပ်နိုင်ပါတယ်"

ကျန်ပုက သူသည် အကူအညီတောင်းခံရုံသက်သက် လာခြင်းမဟုတ်ကြောင်း၊ အတုံ့အလှည့်ကျေးဇူးပြုနိုင်သူတစ်ဦးဖြစ်ကြောင်း သွယ်ဝိုက်ပြောဆိုလိုက်သည်။

စောဟုန် ပြုံးလိုက်၏။

"ကျုပ်ကတော့ ဘွင်းဘွင်းနဲ့ ရှင်းရှင်းပဲ ပြောတတ်တယ်၊ ဟောဒီ သေတ္တာထဲက ပစ္စည်းတွေအပြင် နောက်ထပ် ပစ္စည်းတစ်ခုထပ် တောင်းချင်သေးတယ်၊ စိတ်ဆွေကြီး ပေးနိုင်ပါ့မလား"

စောဟုန်၏ စကားကြောင့် ကျန်ပုမှာ လောဘကြီးလှသော ဇော်ဘွားကြီးဟု ထင်မှတ်သွားပြီး စိတ်ထဲမှ ချဉ်သွားမိသည်။

သို့သော် ...

သူသည် ချိုသာစွာ ပြောသည်။

"ပြောပါ ခင်ဗျာ ... ပြောပါ၊ စော်ဘွားကြီး ဘာပစ္စည်းအလိုရှိတယ်ဆိုတာကို ပြောပါ"

စောဟုန်က မျက်လုံးများကို ခပ်မှေးမှေးပြုကာ ...

"မှန်တာပြောရရင် ခင်ဗျားဆီက အခုတောင်းမယ့် ပစ္စည်းဟာ ကျုပ်လိုချင်လို့ မဟုတ်ပါဘူး၊ ကျုပ်မိတ်ဆွေတစ်ယောက်အတွက်ပါ"

ကျန်ပုက သိချင်စိတ်ဖြင့် ...

"စော်ဘွားကြီးရဲ့ မိတ်ဆွေအတွက် ဟုတ်လား၊ ဘယ်သူများလဲ ခင်ဗျာ၊ ကျွန်တော် မသိရဘူးလား"

ဤတွင် စောဟုန်က အသံမြှင့်၍ ပြောလိုက်၏။

"သိရပါတယ်၊ သူကိုယ်တိုင် ခင်ဗျားနဲ့ တွက်တွေ့ပြီး သူလိုချင်တာ သူ့ဘာသာသူ တောင်းရင် ပိုကောင်းမယ်"

စောဟုန်၏ စကား ဆုံးသွားသည်နှင့် တစ်ပြိုင်နက် မင်ဝါလေးသည် ကန့်လန့်ကာနောက်မှ ရုတ်တရက် ထွက်လာပြီး ...

"ကျုပ်လိုချင်တာက ခင်ဗျားရဲ့ ခေါင်းပဲ ... မပြေးနဲ့"

ကျန်ပုမှာ သူ လုံးဝမမျှော်လင့်ခဲ့သော မင်ဝါလေးကို တွေ့လိုက်ရသဖြင့် ကြက်သေ သေသွားသည်။

ထို့ကြောင့် ...

ကျန်ပုမှာ မင်ဝါလေး၏ ဖမ်းချုပ်ခြင်းကို ခံလိုက်ရလေတော့သည်။

တစ်ပြိုင်နက်တည်းမှာပင် ...

ကျန်ပုနှင့် အတူလိုက်ပါလာသော ရှက်တော်နှင့် ရှက်ရှင်တို့သည်၊ စောဟုန်ကို ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့သည်။

အခန်းထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။



ရှက်တော်နှင့် ရှက်ရှင်တို့သည် သူတို့၏ ဝတ်ရုံကြီးများကို ပြိုင်တူချွတ်ကာ စောဟုန်၏ ဦးခေါင်းအား လွှားခနဲ အုပ်လိုက်ကြ၏။

ထိုစဉ် ...

ဓားရောင်တစ်ချက် ဝင်းလက်သွားသည်။

အဖြူရောင်ဓားစက်ဝန်းသည် ရှက်တော်တို့ ဝတ်ရုံကြီးများအား အစိတ်စိတ်အမြွာမြွာဖြစ်အောင် ဆုတ်ဖြဲပစ်လိုက်လေတော့၏။

ဝင်ရောက်တိုက်ခိုက်သူမှာ တခြားသူမဟုတ်ချေ။

ဝေချိုတင်ပင် ဖြစ်ပါသည်။

လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်လိုက်သော ဝေချိုတင်၏ ဓားချက်သည် ဝတ်ရုံနီကြီးများကိုသာမက ရှက်တော်နှင့် ရှက်ရှင်တို့ဆီပါ ဆက်တိုက်ရောက်ရှိသွားတော့၏။

ရှက်တော်ရော ရှက်ရှင်ပါ ဤမျှမြန်ဆန်လှသော သိုင်းသမားကို မမြင်ဘူးပါချေ။

မထင်မှတ်ဘဲ ပေါ်လာပြီး မမျှော်လင့်သောနေရာမှ ဝင်ရောက်တိုက်ခိုက်လိုက်သော ဝေချိုတင်၏ ဓားချက်များကို ထိတ်လန့်သွားကြ၏။

ထို့ကြောင့် ...

ရှက်တော်ရော ရှက်ရှင်ပါ 'အိမ်မြောင်အမြီးပြတ်' သိုင်းကွက်ကို သုံးကာ ပြတင်းပေါက်မှ ခုန်ကူးပြီး ကိုယ်လွတ်ရုန်း၍ ပြေးကြတော့၏။

အခရင်ဆုံး ဖွက်ပြေးသွားသော ရှက်တော်မှာ မည်သည့် ဒဏ်ရာမှ မရရှိသော်လည်း ခြေတစ်လှမ်း နောက်ကျသွားသော ရှက်ရှင်မှာမူ ဘယ်ဘက်လက်မောင်းတွင် ဒဏ်ရာရသွားလေသည်။

ဝေချိုတင်သည် ပြတင်းပေါက်မှခုန်ထွက်ကာ သူတို့နှစ်ယောက် နောက်သို့ လိုက်သွား၏။

သို့သော် ...

ရက်တော်ရော ရက်ရှင်ပါ မြင်းပေါ် တက်ကာ လျှင်မြန်စွာ ထွက်ပြေးသွားကြချေပြီ။

ဝေချီတင်သည် ညှော်ခန်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာသည်။

ညှော်ခန်းထဲတွင်မူ မင်ဝါလေးသည် ကျန်ပုအား ဖမ်းဆီးထား၏။

ကျန်ပုမှာ ကြောက်လန့်တုန်လှုပ်စွာဖြင့် ပါးစပ်မှ တတွတ်တွတ် တောင်းပန်နေ၏။

စောဟုန်သည် နံဘေးမှ လက်ပိုက်လျက်ရပ်ကာ ကျန်ပုအား အေးစက်စွာ ကြည့်နေလေသည်။

စောဟုန်က **မင်ဝါလေးအား** လှမ်း၍ မေးလေ၏။

"မင်း ... သူ့ကို**တယ်လိုစိစဉ်**မလဲ၊ သူက မင်းတို့အပေါ် ရက်စက်ခဲ့တဲ့ ပြစ်မှုရှိနေတယ်"

မင်ဝါလေးက ကျန်ပုအား စက်ဆုပ်စွာ ကြည့်ကာ ...

"သူ့ကို လောလောဆယ်မှာ ဖမ်းချုပ်ထားစေချင်တယ်"

"ချုပ်ထားပြီးတော့ကော ..."

"သူ့ရဲ့ မတရားနှိပ်စက်မှုဒဏ်ကို ခံခဲ့ရရှာတဲ့ တိဗက်လူမျိုးသားအဖနှစ်ယောက်ရှိတယ်၊ နာမည်က ကျက်လိတဲ့၊ ကျက်လိကြီးရဲ့ သားဟာ သူ့ရဲ့ မတရား ရိုက်နှက်မှုကြောင့် မစွမ်းမသန် ဖြစ်နေရှာတယ်၊ ကျွန်တော် လာဆာကို ပြန်ရောက်တဲ့အခါ ကျက်လိကြီးဆီ သူ့ကို ဒီမှာချုပ်ထားကြောင်း အကြောင်းကြားလိုက်မယ်"

စောဟုန်က သဘောပေါက်စွာ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ... ကျင်လိကြီးကိုယ်တိုင် သူ့ကို စီရင်ပါစေ၊ ငါ အခု သူ့ကို အကျဉ်းချထားလိုက်မယ်"



စောဟုန်က ကျန်ပုအား အကျဉ်းချထားရန် အမိန့်ပေးလိုက်သည်။

ကိစ္စအားလုံး ပြီးစီးသောအခါ မင်ဝါလေးသည် စောဟုန်တို့ကို နှုတ်ဆက်ကာ ကျန်ရှန်တောင်သို့ ခရီးဆက်လေတော့သည်။

ဝေချီတင်ကလည်း တာရှုနယ်သို့ ခရီးဆက်လက်ထွက်ခွာသွားလေတော့သည်။

❑ ❑ ❑

အခန်း (၈)

# အန္တရာယ်ပေးရသေ့ကြီး

မြက်ခင်းလွင်ပြင်ကျယ်ကြီးထဲတွင် မြင်းတစ်စီးသည် တရိပ်ရိပ် ပြေးလွှားနေ၏။

မြင်းပေါ်တွင် လူတစ်ယောက် လိုက်ပါလာသည်။

လိုက်ပါလာသော လူမှာ မင်ဝါလေးပင်ဖြစ်ပါ၏။

မင်ဝါလေးသည် သူ ယခု စီးလာသော မြင်းကြီးအား လွန်စွာ သဘောကျနေ၏။ အလွန်လိမ္မာသော မွန်ကိုမြင်းကြီး ဖြစ်ပါသည်။

မင်ဝါလေးသည် ကျန်ပု၏ မြင်းကြီးအား စီးလာရင်းမှ လှုပ်ရှား တက်ကြွနေသည်။

ယခုအခါတွင် သူ၏ ဆောင်ရွက်ချက် တချို့တစ်ဝက်သည် အောင်မြင်သင့်သလောက် အောင်မြင်ခဲ့ပြီ မဟုတ်ပါလား။

ကျန်ရှန်တောင်မှာရှိသော ညီငယ်နှင့် တွေ့ဆုံပြီးလျှင် သူ့တာဝန်မှာ ပြီးဆုံးတော့မည် ဖြစ်သည်။

မြက်ခင်းပြင်ကြီးထဲတွင် မင်ဝါလေး၏ မြင်းကြီးမှာ တရိပ်ရိပ် ပြေးနေဆဲပင်။



သူ ခရီးထွက်လာခဲ့သည်မှာ သုံးရက်ခန့် ကြာမြင့်သွားပြီဖြစ်သည်။

သုံးရက်လုံးလုံး မြင်းကြီးမှာ မနားတမ်း ပြေးလွှားခဲ့ရသည်။

ဆင်းလိုက် တက်လိုက်ဖြင့် မြက်ခင်းတစ်ခုပြီးတစ်ခု ဖြတ်ကျော်နေရတုန်းပင် ဖြစ်၏။

သူ ဖြတ်သန်းခဲ့ရသော ခရီးလမ်းတစ်လျှောက်လုံး လူရိပ်လူယောင် မတွေ့ရချေ။

ဤသို့ဖြင့် ...

တတိယမြောက်နေ့၏ **နေ့လယ်ပိုင်းတွင်မှ** သူစီးလာသော မြင်းသည် ပြေလျော့သော လွင်ပြင်မှ **အတန်ငယ်** မတ်စောက်သော တောင်ကုန်းတစ်ခုဘက်သို့ တက်လှမ်းခဲ့**ပြန်**လေသည်။

တောင်တက်လမ်းမှာ ညီညာခြင်းမရှိပါ။ တစ်ခါတစ်ရံ ကျယ်ပြန့်သွားလိုက်၊ တစ်ခါတစ်ရံ ကျဉ်းမြောင်းသွားလိုက် ဖြစ်နေ၏။

တစ်ကြိမ်တွင်မူ

သူသည် အလွန်ကျဉ်းမြောင်းသော လမ်းချိုးထစ်ခုကို ချိုးကွေ့လိုက်၏။

ထိုစဉ် ...

လေလှိုင်းရိုက်ခတ်သံတစ်ချက် ကြားလိုက်ရသည်။

သူ့အား အုပ်မိုးထားသလို ဖြစ်နေသော သစ်ပင်ကြီးရှိ သစ်ကိုင်းပေါ်မှ လူတစ်ယောက်သည် ဖြတ်ခနဲ သူ့ကိုယ်ပေါ် ထိုးကျလာ၏။

မင်ဝါလေး သတိမလစ်ပါ။

ဝုစ်ခနဲ လေတိုးသံ ကြားကတည်းက သူသည် 'ကြက်ခေါင်းဆိတ်ရှောင်' သိုင်းကွက်ကို ချက်ချင်း အသုံးပြုကာ ကိုယ်ကို ယိမ်းနွဲ့လိုက်၏။

တစ်ဆက်တည်းမှာလည်း ကိုယ်ကို နွဲ့လိုက်ရာမှ အလိုက်သင့် စောင်းကာ လက်မောင်းကို ပင့်၍ 'ကြိုးကြာတောင်ခတ်' သိုင်းကွက်ဖြင့် ရန်သူ၏ ရိုက်ချက်ကို ဘေးဖယ်ပစ်လိုက်သည်။

မင်ဝါလေးအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သူကလည်း လူညံ့တစ်ယောက် မဟုတ်ပါ။

သူသည် မင်ဝါလေး အသုံးပြုလိုက်သည့် ကြိုးကြာတောင်ခတ် သိုင်းကွက်အား 'ဆိတ်သိုးဦးချို' သိုင်းကွက်ဖြင့် ရိုက်ခတ် ဖယ်ထုတ်ပစ်လိုက်ပြီး မင်ဝါလေး၏ ညာဘက်ရင်ဆုံသို့ လက်မာသိုင်းကွက်ဖြင့် ရိုက်ချလိုက်၏။

ရန်သူ၏ လက်သိုင်းကွက်ကား ပြင်းထန်လွန်းသည်။

မင်ဝါလေးမှာ မြင်းပေါ်မှ ကျွမ်းပစ်ကာ ရှောင်ထွက်သွားရလေတော့သည်။

ထိုသူကား မင်ဝါလေး၏ မြင်းကြီးပေါ်တွင် အကျအန ထိုင်လျက် ...

"ဟား ... ဟား ... မင်းက တယ်ဆိုးလို့လဲကွ"

မင်ဝါလေးက မြေပြင်ပေါ်တွင် ခြေထောက်မိသည်နှင့် ထိုသူကလည်း မြင်းပေါ်မှ ခုန်ဆင်းကာ မင်ဝါလေးအား တရကြမ်း တိုက်ခိုက်လိုက်လေတော့၏။

မင်ဝါလေးသည် ထိုသူကို ပြန်လည် ရှောင်တိမ်းရင်းမှ ထိုသူ၏ သိုင်းကွက်များကိုကြည့်သည်။ မည်သည့် အဖွဲ့မှ လူဖြစ်နိုင်ကြောင်း အကဲခတ်နေသည်။

သူနှင့် တိုက်ခိုက်ခဲ့ဖူးသော လူများနှင့် လုံးဝမတူသော တိုက်ကွက်များကို ထိုလူက အသုံးပြုနေသဖြင့် စဉ်းစားရခက်နေသည်။



ရုတ်တရက် သူသည် တစ်ဖက်လူမည်သူဆိုသည်ကို သိလိုက်သဖြင့် အချိန်ဆွဲမနေတော့ဘဲ ဓားကို ရွှမ်းခနဲ ဆွဲထုတ်လိုက်သည်။

သူ လက်နက် မထုတ်၍ မဖြစ်ပါ။ သူ့အား တိုက်ခိုက်သောသူမှာ ရွှေကုတ်ဟန်၏ ဆရာ လောင်ချောင်ပို ဖြစ်နေသည် မဟုတ်ပါလား။

"ဟင်း ... လက်စသတ်တော့ ခင်ဗျားက ရွှေကုတ်ဟန်ရဲ့ ဆရာ မြောက်ပိုင်း ကျောက်ခွဲလက်ဂိုဏ်းက လောင်ချောင်ပို မဟုတ်လား"

မင်ဝါလေးသည် နှုတ်မှ ထိုသို့ပြောရင်း ခန္ဓာကိုယ်ကလည်း လောင်ချောင်ပို၏ တိုက်ကွက်များမှ အဆက်မပြတ် ရှောင်တိမ်းနေသည်။

သူ့စိတ်ထဲ၌လည်း ဤသူသည် ရွှေကုတ်ဟန်ထက် ပိုကြောက်စရာကောင်းကြောင်း။ ပိုပြီး သတိထားရမည်ဖြစ်ကြောင်း မှတ်ချက်ချနေသည်။

အမှန်စင်စစ် ...

လောင်ချောင်ပိုကို သူ တစ်ခါမှ မမြင်ဘူးပါ။

သူ့ဖခင်၏ ပြောပြချက်အရ လောင်ချောင်ပိုမှာ ရွှေကုတ်ဟန်၏ ဆရာဖြစ်ကြောင်း။ မြောက်ပိုင်းကျောက်ခွဲလက်သိုင်းအဖွဲ့တွင် အစွမ်းအထက်ဆုံးသူဖြစ်ကြောင်း။ ရွှေကုတ်ဟန်ကဲ့သို့ လက်သိုင်းကွက်များ အသုံးပြုလေ့ရှိသော်လည်း အဆင့်မြင့်အတွင်းအားပညာတွင် ရွှေကုတ်ဟန်ထက် များစွာ သာလွန်ကြောင်း သိရှိခဲ့၏။

ယခု သူသုံးနေသော သိုင်းကွက်သဘောတရား တချို့မှာ ရွှေကုတ်ဟန် အသုံးပြုခဲ့သော သိုင်းကွက်နှင့် ဆင်တူသဖြင့် လောင်ချောင်ပို ဖြစ်ကြောင်း ရိပ်မိလိုက်ခြင်း ဖြစ်သည်။

လောင်ချောင်ပိုမှာလည်း မင်ဝါလေးက သူ့အမည်ကို ထုတ်ပြော လိုက်ခြင်းကြောင့် အံ့သြသွားလေ၏။

ထို့နောက် ...

ဟားတိုက်ရယ်မောလိုက်၏။ သူက မေးလိုက်လေ၏။

"ဟား ... ဟား ... မင်းက ငါ့နာမည်ကိုတောင် သိနေပြီပဲကိုး ကွ၊ ကဲ ... ဒါဆို မင်းအခု အရှုံးပေးတော့မလား"

မင်ဝါလေးက စကားထပ်မံ မပြောတော့ဘဲ ဓားကွက်တစ်ကွက် လျှပ်တစ်ပြက် ထုတ်သုံးလိုက်သည်။

လောင်ချောင်ပိုက ရှောင်လိုက်ရင်းမှ တင်းမာစွာ ပြောသည်။

"ဩော် ... မင်းက ငါ့တပည့် ရွှေကုတ်ဟန်ကို နိုင်ခဲ့ဖူးလို့ သွေးကြီးနေတာပေါ့ ဟုတ်လား၊ မင်း ဘယ်လောက်စွမ်းသလဲ၊ ကြည့် ဦးမယ်"

ပြောပြောဆိုဆိုဖြင့် သူသည် တရကြမ်း တိုက်စစ်ဆင်ကာ တိုက်ခိုက်လေတော့၏။

သူ၏ ကျောက်ခဲလက်သိုင်းမှာ ရွှေကုတ်ဟန်ထက် များစွာ ပိုပြင်းထန်လှ၏။

ဖယ်ဆက်သလို ဝိုင်းဝက်နေသော သူ့လက်သိုင်းကွက်မှာ မြန် ဆန်သည်နှင့်အမျှ ပြင်းလည်းပြင်းထန်သည်။

တစ်ကွက်ပြီးတစ်ကွက် တက်လာသော လက်သိုင်းကွက်များ၏ အရှိန်နှင့် သူ၏အတွင်းအားကို ပေါင်းစပ်ကာ ပတ်ဝန်းကျင်ရှိ ကျောက် ခဲမှုန့်များနှင့် သစ်ရွက်တို့မှာ လွင့်စင်ဝဲပျံကုန်၏။

တဖိုးဖိုး အသံမြည်ကာ ဆက်တိုက်ကျဆင်းလာသော ထိုသိုင်း ကွက်များကြားမှ တစ်ချက်တစ်ချက်တွင် လျှပ်လက်သလို ဝင်းလက်



ကာ ထိုးဖောက်လာသော မင်ဝါလေး၏ ဓားသိုင်းကွက်ကလည်း အသည်းယားစရာ ဖြစ်နေ၏။

ပတ်ဝန်းကျင်ရှိ ကျောက်ခဲတုံးလေးများမှာ သူ့လက်သိုင်းအရှိန် ဖြင့် ဒယ်အိုးတဲထည့်ပြီး ကြော်နေသည့် ပဲစေ့များလို တဖောက်ဖောက် အသံမြည်ကာ လွင့်ပျံကုန်သည်။

အရှိန်ပြင်းစွာ အဆက်မပြတ် စီးဆင်းနေသော ရေအဟုန်လို ဆက်တိုက်ကျဆင်းလာသော လောင်ချောင်ပို၏ တိုက်ကွက်များအား မင်ဝါလေးမှာ အလူးအလဲ ခုခံကာကွယ်နေရသည်။

တစ်ဆင့်ပြီးတစ်ဆင့် တက်လာသော လောင်ချောင်ပို၏ လက် သိုင်းကွက်များကြားတွင် မင်ဝါလေး၏ ဆန်းကျယ်သော ဓားချက်များ မှာ တစ်စတစ်စဖြင့် အချုပ်ခံထားရသလို ဖြစ်လာနေသည်။

မင်ဝါလေး ကြီးရာမရဖြစ်သွားသည်။

သို့ဖြင့် ...

သူသည် ဓားကွက်ကို ရုတ်တရက် ပြောင်းလိုက်လေ၏။

ဓားကို လေထဲတွင် ဇွေ့ယမ်းရင်း တဝီဝီမြည်သံပေးကာ ဓားချက် များကို ကန့်လန့်ခံလိုက်၊ ထောင်လိုက်ထိုးလိုက်၊ အထက်သို့ ပင့်တင် လိုက်ရာမှ အောက်သို့ ရုတ်တရက် ဆွဲချလိုက်ဖြင့် သိုင်းကွက်ဟူ၍ မယ်မယ်ရရမရှိဘဲ စိတ်ကူးတည့်ရာ လှုပ်ရှားပစ်လိုက်တော့၏။

ဓားရောင်တဝင်းဝင်းဖြင့် ဓားကို စိတ်ထင်တိုင်း ကစားလိုက် ခြင်းသာ ဖြစ်သည်။

လောင်ချောင်ပိုသည် မင်ဝါလေးအား လှမ်းပြောလေ၏။

"ဟေ့ကောင် ... မင်းဟာ ချန်တန်ဖုန်ရဲ့ ဓားပညာကို ရထား တယ်ဆိုတာ ကျုပ်သိပါတယ်၊ ခုတော့ မင်းရဲ့ဓားချက်က ပရမ်းပတာ ပါလား"

သူသည် ပြောသာပြောလိုက်သော်လည်း မင်ဝါလေးအား ရုတ်တရက် ဝင်မတိုက်ရဲဘဲ ဖြစ်သွားသည်ကတော့ အမှန်ပင်ဖြစ်၏။

မင်ဝါလေးသည် ခပ်မဲ့မဲ့ပြုံး၍ ...

"ကျုပ်ရဲ့ဓားချက်တွေက ချန်တန်ဖုန်ရဲ့ ဓားကွက်တွေပဲ ကဲ ... ဒါလေးမြည်းကြည့်ဦး"

ပြောပြောဆိုဆိုဖြင့် လောင်ချောင်ပို၏ လက်မောင်းနှစ်ဖက်ဆီသို့ ဓားချက်နှစ်ချက် လှမ်းသွင်းလိုက်ပြန်၏။

နှစ်ချက်စလုံးမှာပင် အသားလွတ်ဓားချက်များပင် ဖြစ်သည်။

လောင်ချောင်ပိုမှာ ဓားချက်များကို ရှောင်ရင်း ဒေါသကြီးစွာဖြင့် ...

**"ချာတိတ် ... မင်းက မင်းသေတွင်း မင်းတူးနေတာပဲ"**

ပြောရင်းဆိုရင်း မင်ဝါလေး၏ ပခုံးညှပ်ရိုးအား ဖမ်းဆုပ်လိုက်သည်။

သူသည် မင်ဝါလေး၏ ပခုံးညှပ်ရိုးအား ကျေမွသွားအောင် ဖမ်းဆုပ်ညစ်လိုက်ခြင်း ဖြစ်၏။

သို့ရာတွင် သူ မစဉ်းစားမိသောအချက်မှာ မင်ဝါလေးသည် ယခုအချိန်တွင် ဓားချက်များကို လျှပ်တစ်ပြက် ပြောင်းလဲလိုက်ခြင်းပင် ဖြစ်၏။

စောစောကလို ပုံပန်းမကျသော ဓားချက်များပင် မဟုတ်တော့ဘဲ မင်ဝါလေးသည် ချန်တန်ဖုန်၏ အမည်မဲ့ဓားသိုင်းမှ 'ကြိုးကြာတောင်ပံဖြန့်' ဓားကွက်ကို ထုတ်သုံးကာ လောင်ချောင်ပို၏ ရင်ဘတ်သို့ ထိုးစိုက်လိုက်၏။

လောင်ချောင်ပိုက ထိတ်လန့်တကြား ဖြစ်သွားသည်။



သူကသာ မင်ဝါလေး၏ ပခုံးအား ဖမ်းဆုပ်လိုက်လျှင် မင်ဝါလေး၏ ဓားဦးကလည်း သူ့ရင်ဘတ်ထဲ နစ်ဝင်သွားတော့မည် ဖြစ်၏။

ထို့ကြောင့် ...

သူ၏လက်ကိုရုပ်ကာ ခန္ဓာကိုယ်ကို ချာခနဲ တစ်ပတ်လှည့်၍ ဘယ်ဘက်ရှိ လက်ချောင်းများတွင် အတွင်းအား အကုန်စုကာ မင်ဝါလေး၏ ရင်ဘတ်သို့ တည့်တည့်ထိုးသွင်းလိုက်လေတော့သည်။

ဝှစ်ခနဲ ထိုးသွင်းလာသော လက်ချောင်းတိုက်ကွက် ရင်ဘတ်တည့်တည့်သို့ ရောက်မလာခင်မှာပင် မင်ဝါလေးက ဓွေ့ခနဲ ခန္ဓာကိုယ်ကို လေထုထဲသို့ ခုန်တက်ပြီးသား ဖြစ်သွား၏။

မင်ဝါလေး အောက်သို့ ပြန်အကျတွင် သူသည် ဓားကို လောင်ချောင်ပို၏ ခန္ဓာကိုယ်ရှိ အရေးကြီးသော နေရာသုံးခုဆီသို့ ချိန်ရွယ်ကာ တိုက်ခိုက်လိုက်သည်။

လောင်ချောင်ပိုမှ ရင်ထိတ်သွားသည်။

သူ၏ လက်ချောင်းများက မင်ဝါလေး၏ ရင်ဘတ်သို့ တိုးဝင်မည့် တစ်ချိန်တည်းမှာပင် မင်ဝါလေး၏ ဓားက သူ၏လည်မျိုသို့ စိုက်ဝင်လာပြီဖြစ်သည်။

ထိုကဲ့သို့ အသက်နှင့်ရင်း၍ တိုက်ခိုက်ရမည်ကို လောင်ချောင်ပို မလိုလားချေ။ သူက သူသာ အသာရလိုသည်။ အနာမခံလိုချေ။

ထို့ကြောင့် ...

လက်ချောင်းတိုက်ကွက်ကို ရုပ်လိုက်သည်။

ကိုယ်ကိုဝပ်ချကာ နောက်သို့ ဖျတ်ခနဲ ဆုတ်လိုက်၏။

"ဗြဲ ... "

ဟူသော မြည်သံနှင့်အတူ သူ့အင်္ကျီစမှာ မင်ဝါလေး၏ ဓားဦးနှင့် ထိကာ စုတ်ပြဲသွားတော့၏။

မင်ဝါလေးကလည်း ခြေထောက်နှင့် မြေကြီးထောက်မိသည်နှင့် ကိုယ်ဖော့ပညာကို အသုံးပြုကာ နောက်သို့ ဝါးနှစ်ရိုက်အကွာသို့ ခုန်ဆုတ်လိုက်သည်။

ထိုစဉ် ...

မြင်းလိမ္မာကြီးသည် အလိုက်သိစွာဖြင့် မင်ဝါလေးရှေ့သို့ လျှင်မြန်စွာ ရောက်ရှိလာတော့သည်။

မင်ဝါလေးက ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ ထိုနေရာမှ ပြေးထွက်သွားတော့၏။

လောင်ချောင်ပိုမှာ ကိုယ်ကိုဝပ်ပြီး အထိတ်တလန့် လိုက်ရှောင်နေရာ အတော်ကြာမှ **အရှိန်**သပ်နိုင်သည်။ သူ ထရပ်နိုင်သောအခါ မင်ဝါလေးသည် **အဝေးသို့** ရောက်ရှိသွားလေပြီ။

လျှင်မြန်စွာ **ပြေးလွှား**နေသော မြင်းပေါ်မှ မင်ဝါလေး၏ မျက်စိထဲတွင်မူ စောစောက လောင်ချောင်ပိုနှင့် တိုက်ခိုက်ခဲ့ရပုံများကို ပြန်လည် မြင်ယောင်လာမိသည်။

သူ့စိတ်ထဲတွင်လည်း တွေး၍ ထိတ်လန့်နေလေသည်။

"အင်း ... အတော့်ကို အန္တရာယ်များပါလား။ တကယ်လို့ ဖေဖေသာ ငါ့ကို 'တိမ်ဖျားသုံးချက်ထိုး' သိုင်းကွက်ကို မသင်ပေးထားခဲ့ရင် တကယ်လို့ ငါဆင်ထားတဲ့ အကွက်ထဲသို့ လောင်ချောင်ပို မဝင်လာဘူးဆိုရင် ငါ့အခြေအနေက မတွေးရဲစရာပဲ"

လောင်ချောင်ပိုလို လူမျိုးသည် လျှပ်တစ်ပြက်နည်းဖြင့် အနိုင်တိုက်၍ ရမည့်လူမျိုးမဟုတ်ပါ။

ထိုကြောင့် ...

ပရိယာယ်ဖြင့် တိုက်ကွက်ဆင်ကာ ရှောင်ထွက်လာခြင်း ဖြစ်၏။



ယခုတော့ လောင်ချောင်ပိုအား သူ ကျော်လွှားနိုင်ခဲ့ပြီ မဟုတ်ပါလား။

မင်ဝါလေးသည် အတွေးစကို ဖြတ်ကာ မြင်းကြီးကို ဖိုပြီး ဒုန်းစိုင်းစေလိုက်သည်။

တောရိပ် တောင်ရိပ်များမှာ တရိပ်ရိပ်ဖြင့် ပြေးလွှားကျန်ရစ်ခဲ့ကြသည်။

လမ်းခရီးတွင် ...

သူ့ကို ဟန့်တားနှောင့်ယှက်မည့် သူများ မပေါ်ပေါက်လာနိုင်တော့ဟု မပြောနိုင်ပါ။

ထို့ကြောင့် ...

မြင်းကို ဒုန်းစိုင်းရင်းမှ သတိလည်း ကြီးစွာ ထားကာ ခရီးဆက်ခဲ့လေတော့သည်။ သတိထားလျှင် အမှားမရှိနိုင်။

ဤသို့ဖြင့် သူသည် နှစ်ရက်တိတိ အချိန်ကုန်ဆုံးသွားသည်။

လမ်းခရီးတွင် မည်သည့် အနှောင့်အယှက်နှင့်မှ မကြုံတွေ့ခဲ့ရပါ။

သူစီးလာသော မြင်းကြီးမှာလည်း ခရီးကြမ်းကြီးအား မနားတမ်းနင်လာရသည်ဖြစ်ရာ မောပန်းနွမ်းနယ်နေလေပြီ။

ထို့ကြောင့် မြင်းကြီးကို အနားပေးရမည်။

မင်ဝါလေးမှာ မြင်းကို ဖြည်းဖြည်းနှင့်မှန်မှန်သာ သွားစေတော့သည်။

ဒုတိယမြောက်နေ့ ...

မွန်းတည့်ချိန်တွင် သူသည် ကုန်းမြင့်တစ်ခုပေါ်သို့ တက်ခဲ့ရပြန်၏။

ပထမတော့ သူ၏ ပတ်ဝန်းကျင်တွင် လူသူအရိပ်အယောင် လုံးဝ မတွေ့ရပါ။

သို့သော် ...

လမ်းချိုးတစ်ခုကို ချိုးကွေ့လိုက်သောအခါတွင်မူ လူတစ်ယောက်နှင့် တွေ့ရလေတော့၏။

တင်ပျဉ်ခွေထိုင်ကာ ငြိမ်သက်စွာ အတွင်းအား ကျင့်နေဟန်တူသော ထိုသူမှာ သာမန်လူမဟုတ်ဘဲ ရသေ့တစ်ပါး ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

မင်ဝါလေးသည် တစ်ခဏမျှ အကဲခတ်ကြည့်ပြီး ဆက်လက်ထွက်ခွာမည် အပြုတွင် လူရိပ်တစ်ခုသည် မြင်းရှေ့မှ ပိတ်ရပ်လာသည်။

မင်ဝါလေးက လှမ်းကြည့်လိုက်၏။

စောစောက ရသေ့ကြီးပင် ဖြစ်ပါသည်။

ရသေ့ကြီး၏ လျှပ်တစ်ပြက် လှုပ်ရှားမှုကို မင်ဝါလေး အံ့ဩထိတ်လန့်သွားမိ၏။ လွန်စွာ မြန်ဆန်သည်။ လျှပ်ပြက်သကဲ့သို့ လှုပ်ရှားနိုင်သည်။

ထိုသို့ ရင်ထဲမှ ထိတ်လန့်သွားသော်လည်း သူသည် သတိမလစ်စေဘဲ မြင်းကြီးကို အချက်ပေးလိုက်၏။

မြင်းကြီးသည် ရသေ့ကြီးအား လွှားခနဲ ခုန်ကျော်လိုက်လေတော့သည်။

သို့သော် ...

မြင်းက သူ့ခေါင်းပေါ်မှ လွှားခနဲ ခုန်ကျော်လိုက်သည်နှင့် ထိုကာရုတ်ရသေ့သည် သူ့လက်ထဲမှ ကိုင်ဆောင်ထားသော တောင်ဝှေးဖြင့် မြင်းခြေထောက်ကို ပင့်တင်ပေးလိုက်လေတော့၏။



ရသေ့ကြီးက အတွင်းအားကား အလွန်ကောင်းလှချေ၏။

မင်ဝါလေးသည် မြင်းပေါ်မှ ကျွမ်းပြန်ကျသွားသလို မြင်းကြီးမှာလည်း ဒလိမ့်ခေါက်ကွေး ဖြစ်သွားတော့၏။

မင်ဝါလေးသည် ခန္ဓာကိုယ်ကို ထိန်းကာ မြေပေါ်သို့ အလိုက်သင့် ပြန်ထလာသည်။

"ခင် ... ခင်ဗျားဘာလုပ်တာလဲ"

ရသေ့ကြီးသည် မထီတရီဖြင့် ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ... ဘာမှမလုပ်ပါဘူးကွ မင်းဆီက ဖွင့်နည်းလေး တချို့ အလှူခံချင်လို့ ခုလိုတားရတာပါ"

မင်ဝါလေးက မျက်မှောင်ကြုတ်၍

"ဘာလိုချင်လို့လဲ"

"ထမင်းမစားရတာ နှစ်ရက်ရှိပြီ မင်းဆီမှာ စားစရာပါသလား"

"စားစရာ အလှူခံတာဆိုရင်တော့ ရပါတယ်"

ပြောပြောဆိုဆိုဖြင့် သူ့ကျောတွင် ပိုးထားသော အိတ်ထဲမှ အသားခြောက်နှင့် ပေါက်စီအချို့ကို ယူကာ ပေးလှူလိုက်၏။

ရသေ့ကြီးသည် မင်ဝါလေး ပေးလိုက်သော အစားအစာများကို မြိန်ယှက်စွာ စားသောက်လိုက်သည်။

ထို့နောက် ပြုံးလိုက်ပြီး ...

"မှန်တာပြောရရင် ကျုပ်အတွက် စားစရာထက် အဖော်တစ်ယောက် ရှိဖို့က ပိုပြီး အရေးကြီးနေတယ်"

"ဝမ်းနည်းပါတယ်၊ ကျွန်တော့်မှာ ကိစ္စလေး ရှိနေသေးလို့ ခွင့် ပြုပါ"

ထိုသို့ ပြောပြီးနောက် မင်ဝါလေးက မတ်တတ်ထရပ်နေပြီဖြစ်သော သူ့မြင်းဆီသို့ လျှောက်သွားလေသည်။

သို့ရာတွင် ရသေ့ကြီးက သူ၏ရှေ့မှ ပိတ်ရပ်လိုက်ပြန်၏။ မင်ဝါလေး မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"မင်းက ဘယ်ကိုသွားမှာတုန်း"

"ကျွန်တော် ကျန်ရှန်တောင်ကို သွားမလို့ပါ"

"ဒါဆို အတော်ပဲ၊ ကျုပ်လည်း ကျန်ရှန်တောင်ကို သွားမလို့၊ အတူတူသွားကြတာပေါ့"

မင်ဝါလေးသည် ခေါင်းကို လေးပင်စွာ ခါယမ်းပြလိုက်၏။

"မြင်းတစ်စီးနဲ့ လူနှစ်ယောက် သွားလို့မဖြစ်ဘူး ထင်ပါတယ်"

ရသေ့ကြီးက ပြုံးလိုက်၏။

"မြင်းကို မင်းမစီးနဲ့ပေါ့၊ ကျုပ်စီးမယ်၊ ဒါဆို အဆင်ပြေတာပေါ့"

"ကျွန်တော့်မှာ အရေးတကြီး ကိစ္စကြောင့် ခရီးဆက်ရဦးမယ်၊ မြင်းကို လွှလို့မဖြစ်ပါဘူး၊ ဒီခရီးက ဝေးလွန်းတော့ မြင်း လိုအပ်ပါတယ်"

"ဟား ... ဟား ... မြင်းတင်မကဘူး၊ ကျုပ်က မင်းကိုပါ တပည့်လက်သားအဖြစ် ခေါ်သွားချင်တာ"

ရသေ့ကြီးမှာ မိမိအား စိတ်မဆိုးဆိုးအောင် တမင်တကာ ရန်စနေခြင်း ဖြစ်ကြောင်း မင်ဝါလေး နားလည်လိုက်တော့သည်။

သူသည် နီရဲသော မျက်နှာဖြင့် သူ့ဓားကို ဆွဲထုတ်လိုက်လေတော့၏။

"ကျုပ်ကို ဆရာလုပ်ချင်ရင် ကျုပ်ထက်ပညာသာမှ ဖြစ်မှာပေါ့"

တရုတ်ရသေ့ကြီးက ခပ်ပြုံးပြုံးဖြင့် မင်ဝါလေး၏ ဓားဦးအား တောင်ဝှေးဖြင့် ဖယ်ပစ်လိုက်ရင်း ...

"ဩော် ... မင်းကလည်း ဓားကွက်လေး ဘာလေး တတ်ထား



တယ် ထင်ပါရဲ့ ... ဟုတ်၏ ကဲ ... ကဲ ... မင်းနဲ့ငါ နည်းနည်းလောက် ယှဉ်ကြည့်ကြတာပေါ့ကွာ၊ တကယ်လို့ မင်းရှုံးရင် မင်း ငါ့ဆီမှာ တပည့် ခံရမယ် ... ဘယ့်နှယ်လဲ"

မင်ဝါလေးသည် မည်သို့မျှ ပြန်လည်ချေပမနေတော့ဘဲ ဓားချက်သုံးချက်ကို ဆက်တိုက်ထုတ်သုံးကာ တိုက်ခိုက်လိုက်လေတော့၏။

တရုတ်ရသေ့ကြီးက တောင်ဝှေးကို လိုသလိုဝှေ့ယမ်းကာ မင်ဝါလေး၏ ဓားချက်များအား ခံပေးလိုက်၏။

"ထပ် ..."

"ထပ် ..."

"ထပ် ..."

မင်ဝါလေး ထိုးသွင်းလိုက်သည့် ဓားလျှင်ဓားကွက်သုံးချက်စလုံးအား တရုတ်ရသေ့ကြီးက တောင်ဝှေးဖြင့် ဖယ်ပစ်လိုက်နိုင်လေသည်။

စိမ်းဖန့်ဖန့် အရောင်ရှိသော ရသေ့ကြီး၏ တောင်ဝှေးကား ဖဘကျောက်လုသည်။

မင်ဝါလေး၏ ဓားသွားမှာ တရုတ်ရသေ့ကြီး၏ တောင်ဝှေးအား လုံးဝဖြတ်တောက်နိုင်စွမ်း မရှိပါ။

ဤတရုတ်ရသေ့ကြီးကား လောင်ချောင်ပိုထက်ပင် ပိုပြီးကြောက်စရာကောင်းသူ ဖြစ်နေသည်။

ရသေ့ကြီးသည် မင်ဝါလေး၏ ဓားချက်များအား ဖယ်ပစ်လိုက်ပြီးနောက် တအံ့တဩဟန်ဖြင့် ...

"ဘယ်ဆိုးလို့လဲ ... မင်းဓားချက်က တော်တော်ထက်သားပဲ၊ ဒါပေမယ့် တစ်ခုတော့ ကြိုပြီးပြောထားချင်တယ်၊ မင်း ဓားရေး

ဘယ်လောက်ကောင်းကောင်း ငါ့ကိုတော့ ထိခိုက်ဒဏ်ရာရအောင် လုပ်နိုင်မှာမဟုတ်ဘူး"

ထိုစကားမှာ ကြွားဝါခြင်းမဟုတ်ကြောင်း မင်ဝါလေး သိသည်။ ဤမျှ စကားရှိဖြင့် ရသေ့ကြီးအကြောင်း သူသိလိုက်ပြီး ဖြစ်ပါသည်။

ဤထူးဆန်းသော ရသေ့ကြီးတွင် မမျှော်မှန်းနိုင်သော အစွမ်းအစများရှိကြောင်းကိုလည်း မင်ဝါလေး နားလည် သဘောပေါက်လိုက်ပါသည်။

ထို့ကြောင့် ...

တတ်သမျှ မှတ်သမျှ ဓားသိုင်းကွက်များကို အစွမ်းကုန် အသုံးချကာ သတိကြီးစွာထားပြီး တိုက်ခိုက်လိုက်လေတော့သည်။

"ကောင်းတယ်ဟေ့ ... မင်းရဲ့ တိုက်ကွက်တွေက ကျေနပ်စရာပဲ၊ မင်းကို ကျုပ်ရဲ့ တပည့်ရင်းတစ်ယောက်အနေနဲ့ သတ်မှတ်မယ်"

ရသေ့ကြီးသည် နှုတ်မှ ထိုသို့ပြောနေသော်လည်း လက်ကမူ မင်ဝါလေး၏ ဆန်းကြယ်သော ဓားကွက်များအား တစ်ကွက် မမှားစေရဘဲ ပြန်လည်ခုခံနေလေသည်။

တစ်ကြိမ်တွင် ...

မင်ဝါလေးက တောင်ဝှေးကိုင်သောဘက်မှ ဝင်တော့မလိုလိုနှင့် လျှပ်တစ်ပြက် လမ်းကြောင်းပြောင်းကာ သူ၏ရင်ဝသို့ ထိုးဝင်လာလေသည်။

ချက်ချင်းပင် ရသေ့ကြီးသည် သူ့တောင်ဝှေးဖြင့် မင်ဝါလေး၏ ဓားဦးကို ခံပေးလိုက်၏။

"ဒေါင် ..."



မင်ဝါလေး၏ ဓားဦးမှာ တောင်ဝှေးကို မဖြတ်ကျော်နိုင်ချေ။ ရသေ့ကြီးက ဖျတ်ခနဲ ကိုယ်ကို လှည့်လိုက်သည်။ ဆွဲငင်အားတစ်မျိုး ဖြစ်ပေါ်လာသည်။

မင်ဝါလေးမှာ တောင်ဝှေးနှင့် ကပ်နေသော ဓားကို ဆွဲနုတ်မရဘဲ ဖြစ်နေ၏။

"ကဲ ... မင်း အရှုံးပေးတော့မယ် မဟုတ်လား၊ ငါ့တပည့်အဖြစ် ခံတော့မယ် မဟုတ်လား"

ရသေ့ကြီးက ခပ်ပြုံးပြုံး မျက်နှာပေးဖြင့် လှမ်းမေးလိုက်သည်။

မင်ဝါလေးက အံကြိတ်လိုက်သည်။ ရသေ့ကြီးအား မည်သို့မျှ ပြန်မပြောတော့ပါ။

သူသည် 'တိမ်နဂါးသုံးကြိမ်ပေါ်' သိုင်းကွက်ကို သုံးကာ လေထုထဲသို့ ကျွမ်းပစ်ပြီး ထိုးတက်လိုက်၏။

ထို့နောက် ...

ဓားချက်ကို သုံးနေရာခွဲပြီး ဇွယမ်းလိုက်၏။

ရသေ့ကြီးကလည်း သူ၏လက်ထဲမှ တောင်ဝှေးကို အပေါ်သို့ ပစ်မြှောက်လိုက်၏။

ထိုအခါ ဒေါင်ခနဲအသံ ထွက်ပေါ်လာကာ ဓားဦးနှင့် တောင်ဝှေးမှာ တည့်မတ်စွာ ထိမှန်သွားသည်။

မင်ဝါလေး၏ လက်ခွကြားမှာ တုန်ခါသွားသည်။

လူမှာလည်း နောက်သို့ ခြေလှမ်း ငါးလှမ်းခန့် ဆုတ်ပေးလိုက်ရသည်။

ထိုအချိန်မှာပင် ရသေ့ကြီးသည် တောင်ဝှေးအား လက်ဖြင့် ဖမ်းယူလိုက်၏။

ထို့နောက် မင်ဝါဂလေးကိုကြည့်ပြီး ...

"မင်းကြည့်ရတာ အစားမစားရသေးလို့ အားအင်ကုန်ခမ်းနေတယ်နဲ့ တူတယ်၊ ကဲ ... စားစရာရှိတာ စားလိုက်ပါဦးကွာ"

ရသေ့ကြီးက မင်ဝါလေးအား အေးဆေးစွာ လှမ်းပြောလိုက်လေသည်။

အမှန်စင်စစ် ...

ဤရသေ့ကြီးသည် မင်ဝါလေး၏ ထူးဆန်းသော ဓားကွက်များကို မြင်ရသောအခါ စိတ်ထဲ၌ ကျိတ်ပြီး အံ့ဩနေခြင်း ဖြစ်သည်။

မင်ဝါလေးသည် ယခု ထုတ်သုံးနေသော ဓားချက်များအပြင် မည်သည့်ထူးဆန်းသော သိုင်းကွက်များ တတ်မြောက်ထားသေးသည်ကိုလည်း သိချင်နေသည်။

ထို့ကြောင့် ...

မင်ဝါလေးအား အနားယူခိုင်းရင်း စောင့်ကြည့်နေခြင်း ဖြစ်သည်။

မင်ဝါလေးကလည်း ရသေ့ကြီး၏ ဆန္ဒသဘောထားကို အကဲခတ်မိသည်။

ရသေ့ကြီးသည် မိမိအား အသက်သေစေလို၍ ရန်မူတိုက်ခိုက်ခြင်း မဟုတ်ဘဲ မိမိ၏ပညာကို သိလို၍ အချိန်ဆွဲတိုက်ခိုက်နေခြင်း ဖြစ်ကြောင်း ရိပ်စားမိသည်။

တစ်ခု ခက်နေသည်မှာ ...

မိမိထက် သိုင်းပညာစွမ်း ကောင်းလှပြီး အတွင်းအား မြင်းမားလှသော ဤရသေ့ကြီးထံမှ လွတ်မြောက်အောင် မည်သို့ ကြံဆောင်မည်နည်း။

သူသည် အစာစားရင်း လွတ်မြောက်ရေး နည်းလမ်းကို ကြံဆတွေးတောနေမိ၏။



ရသေ့ကြီးက အစားကို အေးအေးဆေးဆေး စားသောက်နေသော မင်ဝါလေးကို ကြည့်ကာ ပြောလိုက်၏။

"မင်း ငါ့အစ်ကိုနဲ့ မတွေ့တာ ကံကောင်းတယ်လို့ ဆိုရမယ်၊ သူက ငါ့ထက် စိတ်ထားဆိုးတယ်၊ ငါ့လို စိတ်ရှည်တာ မဟုတ်ဘူး၊ မင်း တစ်ခါ နှစ်ခါယှဉ်လို့ အရှုံးမပေးဘူးဆိုရင် သူက မင်းကို သတ်ပစ်မှာ သေချာတယ်"

မင်ဝါလေးမှာ ပန်းတစ်ချက်တွန့်လိုက်လေ၏။ သူသည် သေမည်ကို မကြောက်သူ ဖြစ်ကြောင်း ရသေ့ကြီး မသိပါလားဟု စိတ်ထဲက ပြောမိသည်။

ထို့နောက် ဒုတိယအကြိမ် တိုက်ပွဲစတင်လေပြီ။

ယခုတစ်ကြိမ်တွင်မူ မင်ဝါလေး၏ သိုင်းကွက်များမှာ ပို၍ သွက်လက်ကာ မာန်ပါလာသည်။

ရုတ်တရက် ...

သူ့အနေဖြင့် မင်ဝါလေး ယခုလောက် သွက်လက်နိုင်ဦးမည် မထင်ခဲ့ပါ။

လှုပ်ရှားပုံက ဖျတ်လတ်သွက်လက်ရုံမက ဓားကွက်များကလည်း မြန်ဆန်တိကျလာသည်။

သူသည် မယုံမရဲ တွေးလိုက်မိ၏။

စိတ်ထဲက ထိုသို့ တွေးနေသော်လည်း လက်ကမူ သိုင်းကွက်များအား မနားတမ်း ဖျက်ထုတ်နေရလေ၏။

မင်ဝါလေးသည် ရသေ့ကြီးနှင့် တစ်နာရီ ကျော်ကျော် ယှဉ်ပြိုင်ခဲ့ကြသည့်အချိန်အတွင်း တရုတ်ရသေ့ကြီး၏ အတွင်းအားနှင့် သိုင်းပညာရပ်ကို တဖြည်းဖြည်း သဘောပေါက်လာသည်။

ထို့ကြောင့် ...

ရသေ့ကြီး၏ တိုက်ကွက်များကို အသုံးပြုကာ တန်ပြန် တိုက်ခိုက်လိုက်သည်။ မင်ဝါလေးသည် တကယ့် ထိပ်တန်းပညာရှင် ဖြစ်နေလေပြီ။

ထိုအခါ ...

လက်ရည်ချင်းမှာ စောစောကနှင့် မတူတော့ပါ။ မတိမ်းမယိမ်းဖြစ်လာတော့၏။

ရသေ့ကြီး မျက်လုံးပြူးလာသည်။

သူက မင်ဝါလေး၏ ထူးခြားဆန်းကြယ်သော ဓားကွက်ကို မသိမသာ အတုယူရန် ကြံရွယ်ခဲ့သည်။

ယခုတော့ မိမိ၏ တိုက်ကွက်တချို့ကိုပင် ဤချာတိတ်က လျင်မြန်စွာ အတုယူသွားပြီး ပြန်လည်၍ပင် အသုံးချနေပြီ မဟုတ်ပါလား။

အံ့သြနေရာမှ ရသေ့ကြီးမှာ စိုးရိမ်ထိတ်လန့်လာသည်။

နောက်တပ် နှစ်နှစ် သုံးနှစ်ခန့် ကြာသောအခါတွင် ဤလူရွယ်သည် မိမိအား ကျော်လွန်သွားပေတော့မည်။

သူ့အား တပည့်မွေးရန် မဖြစ်နိုင်တော့၊ မွေးမိလျှင်လည်း ဆရာ့ထက် အဆများစွာ ထက်မြက်သော တပည့်မျိုး ဖြစ်လာပေတော့မည်။

ရသေ့ကြီးသည် မင်ဝါလေးအား အသေသတ်ပစ်ရန် ဆုံးဖြတ်လိုက်တော့၏။

သို့ဖြင့် ... ပို၍ ကြမ်းတမ်းရက်စက်သော တိုက်ကွက်များကို ထုတ်သုံးလာလေတော့၏။



ယခုအခါ မျက်လုံးပြူးသွားရသူမှာ မင်ဝါလေး ဖြစ်သည်။

ရသေ့ကြီး၏ တိုက်ကွက်များ ရက်စက်လာသည်ကို သူသိသည်။

ထိုသူ၏ မညှာမတာ တိုက်ခိုက်မှုကို မင်ဝါလေးမှာ အလူးအလဲ တိမ်းရှောင်ခုခံနေရသည်။

သူသည် သူတတ်သမျှ ဓားကွက်များထဲမှ 'မိုင်တစ်ထောင် နှင်းပုံ' ဓားကွက်၊ 'တောင်တစ်တောင် သစ်ရွက်ဈေ' သိုင်းကွက် စသည့် ခက်ရာခက်ဆစ် ဓားသိုင်းကွက်များကို ထုတ်သုံးကာ တရုတ်ရသေ့ကြီးအား ခုခံနေရသည်။

တရုတ်ရသေ့ကြီးကလည်း လက်ထဲမှာရှိသော တောင်ဝှေးဖြင့် သဲသဲမဲမဲ တိုက်ခိုက်နေသည်။

အချိန်ကြာလာလျှင်တော့ မိမိ ဤရသေ့ကြီးကို ရှုံးရမည်မှာ သေချာနေသည်။

မင်ဝါလေးသည် အချိန်ဆွဲပြီး ထွက်ပြေးရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ...

"ကျုပ်မှာ အကောင်းဆုံးဓားကွက်တစ်ကွက် ရှိသေးတယ် ခင်ဗျား စမ်းကြည့်ချင်သလား"

"ကောင်းပြီ ... မင်းရဲ့ အကောင်းဆုံး ဓားကွက်က ဘာလဲ ပြစမ်း"

မင်ဝါလေးက စိတ်ထဲမှ ကျိတ်ပြီး ပြုံးလိုက်မိ၏။

"တရုတ်ရသေ့ကြီးမှာ မိမိ ပရိယာယ် ညွှတ်ကွင်းထဲသို့ ရောက်လာချေပြီ။

စိတ်ထဲမှ သဘောကျမိသော်လည်း သူသည် ခပ်တည်တ

ဖြင့် တရုတ်ရသေ့ကြီးအား ဓားချက်လေးငါးချက်ဖြင့် တိုက်ခိုက်လိုက်သည်။

သို့သော် ...

ငင်းဓားချက်များမှာ ပညာသားပါသော ဓားချက်များသာ ဖြစ်သည်။

ထိုဓားချက်များကို ဆက်တိုက်သုံးပြီး မင်ဝါလေးသည် ထိုရင်းရသေ့ကြီးအား တောင်ပေါ်သို့ မှုားပြီး ခေါ်သွားသည်။

"ဘာလဲ ... ဒီဓားကွက်က မင်းရဲ့ အကောင်းဆုံး ဓားကွက်တွေလား၊ ဟား ... ဟား ... "

မင်ဝါလေး မှုားခေါ်နေရာသို့ လိုက်ပါလာရင်းမှ ရသေ့ကြီးက လှောင်ပြောင်ရယ်မောနေလေ၏။

မင်ဝါလေးက ခပ်ပြုံးပြုံးဖြင့် ...

"ခင်ဗျား ဘာလို့ ဒီလောက် လောနေရတာလဲဗျ"

ထို့နောက်တွင်မူ ...

မင်ဝါလေးသည် သူ့စိတ်ကြိုက် နေရာသို့ ရောက်သည်နှင့် ...

"သတိထားနော်၊ အကောင်းဆုံး ဓားချက်လာပြီ"

ရုတ်တရက် အော်ပြောလိုက်ပြီး ဓားလျင်ဓားကွက် တစ်ကွက်ကို ထုတ်သုံးလိုက်လေတော့၏။

ထိုဓားကွက်နှင့်အတူ မင်ဝါလေး၏ ခန္ဓာကိုယ်မှာ လေထုထဲသို့ ခုန်တက်သွားလေတော့၏။

ထို့နောက် ...

လေထုထဲမှပင် ကျွမ်းသုံးပတ်ပစ်ကာ ပြန်ကျကာသည်၊

ကျွမ်းသုံးပတ်လည်လာရာမှ တတိယမြောက် ကျွမ်းထိုးပြီးသော



အခါတွင် မင်ဝါလေးသည် 'တိမ်နောက်ဓားသုံးချက်ခုတ်' ဓားကွက်ကို သုံးကာ ရသေ့ကြီး၏ ရင်ဝသို့ ဓားကို ထိုးသွင်းလိုက်၏။

ထိုအချိန်မှာပင် ...

ရသေ့ကြီးက သူ၏ဓားချက်ကို ပြန်လည်ခုခံရန် အသင့် ပြင်လိုက်၏။

ထိုအချိန်မှာပင် ...

စိုက်ဆင်းလာသော မင်ဝါလေး၏ ခန္ဓာကိုယ်သည် လမ်းကြောင်းပြောင်းကာ ရသေ့ကြီး အနီးမှာရှိသော သစ်ပင်၏ သစ်ကိုင်းများအား အားယူ၍ ကန်ထုတ်လိုက်သည်။

ထို့နောက်တွင်မူ ...

မင်ဝါလေးသည် ငှက်မွေးလေးတစ်ပင်လို တရုတ်ရသေ့ကြီးနှင့် အတော်ဝေးဝေးသို့ လွင့်ထွက်သွား၏။

မင်ဝါလေးက လေထုထဲမှာပင် ရှိခနဲ လေတစ်ချက်ချွန်လိုက်သည်။

ထိုအခါ ...

မြင်းလိမ္မာကြီးသည် မင်ဝါလေး၏ အောက်တည့်တည့်သို့ ရောက်ရှိလာသည်။

မင်ဝါလေးက ဒိတ်ခနဲ မြင်းကျောပေါ် ထိုင်မိသည်နှင့် မြင်းလိမ္မာကြီးသည် တောင်အောက်သို့ တရှိန်ထိုး ပြေးထွက်သွားလေတော့သည်။

အဖြစ်အပျက်ကား မြန်ဆန်လွန်းလှသည်။

ရသေ့ကြီးမှာ ဒေါသထွက်သွားသည်။

"ဒီကောင် ငါ့ကို လိမ်ပြီး ထွက်ပြေးသွားတာပဲ"

သူသည် မကျေမနပ်ဖြင့် အမြန်ပြေးပြီး လိုက်သည်။ သူ့ကိုယ်ဖော့ပညာမှာ ကောင်းလှ၏။

သို့ရာတွင် မင်ဝါလေး၏ မြင်းကြီးမှာ လေအလျင်ကဲ့သို့ မြန်လှသဖြင့် သူ့ကိုယ်ဖော့ပညာပင် ဂိုက်မမီတော့ပေ။

မင်ဝါလေးနှင့် သူ့မြင်းကြီးကား တောင်အောက်ရှိ အတော်ဝေးဝေးနေရာသို့ ဒုန်းစိုင်းရောက်ရှိသွားချေပြီ။

ရသေ့ကြီးမှာ တောက်ခေါက်ပြီး ကျန်ရစ်ခဲ့လေတော့၏။

မြင်းမှာ တရိပ်ရိပ် ပြေးနေဆဲပင်။

မြင်းပေါ်မှ လိုက်ပါလာရင်းမှ မင်ဝါလေး၏ စိတ်ထဲ၌လည်း တထိတ်ထိတ် ဖြစ်နေမိ၏။

မနားတမ်း ပြေးလာရင်းမှ နောက်သို့ မကြာခဏ လှည့်ကြည့်မိသည်။

ရသေ့ကြီး၏ အရိပ်အယောင် လုံးဝမမြင်ရတော့မှ သက်ပြင်းတစ်ချက် ချလိုက်သည်။

သူ့အနေဖြင့် ရသေ့ကြီး၏ ပညာကို ကြာရှည်စွာ ဂုခံနိုင်မည် မဟုတ်မှန်းသိသဖြင့် ထွက်ပြေးခဲ့ရခြင်းဖြစ်သည်။

သို့မဟုတ်ပါလျှင် သူ၏အဖြစ်ကို မတွေးဝံ့ပါချေ။

ထိုခဏ၌ သူ၏ရင်ထဲ၌ သံသယအတွေးတစ်ခု ဝင်ရောက်လာသည်။

အဘယ့်ကြောင့် လူသူမနီးသော မြက်ခင်းလွင်ပြင်ကြီးများထဲတွင် ရသေ့ကြီးနှင့် လောင်ချောင်ပိုကဲ့သို့ ထိပ်တန်းသိုင်းပညာရှင်များအား ရှေ့ဆင့်နောက်ဆင့် တွေ့နေရပါသနည်း။

ရှေ့တွင်လည်း ထိုကဲ့သို့ ထိပ်သီးသိုင်းသမားများနှင့် မတွေ့ဟု မပြောနိုင်ချေ။



သူ့အနေဖြင့် သတိကြီးစွာထားရမည်ဖြစ်ကြောင်း သူ့ကိုယ်သူ သတိပေးလိုက်မိလေ၏။

ပတ်ဝန်းကျင်တစ်ဝိုက်ကိုလည်း သတိမလစ်စတမ်း လေ့လာအကဲခတ်ရင်း ခရီးဆက်နေသည်။

တစ်ရက် ...

နှစ်ရက် ...

သုံးရက် ...

လေးရက် ...

ငါးရက် ...

မင်ဝါလေး ခရီးဆက်နေသည်မှာ ငါးရက်တိတိ ရှိသွားပြီဖြစ်ပါသည်။

ခြောက်ရက်မြောက်သောနေ့တွင်မှ ခရီးထွက်လာကာစက အဆုံးအဆမရှိဟု ထင်ခဲ့ရသော မြက်ခင်းလွင်ပြင်ကြီးကို ဖြတ်ကျော်နိုင်ခဲ့ပြီး တောင်တန်းဒေသဆီသို့ ရောက်ရှိလာတော့သည်။

မင်ဝါလေးကား သူဦးတည်ထွက်ခွာလာခဲ့ရာ ကျန်ရှန်တောင်ကြောသို့ ရောက်ရှိလာချေပြီ။

မင်ဝါလေးမှာ ငယ်စဉ်ကတည်းက တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ခွင့် မကြုံခဲ့ရဘဲ ကွဲကွာသွားသော ညီငယ်လေးအား တွေ့ချင်စိတ်ဖြင့် မနားတမ်း ခရီးနှင်လာခဲ့သည်။

အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ကျော်လွှားခဲ့ရသည်။

ယခု ညီငယ်လေးနှင့် တွေ့ရချေတော့မည်။

အတွေးနှင့် ပျော်မြူးသွားမိသော မင်ဝါလေးသည် မြင်းကြီးကို စီးနင်းမောင်းနှင်လာရင်းမှ တောနက်ထဲသို့ တဖြည်းဖြည်း ဝင်ရောက်လာလေတော့၏။

တောနက်ကြီး၏ အလယ်ဗဟိုသို့ မင်ဝါလေး ရောက်ရှိလာသော အခါတွင်မူ ရုတ်တရက် ထိတ်လန့်စရာ အန္တရာယ်မြင်ကွင်းတစ်ခုအား တွေ့ရလေတော့၏။

စာစဉ်(၆) ပြီး၏
စာစဉ် (၇) ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ်နေလင်းအောင်